www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စမ နှိပ်ခြင်း

၁၉၆၀ ခု၊ နိုဝင်ဘာလ

# မိတ်ဆက်

'စစ်၊အချစ် နှင့် ထောင်' မှာ ရန်ကုန်ထောင်တွင် ၁၉၅၃ခုမှ ၁၉၅၆ ခုနှစ်ကုန်ထိ၊ ၃ နှစ်ကျော်ကျော် ပုဒ်မ ၅ အကျဉ်းသား အဖြစ်ဖြင့် ကျွန်တော် နေခဲ့ရစဉ် အတွင်း ရေးခဲ့သော စာအုပ် များအနက် သတ္တမမြောက် စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ကို ရေးသား ထုတ်ဝေရာတွင် လူလောကတနေရာမှ လူ့ဘဝ မှတ် တမ်းတခုအနေနှင့်ပြည်သူနှင့်အစိုးရတို့ဖတ်နိုင်ကြပြီး၊ မကောင်း သည်များကို အကောင်းသို့ ပြုပြင် ပြောင်းလဲနိုင်ကြဘို့သာ ရည်ရွယ်ပါသည်။

× × × × × ×

အမေရိကန် သတင်းစာဆရာ ဟာဗေဘာရိတ်ဆိုသူက အိန္ဒိယ ဝန်ကြီးချုပ် မစ္စတာ နေရူးအား "အိန္ဒိယ နိုင်ငံ၏ အဝေးအနီး ခန့်မှန်းခြေ"ဆိုသော နာမည်နှင့် စာတအုပ်ရေးရန် တိုက်တွန်း သောအခါ၊ မစ္စတာနေရူးက "ဘာလဲ ခင်ဗျားက ကျုပ်ကို ထောင်ထဲ တခေါက် သွားစေချင်လို့လား" ဟု ပြန်မေးပြီး၊ "ထောင်ထဲမှာသာ စာရေးချိန်ရပါတယ်"ဟု ဖြေကြားလိုက်ဘူး လေသည်။

မစ္စတာနေရူး၏ စကားကို ကျွန်တော်အများကြီး ထောက်ခံ ပါသည်။ ကျွန်တော်တို့၏ ဝန်ကြီးချုပ် ဦးနုသည်လည်း ဗြိတိသျှ ခေတ် ထောင်သွင်း အကျဉ်းခံရစဉ်အခါက "ရက်စက်ပါပေ ကွယ်" စသော ဦးနု၏ အကောင်းဆုံး စာအုပ်များကို ရေးခဲ့ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်တွင်း စာပေသမိုင်းကို လေ့လာကြည့်လျှင် များစွာ စိတ်ဝင်စားဘွယ် ကောင်းသည်။ အဘိဓမ္မာ သဘော၊ ကဗျာ လင်္ကာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ မှတ်တမ်း စသည်ဖြင့် အီတလီ၊ ပြင်သစ်၊ အင်္ဂလန်၊ အမေရိက၊ အိန္ဒိယ၊ တူရကီ၊ ဗမာမှ စ၍ တိုင်းပြည် တော်တော်များများ၌ပင် ပြောင်မြောက်သော စာပေများ ပေါ်ထွက်ခဲ့ဘူးပေသည်။

သမိုင်း အစကို လိုက်ကြည့်လျှင် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၉၄ နှင့် ၂၆၄ နှစ်အတွင်း နေသွားသော Graeus Naevius ဂရေးယပ်စ် နေးဗီးယပ်စ် ဆိုသော လေတင် ပြဇာတ်နှင့် ကဗျာ ဆရာကြီးသည် အစိုးရ အရာရှိကြီးများကို ရိုင်းပြစွာ ပြော သောကြောင့် အဘမ်းခံရပြီး၊ ယခုခေတ် ပုဒ်မ ၁၂၄(က)နှင့် ထောင်ချသည့်သဘောမျိုး အပြစ်ပေးခံရသည်။ ထိုပုဂ္ဂိုလ်ကြီး သည် အကျဉ်းချခံနေရစဉ် ပြဇာတ် ၂ပုဒ် ရေးခဲ့လေသည်။

ရှေးကျသော အခြားစာပေအကျဉ်းသားတဦးမှာ ရော အဘိဓမ္မာဆရာကြီး Boethius ဘိုးသီးယပ်စ် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်ကြီးရေးသည့်“Consolations of Philosophy” ဆိုသော စာအုပ်မှာအနောက်အဘိဓမ္မာလောကတွင်အရေးကြီး သော မှတ်တိုင်ကြီးတခုဖြစ်လေသည်။ ထိုစာအုပ်ကြီးကို စာရေး ဆရာကြီးချော်ဆာက အင်္ဂလိပ်ဘာသာသို့ပြန်ခဲ့သည်။ အီတလီ နှင့် ဂိုးသ်စ်ပြည်ဘုရင်သီအိုဒေါရစ်က အပြစ်ဒဏ်ပေးထားသော သေမိန့်အတွက် အသတ်ခံရဘို့ စောင့်ဆိုင်းနေရင်း ထိုကျမ်းကြီး ကိုပြုစုရေးသားခဲ့ခြင်းဖြစ်လေသည်။

စာရေးဆရာကြီး ကာဗင်တီးစ်သည် သူ၏ အကောင်းဆုံး စာပေဟု ဆိုရမည့် Don Quixote ဒွန်ကွစ်ကို ဆီဗီးလ် မြို့တွင် အကျဉ်းခံနေရရင်း ရေးခဲ့လေသည်။ ထိုစာအုပ်ကို



“ထောင်တွင်း၌ မွေးဘွားရမည့် စာပေဖြစ်သည်” ဟု စာရေး ဆရာ ကိုယ်တိုင်ကပင် ဆိုခဲ့ပေသည်။ ဗေါ်လ်တဲယားမှာလည်း ပြင်သစ်ပြည်၏ အထူးခြားဆုံး စာပေ အကျဉ်းသမားဖြစ်လေ သည်။အထက်တန်းလွှာများကို ပုတ်ခတ်ရေးသားသောကြောင့် ဘာစ်တီးလ် အကျဉ်း ထောင်တွင် နေရခိုက် ဟင်ရီယိတ် Henriade တပိုင်းတစကိုရေး၍ အိုးဒိုက် Oedipe ကို တမျိုး တမည် ပြုပြင်ပြောင်းလဲ ရေးသားလေသည်။

အင်္ဂလန်ထောင်များအတွင်း၌ပြုစုရေးသားသောစာပေများ ကိုကား တကယ်ပင် စာတင်ကြရပေလိမ့်မည်။ ထောင်သည် ဂျွန်ဘန်းယန် John Bunyan ကို စာအုပ်များစွာ ရေးသား နိုင်ဘို့အချိန်ပေးသည်။ ဘယ်အခါမှပျောက်ပျက်နိုင်မည်မဟုတ် သည့် Pilgrim’s Progress ပင်းလ် ဂရင်းမ် စ် ပရို ဂရက်စ် ဆိုသော စာအုပ်ကို ထိုစာရေးဆရာကြီးသည် ၁၆၇၅ ခုနှစ် ခေတ္တထောင်ကျခံရစဉ် ရေးသားလေသည်။ တကြိမ်က အယ် လစ်ဇဘတ်ဘုရင်မကြီး၏ အချစ်တော်ဖြစ်ခဲ့ဘူးသော Raleigh ‘ရလေး’သည် နိုင်ငံရေးမနာလိုမှုကြောင့် လန်ဒန်တာဝါထောင် တွင် သွားနေရပေသေးသည်။ ‘ကမ္ဘာ့သမိုင်း’ ဆိုသော သူ၏ နာမည်ကျော်စာအုပ်ကြီးကိုထိုထောင်ထဲမှာပင်ရေးခဲ့လေသည်။ စာရေး ဆရာကြီး Oscar Wilde အော်စကာဝိုင်းသည် အကျဉ်းသား ဖြစ်ရခိုက် အချိန်ကို ကောင်းစွာ အသုံးချပြီး De Profundis ‘ဒီပရို ဖန်းဒစ်’ ဆိုသော စာအုပ်ကို ရေးလေ သည်။

စာပေအတွက် နိုဘဲလ်ဆုရသော ဗြိတိန်နိုင်ငံမှ အလွန်ကျော် ကြားသည့် သင်္ချာဝိဇ္ဇာ၊ အဘိဓမ္မာဆရာကြီး, ယခုအသက်



www.burmeseclassic.com

www.burmeseclassic.com

ဂဂနှစ်ရှိသူ Bertrand Russell ဘားထရန် ရပ်ဆယ် သည် တကြိမ်က အကျဉ်းသား အမှတ် ၂၉၁၇ အဖြစ် ဘရစ်တန်ထောင် စာရင်းစာအုပ်ကြီးတွင် မှတ်သားထားခြင်း ခံရသူဖြစ်လေသည်။ သူ၏ပြေအေးရေးအယူအဆများကြောင့် ဗြိတိန်နိုင်ငံမှ နိုင်ငံကျော် ကင်းဘရစ်ချ်တက္ကသိုလ်၏ ထရင်နီတီ ကောလိပ်၏ဘွဲ့ထူးကိုမရဘဲ၊ ထိုအယူအဆကြောင့်ပင်ဘရစ်တန်ထောင်တွင် အကျဉ်းသားဖြစ်ရသည်။ ထိုထောင်တွင် ပြုစုရေးသားသော ကျမ်းကြီးမှာ Introduction to Mathematical Philosophyဖြစ်သည်။ ဗီဝေးစ်၏ လောဂျစ် ဆောင်းပါးများကို ဝေဖန်ချက်ရေးသည်။ The Analysis of Mind ဆိုသော စာအုပ်ကြီးကို ရေးသားနိုင်ရေးအတွက် ပြင်ဆင်မှု အချို့ကိုလုပ်သည်။

Common Sense ဆိုသော စာတမ်းသည် အမေရိကန်ပြည်သူတို့အားလွတ်လပ်ရေးအတွက်ထကြွကြဘို့နှိုးဆော်ရာတွင် အရှင်းလင်း အပြတ်သားဆုံး စာတမ်းဖြစ်သည်။ ထိုစာတမ်းကိုရေးသောကြောင့် အမေရိကန်ပြည်တွင် အလွန်နာမည်ကြီးခဲ့သော စာရေးဆရာကြီး သောမတ်စ်ပိန်းသည်၊တခါက ပြင်သစ်အကျဉ်းထောင်တခုသို့ အကျဉ်းသားအဖြစ်ဖြင့် ရောက်သွားရသည်။ ထိုထောင်တွင် Age of Reason ဆိုသော စာအုပ်ကြီးကို အပြီးရေးလေသည်။ ဘာသာကိုးကွယ်မှုကို ထိပါး ပုတ်ခတ်ပြီး ရေးသည်ဟုဆိုကာ ထိုစာအုပ်ကို အကြောင်းပြု၍ ဘာသာရေးအစွဲအလန်းကြီးသော အမေရိကန်များက သောမတ်စ်ပိန်းကို နှိမ်ကြပြန်သည်။ ထို့ကြောင့် ၁၉၄၅ခုနှစ် ရောက်မှပင် ကျော်စော်ထင်ရှားသော အမေရိကန် အမျိုးသားကြီးများ၏



စာရင်းတွင် သောမတ်စ်ပိန်းကိုထည့်ကြသည်။ "The United States of America" 'အမေရိကန်ပြည်ထောင်စု'ဆိုသော စကားကို စသုံးသူမှာ ထိုစာရေးဆရာကြီး သောမတ်စ်ပိန်းဖြစ်လေသည်။ ကမ္ဘာ့နိုင်ငံရေးတွင် များစွာ အရေးရောက်သော "Rights of Man" "လူသား၏ အခွင့်အရေးများ" ဆိုသောစာအုပ်ကို ရေးသူမှာလည်း သောမတ်စ်ပိန်းပင် ဖြစ်သည်။

ထောင်တွင်းတွင်စာများရေးသားသည့်အတွက် သောမတ်စ်ပိန်း နာမည်ကျော်လာသည့်နည်းတူ အမေရိကန်ပြည်တွင် အခြား စာရေးဆရာတဦးလည်း နာမည်အလွန်ကြီးလာလေသည်။ ဝီလီယန်ဆစ်ဒ်နေးပေါ်တာ ဆိုသော အော်စတင် ဘဏ်တိုက်မှ ငွေကိုင်အရာရှိသည် မတရားသဖြင့် ငွေအလွဲသုံးစားမှုအဖြစ် ခံရပြီး ထောင်ကျသွားရသည်။ နောင်သောအခါ အလွန်နာမည်ကျော်သော ဝတ္ထုတိုများအဖြစ် ကမ္ဘာကသိလာရသော သူ၏အရေးအသားများမှာ အိုဟင်နရီဆိုသည့် ကလောင်နာမည်နှင့် ပေါ်လာခဲ့ပေသည်။

တူရကီပြည်မှ ကဗျာဆရာကြီး နဇင်ဟစ်မက်သည် ထောင်ထဲတွင် ၁၃နှစ်ကျော် နေရရင်း သူ၏အကောင်းဆုံး အမျိုးသားလွတ်မြောက်ရေးကဗျာများကို ရေးသားခဲ့လေသည်။

အိန္ဒိယခေါင်းဆောင် အများပင် လွတ်လပ်ရေးတိုက်ပွဲဝင်ရစဉ်အခါက ထောင်ကျခံကြရသည်။ စာအုပ် စာတမ်းပေါင်းများစွာလည်းရေးသားခဲ့ပေသည်။ အထူးထင်ရှားသော ထောင်စာပေများမှာ ခေါင်းဆောင်ကြီး ထိလက်၏ ဂီတာ ရဟာစယာ Gita Rahasya အဖြေ၊ မစ္စတာနေရူး၏ ကိုယ်တိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com

အတ္ထုပ္ပတ္တိ၊ ရာဇဝင်ကြီး၏ ထောင်မှတ်တမ်းနှင့် အဖဲ့ဖိ၏ ကိုရကျမ်းပေါ်အမြင် စသောစာအုပ်များ ဖြစ်လေသည်။

အထက်၌ ဖော်ပြလိုက်သော ထောင်စာပေ အကျဉ်းသားများ၏ စာရင်းမှာ မပြည့်စုံသေးပါ။ ဆိုကရေးတီးစ်၊ စိန့်ပေါ၊ ဆာသောမတ်စ်မိုး၊ ဖရန်းစစ်ဘေကွန်၊ ဂျွန်ဗွန်း၊ ဒီမိုး၊ ဒီဒါးရော့၊ လေးဟန့်၊ သိုရော၊ ဗီလီယန်လွှက်ဂါရီဆင်၊ ဝေါစ်တိုယက်ဗ်စကီး၊ လီနင်၊ အနာစ်တိုလာနှင့် ပက်ဘ်လိုနရူးဒါးတို့၏ နာမည်များကိုလည်း ထည့်သွင်းကြရပေလိမ့်မည်။

မြန်မာ စာပေတွင်လည်း အနန္တသူရိယ အမတ်ကြီးသည် 'သူတည်းတယောက် ကောင်းဘို့ရောက်မူ' ဆိုသော ကဗျာတည်မည့် လက်ာကို အသတ်ခံရမည့်ဆဲဆဲတွင် ရေးသားခဲ့သည်။ လက်ဝဲသုန္ဒရ အမတ်ကြီးသည် ပြောင်မြောက်လှသော 'မိဇ္ဈတောင်ခြေ'ရတုကိုတကျွန်းနှင့်မခြားနားသော မိဇ္ဈာသို့ဘုရင်က ပို့ထားခြင်းခံရစဉ် ရေးသားခဲ့သည်။

'မင်းဆိုသမျှ ကွင်းရှောင်မည်' ဆိုသော ရာဇတော၀ါ တေးထပ်ကို ဦးပုညသည် အသတ်မခံရမီ အကျဉ်းထောင်တွင်း နေရစဉ် ရေးခဲ့လေသည်။

ထောင်စာပေနှင့် ပတ်သက်၍ ကျွန်တော် အကဲခပ်လေ့လာကြည့်ရသည်မှာ၊ အချို့သည် လွတ်လပ်ခွင့် ဆုံးရှုံးသွားသည့်အတွက် စိတ်ဆင်းရဲပြီး ဘာမှ မလုပ်ချင် မကိုင်ချင်တော့၊ တုံ့လှုပ်ချောက်ချားကြသည်။ သို့ရာတွင် ကဗျာဆရာ၊ စာရေးဆရာအချို့မှာ ထောင်ခန်းအတွင်း၌ တယောက်ထီးထီး နေရသောအခါ ပို၍သမာဓိရ၊ ပို၍တည်ငြိမ်သည်။ စိတ်နှလုံးထဲတွင်ရှိသည်များ၊ ခံစားရသည်များကို ပို၍ ရေးနိုင် သားနိုင်၊ ဖော်



ထုတ်နိုင်ကြသည်။ လှောင်ချိုင့်တွင်းမှ ငှက်ကလေးအချို့သည် အလွန်သာယာသော တေးသီချင်းကလေးများကို တခါတရံ ဆိုနေတတ်သကဲ့သို့ ဖြစ်ဟန်ရှိပါသည်။

ယခု နှစ်ပေါင်း များအတွင်း ထောင်အကြောင်း၊ အကျဉ်းသားများအကြောင်း လေ့လာရေးသားကြသူ တော်တော်ပင်များကြသည်။ ထောင်ထဲသို့ စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမား များများရောက်ခဲ့ကြသည့်အတွက် ဤစာပေများ ဤမျှ များများထွက်လာကြခြင်း ဖြစ်ပေသည်။

ကိုကိုးကျွန်းသို့ အပို့ခံကြရသော နိုင်ငံရေး အကျဉ်းသားများနှင့် စာရေးဆရာ များကမူ၊ မိမိတို့၏ ခံစားရမှု များကို စာအုပ်များ၊ သတင်းစာ ဆောင်းပါးများ၊ ကဗျာများ၊ ပြဇာတ်များ၊ ပြဇာတ်များဖြင့် ထိထိ ခိုက်ခိုက် ရေးသား ဖော်ပြကြပေသည်။

ကျောက်စာကို တူးဖော်သကဲ့သို့ ထောင်တွင်းလူငယ်များ၏ ဘဝနှင့် စပ်လျဉ်း၍ အမှန်ကန်ဆုံးရနိုင်သမျှရရှိနိုင်အောင်နီးနီးကပ်ကပ် လေ့လာကြည့်သောအခါ၊ ပြည်သူလူထု လူများစုကြီးနှင့် များစွာစပ်ဟပ်နေသော သမိုင်းကဏ္ဍများကို တွေ့ရသည်။ 'စစ်အချစ်နှင့်ထောင်'မှာ ကျွန်တော်တူးဖော်ရရှိသောကျောက်စာ ၁ ချပ်ပင် ဖြစ်ပါသည်။

ထောင်တွင်း အကျဉ်းခံနေရသူများ၏ အကြောင်းများကို အကြိမ်ကြိမ် ကျွန်တော်ရေးသားနေသည့်အတွက်ရာဇ၀တ်ပြစ်မှုအမျိုးမျိုး ကျူးလွန်ခဲ့သူများဘက်မှ တဘက်သတ်ရှေ့နေလိုက်နေခြင်းဖြစ်သည်ဟုမယူဆစေလိုပါ။ ၁၉၆၀ခုနှစ်၊ မေလဆိုရက်နေ့က မန္တလေးထောင် မှုထမ်းရာထမ်းများအား ဟောပြောရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပညာရေးဌာန ဝန်ကြီး ဒေါက်တာ ဦးအေးမောင် သတိပေး ပြောကြားသွားသကဲ့သို့ "အကျဉ်းသားများကိုလဲ ကိုယ့်လို လူသားတွေဘဲလို့ သဘောထားရမယ်" ဆိုသည့် စကားအတိုင်း ပြည်သူလူထုနှင့် အစိုးရက မြင်ဘိုလိုသည်ဟုကား ကျွန်တော် ထင်မြင်ပါသည်။

ခိုး၊ တိုက်၊ သတ်ဖြတ်ခဲ့သော အကျဉ်းသားသည် မှားသော လူသားဖြစ်သည်။ တိရစ္ဆာန်မဟုတ်။ သူ၏ အမှားကြောင့် ပြည်သူလူထုတွင် နစ်နာ ဆုံးရှုံးရသည်ကို သူ ကောင်းစွာ သဘောပေါက်ပြီး ပြုပြင်နိုင်ခွင့် ရှိသင့်သည်။ ထိုသို့ ပြုပြင်လျှင် သူသည် ဘဝမှန်သို့ ပြန်ရောက်နိုင်ခွင့်ရှိသင့်ပေသည်။ ဤစာအုပ်တွင် လူတယောက်၏ မွေးစကာစ၍ ကျွန်တော်နှင့် တွေ့ဆုံသည့် အချိန်အထိ ဖြစ်ရပ်များကိုတင်ပြထားရာ၊ မှုခင်းများဖြစ်လာရခြင်း၏ အရင်းခံ သဘောများကိုလည်း တွေ့နိုင်ကြပါလိမ့်မည်။

နိုင်ငံရေးသမားများ၊ စာရေးဆရာ၊ သတင်းစာဆရာများ အဘမ်းခံရ၊ထောင်ထဲရောက်ကြရသည်မှာမူ များသောအားဖြင့် အစိုးရတက်ဖြစ်နေသူများနှင့် သဘောချင်းမတိုက်ဆိုင်၍၊ အယူအဆချင်းမတူညီသောကြောင့်၊ အစိုးရဖြစ်သူများက အန္တရာယ်ရှိမည်ဟု ယူဆသည်ဆိုသောကြောင့်၊ မျက်မုန်းကျိုး၊ မကြည့်ချင်သောကြောင့်သာ များခဲ့ပေသည်။ ဤသို့သော အကျိုးအကြောင်းများရှိနေလျှင် ပြောစရာမလို၊ လုံလောက်သည်။ ဖိနှိပ်သော ဥပဒေ ပုဒ်မများသည်အသင့်ရှိနေကြသည်ဖြစ်သောကြောင့် ဟိုပုဒ်မကကျွန်မကိုသုံးပါ၊ ဒီပုဒ်ထ်ီးက ကျွန်တော့်ကို သုံးပါနှင့် တပ်စရာ ပုဒ်ထီးပုဒ်မတွေ အလျှံပယ် များလေတော့သည်။



အကျဉ်းထောင်များ အတွင်းသို့ စာရေး ဆရာကြီးများ ရောက်သွားကြ၍ စာကောင်း ပေကောင်းပေါင်း မြောက်မြားစွာ ထွန်းပေါက် လာခဲ့သည့် အကြောင်းကို သမိုင်းနှင့် ချီ၍ ကျွန်တော်တင်ပြလိုက်ခြင်းသည် စာရေးဆရာများအား ထောင်တွင်းသို့ သွားရောက် နေထိုင်ရန် တိုက်တွန်းခြင်း မဟုတ်။ ထောင်သည် ကောင်းသောနေရာ၊ နေချင်အပ်သောနေရာ မဟုတ်၊ သို့ရာတွင်မလွှဲသာ၍မရှောင်နိုင်ဘဲကြုံခဲ့သော်၊ အချိန်ကို အဘိုးထန်စွာသုံးခြင်း၏ တန်ဘိုးကို တင်ပြခြင်းသာဖြစ်သည်။

ပုဂ္ဂိုလ်ကြီးများ ထောင်ထဲရောက်၍ ကမ္ဘာသူ ကမ္ဘာ့သား အပေါင်း ကျေးဇူးများသော စာကောင်း ပေကောင်းများ ထွက်လာသည့်နည်းတူ၊ ကြောက်စရာလူဆိုးတဦး ထောင်တွင်း ရောက်ပြီး၊ မရေးသင့်သော စာပေမျိုးကို ရေးသားပြုစုခွင့်ရရှိသွားသည့်အတွက် လူလောကတခုလုံး သွေးချောင်းစီးပြီး ဒုက္ခကြီးစွာရောက်ရသော သာဓကလည်း ရှိပေသည်။


အကျဉ်းသားမှာ ဟစ်တလာဖြစ်၍၊ လင်းဒ်စ်ဘတ် ထောင်တွင် 'မိန်းကင့်ပ်ဖ်' ဆိုသော သူ၏လက်စွဲကျမ်းကြီးကို ဟစ်တလာ ရေးသားခဲ့သည်။

မိန်းကင်းပ်ဖ်စာအုပ်ကြီးတွင် ပါသော စာလုံးတလုံးအတွက် အသက်ပေါင်း ၁၂၅ မျှ ဆုံးရှုံးသည်။ စာအုပ်၏ စာ ၁ မျက်နှာအတွက် အသက်ပေါင်း ၄,၇၀၀ ဆုံးရှုံးသည်။ အခန်းတခုတခုအတွက် အသက်ပေါင်း ၁,၂၀၀,၀၀၀ သေဆုံးခဲ့သည် ဟုမှင် အဆိုရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ထောင်စာပေ အရေးအသားများသည် ဟစ်တလာ၏ 'မိန်းကင်းပ်ဖ်' ကဲ့သို့ ကမ္ဘာ့လူသားများအား နှိပ်စက်ဖျက်ဆီးလိမ့်မည်မဟုတ်ဘဲ၊ အခြားပုဂ္ဂိုလ်ကြီးများ၏ အပြု စာပေများနောက်သို့ လိုက်နိုင်လိမ့်မည်ဟုမြော်လင့်ပါသည်။



၂၄-၁၀-၆၀။



## လူ့ဘဝ

ကျွန်ုပ်တို့၏ ဘဝတာသည် ပြဇာတ်တခုနှင့် တူလှသည်။

‘ဘင်ဂျွန်ဆင်’

---

## ပညာ

စာသင်ကျောင်းများကား သမတနိုင်ငံတော်၏ ခံတပ်များ ဖြစ်သည်။

‘ဟိုရေ့စ်မင်’

www.burmeseclassic.com

www.burmeseclassic.com

သတိ

အခြားသူများ၏ အမှားအယွင်း အတွေ့အကြုံများကို ကြည့်ကာ သတိရှိခြင်းသည် ကောင်း၏။

‘ဆိုင်းရုဝ်’

# စစ် အချစ် နှင့် ထောင်

ကျွန်တော်၏ အဖြစ်အပျက် အကြောင်း အရာ များကို ဦးလေးကြားရလျှင်ဒဏ္ဍာရီပုံပြင်ကိုနားထောင်ရသည့်အလား အဟုတ်တကယ်ဟု ထင်ကောင်းမှထင်ပါမည်။ သူများနည်းတူ ဖြစ်ရိုးဖြစ်စဉ်များအလိုက် ဖြစ်ပျက် ကြုံတွေ့ ခဲ့ရသည်များလည်းရှိ၍ လူ့ဘဝတွင် အောက်ဆုံးတန်းအကျဆုံးသော အတွေ့အကြုံများလည်း ပါဝင်ပါသည်။ ကျွန်တော်၏ ဘဝအကြောင်းအရာများကို မည်သူ့အားမှ စုံစုံလင်လင်ပြောပြဘူးခြင်း မရှိသေးပါ။ ပြောလည်းမပြောပြလိုပါ။ ဦးလေး၏ စေတနာနှင့် ရည်ရွယ်ချက်များကိုသိရ၍ ဦးလေးကိုမှ အားလုံးဖွင့်ဟပြောပြပါတော့မည်။ အဖြစ်အပျက်အချို့ကိုမူ ဦးလေးကို ပြောပြပြီးသည့်နောက် ကျွန်တော် မေ့ပစ်ပါတော့မည်၊ ထပ်ပင်စဉ်းစားတော့မည်မဟုတ်ပါ။ ကျွန်တော်၏ ဘဝဖြစ်ကြောင်းကုန်စင်များကို အကြောင်းပြု၍ ဦးလေး၏ ရည်ရွယ်ချက်အတိုင်း လူငယ်လူရွယ်များ ချမ်းသာသုခ အဝဝနှင့်ပြည့်စုံကြပါစေ။

တောင်ငူ ဒိစတြိတ် အုတ်တွင်းမြို့အပိုင်တွင် လေးအိမ်စုဆိုသော ရွာငယ်ကလေးတရွာရှိပါသည်။ ထိုရွာမှာကျွန်တော်တို့၏ရွာဖြစ်ပါသည်၊ ကျွန်တော့်ဖခင်က ဦးချစ်ဖေ၊မိခင်ကား ဒေါ်ရွှေတင်ဖြစ်ပါသည်။ မိဘများမှာ တောင်သူလယ်သမား

www.burmeseclassic.com

မျိုးရိုးဖြစ်ကြသည့်အတိုင်း လယ်ကိုသာ [illegible] မြေကိုရှာပြီး လယ်လုပ်ဘို့သာ စိတ်ကူးကြံစည်နေကြပါသည်။ ဤအတတ်နှင့် ဤအမြင်သာရှိကြပါသည်။

လေးအိမ်စုရွာ၏ အနောက်ဘက် တခေါ် လောက်တွင် မှော်ယောတောဆိုသောတောရိုင်းကြီးရှိပါသည်။ကျွန်တော် မိဘများ အပါအဝင် ကျွန်တော်တို့ ရွာသူရွာသားများသည် ထိုတောရိုင်းကြီးအစပ်တွင် တောတိုးပြီး လယ်ရိုင်းခုတ်ကြပါသည်။ မှော်ယောတောစပ်တွင် ဧက ၅၀၀ ခန့်မှာ မြေယာ လိုနေ ငတ်နေကြသောဆင်းရဲသားကျေးရွာသားများအတွက် အကြမ်းသဘော လယ်ကွင်းကြီး ဖြစ်သွားပါသည်။ကျွန်တော် ၏ အဘေနှင့် အမေတို့လည်း သူတို့ခုတ်နိုင်ရှင်းနိုင်သောအင်အားအလိုက် ဧက ၂၀ ခန့်ပိုင်ဆိုင်လာကြပါသည်။

ပဌမ ၂နှစ် ခန့်တွင် ကျွန်တော်တို့ ရွာသားများသည် သစ်ပင်များကိုခုတ်လှဲပြီး သစ်ငုတ်တိုများကို ရှင်းကြ လင်းကြ တူးဖေါ်ဖယ်ရှားကြနှင့် အလွန်ပင်ပန်းကြပါသည်။ စိုက်ပျိုးနိုင်သည့် နေရာက နည်းနည်း သာလျှင် ရနိုင်ကြ သေးသော်လည်း၊ ကိုယ်တိုင်ဓါးမဦးချ တောတိုး ရှင်းလင်း ခုတ်ထွင်ကြသည့်အတွက် မြေဧက နှစ်ဆယ်အစိတ် ပိုင်ကြရပြီ။ ကိုယ့်မြေကွက်ပေါ် ကိုယ်တိုင်ထွန်ယက် လုပ်ကိုင်စားကြရပြီ၊ မည်သူ့ကိုမှ မြေဆီမြေခပေးရဘို့မလို၊ မည်သူ့ရှေ့မှ မျက်နှာအောက်ချစရာမလို၊ အေးအေးဆေးဆေး ချမ်းချမ်းသာသာ လုပ်ကိုင်စားနိုင်ကြတော့မည်ဆိုကာ ဝမ်းအသာကြီး သာနေကြပါသည်။

သာလည်းသာလောက်စရာကိစ္စဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင် ကိုယ့်လယ်ကိုယ်လုပ်နိုင်သည်ဟူ၍ ၂ဦး ၃ဦးထက်



မပိုပါ၊အခြားရွာသူရွာသားများမှာလယ်သီးစား၊စာရင်းငှါး လယ်ကူလီများ အဖြစ်နှင့်သာ ဝမ်းကျောင်းခဲ့ကြရပါသည် သို့ဖြစ်လေရာ ကိုယ်ပိုင်ကိုယ်ဆိုင်မြေရကြသောအခါအလွန်ပင် ဝမ်းသာကြပါသည်။ သစ်ပင်ကြီးတွေလှဲ၊သစ်ပင်ငယ်တွေခုတ်၊ ချုံ ပိတ်ပေါင်းတွေကို ခုတ်ထွင် ရှင်းလင်းရ၊ သစ်ငုတ်တွေကို တူးဆွရသော အလုပ်မျိုးကိုပင် ပင်ပန်းရမှန်းမသိ၊ အောက်တွင်လှဲကြ၊ခုတ်ကြ၊ထွင်ကြ ၊ရှင်းလင်းကြသည်။ရာသီဥတု၏ဒဏ်ကို ကာကွယ်နိုင်သော ပစ္စည်းကရိယာ အဝတ်အထည်ဆေးဝါးကလည်းမရှိ၊အတွင်းဓါတ်ခံအားကလည်း မကောင်းကြသော ဦးအောင်ဘနှင့် ဒေါ်စောရှင်၊ ဦးထွန်းရ၊ ကိုသာလှ မဘုမတို့မှစ၍ မိန်းမယောက်ျား ရွာသူရွာသား ၉ဦးခန့်သည် လယ်တောတိုးရင်း ဘဝတပါးသို့ ပြောင်းသွားကြရရှာသည်။

ဤမဟာပထဝီ မြေကြီးသည် သံက်ရှိ သက်မဲ့ သတ္တဝါ ပေါင်းများစွာတို့ မှီခိုရာ၊ အားထားရာကြီး ဖြစ်ကြောင်းကို ကလေးလူကြီး ကျွန်တော်တို့ အားလုံး သဘောပေါက်နားလည်ကြပြီး ဖြစ်ပါသည်။ ဤမြေကြီးနှင့် နီးနီးကပ်ကပ် နေရထိုင်ရ၊ သွားလာရလျှင် ပို၍လုံခြုံစိတ်ချရသည်ဟု ယူဆကြသည်။ ရွာ၌နေစရာ မြေကွက်ကလေး တကွက်ရှိသည်၊ ထိုမြေကွက်ပေါ်တွင် အိမ်ကလေးဖြစ်စေ၊ တဲကလေးဖြစ်စေ ဆောက်နိုင်၊ နေနိုင်သည်ဆိုလျှင် ထိုသူသည် သူ့အထွာနှင့်သူ အလိုက်အထိုက် ချမ်းသာနေသည်။ ထိုမှတဆင့် လုပ်ကိုင်စားစရာ မြေ ၁၀ ဧက၊ ဧက ၂၀ရှိသည်ဆိုလျှင်ကား ပြောဘွယ်မလိုတော့ပါ။

တောရှင်းပြီး၍ ၃ နှစ်ခန့်ရသောအခါ ကျွန်တော်တို့၏ မှော်ယောကွင်းကြီးမှာ တကယ့်လယ်ကွင်းကြီးဖြစ်နေပါပြီ။ မြင်း

www.burmeseclassic.com

www.burmeseclassic.com

မားသော အရှေ့ရိုးမနှင့် မမြင့်လွန်းမနိမ့်လွန်းသောပဲခူးရိုးမ အကြားတွင်ရှိကြသည့် အမိနိုင်ငံကြီး၏ အသက်သွေးခဲ ဆန်စပါးစိုက်မျိုးရာ နယ်မြေကြီး၏ တစိတ်တဒေသဖြစ်လာပါပြီ။ မိုးနှင့်ဆောင်းဦးတွင် မြစိမ်းရောင်၊ ဆောင်းနှင့်နွေဦးတွင် ရွှေဝါရောင်သီးနှံများဖြင့် လှနေ့ပနေပြီး။ များများစာစားပင် မဟုတ်လှသော်လည်း၊ လယ်ဦးမှ ကောက်ဦးများဖြင့် လှူကြတန်းကြရပြီ။ မှော်ယောကွင်း၏ တောင်ဘက်တွင် ငါးစင်ရိုင်းချောင်း၊ မြောက်ဘက်တွင် မှော်ယောချောင်း ရှိသောကြောင့် ငါးရှာ၍လည်းရသည်။ အနောက်တောင် ခပ်ယွန်းယွန်း ဖဝါလုံခန့်တွင် ကျွန်းတောကလေးတခုလည်း ရှိသေးသည်။

မြှော်လင့်တောင့်တ ခန့်မှန်းချက်များသည် မြှော်မှန်းသည့်အတိုင်း အကောင်အထည် ပေါ်လာသည့်အခါလည်းရှိသည်၊ ရှိုင်းရှိုင်းစိုင်းစိုင်း ရက်ရက်စက်စက် ဆန့်ကျင်ဘက်ဖြစ်လာသည်များလည်းရှိတတ်သည်၊

သက္ကရာဇ်တော့ ကျွန်တော် မပြောတတ်ပါ။ မိုလ်အောင်ကျော်ကျဆုံးသည့်နှစ်ကဖြစ်ပါသည်၊ စပါးပင်တွေ ပိုးကျပြီး လယ်တွေပျက်ပါသည်၊ သို့ဖြစ်ရာ စပါးပေးယူထားသောငွေများအတွက် ကျွန်တော့်မိဘများသည်ရင်း၊ အခြားလယ်သမား တော်တော်များများသည်ရင်း၊ ချစ်တီးများကိုချေးငွေများ မပေးဆပ်နိုင်ကြပါ။

စပါးပေးဆိုသည်မှာ တောင်သူလယ်သမားများပေးကြရသော အတိုးကြီးကြီးများအနက် အကြီးဆုံး ဖြစ်ပါသည်။ ကောက်စိုက်ချိန်တွင် ငွေလို၍ ချေးသောအခါ စပါးဈေးက ၂၀၀ ပေါက်နေလျှင် ၁၀၀ ဈေးနှင့် ငွေချေးလိုက်ပြီး၊ စပါးပေါ်ချိန်တွင် လယ်လုပ်သူက စပါးတင်း ၁၀၀ အပ်ရသော



သဘောတူညီချက်မျိုးဖြစ်ပါသည်။ပုံအမျိုးမျိုးနှင့် ဤစံနစ်မျိုး ကြီးစိုးနေခဲ့သည်မှာ နှစ်ပေါင်းရာထောင်မကမြေယာကို ထွန်ယက် လုပ်ကိုင် စားသောက်သူ မြေပိုင်ရှင်နှင့် ငွေကြေးချေး၍ အတိုးယူကြသည့် စံနစ်ဆိုးများ ပေါ်ပေါက်ခဲ့သည့် ကမ္ဘာဦးဒီဘက် များစွာမကြာသောနှစ်များအတွင်းလောက်ကပင် ဖြစ်ပါလိမ့်မည်။

တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသောစကားပုံမှာ ရှေးသူဟောင်းတို့ တင်စားပြောဆို သရုပ်ဖေါ်သောစကားဖြစ်၍ တန်ဘိုးရှိလှပါပေသည်။ သို့ရာတွင် တောကြီးတထောင် မီးလောင်သည်ကို တွေ့ရသော်လည်း တောကြောင်တကောင် လက်ခမောင်း ခတ်သည်ကား အဟုတ်တကယ်အားဖြင့် မည်သူမှ တွေ့နိုင်ကြမည် မဟုတ်ပေ။ လယ်သမားများ စပါးထွက်မကောင်း၊ ကြွေးဆပ်နိုင်ကြမည် မဟုတ်။ ဝမ်းစာပင်မကျန်ဆိုသော နှစ်များတွင်ကား ချစ်တီးများ အထူးလမ်းသလားကြသည်ကိုကား ကောင်းကောင်းကြီးတွေ့နိုင်ကြပါသည်။ စပါးနယ်ရာ လှေ့ရာ တလင်းတခုမှ တခုသို့ ခြူကုံးများဆွဲထားသည့် ၎င်းတို့၏ နွားဖြူချောချောကြီးများကို က,သောလှည်းယာဉ်များဖြင့်၊ ပျားပန်းခတ်မျှ ချစ်တီးများ ကူးသန်းသွားလာကြသည်။ အရိပ်ကောင်းကောင်းရွာ၏ ရေတွင်းဘေးတွင် ငှက်ပျောရွက်နှင့်ထမင်းစားကြသည်၊ ၎င်းတို့ထံမှ လယ်အငှါးလုပ်သူများ၊ စပါးပေးယူထားသူများအား "ဒီလိုဆိုဘယ်လိုလုပ်မလဲဟင်" ဟု မေးသည်။ ဘယ်လိုမှမကြံတတ်မစည်တတ်သောလယ်သမားတို့သည်အတိုးအရင်းပေါင်း စာချုပ်သစ်ကို လက်မှတ်ထိုးလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤနည်းအရ ကျွန်တော်၏မိဘများ ခွေးနှင့်သွေးနှင့်အင်နှင့်အားနှင့် ခေါင်းမဦးချခုတ်ထား၊ တိုးထားရသော လယ်သည် ငွေရှင်ချစ်တီးလက်သို့ ရောက်သွားရသည်။ အချို့က ဤမြေ၊ ဤယာ၊ ဤလယ်မျိုးကိုအခြားသူများက ပိုင်ဆိုင်ခွင့်မရှိနိုင်ဟု ဆိုကြသည်၊ ပြောကြသည်။သို့ရာတွင် ကျွန်တော်တို့မိဘများမှာမူ မကြားနိုင်၊မယုံကြည်နိုင်မည်သူ့မျှမကယ်နိုင်၊ မြေမဲ့ လယ်မဲ့ ဖြစ်ကြရပါပြီ။

လှေမျှောလျှင်လှေနှင့်လိုက်ရမည်။ သို့ဖြစ်ရာ ချစ်တီးထံမှ လယ်ကို ပြန်ငှါးပြီး ကိုယ်ပိုင်ကျန်သေးသော ကျွဲ ၂ ကောင် နွား ၂ကောင်နှင့်ဆက်၍ ဤလယ်ကိုပင်လုပ်ကြရပြန်ပါသည်။ ရေကြီး၍ စပါးကမအောင်၊ ခဲလေသမျှ သဲရေကျရသည်။ ကောက်သိမ်းချိန်တွင် စပါးထွက်သမျှ ချစ်တီးက လာသိမ်းသွားသည်။ ကျွဲ ၂ကောင်ကလည်းကျွဲနာကျ၍သေသည်။ နွား ၂ကောင် အဆစ်ထည့်ရသည်ပင် ချစ်တီးကြွေးကမကျေသေး။ ဝမ်းစာလည်းမကျန် ကောက်ရိုးနှင့် ကျွဲချေး နွားချေးသာ အနိုင်နိုင်ကျန်သည်။

မွဲသည်ထက်မွဲလှပြီဖြစ်သော်လည်း ကျွန်တော်တို့၏ မိဘများသည် လယ်အလုပ်တတ်သည်။ လက်သမားလည်းမလုပ်တတ်၊ ပန်းရံလည်းမလုပ်တတ်၊ ပန်းထိမ်လည်းမလုပ်တတ်၊ အရောင်း အဝယ်လည်း မတတ်၊ ထို့ကြောင့် ချစ်တီးထံသို့ လက်မှဲ ထိုးအပ်ထားရပြီဖြစ်သော ဤလယ်ကိုပင် ပြန်ငှါး၍ စိတ်မကျေပွဲလုပ်ကြပြန်ပါသည်။ လေးအိမ်စုကခြံ နှင့်အိမ်ကိုလည်း ရောင်းလိုက်ရပါပြီ။ ထို့ကြောင့် အုတ်တွင်းမြို့အစွန်တွင် သင့်သလို အိမ်မဟုတ် တဲမဟုတ် အဆောက်အဦတခု ထိုးဆောက်ကာ နေကြရပါသည်။



ကျွဲကျောင်း၊ နွားကျောင်း၊ ဂဏန်းနှိုက်၊ ငါးဖမ်း၊ မှိုနုတ် ဟင်းရွက်ခူး၊ အများဆုံးအားဖြင့် စပါးနယ်ခြင်းမျှလောက် ဖြင့်သာ ကူညီနိုင်သော ကျွန်တော်မှာ ၁၀နှစ်အရွယ်လောက် ကစ၍ လေးအိမ်စုရွာဘုန်းကြီးကျောင်းတွင် ဆွမ်းဟင်းထမ်း၊ ဆွမ်းခံရင်း ကြိုးကြားကြိုးကြား ပညာသင်ခဲ့ရလေရာ၊ ပရိုက်ကြီး ပါဠိ အနက် ကုန်သည်အထိ ရောက်ပါသည်၊ ဂဏန်း သင်္ချာလည်း အနည်းအပါးသင်ရပါသည်။

စစ်ရိုဂ်စစ်ငွေ့များလည်း အာရှတိုက်ဆီတွင် သန်းလာပါပြီ။ တရုတ်ဗမာလမ်းမကြီးပေါက်၍ လော်ရီကားကြီးများလည်း ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်မှစ၍ တရုတ်ပြည်တွင်းတိုင် စုန်ကာဆန်ကာ သွားလာလျက်ရှိနေကြပေပြီ။ မြို့စွန်ရှိကျွန်တော်တို့အိမ်ကလေးရှေ့ကားလမ်းဘေး၌ ကုက္ကိုပင်များရှိရာ၊ ခရီးသွားကားအချို့သည် ကျွန်တော်တို့ အိမ်ရှေ့တွင် ရပ်နားလေ့ရှိပါသည်။အချို့က နေ့နေနားနား ချက်ပြုတ်စားကြ၊ တရေးတမောအိပ်ကြပါသည်။ မြို့နယ် တော်တော်စုံစုံမှ ကားနှင့်သွားလာကြသူ တော်တော် များများပင် ကျွန်တော်တို့နှင့် သိကျွမ်းခင်မင်လာကြပါသည်။ ထင်း၊ ရေ၊ အိုးမှစ၍ သူတို့တောင်းသည်များကို ကျွန်တော်တို့က ပေးကြသောကြောင့်၊ ကျွန်တော်တို့ကိုလည်း ချက်ပြုတ် စားသောက် စရာနှင့် ပိုက်ဆံအနည်းအပါး ပေးကြပါသည်။ လယ်လုပ်ရာတွင် မိုးခေါင်၊ ရေကြီး၊ ပိုးဖျက်၊ ကြွက်ကိုက်သောကြောင့် မြေကြီးက ရွှေသီးသည် ဆိုသောစကားမှာ လယ်သမားများ အဘို့ ယုံတမ်းစကား ဖြစ်လာပါသည်။ ကျွန်တော်တို့မိဘများ ကဲ့သို့သော လယ်သမားများ သာမဟုတ် ဗမာ လယ်ပိုင်ရှင် တော်တော် များများမှာလည်း မိမိတို့ လယ်များကို ငွေတိုး



www.burmeseclassic.com

www.burmeseclassic.com

ပေးသူ၊ အပေါင်ခံသူ ချစ်တီးများလက်သို့ ကိုးအပ်ကြရ သည်။ ကျွန်တော်၏ မိဘများသည် လှေလှော်ရင်း ရေငတ် ဆိုသကဲ့သို့ လယ်လုပ်ရင်း ထမင်းငတ်ရမည့် ဘဝမျိုးနှင့်သာ တိုး၍တွေ့နေပါသည်။အုတ်တွင်းမြို့အဝင်ရှိအိမ်ငယ်ကလေးမှ လယ်တောသို့သွား၍ ကျွဲနွားများနှင့်အတူ ရွှံ့နှံ့ရင်း အရှုံး ပေါ်နေသည့် လယ်ကိုပင်ဆက်၍ လုပ်နေရပါသည်။

ဤသို့သော အခြေအနေရှိနေရသည်တွင် အုတ်တွင်းမြို့နယ် တဝိုက်၌ ကျောက်ကြီးရောဂါ အကြီးအကျယ် ကျရောက်ပါ သည်။ ကမ္ဘာနာဟု အချို့လူကြီးများက ပြောကြပါသည်၊ ကျွန်တော်တို့နေသော အပိုင်းကိုလည်း ဆင်းရဲသားပိုင်းမို့ ရောဂါက ချမ်းသာမပေးပါ၊ ဆင်းရဲသားပိုင်းမို့ ပိုပြီးနှိပ်စက် သည်ဟုပင် ထင်စရာရှိပါသည်။ကျွန်တော်နှင့် အမွှာမွေးနှမ အမာနှင့် ကျွန်တော်သာမက ကျွန်တော်တို့အောက် နှမငယ် ကလေးမှာလည်းအလူးလူးအလဲလဲခံရပါသည်၊အပူဝေဒနာ ကြီးလွန်းသောကြောင့် ကျွန်တော်တို့မောင်နှမ ၃ယောက်လုံး ကို ငှက်ပျောရွက်များပေါ်တွင်သိပ်ထားသည်။ကျွန်တော်တို့ကို ပြုစုကုသရသည့် တလခန့်သော အချိန်အတွင်းတွင် အမေမှာ အားပြတ်မတတ် ပိန်ချုံးသွားသည်၊ မျက်တွင်း ဟောက်ပက် ကြီးနှင့် ကြည့်မကောင်းအောင် ဖြစ်သွားသည်၊ အဘေမှာ လည်းအလုပ်ကတဘက် နေ့စဉ် စားသောက်ရေးကတဘက်၊ အရပ်ဆရာနှင့် ကျွန်တော်တို့ကို ဆေးဝါး ကုသရေးက တဘက်နှင့် ပင်ပန်း၍ နွမ်းနယ်လှသည်။

သုံးလေးလမျှကြာသောအခါ ကျွန်တော်တို့မှာ ကျန်းမာ ရေးကောင်း၍ ကူဖေါ်လောင်ဘက်ရလာပါပြီ။ သို့ရာတွင် အလုပ်အကိုင်ကမဖြစ်၊ ကျွန်တော်တို့ကို ဆေးဝါးကုသ ပြုစု



ရသောဒဏ်ကလည်း ကြီးလှပေရာ၊မိဘနှစ်ပါးမှာအပန်းကြီး ပန်းပြီး ခြေကုန်လက်ပန်းကျနေကြရှာပါပြီ၊ကျွန်တော်တို့အိမ် ရှေ့ရှိ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် ပြေးလွှားသွား လာနေကြသော ကုန်သယ်သည့်မော်တော်ကားကြီးများသည် ပိုမိုများပြားလာကြသည်။ကျွန်တော်တို့အိမ်ရှေ့ကုက္ကိုပင်ကြီး များအောက်တွင် ရပ်နားကြသော ကားများလည်း ခါတိုင်း ထက် ပို၍များလာသည်။ ကျွန်တော်တို့နှင့်ခင်မင်သူများလည်း တနေ့တခြားတိုးလာကြသည်။ အချို့မှာအစုန်အဆန်သွားဖန် များကြလှပြီ၊ ကျွန်တော်တို့အိမ်သို့ အဝင်အထွက်များကြလှပြီ ဖြစ်၍ ဆွေမျိုးများကဲ့သို့ ခင်မင်နေကြပါသည်။

အချို့ခရီးသည်များက ကျွန်တော်တို့၏ဘဝအခြေအနေကို မြင်သောကြောင့်လောမပြောတတ်၊ ကျွန်တော်တို့ကို ခေါ်ကြ သည်။မိဘများအားကလေး ၂ယောက်ထည့်လိုက်ပါဟု ပြော ကြသည်။ မိဘများကလည်း မထည့်နိုင်၊ သို့ရာတွင် နေရေး ထိုင်ရေး၊စားရေးဝတ်ရေးမှာ တနေ့တခြား ယိုင်လာသည်။ အလုပ်အကိုင်ကလည်း အဆင်မပြေ၊ ရှေ့ရေး ကြည့်မမြင်၊ ထို့ကြောင့်ကျွန်တော်တို့၏မိဘများသည်တမျိုးတမည်ကြံစည် လာကြရဟန်တူပါသည်။

တနေ့သော်ရှမ်းပြည်မြောက်ပိုင်း ကြူကုတ်မြို့(တရုတ်ဗမာ နယ်စပ်)တွင် နေသော ကုန်သည်ဇနီးမောင်နှံ က ကျွန်တော် တို့မောင်နှမ ၂ ယောက်ကို ခေါ်ရာ၊ အဘေနှင့် အမေက "မင်းတို့ ၂ယောက် လိုက်သွားမလား၊ ဟိုမှာ ကောင်း ကောင်းနေရမယ်၊ တခြားလူမဟုတ်ဘူး၊ ဦးလေးနဲ့ အဒေါ် ဘဲ"ဟုပြောသောအခါ ကျွန်တော်တို့ မောင်နှမ ၂ယောက် မှာ ဘာပြန်ပြောရမှန်းမသိ၊ မလိုက်လည်းမလိုက်ချင်၊ လိုက်

www.burmeseclassic.com

www.burmeseclassic.com

လည်း လိုက်ချင်သည်။ မိဘများနှင့်ခွဲခွါ၍မနေလို၊ ကောင်းကောင်းနေရမည်ဆို၍လည်း လိုက်လိုသည်။ ပဌမ အခေါက်တွင် ကျွန်တော်တို့ပါမသွား၊ဒုတိယအခေါက်တွင်မူ အဘေက "မင်းတို့ မော်တော်ကားလှဲ စီးဘူးအောင် လိုက်သွားကြ" ဟုပြောသည်ကိုသဘောကျပြီး ကားစီးချင်၍ ကျွန်တော်တို့ ထလိုက်ခဲ့ပါသည်။ နှမကလေးမှာ ကျွန်တော် ထလိုက်ခဲ့သောကြောင့် ထလိုက်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ရည်ရွယ်ချက်ရှိမည်မထင်ပါ။ ကျွန်တော်တို့ကို ခေါ်ကြသည့် ကြူကုတ်မြို့မှ ကျွန်တော့်တို့အမျိုးဆိုသူများမှာ ကိုဘိုးချစ်နှင့် မထားတင်တို့ ဖြစ်ပါသည်။ ကျွန်တော်တို့လိုက်ပါသွားမည့်အချိန်တွင် အမေသည် အခန်းထဲဝင်သွားပြီး ပြန်ထွက်မလာပါ။ အဘေသာ ကားထွက်သည်အထိ အိမ်ရှေ့သို့လိုက်ပို့ပါသည်။

လမ်းတွင်ကားပေါ်မှာပင်တညအိပ်ရပါသည်။ ကိုဘိုးချစ်မထားတင် တို့တွင် သားသမီး အရင်း ၃ ယောက် ရှိပါသည်။ သားကလေးကကျွန်တော့်ထက်နည်းနည်းကြီး၍သမီးကလေးက ကျွန်တော်တို့ မောင်နှမနှင့် ရွယ်တူဖြစ်ပါသည်။ အငယ်ဆုံး သမီးကလေးမှာ ၂ ခါလည်သာ ရှိသေးသည်။ အကြီးကလေး ၂ ယောက်ကို ကြူကုတ် အင်္ဂလိပ်ကျောင်းတွင်ထားပါသည်။

ကြူကုတ် သို့ ရောက်ပြီး၊ ၃,၄ ရက်ခန့် ကြာသောအခါ ကျွန်တော်တို့မောင်နှမကို မထားတင်၏မိခင် ဒေါ်ငွေ ထံသို့ ပို့လိုက်ပါသည်။ ဒေါ်ငွေမှာ မုဆိုးမ ဖြစ်ပါသည်။ အသက်အရွယ်အားဖြင့်လည်း ၆၀ ခန့်ရှိပါပြီ။ အလုပ်အကိုင်လည်း မလုပ်တော့ပါ။ နှမလေး အမာက ထမင်းချက် ရေခပ်၊ ကျွန်တော်က အဖွားကြီးနှင့်အတူခြံစည်းရိုးနှီးတုတ်၊ သစ်ပင်



စိုက်စသောခြံအတွင်းအလုပ်များလုပ်ရပါသည်။တလခန့်နေမိသောအခါ ဒေါ်ငွေက အဝတ်အစားကလေးများ ဝယ်ပေးပါသည်။

နှစ်လသုံးလခန့် ၎င်းသို့နေရပြီးနောက်၊ ကိုဘိုးချစ်တို့က မော်တော်ကားနှင့် ဝက်တွေဆိတ်တွေ တနေရာက ယူလာကြပါသည်။ ဆိတ်က အကောင် ၄၀ခန့်၊ ဝက်ကလည်း ၅၀ခန့် ရှိပါလိမ့်မည်။ ဒေါ်ငွေ၏ခြံကြီးမှာ အကျယ်ကြီးဖြစ်ပါသည်။ ထိုခြံကြီးကို ပို၍လုံအောင် ကာကြရပါသည်။ ကျွန်တော်က ဆိတ်တွေကျောင်း၊ဝက်စာကျွေးအလုပ်ကိုမနားရအောင်လုပ်ရပါသည်။ နှမလေးက ထမင်းချက်၊ ဝက်စာ ကျိုရပါသည်။ ကျွန်တော်မှာ ဆိတ်အစာအတွက် ညောင်ပင်၊သရက်ပင်များ တက်ချိုးရရာ၊ ညောင်ပင်ပေါ်က ၂ ကြိမ်မျှ လိမ့်ကျသောကြောင့် လှေကားကလေးတခုလုပ်ပေးပါသည်။ မထားတင်၏မိခင်ဒေါ်ငွေနှင့်အတူ ဒေါ်ငွေ၏ခြံထဲတွင်ဆိတ်ကျောင်း၊ဝက်ကျွေးအလုပ်များကို ကျွန်တော်တို့ မောင်နှမ လုပ်ကြရသည်မှာ တနှစ်ခွဲမျှ ကြာပါလိမ့်မည်။ ကျောင်းမနေရ။ စာမသင်ရ၊ စာမဖတ်ရ၊ စာမအံရသောကြောင့် ယခင်ကရွာကျောင်းတွင် တတ်ထားသည်များပင် မေ့ကုန်ပြီဟုထင်ပါသည်။

ဆိတ်မွေး၊ဝက်မွေးအလုပ်မှာ ကြီးသည်ထက် ကြီးလာရာ ကိုဘိုးချစ် မထားတင်တို့နှင့် သားသမီးများပါ ကျွန်တော်တို့နေသော ဒေါ်ငွေ၏အိမ်သို့ပြောင်းရွှေ့ပြီးနေထိုင်ကြပါသည်။ မူလက ဆွေမျိုးတော်သည်၊ ကောင်းကောင်းထားမည်၊ ပညာသင်ပေးမည်ဟုပြောဆိုပြီးခေါ်ခဲ့ကြသော်လည်း၊ကျွန်တော်တို့မောင်နှမကို ထားသည် ကျွေးသည်မှာ ဆွေမျိုးနှင့်နည်းနည်းမှမတူ၊ ခိုင်းစေဘို့ခေါ်ခဲ့၍ အနိုင်အစေသဘောထားကြောင်း

www.burmeseclassic.com

www.burmeseclassic.com

တနေ့တခြား သိလာရပါသည်။သို့တည်းမဟုတ်ကျွန်တော်တို့ မိဘများထံမှ လက်သိပ်ထိုးငွေပေးပြီးများကျွန်တော်တို့မော နှမကို ဝယ်ခဲ့ကြသလော မပြောတတ်ပါ။ ငွေဝယ်ကျွန်ပမာ ကျွန်ဘော်တို့ကိုဆက်ဆံပါသည်၊ကျွေးသည်၊အဝတ်ဆင်သည် ထမင်းကြမ်းကျန်သမျှသည် ကျွန်တော်တို့အတွက်ဖြစ်သည်။

တစတစနှင့်အနိုင်ကျင့်လာပါသည်။ရိုင်းပြစွာဆိုဆဲမာန် ပါသည်။ လူကြီးများက ကျွန်တော်တို့မောင်နှမကို မျက်နှာ သာမပေး၊မကြာခဏမာန်မဲဆဲဆိုသည်ကို မြင်ကြသောကြောင့် သူတို့၏သားသမီးများကလည်း ကျွန်တော်တို့ကိုတန်းတူရည် ဟု မထင်ကြတော့ပါ။ အထင်သေး၊ အမြင်သေးကာ အနိုင် အစေဟုသာ နားလည်ပြီး၊ နေရာတကာတွင် အနိုင်ကျင့်လာ ကြပါသည်။ လူကြီးများ၏ အဆိုအဆဲသာမက၊ ၎င်းတို့ သားသမီးများ၏ အဆိုအဆဲကိုလည်း တခါတည်းခံနေကြရပါ သည်။ စိတ်တိုင်းမကျလျှင် ကိုဘိုးချစ်နှင့် မထားတင်တို့က ဒိုးကန်ဒက်ကန် ခေါက်သကဲ့သို့၊သူတို့၏သားသမီးများကလည်း ခေါက်လာကြပါသည်။ ကျွန်တော်တို့ မောင်နှမကို သူတို့ သားသမီးများနှင့်အတူမထိုင်ပါ။ ကျွန်တော်တို့၏ အိပ်ရာမှာ မီးဖိုချောင်သာ ဖြစ်ပါသည်။

တနေ့သော်မထားတင်ကကျွန်တော်တို့အား "ကျွန်မသား ဟဲ့ ခွေးမျိုး" ဟုလှမ်းဆိုရာကျွန်တော်အလွန်နာသွားပါသည် မျက်ရည်တွေ တောက်တောက် တောက်တောက် ကျလာပါ သည်။ထို့ကြောင့် ငွေ ၂၀ နီးထားပြီး၊ ညဥ့်သန်ကောင် အ ချိန်ခန့်တွင် နှမကလေးကို နှိုးပြီး ထွက်ပြေးခဲ့ကြ ပါသည်။

ကြုံကုတ်ကကားစောင့်စီးလျှင်မိသွားမည်စိုးသောကြောင့် ကွတ်နိုင်ဘက်သို့သွားသော ကားလမ်းအတိုင်းထွက်လာခဲ့ကြ



ရာ တော်တော်ကလေး သွားမိလျှင် ကားမီး ဝင်းကနဲ ထိုး လိုက်သဖြင့်၊ လက်ပြရပ်ခိုင်းပြီး "ကျွန်တော်တို့ မောင်နှမ တောင်ငူ လိုက်ပါရစေ" ဟု ပြောရပါသည်။ တောင်ငူကို မသွား၊ ပျော်ဘွယ်အထိသာသွားမည်ဟုဆိုသော်လည်း ကျွန် တော်တို့ မောင်နှမသည် နောက်ကားကိုစောင့်မနေနိုင်၊ ၎င်း ကားကိုသာ အမိအရ တက်စီးကြပါတော့သည်။

ပျော်ဘွယ်ရောက်မှ တောင်ငူသို့ကလေးလက်မှတ် ၂စောင် ခံရာ၊ လက်မှတ်ကြီးကို တပိုင်းစီဖြတ်ပြီး ရက်စွဲထိုးပေးလိုက် ပါသည်။ အုတ်တွင်းမြို့စွန်ရှိအိမ်တွင် မိဘများကို သွားရှာ သော်လည်းမတွေ့၊ ထိုအိမ်ကလေးနှင့်ခြံထဲတွင် နွားမွေးသည့် ကုလားများနှင့် နွားများကိုသာတွေ့ရသည်။ အဘေတို့အမေ တို့အကြောင်း မေး၍လည်းမရ၊ လေးအိမ်စု ရွာကိုများ ပြန် ပြောင်းသွားကြပြီလားဟု တွေးတောပြီး လိုက်လံ မေးမြန်း သော်လည်း ဘာသတင်းမှမရ၊ လယ်တောသို့လိုက်ပြီး ရှာ ဖွေပြန်သော်လည်း သူများတွေကိုသာတွေ့သည်။ ကျွန်တော် တို့၏ မိဘများအကြောင်းကိုကား မည်သူကမှ သတင်းမပေး နိုင်ကြပါ။

အသိမိတ်ဆွေများ ဆွေမျိုးနီးစပ်များထံ ထမင်းဝင်စား ပြီး အမေနှင့်အဘေကို ကျွန်တော်တို့ မောင်နှမ ၂ယောက် လိုက်ရှာကြသည်မှာ ၃ရက်ကျော်၍ ၄ရက် ရောက်ပါပြီ၊ မြော်လင့်ချက်ကမူ မရှိသကဲ့သို့ဖြစ်နေပါပြီ။ သို့ဖြစ်ရာ ကျွန် တော်တို့ မောင်နှမသည် ဘာရည်ရွယ်ချက်မှမရှိဘဲ တောင်ငူ သို့ သွားသော မီးရထားပေါ်တက်စီး၍ လိုက်ပါ လာခဲ့ကြ ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

တောင်ငူသို့ရောက်သောအချိန်မှာ ညဖြစ်နေသောကြော ဘယ်မှ ဆက်မသွားတတ်သဖြင့် ကုန်ရုံဘေးတွင် အိပ်ကြပ သည်။ နံနက်မိုးလင်း၍ ကြည့်လိုက်သော် မသုံးဘဲ ချန်ထာ သောငွေတကျပ်မှာ ရှာမတွေ့တော့ပါ။ ဘယ်မှလည်းမသွာ တတ်၊ ဆာ၍နည်းနည်းပါးပါး ဝယ်စားရန်လည်း၊ ပိုက်ဆံ တပြားမှမရှိ၊ အဘေနှင့်အမေလည်းရှာမတွေ့၊ ထို့ကြော အားငယ်ဝမ်းနည်းပြီး ငိုနေမိကြပါတော့သည်။

နံနက် ၇နာရီခွဲခန့်တွင် ဆိုက်လာသော လူစီးရထား လူများဆင်းလာကြရာ၊ အသက် ၄၀ရွယ်ခန့်ရှိ အမျိုးသမီးကြီး တဦးသည် ကျွန်တော်တို့ မောင်နှမ ငိုနေကြသည်ကို တွေ့ သောကြောင့် ရပ်ကြည့်ပြီး "ဘာဖြစ်လို့ ငိုနေကြတာလဲ" ဟု မေးပါသည်။ ကျွန်တော်တို့က တရှိုက်ရှိုက် ငိုရင်းနှင့် အ ကျိုးအကြောင်းပြောပြကြရာ၊ ထိုအမျိုးသမီးကြီးက "မိဘကို နောက်မှ လိုက်ရှာကြ၊ အခု အဒေါ်နဲ့ လိုက်ခဲ့ကြ"ဟု ဆိုကာ ကျွန်တော်တို့ကို ခေါ်သွားပါသည်။

တောင်ငူမြို့ မိုးကောင်း ညောင်သုံးပင်တွင် နေသော ထို အမျိုးသမီးကြီး၏ နာမည်မှာ ဒေါ်အုန်းညွန့် ဖြစ်၍၊ အလုပ် အကိုင်မှာ ကျောက်များခွဲပြီး ကန်ထရိုက် သွင်းသော လုပ် ငန်းဖြစ်သည်။ အပျိုလည်း အပျိုကြီးဖြစ်ရာ ကျွန်တော်တို့ မောင်နှမ ၂ ယောက်ကို ကောက်ရသကဲ့သို့ သဘောထား ဟန် တူပါသည်။

လန်ခြားတစီးတွင် နှမကလေးကဒေါ်အုန်းညွန့်နှင့်အတူ ထိုင်ပြီး ကျွန်တော်ကခြေနင်းနေရာတွင်ဆောင့်ဆောင့်ထိုင်၍ လိုက်ပါသွားရာ၊ မိုးကောင်းညောင်သုံးပင်ရှိ ဒေါ်အုန်းညွန့်၏ တထပ်တိုက်ကလေးသို့ ရောက်သွားပါသည်။ "မင်းတို့မိဘကို နောက်မှ လိုက်ရှာ၊ အခုဒီမှာနေကြထိုင်ကြ"ဟု ကျွန်တော်တို့ ကိုပြောပြီး ကောင်းကောင်းမွန်မွန် လွတ်လွတ် လပ်လပ် ထားပါသည်။

ဒေါ်အုန်းညွန့်အိမ်သို့ ကျွန်တော်တို့ ရောက်ပြီး ၂လခန့် ကြာသောအခါ၊ ရဲသားတယောက် အိမ်ကိုလာပါသည်။ ဒေါ် အုန်းညွန့်အား ကလေး ၂ယောက်ရှိမရှိ မေးသည်။ ပျောက် သွားသော ငွေ ၃၀၀၀ဝိနှင့် ကလေး ၂ယောက်မပျောက်ပျက် ပါစေနှင့်ဟု ပြောသွားပါသည်။ ဘယ်ကဘယ်လိုသတင်းရ၍ ဌာနာကဘယ်လိုအရေးယူချင်သောကြောင့် ဤသို့လာရောက် မေးမြန်းသည် ပြောဆိုသည်ကိုနားမလည်နိုင်ပါ။ ၁၅ရက်ခန့် ကြာသော်ဒေါ်အုန်းညွန့်ကိုဌာနာကတကြိမ်ခေါ်ပြန်ပါသည်။ ဒေါ်အုန်းညွန့်ကကျွန်တော်တို့ကိုဘာမှစုံစုံလင်လင်ပြန်မပြော ပါ။ ကျွန်တော်တို့ ငွေများများ ခိုးမလာကြောင်းကိုကား ဒေါ်အုန်းညွန့် ကောင်းကောင်းသိပါသည်။

သုံးလေးရက်ခန့်ကြာသောအခါ၊ ညီမလေးမနီကို မခင် ညွန့်၊ မောင်သက်သာဆိုသော ကျွန်တော်၏ နာမည်ကို မောင် သန်းဆွေဆိုပြီး ပြောင်းလိုက်ပါသည်။ မခင်ညွန့်ကို ဘော့ဘ် ဟဲယားဘိုကေညှပ်၊ ဂါဝန်များချုပ်ပြီး၊ ဘုရင်ဂျီသီလရင်များ ကျောင်းတွင် ဘော်ဒါ ထားလိုက်ပါသည်။ ကျွန်တော့်ကိုမူ ၎င်း၏မိတ်ဆွေ ဘာလကားဆိုသော ကုလားကြီးထံတွင် အပ် ထားပါသည်။ ရဲဘက်က ထပ်မံလာရောက်မေးမြန်းသောအ ခါ"ကလေးတွေမရှိတော့ဘူး၊နှင်လိုက်ပြီ"ဟု ဒေါ်အုန်းညွန့် က ပြောလိုက်ပါသည်။ညီမလေးနှင့် ကျွန်တော်မှာ ၂လမှာ တခါ၊ ၃-လမှတကြိမ်ဆိုသကဲ့သို့ တွေ့ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုလား အဘိုကြီး ဘာလကားမှာ သားသမီး မရှိပါ။ ကျွန်တော့်ကိုအလွန်သဘောကျပါသည်။ကျွန်တော်ကလည်း အလုပ်အကိုင်များကို ကြိုးစားပြီးလုပ်ပါသည်။ ဘယ်အလုပ်မျိုးကိုမှမငြင်းပါ။ တစတစနှင့် ကုလားကြီးသည် ကျွန်တော့်ကို ချစ်လာပါသည်။ သူ၏ အထည်ဆိုင်တွင် ကျွန်တော်သည် အလွန် အသုံးကျသော လူကလေးလည်းဖြစ်လာပါသည်။ အခြားရွယ်တူ ဗမာကလေး၊ကုလားကလေးများကကျွန်တော့်ကိုနောက်ပြောင်ကြလျှင်၊ရန်စကြလျှင် ကုလားကြီးက မခံပါ၊ အော်ငေါက်ပြီးလွှတ်ပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော့်ကို သူ့သားကဲ့သို့ချစ်လာပါသည်။ "အိန္ဒိယပြည်မှာ ငါ့သားရှိရင် အခုနေအခါမှာ မင်းအရွယ်ရှိနေမှာဘဲ" စသည်ဖြင့် ပြောပြီး "ဘေတားဘေတား အိုဘေတား" "သားသား အိုသား"ဟူ၍လည်း ခေါ်ပါသည်။

ညီမလေးအတွက်မှာလည်း ဘာမှပူစရာမရှိပါ။ဒေါ်အုန်းညွန့်က သမီးအရင်းကဲ့သို့ ဂရုစိုက်ပါသည်။

ဤသို့နေထိုင်ကြရာက တနှစ်နီးပါးကြာသောအခါ၊ ဥရောပတွင် ဖြစ်နေသော စစ်မီးသည် အရှေ့ အာရှတိုက်ကိုလည်း ကူးလာပါသည်။ အင်္ဂလိပ်တို့ကတရုတ်စစ်တပ်များအကူအညီဖြင့်ကျွန်တော်တို့တောင်ငူမြို့ကနေပြီး ဂျပန်များကိုတားမည်ဟု ပြင်ဆင်နေကြပါသည်။အကြီးအကျယ်ပင်ပြင်ဆင်ကြပါသည်။ တရုတ်စစ်သားများသည် တောင်ငူ မြို့တွင်းနှင့် မြို့ပြင် နေရာတောင်းများမှနေ၍ ခုခံကြရမည်ဖြစ်ရာ၊ မြို့လူထုက ကြောက်ကြပါသည်။ ဤသို့ပြင်ဆင်ကြ၍ ၁၅ရက်မှမရှိသေးမီ ဂျပန်ကဗုံးလာကြဲရာ၊ တောင်ငူ မြို့သူ မြို့သားများလည်း စစ်ဘေးစစ်ဒဏ်က လွတ်နိုင်ရန် ခြေဦးတည့်ရာ၊ အပေါင်း အသင်းရှိရာ,အဆင်ပြေရာပြေးကြပါသည်။ညီမလေးကဒေါ်အုန်းညွန့်နှင့် မော်ချီးသတ္တုတွင်းများဘက်ကို ပြေးပါသည်။ ကျွန်တော်ကလည်း ဘာလကားကုလားကြီးနှင့်လိုက်ခဲ့ပါသည်။

စစ်ပြေးရသော အချိန်တွင် ကျွန်တော်မှာ မျက်စိအလွန်နာနေပါသည်။ ဖွင့်၍ပင်မရပါ။ စစ်ဘေးဆိုသည်ကို မကြုံဘူးသော လူအများသည် ကြုံတင်သောမီးရထားတွဲများပေါ်တွင် မရအရ နေရာယူပြီး လိုက်ကြရပါသည်။ထိုအခါကတောင်ဘက်သို့သွားသော မီးရထားမရှိပါ။ မြောက်ဘက်သို့ သွားသောရထားသာရှိပါသည်။ လက်မှတ်လည်း ခံတို့မလို၊ မီးရထားပေါ်တွင်အိန္ဒိယအမျိုးသားတွေအလွန်များပါသည်။ကျွန်တော်တို့စီးလာသောမီးရထားသည် မန္တလေးကိုမသွား၊ကျွန်တော့်မျက်စိကလည်း ပိတ်နေသောကြောင့် ဘယ်မြို့ ဘယ်ရွာရောက်သည်ကိုလည်း မသိ၊ မြင်းခြံမြို့ကိုရောက်သွားသည်ဟု စိတ်ကထင်ပါသည်။

ရောဝတီမြစ်ကြီးထဲတွင် သင်္ဘောနှင့် ခရီးသွားကြရပြီးသည့်နောက်၊နိုင်သမျှ အထုပ်အပိုးများသယ်ပြီး ခြေလျင်လျှောက်ကြရပါသည်။ ကုလားကြီးထံတွင် ငွေထုပ်ပါသည်။ ကျွန်တော့်မှာမူ ငွေ၅ပြားပါခဲ့ပါသည်။ တောကြီးတောင်ကြီး လမ်းခရီးအတိုင်း ၂ညဥ့်အိပ်ခန့် သွားမိသောအခါ တောင်ကြားတခု၌ ဓါးပြလူဆိုး ၂၀ခန့်က သေနတ်များပစ်ဖေါက်ကာ ကျွန်တော်တို့ကိုရပ်ခိုင်းပါသည်။ လူ၃၀၀ခန့်မျှရှိမည့် ကျွန်တော်တို့လူအုပ်တွင်သေနတ် ၁လက်မှမပါ။ထင်းခုတ်ဘို့ဓါးတိုလေးငါးချောင်းနှင့်တောင်ဝှေးအဖြစ်အသုံးပြုသောတုတ်ရှည်ရှည်များသာပါသည်။ ထို့ပြင် ဒုက္ခသည်များပီပီ စိတ်ဓါတ်က အလွန်ကျနေပေရာ၊ သေနတ်သံ ကြားသောအခါ ဟန်မလုပ်နိုင်အောင်ပင်





www.burmeseclassic.com

www.burmeseclassic.com

ဒူးတုန် ကြပါသည်။ ငွေထုပ် ရွှေထုပ်ပေးရမည်ကို နှမြော လက်နှေးနေသူ အချို့အား လူဆိုးများက လက်ပြတ်ကြီးများနှင့် နားရင်းကိုတီးသည်။ သေနတ်ဒင်နှင့် ဆောင့်မည့်ဟန်ပြသည်။ နည်းနည်းပါးပါးလည်း ဆောင့်သည်။ သတ်ပစ်မည်ဟု ကြိမ်းသည်။ သို့ဖြစ်ရာ မည်သူမှမနေရဲ၊ ပါသမျှကို ထုတ်ပေးကြရတော့သည်။

ထိုအချိန်က ထိုတောတောင် လျှိုမြောင် တလျှောက်၌ ၂၀၀ တစု၊ ၃၀၀ တစု၊ ၅၀၀တစု၊ ၁၀၀၀တစုဆိုသကဲ့သို့ သွားနေကြသော စစ်ပြေးဒုက္ခသည်တို့တွင် ကလေးများ၊ အမျိုးသမီးများလည်း ပါကြလေရာ ခရီးမှာမတွင်၊ မြန်မြန်သွားလိုသူများကအိန္ဒိယပြည်သို့အရောက်သွက်သွက်ကြီးသွားလိုကြသော်လည်း သားမယား၊ ဆွေမျိုး သားချင်း၊ မိတ်ဆွေများကိုပစ်ထားခဲ့ဘို့၊ ချန်ထားခဲ့ဘို့မှာ လွယ်လွယ်နှင့်လုပ်နိုင်သောအလုပ်မျိုး မဟုတ်ပေ။ တကိုယ်ကောင်းစိတ်ဖြင့် သွားသည်ထားဦး၊ အသက်ဘေး အန္တရာယ်မှာ လုံခြုံ စိတ်ချရသည် မဟုတ်လှပေ။

လမ်းခရီးတွင် ဓါးပြ လူဆိုး များသာ မက၊ သားရဲတိရစ္ဆာန် များ၏ ဘေးရန်ကလည်း ရှိသေးသည်။ အစာရေစာခက်ခဲသည်။ ပါသော အစားအသောက်သည် မောပန်းနွမ်းရိနေသော ကိုယ်ခန္ဓာ၏ အင်အားကို ပြန်လည်ဖြည့်စွမ်းခြင်းငှါ မတတ်နိုင်။ ပင်ပန်းလှသော ခရီးကြမ်းကြီးတွင် အားအင်ပြည့်လာရန် နားနေဘို့လည်း အချိန်များများမရှိသမျှ အင်အားကို သွန်၍သာ နှင်ကြရသည်။ သောက်ရေအခက်အခဲကြောင့် သေရမတတ် ကြုံကြရသည်များကလည်း ရှိသေးသည်။



လူဆိုးများကို ပါသမျှပေးကြပြီးသည့်နောက် ၁ ရက်ခန့် ခရီးထွက်မိသော အခါကျွန်တော်တို့ ရှေ့မှသွားနှင့်သော လူ ၅၀၀ အစုကို မှီပါသည်။ ထိုလူစုကြီးထဲတွင် ဝမ်းရောဂါ ဖြစ်ပွားနေသည်။ ကလေးလူကြီး မိန်းမ ယောကျ်ား အတုံးအရုန်းပင် သေနေကြသည်။ အသက်ရှင်နေသေးသူ လေးငါးဆယ်ခန့်မှာလည်း ဤတောင်ကကျော်နိုင်စရာမရှိလှပေ။ နို့စို့နေသောကလေးသည် မိခင်သေဆုံးပြီဆိုသည်ကိုမသိ၊ ဖက်၍ စို့နေ၊ ပိုယုံကာ နို့ချိုတောင်းနေသည်ကို တွေ့ရသည်။

ဤအဖြစ်အပျက်ကို မြင်ကြရသော ကျွန်တော်တို့ လူစုလည်း များစွာပင် စိတ်ချောက်ချားသွားသည်။ ရေနီးသောစခန်းဖြစ်၍ဤနေရာ၌ပင်တည်းခိုစရာကောင်းသည်။ကျွန်တော်တို့ ရှေ့ကသွားနှင့်သော အခြား လူစုလူဝေးကြီးများလည်း ဤနေရာ၌စခန်းချသွားသည်ကိုသိနိုင်သည်။ သို့ရာတွင် ဤနေရာတွင် ကြာကြာနေ၍ မဖြစ်နိုင်၊ အထူး တိုင်ပင်နေစရာ မလို၊ အားလုံးပင် အမြန်ဆုံး ခြေလှမ်းများဖြင့် ဤစခန်းကို ကျော်ဖြတ်ကြသည်။

လျှင်မြန်စွာ ဖြတ်ကျော်ကြသော်လည်း အလောင်းကောင်များ၏ ဆိုးဝါးသော အနံ့အသက်ကိုကား ရှောင်တိမ်း၍ မရ၊ ထို့ပြင်အဉ်အလောင်းများကိုအမဲဖျက်ကြမည့် ငှက်တအုပ်ကြီးများလည်း သစ်ပင်ကြီးများ၏အကိုင်းတိုင်း၌တန်းစီ၍ အသင့်ပြင်လျက်ရှိကြသည်။

ပျော်ပွဲစားကြမည့် ငှက်တများကို မြင်ရသည်ကလည်း ကျွန်တော်တို့အား ပိုမိုထိတ်လန့်ချောက်ချားစေပါသည်။

ကျွန်တော်၏ မျက်စိနာသည် ရောဝတီမြစ်ကြီးကို ကူးပြီကတည်းကအနည်းငယ်သက်သာလာသည်။ ဓါးပြတိုက်ခံရပြီး



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ပို၍ သက်သာလာသည်။ ဤအဖြစ် မြင်ကွင်
ကျယ်ကြီးကို မြင်ရသောအခါတွင်ကား မျက်စိနာပြီး စိုလ်
ပိတ်နေလျှင် ကောင်းမှာဘဲဟု အောက်မေ့မိပါသည်။

ရှေ့စခန်းသည် မည်မျှဝေးသေးသည်မသိ။ ခရီးကလည်
ပန်းကြလှပြီ။ သို့ရာတွင်ဘဝတူများ အတုံးအရုန်းသေဆုံးနေ
သော နေရာတွင် သတ္တိကောင်းများလုပ်၍ ကူညီကယ်တင်သော
အလုပ်ကို စိတ်ကူးမထည့်နိုင်ကြ။ ဘေးလွတ်ရာ၊ ရန်ကင်းရာ
ရည်မှန်း၍သာ ရှေ့သို့အမြန်ဆုံး ခရီးပြင်းလျှောက်ကြသည်

နေဝင်သောအခါ ခရီးကို ဆက်၍မသွားနိုင်။ လမ်းရှာ
သည့်အခက်အခဲအပြင်၊ သားရဲ၏ရန်ကလည်းကြီးသည်။ ထို့ပြင်
အားလုံးပင့်ပင်ပန်းလှပြီ။ ထို့ကြောင့် ရေမနီးသော်လည်း
မြေပြန့်ကောင်းရာတနေရာတွင် စခန်းချသည်။ ဆင်၊ ကျား
ကျားသစ်တို့၏ ဘေးမှကင်းဝေးရန် အင်အားကောင်းသူများ
က ထင်းရှာပြီး မီးဖိုကြသည်။ အလှည့်ကျလည်း စောင့်ကြ
သည်။

ပန်းလှ၊နွမ်းလျှသော ဒုက္ခသည်များသည် ငြိမ်သက်စွာ
အိပ်နေကြသည်။ သန်းကောင်ကျော်သောအခါ အအေး
ဓါတ်ကဝင်လာသည်။ တနေရာမှလှုပ်သည်။ တနေရာမှ ညည်း
တွားသည်၊ ကလေးငိုသံကြားသည်။ 'အင်း အင်း' နှင့် ဝေဒနာ
ခံစားနေရသောအသံတသံထွက်လာသည်။ ထိုအသံတသံထွက်
လာပြီးသည့်နောက်မှ အခြား 'အင်း အင်း' အသံများသည်
အောင့်နေရာမှ အဖေါ်ရလာဘိသည့်အလား မြည်လာကြ
သည်။ တော်တော်ကလေးကြာသောအခါ မိုးကြီးတာမ ရွာ
လိုက်၍ ဘားတွေအော်လာဘိသကဲ့သို့ ညည်းတွားသံများ



အူည်လာသည်။ အချို့ကတဦးကိုတဦးထူမ ကြသည်။ အချို့က
နှိပ်ပေးနေကြသည်။ အချို့ကမှိုင်းထားသည်။ အချို့ကပါလာ
သည့်ဆေးထုပ်ဆေးပုလင်းကလေးများရှာဖွေနေသည်။ အချို့
က ရေတိုက်နေသည်။

တောထင်းမီးရောင်၏အလင်းနှင့်မြင်ရသည်၌ပင်၊ လူတော်
တော်များများသည် ဝေဒနာပြင်းပြစွာခံစားနေရပြီး ၎င်းတို့
၏ မျက်လုံးများမှာလည်း မျက်လုံးအိမ်ထဲသို့ နက်နက်ကြီး
ဝင်နေကြပြီ။ သူတို့၏ မျက်နှာများကလည်း အားလျော့လှ
ကြပြီဆိုသည်ကိုပြနေသည်။

လူတော်တော်များများ ဒလကြမ်းဝမ်းသွားထားကြသော
အနံ့ အသက် များသည် မကြာမီပင် တောတောင် လေရှူး
ကြောင့်ကျွန်တော်တို့အပေါ် အကြမ်းဖက်လာသည်။ ကျွန်တော်
၏မျက်စိထဲတွင် လွန်ခဲ့သည့်စခန်း၌တွေ့ခဲ့သည့် အလောင်းများ
နှင့် လူမမာများကို မြင်လာသည်။ နက်ဖန်ဆိုလျှင် ဤနေရာ၌
၎င်းတအုပ်ကြီးရောက်နေဦးတော့မည်၊ အတုံးအရုန်းလဲနေကြ
မည့်လူစုစုထဲတွင် ငါလည်းပါလေမည်လား၊ ငါသည် ယခု
ဗိုက်နာနေသလား၊ ခေါင်းကိုက်သလား စသည်ဖြင့် မိမိ
ကိုယ်ကိုစစ်ဆေးသည်။ ဘာမှမဖြစ်သေး၍ အားတက်မိသည်၊
ဤနေရာတွင်ကြာကြာနေ၍ ဤအနံ့အသက်များကို ရှူနေလျှင်
နေသူတွေအားလုံး မရဏတုံးများ ဖြစ်ကုန်တော့မည်ကိုတွေး
တောမိသည်။ ထို့ကြောင့်ဘာလကားအဘိုးကြီးကို တိုးတိုးတိုင်
ပင်သည်။ အရုဏ်တက်တော့မည့်ဆဲဆဲအချိန်ဖြစ်သည်။ အဘိုး
ကြီးလည်း ကျွန်တော်နှင့်ထပ်တူပင် စိတ်ကူးနေသည်။ သူ၏
ကျန်းမာရေးမှာလည်း ကောင်းတုန်းပင်ဖြစ်သည်။ သို့ဖြစ်ရာ
မိနစ်အနည်းငယ်အတွင်းမှာပင် အထုပ်ကလေးများကို ဆွဲ၍

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ၂ယောက်ထ,တော့သည်။ ကျွန်တော်တို့ ခရီး ၁၀လှမ်းမျှသာလှမ်းမိချေဦးမည်။ လူ၅၀ခန့်သည် တမုဟုတ်ခြင်း ထ,ပြီးကျွန်တော်တို့နောက်သို့လိုက်ကြတော့သည်။သူတို့၏ ဦးခေါင်းတွင်း၌လည်းကျွန်တော်တို့ကဲ့သို့ပင် စိတ်ကူးတွေးတောနေကြ၍သာမတိုင်ပင်ကြဘဲ ဤသို့ ထ,လိုက်ကြခြင်းဖြစ်ရချိမ့်မည်။

တောတောင်စခန်းအတိုင်းသွားနေကြရရာ ဘယ်နောက်၌ဘယ်ပေါက်နေသည်ကို ကျွန်တော်မသိပါ။ ကျွန်တော်တို့၏နောက်ဆုံးအုပ်စု ၅၀ထဲကလည်း လမ်းတွင် ၁၀ဦးခန့် ပစ်ခဲ့ကြရပါသေးသည်။

တနေဝင် တနေထွက် မြစ်ချောင်းများကို အထပ်ထပ်ကျော်ဖြတ်ကြရပြီးသည့်နောက်၊ အိန္ဒိယပြည်ထဲသို့ရောက်ပြီဟု ဘာလကားအဘိုးကြီးကဝမ်းမြောက်စွာပြောပြပါသည်။ ထို့နောက် နေ့ဝက်ခန့်ခရီးဆက်ကြပြီးလျှင်မီးရထားဘူတာတခုသို့ ရောက်ကြပါသည်။

လမ်းခရီးတွင် ရွှေထုပ်၊ ငွေထုပ်၊ ပိုးထည်စသည်တို့ကိုဓါးပြများအားပေးခဲ့ကြရစဉ်ကဘာလကားအဘိုးကြီးက ကျွန်တော်ကပြားပါဆို၍ ငွေ ၆၀ ပြန်ပေးလိုက်သည့်အထဲမှ ကူးတို့ခစသည်များပေးရ၍ ကျွန်တော်တို့သုံးခဲ့သည်မှာ ငွေ ၅ိခန့်သာကုန်ပေသေးသည်။ကျွန်တော့် ငွေ ၅ဝ မှာမူ ပြန်မတောင်းပဲသောကြောင့်ဆုံးခဲ့ပြီ။

ဗမာပြည်မှ ရောက်လာသော ဒုက္ခသည်များအား အစိုးရအစဉ်အတိုင်း ဒုက္ခသည် စခန်းသို့ပို့ပြီး အဝတ် အစား၊ အစားအသောက်များဖြင့် အကူအညီ ပေးကြပါသည်။ ၃ ရက်မြောက်သောနေ့တွင်မီးရထားစီး၍ လိုက်သွားကြရာ၊ အလွန်ကြီးသော မြို့ကြီးသို့ ရောက်ကြပါသည်။ ထိုစခန်းသို့ ရောက်မှပင် ကျွန်တော်တို့လက်ကျန်လူစုထဲက ဘာလကားအဘိုးကြီးနှင့် ဒုက္ခသည် ၆ ယောက် ဝမ်းရောဂါ ဖြစ်ကြပြန်ပါသည်။ အိန္ဒိယပြည်တွင်းသို့ရောက်စ, နားရသော စခန်း၌ ဆေးမျိုးစုံထိုးပေးပါလျက် ဤသို့ဖြစ်ရသည့်အတွက် ကျွန်တော်တို့လည်းအံ့အားသင့်နေကြပါသည်။ ကျွန်တော်လည်း မိဘ သဘွယ်ဖြစ်နေသောဘာလကားအဘိုးကြီးကိုအစွမ်းကုန်ပြုစုပါသည်။ ရောဂါကူးပြီး ကျွန်တော်ပါ သေချင်သေပစေတော့၊ သူသေလျှင် ငါဘယ်လိုလုပ်နေမလဲ၊ မထူးဘူး၊ သူ့အသက် ရအောင်ယူမယ်ဆိုပြီး ဆရာဝန်များကိုပူဆာ၊ ကျွန်တော်လည်းမအိပ်မနေ ပြုစုပါသည်။ သို့ရာတွင်မရပါ။ လမ်းခရီးတွင်ပစ်ခဲ့ရသော ဒုက္ခသည် များကဲ့သို့ပင် ငှက်ပျောတုံး၊ လက်ပံတုံး ပမာ အဘိုးမတန်သော ဘဝသို့ ရောက်သွားပါတော့သည်။ မိမိတိုင်းပြည်သို့ရောက်၍ မိမိအိမ်နှင့် နီးလာခါမှ ဤသို့ ဖြစ်ရသည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။

ရောဂါသည် ကျွန်တော့်ကိုမူ မကူးစက်ပါ။ မသေလေကျွန်တော့်အဘို့ ခက်လေဖြစ်ပါသည်။ဘာလကားအဘိုးကြီးသည် မဟာန်ဘူး ထင်ကတည်းက သူ့အိတ်ထဲမှ ငွေ ၅၅ ကိုကျွန်တော့်အား ပေးထားပါသည်။ ကျွန်တော်သည် ဘာမသိဘာမသိ တိုင်းပြည်ကြီး အတွင်း၌ ဤမျှသော ချမ်းသာကြွယ်ဝခြင်းဖြင့်မည်မျှကြာကြာ စားသောက် နေထိုင်နိုင်ပါမည်နည်း။ ဗမာပြည်သို့ ပြန်ရမှာကလည်းသေရမည်ထက်ပင်ကြောက်စရာကောင်းသေးတော့သည်။ ပြန်မည့် အဖေါ်လည်း ရှိနိုင်မည်မဟုတ်၊ ပြန်လျှင်ဘယ်နည်းနှင့်မှလည်းအသက်နှင့် ရောက်နိုင်စရာမရှိ။ ထို့ကြောင့်ဖြစ်သလို, နေလို့ရသလို၊ နေကြည့်ဘို့သာ





www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ် လိုက်တော့သည်။ အခက်ဆုံးမှာ သူတို့၏ ဘာသာစကားကို ကောင်းစွာမပြောတတ်ခြင်းပင်ဖြစ်ပါသည်။

နေစရာထိုင်စရာ ဘယ်မှာမှမရှိပါ။ ထို့ကြောင့်မီးရထားလမ်းများကို ဖြတ်ကျော်သည့် ဂုံးတံတားကြီးများ အနက် တံတားတခုပေါ်မှာ သူများနည်းတူ တက်နေလိုက်ပါသည်။ ဂုံးတံတားကြီးပေါ်တွင် အိမ်မဲ့ မြေမဲ့ နေထိုင်စရာမရှိသူ တော်တော်များများရှိပါသည်။ အချို့ကလည်း အိမ်ထောင်စု သားသမီးတွေနှင့် ဖြစ်ပါသည်။ ဆိတ်စသော တိရစ္ဆာန်မျိုးပါသည့်လူစုကိုလည်းတွေ့ရပါသည်။ မီးရထားဘက်က တာဝန်ရှိသူများကလာနှင်လျှင် အထုပ်အပိုးများသယ်ပြီးပြေးကြရပါသည်။ထွက်ပြေးကြသည်ဆိုရာမှာလည်း တခြားမှာနေစရာရှိ၍ ပြေးကြရသည်မဟုတ်သောကြောင့် တည်ဖြည်းဖြည်းနှင့် ဤနေရာ၌ပင် ပြန်စုလာကြပါသည်။ဤလူစုများကြားထဲတွင်ပင် သူတို့ထဲကလူတယောက်အနေနှင့် ပြေးအတူ၊ ပြန်စုအတူသူတို့ကဲ့သို့ပင် ကျွန်တော်လည်းနေရပါသည်။ သုံးလမျှကြာသော် ကုလားစကား ကောင်းစွာမတတ်သေးသော်လည်း တော်တော် မှတ်မိလာပါပြီ။ ပြောလျှင်နားလည်သလိုရှိလာပါပြီ။

တံတားဂုံးနှင့်နီးသောမီးရထားဘူတာကြီးတွင် လျှပ်စစ်ဓါတ်အားနှင့်လည်နေသည့်အလွန်မြင့်မားသော နာရီစင်ကြီးကို တမိုင်ခရီးအတွင်းက ကောင်းစွာမြင်နိုင်ပါသည်။ကျွန်တော်လည်း အလုပ်လိုက်ရှာပါသည်။ဘယ်မှာမှဘာအလုပ်မှမရပါ။ ကူလီထမ်းဘို့ကလည်း ကျွန်တော့်မှာ အင်အားမတောင့်ပါ။ ဘယ်ဘက်ကိုသွားသွား နာရီစင်ကြီးကို မမြင်ရတော့သည့်နေရာထက် ကျွန်တော်ကျော်မသွားဝံ့ပါ။ရောက်သည့်နေရာမှ



နာရီစင်ကြီးကိုမှတ်ပြီး ပြန်လျှောက်လာရပါသည်။ စိတ်ညစ်ညစ်နှင့် ကချေသည်ကလေးများ က,ကြသော အပေါစားပွဲများတွင်သွားမျှော်နေသော ရက်ပေါင်းကလည်းမနည်းပါ။

အလုပ်ရဘို့ အလားအလာအလွန်နည်းလျက်ရှိရာ၊ တနေ့ကို တမူးမျှနှင့်လောက်အောင် ခြစ်ချုပ်စားသောက်ပြီး နေပါသည်။ ညီမလေးကို၎င်း၊ မိမိတိုင်းပြည်ကို၎င်း၊ အလွန်ပင်လွမ်းပါသည်။ ဒီတသက်တွင် ကိုယ့်တိုင်းပြည်ကို ပြန်ရောက်တော့မည်၊ ညီမလေးနှင့် ပြန်တွေ့တော့မည်ဟု ကျွန်တော်မထင်တော့ပါ။ မျှော်လင့်ချက်မရှိသလောက် ဖြစ်နေပါပြီ။ ဤတံတားကြီး အနီးအနား တနေရာ၌၊ တနေ့နေ့တွင် ခွေခွေကလေး သေခြင်းဖြင့် ဤဘဝကို အဆုံးသတ်လိမ့်မည်ဟု ကျွန်တော်တွေးထင်မိပါသည်။ သို့ရာတွင် အားပြန်တင်းပါသည်။စစ်ကြီးသည်အမြဲပင်ဤသို့ဖြစ်နေနိုင်မည်မဟုတ်၊ စစ်တိုက်ဘို့ ဘယ်မှာသူတွေမကုန်နိုင်အောင်ရှိနေနိုင်မည်နည်း၊ ယခုပင်အများကြီးသေကုန်လှရော့မည်၊ တနေ့နေ့တွင် တဘက်ဘက်က ရှုံးပြီး စစ်ကြီးပြီးရမည်၊ ပြီးလျှင်ပြီးခြင်း ကိုယ့်တိုင်းပြည်ကိုယ်ပြန်နိုင်အောင်ကြိုးစားမည်စသည်ဖြင့် ကိုယ့်ကိုယ်ကို အားပေးရပါသည်။ တခါတရံလည်း အားတင်းချက်မှာ မောင်းအပြည့်တက်၍ တခါတရံလည်းကျကျသွားပါသည်။

ပိုက်ဆံကလည်းတော်တော်ကုန်သွားပါပြီ။ပိုက်ဆံကုန်လျှင် ခက်တော့မည်၊ ဗမာပြည်မှာကဲ့သို့ ထမင်းမပေါ၊ ကျွေးမွေးပေးကမ်းသူမများ၊ တံတားပေါ်တွင် အတူနေကြသူများ ကိုယ်တိုင်ကလည်း ငတ်တလှည့်၊ ပြတ်တလှည့်၊ ပိုက်ဆံကုန်လျှင် ငတ်သေဘို့သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားကလည်း ဘာမှ ကောင်းကောင်း မရှိတော့
ပါ။ထို့ကြောင့်စွပ်ကျယ်စုတ်ဝတ်ပြီးလုံချည်စုတ်နှင့်ပင်နေရပါ
သည်။တနေ့သောအခါတံတားဂုံးကြီးပေါ်ဖြတ်လျှောက်လာ
သောဘင်္ဂါလီ လူမျိုးတဦးသည် ကျွန်တော့်ကိုမြင်သောအခါ
ရပ်ပြီး ခပ်ပြုံးပြုံးနှင့်မေးထိုးထိုးပြီးမေးပါသည်။ကျွန်တော်က
လည်းနှုတ်ဆက်ဖော်ရသူကိုပြန်၍ပြုံးသည်။ သူဘာတွေမေးနေ
သည်ကိုမူတလုံးမှနားမလည်ပါ။ထို့ကြောင့်"ခင်ဗျားပြောတာ
ကျွန်တော်တလုံးမှနားမလည်ဘူး"ဟုဗမာစကားဖြင့်ပြန်ပြော
လိုက်ပါသည်။ ထိုသူသည်ပိုပြုံးလာပြီး"မင်းဗမာလား–ငါလဲ
ဗမာပြည်မှာ အကြာကြီးနေခဲ့တာဘဲ" ဟု ဗမာစကားဖြင့်
ပြန်ပြောပါသည်။ အိန္ဒိယပြည်ရောက်မှ ဗမာစကားပြောသူကို
တွေ့ရသည်မှာ ပထမအကြိမ်ဖြစ်ရာ အလွန်ပင် ဝမ်းသာမိပါ
သည်။ သူက မေးသောကြောင့် ဤတံတားဂုံးကြီးပေါ်သို့
ကျွန်ုတော် ရောက်လာရသည့် အကြောင်းစုံကို ပြောပြရာ၊
ထိုသူက သူနေသည့်မြို့ကို လိုက်ခဲ့ပြီး နွားကျောင်းသည့်
အလုပ်ကိုလုပ်ပါ၊တလ ၁၂ကျပ် ပေးမည်ဟု ပြောပါသည်။
ကျွန်တော်လည်းအလုပ်ရပြီ ဖြစ်သောကြောင့် ထမင်းဝတ်၍
သေတော့မည်မဟုတ်သည်ကို မြင်ပြီး အလွန်အားတက်မိပါ
သည်။ ထို့ကြောင့်သူခေါ်ရာသို့ လိုက်သွားပါသည်။

နွားကျောင်းရသော အလုပ်ကလည်း မလွယ်ကူပါ။
တနေကုန်ကြည့်ရ ကျောင်းရသည့်အလုပ်ဖြစ်သည့်ပြင်၊ သူများ
နွားနှင့် ကိုယ့်နွားတွေ ရောသည်ကို ခွဲကြရသည်ကလည်း
တခက်ဖြစ်ပါသည်။ပို၍ ခက်သည်မှာ ကျွန်တော်ကနွားများကို
ကုလားစကားပီပီသွက်သွက်ဖြင့် အော်ဟစ်ပြီး မထိန်းနိုင်ခြင်း
ကြောင့်ပင်ဖြစ်ပါသည်။ ၂လခန့် လုပ်မိသောအခါ ကုလား



စကား တော်တော်တတ်လာပါပြီ။ အခြားနွားကျောင်းသား
ငယ်တွေများနှင့်ကျေးသားရိုက်စသော ကစားမျိုးစုံကစားခြင်း၊
သူတို့နှင့်လွတ်လပ်စွာနေယင်း မရှက်မကြောက် ပြောခြင်းများ
ကြောင့်တိုးလာခြင်းဖြစ်ပါသည်။နွားကျောင်းသားသူငယ်ချင်း
များကလည်းသင့်သင်ပေးကြပါသည်။

ဘင်္ဂါလီကုလားကြီးသည် အလုပ်လက်မဲ့များ အလွန်ပေါ
သည့် အိန္ဒိယပြည်၌ ကျွန်တော့်ကို အလုပ်ပေးထားသည့်
အတွက် ကျွန်တော်လည်း များစွာ ကျေးဇူးတင်ပါသည်။
ထို့ကြောင့် အလုပ်ဝတ္တရားကိုမနိုမကပ် ကြိုးစားပြီး လုပ်ပါ
သည်။ တတိယလတွင် လခ ၂ဝိပေးပါသည်။

ဤအလုပ်ဖြင့် ဤသို့ နေရသည်မှာ တံတားကြီးပေါ်တွင်
နေခဲ့ရသည်ထက် များစွာ စိတ်ချရသည်ကား မှန်ပါသည်။
သို့ရာတွင် ဗမာပြည်ပြန်ရောက်ဘို့ လမ်းစနှင့်ကား ဝေးမြ
ဝေးလျက်ပင်ရှိပါသေးသည်။ ထို့ကြောင့် ကျွန်တော့်စိတ်ထဲ
တွင် ဤအလုပ်တွင် ဒုံးဒုံးချခြင်းမရှိသေးပါ။

တနေ့သောအခါ ဗမာစစ်ဗိုလ်တဦး ရှိကြောင်း၊ သူနှင့်
သိကြောင်း ကျွန်တော့်ဆရာဘင်္ဂါလီကုလားကြီးကပြောပြရာ၊
ကျွန်တော်ကထိုစစ်ဗိုလ်ထံသို့ နောက်တခေါက်အလည် သွား
လျှင် ကျွန်တော့်ကို ခေါ်ပါဟုပြောရာ ခေါ်သွားပါသည်။
စစ်ဗိုလ်ကြီးမှာ ရေတပ်ကဗိုလ်ကြီးဘအုန်းဆိုသူ ဖြစ်ပါသည်။
ထိုအချိန်တွင်ကျွန်တော်မှာသူ့ထုံးစံ၊သူ့ဒေသကုလားအဝတ်
အစားနှင့်ဖြစ်ပါသည်။ ဤသူငယ်မှာဗမာဖြစ်ကြောင်း၊ ဗမာ
စကား များများပြောပြီး ဗမာပြည်လွမ်းသည့်စိတ်ကို ပြေချင်
သောကြောင့်ဗိုလ်ကြီးနှင့်တွေ့ရအောင်လိုက်ခဲ့ခြင်းဖြစ်ကြောင်း
နှင့်ဘင်္ဂါလီကြီးက ပြောပြရာ ဗိုလ်ကြီးဘအုန်းက ရယ်နေပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုယ့်တိုင်းပြည်တော့ကိုယ်လွမ်းတာပေါ့ကွာဟု ဆိုပါသည်။

ထို့နောက်ကျွန်တော်အိန္ဒိယပြည်ကို ဘာကြောင့်ရောက်လာသလဲဟု မေးပါသည်။ ကျွန်တော်က အကြောင်းစုံ ပြောပြပြီးသည့်နောက် တနည်းနည်းနှင့် ဗမာပြည် ပြန်ရောက်ချင်ကြောင်း ပြောပြရာ၊ မင်း စစ်ထဲဝင်မလားဟု မေးပါသည်။ ကျွန်တော်က ဝင်မည် ဟု ချက်ခြင်းပင် ဖြေလိုက်ပါသည်။ ဘာမှအထူးစဉ်းစားမနေပါ။ ဗိုလ်ကြီးဘအုန်းကသူ၏မိတ်ဆွေ ဘင်္ဂါလီကြီးအား 'ဒီသူငယ်ကိုဒီမှာထားခဲ့ပါတော့၊ ခင်ဗျားမှာ နိုင်းရမယ့်လူတွေ အများကြီးရှိပါတယ်၊ လူကောင်ကတော့ ငယ်သေးတယ်၊ ဒါပေမဲ့ သူ့ကိုစစ်ထဲရအောင်သွင်းပေးလိုက်မယ်၊ သူတော်ယင် လေထီးစစ်သားဖြစ်နိုင်မယ်၊ အဲဒီလို ဆိုယင် ဗမာပြည်ကို စောစော ပြန်ရောက်မယ်' ဟု ပြောရာ ကျွန်တော်အလွန်သဘောကျပါသည်။ သို့ရာတွင် ကျွန်တော့် အသက်မှာ ၁၆ နှစ်သာသာ သာရှိပါဦးမည်။ စစ်ထဲဝင်၍ ရပါမည်လော။

ဗိုလ်ကြီးဘအုန်း၏အကူအညီကြောင့် စစ်သားကလေးဖြစ်လာရပါပြီ။ ၇၂ ခါးမြှောင်တပ်မှာ ဝင်ရပါသည်။ ကျွန်တော်တို့စစ်သားသစ်များကို မဒရပ်နယ်တွင် စုပြီးလေ့ကျင့်စေပါသည်။ ဗမာပြည်ထက်ပူအိုက်သော ဒေသဖြစ်ပါသည်။ အလွန်ပင်ပန်းသော အလုပ်ဖြစ်၍ ထွက်ပြေးချင်စိတ်များပင် တခါတရံပေါ်ပေါက်မိပါသည်။ ဘယ်မှလည်းထွက်မပြေးတတ်ပါ။ ထွက်ပြေးလျှင်လည်း မိမှာသေချာပါသည်။ ထို့ပြင် ဗိုလ်ကြီး ဘအုန်းက ဗမာကို အထင်သေးအောင်မလုပ်နဲ့၊ ဗွဲကောင်းရမယ်၊ သတ္တိပြောင်ပစေ ဟု မှာလိုက်သည်များကြောင့် ဆင်းရဲပင်ပန်းသည်များကို ဂရုမစိုက်တော့ဘဲ၊ စိတ်ကို တင်း၍ စစ်သားကြီးများနည်းတူ ကြိုးစားပြီး အလုပ်, လုပ်ပါသည်။

လေ့ကျင့်ပါသည်။ မြေကတုတ်များ မည်သို့ တူးရသည်ကို သင်ရပါသည်။ စည်းကမ်းရှိရန်၊ ပုံစံကျရန်၊ ဒရိမ်း လေ့ကျင့်ခဏ်းများလည်းပင်ပန်းစွာ ဆင်းကြရပါသည်။ နံနက် ဝေလီဝေလင်းတွင်ကင်းဘတ်စ်ဘိနပ်စီးပြီးအင်္ကျီချွတ်နှင့်ပြေးရသော လေ့ကျင့်ခဏ်းတခုတည်းကပင်မသက်သာလှပါ။ လေးလခန့်ကြာသောအခါ စစ်သားသစ်များသည် ပုံစံ တော်တော်ကျလာကြပါပြီ။

လှစ်စွပ်ထိုး ကျင့်ကြရသောအခါ ကုလားစစ်သားများက "ဟေး ချွတ်ကရား တွမ်းမလိုကို ကွန်းဒါရတား ဟယ်" "ဟေ့ ကောင်ကလေး မင်းကို ဘယ်သူကကြောက်မှာတဲ့လဲ" စသည်ဖြင့် လှမ်းပြောပြီး ရယ်လေ့နောက်လေ့ရှိကြပါသည်။ ကျွန်တော်တို့ကိုကြပ်မတ်, သင်ပေးနေသူတွေမှာ ဂေါ်ရာတွေဖြစ်ပါသည်။ 'ဖပ်ကင်း-ဖပ်ကင်း'နှင့် အလွန်လည်း ဆဲသည့်ဆရာများဖြစ်ပါသည်။

ငါးလကျော်သောအခါ သံခမောက်ကအစ ယူနီဖေါင်းအပြည့်အစုံကိုစံနစ်တကျဝတ်ဆင်ကြရပါပြီ။ ယမ်းကပ်များနှင့် အသံမြည်သည့် တပ်စု တိုက်ပွဲများလည်း လေ့ကျင့်ကြရပါသည်။ သေနတ်ပစ်လည်းလေ့ကျင့်ကြရပါသည်။

တနေ့သော အခါ ကျွန်တော်တို့၏ ကျွမ်းကျင်မှုကို စမ်းသပ် ပါသည်။ ကျွန်တော်တို့က ရိုင်ဖယ် တလက်၊ ယမ်းတောင့်တတောင့်စီနှင့်နေရာယူပြီးစောင့်နေကြရပါသည်။ ကိုယ့်အလှည့်နှင့်ကိုယ် တယောက်တချက်ပစ်ဘို့ ဖြစ်ပါသည်။ တွင်းပေါင်း ၂၀ ခန့်အတွင်းတွင် သံခမောက်ဆောင်းထားသော



www.burmeseclassic.com

www.burmeseclassic.com

သစ်သားလုပ်ကြီးများရှိပါသည်။ လင့်စင်ပေါ်က စစ်ဗိုလ်က ဝီစီမှုတ်ပြီးအချက်ပေးလိုက်လျှင်၊ တတွင်းတွင်းက ပု ၁ ပု ပေါ်လာပါသည်။ ဘယ်နေရာ ဘယ်တွင်းက ပေါ်လာမည်ကို ဘယ်သူမှမသိပါ။ ထိုသံခမောက်ဆောင်း အရုပ် ကြီးသည် ၅ စက္ကန့်သာ ကြာကြာနေပါသည်။ ပေါ်လာသော ထိုပုံကို ထိုအချိန်ပိုင်း ကလေးအတွင်း မိမိတွင် ရှိသော ယမ်းတောင့် တတောင့်တည်းနှင့် ချက်ကောင်းကိုမှန်အောင် ပစ်ရပါသည်။ ထိထိမထိထိထိုတကြိမ်သာပစ်ရပါသည်။အချို့အရုပ်များသည် ကိုက်၅၀ခန့်တွင်ရှိ၍၊အချို့မှာ ကိုက်၁၀၀–၁၅၀ခန့်တွင် ပေါ်လာကြပါသည်။ အလှည့်ကျသူသည် ဝီစီမမှုတ်ခင်မော်ကြည့်ခွင့် မရှိပါ။ ကျွန်တော့် အလှည့်တွင် ဝီစီသံကြားလျှင် ကြားခြင်း မော့ကြည့်ပြီး လှမ်းပစ်လိုက်ရာ၊ ချက်ကောင်းတည့်တည့်ထိမှန် သွားသောကြောင့် ထိုတွင်းက အလံနီ ထောင်လိုက်ပါသည်။ ထိုကြောင့် ဆိုင်ရာတို့ကအရုပ်ကြီးကိုယူပြီး စစ်ဗိုလ်ဆီသွားပြရာ နှာခေါင်းတည့်တည့်မှန်သွားသည်ကို တွေ့ရပါသည်။ ထိုအခါ ကျွန်တော့်ကို နောက်ပြောင်သော ကုလားစစ်သားများကပါ ကျွန်တော့်ကို သြဘာပေးကြပါသည်။ ၁ ရစ်သမား ဖြစ်လာပါပြီ။

အခြားလေ့ကျင့်ခန်းများကို အပြင်းအထန် ဆက်လက် လေ့ကျင့် ရပြီးသည့်နောက်၊ ကျွန်တော်ပါ လက်ရွေးစင် စစ်သား ၅ ယောက်ကို အာသံနယ်အတွင်းရှိ လေထီး သမားများ၏ စခန်းသို့ ပို့လိုက်ပါသည်။ ကုရင်အမျိုးသား၊ ရှမ်း အမျိုးသား၊ မြန်မာ၊ တရုတ်၊ ကုလား လူမျိုးစုံပင် ထိုစခန်း၌ တွေ့ရပါသည်။ လေယာဉ်ပျံပေါ်မှ လေထီးနှင့်ဆင်းပြီး ဗမာ ပြည်တွင်း၌ ဂျပန်တို့လုပ်ကိုင်နေပုံများကို ပြန်လည်သတင်းပို့



www.burmeseclassic.com

နည်းတူ ပြောက်ကျားစစ်ဆင်နည်းများဖြင့် ဂျပန်စစ်လမ်းများ ကို နှောင့်ယှက်ဘို့ ဖြစ်ပါသည်။ လေထီးနှင့် ဆင်းသော လေ့ကျင့်ခန်းများကိုလုပ်ယင်း အချို့လည်း ခြေကျိုးသွားပါ သည်။ ထိုစခန်းတွင် ၂လခန့် လေ့ကျင့်ခန်းများ ဆင်းရပြီး သည့်နောက်၊ကျွန်တော်မှာ တောင်ငူနယ်သားဖြစ်ပြီး၊ တောင်ငူ နယ်တွင် ကျွမ်းကျင်သည်ဆိုကာ ဗိုလ်ကြီးစောဖိုးနှင့် အတူ တောင်ငူနယ်တွင် ဆင်းဘို့ တာဝန်ကျပါသည်။

တောင်ငူသံတောင်လမ်း ဘောဂလိရွာတောင်ဘက် ၇မိုင် ကွာခန့်ရှိ မလောက်ချောင်း ကုရင်ရွာအနီးတွင် ကျွန်တော်တို့ ၂ယောက်ဆင်းကြရပါသည်။ကျွန်တော်မှာ စောဖိုးကတာဝန် ပေးသည်များကိုဆောင်ရွက်ရန်၊ စောဖိုးနှင့်တွေ့ပြီး သတင်း ပို့ရန်၊ညွှန်ကြားချက်များယူရန် ဖြစ်ပါသည်။ ဝိုင်ယာလက်စက် မှာ စောဖိုးနှင့်အတူဖြစ်ပါသည်။

မလောက်ချောင်းရွာတွင် စောဖိုး၏ဆွေမျိုးများရှိပါသည်။ ထိုနေရာတွင်အဝတ်အစားများကိုဂျပန်ခေတ်နှင့်အညီ လဲလှယ် သည်၊ ရွှေဒင်္ဂါးတပြားပေးပြီး ဂျပန်ငွေ ၅၀ဝိလည်း တောင်းခဲ့ သည်။ ဘောဂလိရွာဆီသို့ ၇မိုင်ခန့် ကျွန်တော်တို့ ခြေလျင် လျှောက်လာကြပါသည်။ ထိုနေရာများတွင် ဂျပန်တယောက်မှ မရှိပါ။ ဘောဂလိရွာမြောက်ဘက် ၄-၅ ဖါလုံခန့် လျှောက် သွားမိသောအခါ ကားလမ်းသို့ရောက်ပါသည်။ နံနက်၄နာရီ အချိန်ခန့်တွင် ခရီးထွက်ခဲ့ရာ ၇ နာရီထိုးမှ ကားလမ်းဆီသို့ ရောက်ပြီး ၈နာရီထိုးခါနီးမှ အရပ်သား ကားတစီးမောင်း လာသည်ကို တွေ့ကြရပါသည်။ တောင်ငူဘက် သွားမည့် ထိုအရပ်သား ကားကို ဆီးတားပြီး ၁၅ မိုင်ခန့် ဝေးသည့် တောင်ငူမြို့သို့ လိုက်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားမှာ ဓါတ်ဆီနှင့် ပြေးရခြင်းမဟုတ်၊ ကျည်ဆံ တန်မျှနှင့် သွားနေရသည်ဖြစ်ရာ၊ ဟိုနားထိုးရပ် ဒီနားထိုးရပ် ခရီးမတွင်လှပါ။ ကျွန်တော်တို့၂ယောက်လည်း အိပ်ငြိမ်မပျက် လိုက်လာကြပါသည်။

တောင်ငူမြို့ မိုးကောင်းပိုင်း ( အရှေ့အစွန်ဆုံးအပိုင်း ) ဒေါ်အုန်းညွန့်နှင့်ညီမလေးတို့နေသော တိုက်ကို သွားကြည့်ရာ တိုက်ကလေးလည်းမရှိတော့၊အနီးအနားတွင်လည်း မည်သူမျှ မနေကြ၊ခရီးသွားလာသူပင်တယောက်မှမတွေ့၊ တောင်ငူမြို့ အတွင်း လူစည်ကားရာ နေရာများသို့ လျှောက်လာကြသော်လည်း တမြို့လုံးမှာ ခြောက်နေသောကြောင့် ဝမ်းနည်းသလို ဖြစ်လာသည်။ဇေယျပုံနှိပ်တိုက်ရှေ့သို့ရောက်သောအခါ၊ဂျပန် များကိုတွေ့ရပါသည်။ ပထမဦးစွာ ဂျပန်ကိုတွေ့ဘူးခြင်းဖြစ်ပါ သည်။

ရုတ်တရက်သော် ဂေါ်ရခါးတွေဟု ထင်ပါသည်။ သေသေ ချာချာကြည့်သောအခါ ပုကွကွနိုင်လှသည်။

အရပ်သားများမှာ နေစရာမရှိ၊ ;ကျန်ကောင်း ကျန်ရာ ကျန်၍နေစရာကောင်းသော အဆောက်အဦဆိုလျှင် ဂျပန်များ က တက်နေကြသည်ကို တွေ့ရရာ များစွာစိတ်ပျက်မိပါသည်။

ခြောက်ဆက်ရှိသောတောင်ငူချောင်း(စစ်တောင်းအထက် ပိုင်း) တံတားကြီးတွင် ၂ဆက်ကျိုးနေရာ၊ ဂျပန်များက သစ် သားများဖြင့် ဖြစ်ကတတ်ဆန်း ဆက်ဆောက်ထားသည်ကို လည်း တွေ့ရပါသည်။

အရေးဆိုလျှင် ပြင်နိုင်ရန်တံတားကြီးအတွက် အမြဲတန်း အလုပ်သမားများကို အသင့်ထားသည်။ တံတားကြီးနှင့် ၄-ဖါလုံခန့်ဝေးသည့်နေရာတွင် နေကြရသည်။ မြစ်ထဲမျောလာ



သည့်သစ်တုံးများကို စောင့်ဆယ်နေသူများကိုလည်း တွေ့ရ ပါသည်။ တံတားအလုပ်သမားကုရင်အမျိုးသားတဦးနှင့်တွေ့ ပြီး၊ မိုလ်ကြီးစောဖိုးက ဟိုဟိုဒီဒီ မေးကာ အကဲခတ်နေရာ တဖြည်းဖြည်းနှင့် ရင်းနှီးလာကြပါသည်။ မြေကြီးမှာလည်း တုတ်ချောင်းကလေးနှင့်ခြစ်ပြပြပါသည်။ နာရီဝက်ခန့်ကြာပါ လိမ့်မည်။ နောက်ဆုံးတွင် စောဖိုးသည် သူ့ပါးသူ ချမှာန်ပြုပြီး အလုပ်သမားအား ကျေးဇူးတင်ကြောင်းပြောကာ နှုတ်ဆက် ပါသည်။ ရွှေဒင်္ဂါးတပြားလည်း လှမ်းပေးလိုက်ပါသည်။

တံတားကြီးကို ကျော်မိသောအခါ ကားလာနေသော ကြောင့် ဂျပန်ကလှည်းကိုတားပါသည်။ ကားသံကြောင့် နွား က လန့်၍ ဟိုဆွဲဒီဆွဲလုပ်သည်။ ထိုအခါ တံတားစောင့် ဂျပန် သည် လှည်းသမားကို နားရင်းပါးရင်း အုပ်သည်။ ဂျပန် စစ်သားများ၏ အကြောင်းကို ယခင်က နည်းနည်းပါးပါး ကြားဘူးသော်လည်း ယခုဖြင့် ကိုယ်တွေ့ တွေ့ရပါပြီ။ တံတား ကြီးအနီးတွင် မဟာမိတ်တပ်များက ဗုံးချထားသော ကျင်း ကြီးချိုင့်ကြီးများကိုလည်း တွေ့ရပါသည်။ ခတ်လှမ်းလှမ်းတွင် ဘူးသီးကြော်ဆိုင်ကလေးတွေ့သဖြင့် ကျွန်တော်တို့၂ယောက် လည်း ဆာဆာနှင့်ထိုင်စားကြပါသည်။ လက်ဘက်ရည်ကြမ်း ပေးသော်လည်း လက်ဘက်ခြောက်မှာ အကောင်းစားမဟုတ် ပါ။ ညံ့လှပါသည်။ လက်ဘက်ခြောက်မှ ဟုတ်ပါလေစဟု တွေးနေမိပါသည်။ ဤသို့ စားသောက်နေစဉ် စောစောက မိုလ်ကြီးစောဖိုးနှင့် စကားပြောနေသော ကုရင်အလုပ်သမား ကြီး ရောက်လာကာစောဖိုးအား ဂျပန်ငွေစက္ကူအသစ်ချည်း ၆၀၀ိ ၇၀၀ိ ကျော်ခန့် ပေးပါသည်။ အကြောင်းဆိုင်တွင်





www.burmeseclassic.com

www.burmeseclassic.com

မစားရသည်မှာကြာလှပြီဖြစ်သော ကောက်ညှင်းပေါင်းကို အဝစားကြရာ စုစုပေါင်း ငွေ ၅၀ိခန့် ပေးခဲ့ရပါသည်။

နေကလည်းပူလှပါသည်။ကျွန်တော်၏နား ၂ဘက်မှလည်း လေထွက်နေပါသည်။

ဗမာပြည်ပြန်ရောက်သောကြောင့်ကျွန်တော်လည်း အလွန်ပင် ဝမ်းသာနေပါသည်။ညီမလေးနှင့်ဇနီး၊ မိဘများနှင့်ဇနီး မကြာမီတွေ့ရလိမ့်မည်ဟုမြော်လင့်အားတက်လျက်ရှိပါသည်။

အကြော်သည်များ၏ အဝတ်အစားမှာ အကွက်မပေါ် သူတို့ကို ကြည့်ရသည်မှာ ဆင်းရဲနွမ်းပါးလှသည်။ဗမာပြည်မှာ နေပြီး ထမင်းဝဝမစားရဘဲ ဖြစ်နေကြပြီလားဟု တွေးတော ပူပင်မိပါသည်။ ညီမလေးတို့အတွက်လည်း ပူမိပါသည်။ အကြော်သည်များအားသူတို့၏ဘဝအခြေအနေကို မေးကြည့် လိုပါသည်။ သို့ရာတွင် လူစိမ်းမှန်းရိပ်မိမည် စိုးသောကြောင့် မမေးရဲပါ။

ဗိုလ်ကြီးစောဖိုးသည် တောင်ငူမြို့ပေါ်မှာပင်ရှိနေပါမည်။ ကျွန်တော့်ကိုမူ တောင်ငူမြောက်ဘက် လေယာဉ်ပျံကွင်းရှိ သော ကျေးတောကို တာဝန်ပေးပါသည်။ ဂျပန်ငွေ၂၀ဝိ လည်း ပေးလိုက်ပါသည်။

တနင်္ဂနွေနေ့တွင်တောင်ငူမြို့ ထီးလှိုင်ညောင်ပိုင်းရပ်ဓမ္မာရုံ တွင် နံနက် ၈နာရီမှ ၁၁နာရီကြား၌တွေ့ရန်၊ ၂ပတ် ၃ပတ် မလာနိုင်က တခုခုဖြစ်ပြီဟု ယူဆရန် နားလည် ထားကြ ပါသည်။

ကျေးတောလေယာဉ်ပျံကွင်းတွင် အုတ်သယ်သော အလုပ် ဝင်လုပ်ရာ တနေ့ ၄ိရပါသည်။ ရောနှောလုပ်ကိုင်မိ၍ ၁၀



ရက်ခန့်ရသောအခါဂျပန်များက ကျွန်တော့်ကို ချစ်လာကြပါသည်။ ဘယ်သွားသွား ဘယ်လာလာခေါ်ပါသည်။ ပင်ပင် ပန်းပန်းအလုပ်ပင်မလုပ်ရတော့ပါ။ညပိုင်းတွင် ကျေးတောရွာ ထဲက ဒေါ်ဖြန့်ဆိုသောမိန်းမကြီးအိမ်တွင် အိပ်ပါသည်။

များမကြာမီပင်ဂျပန်စစ်ဗိုလ်တဦးကကျွန်းကုန်းလေယာဉ် ပျံကွင်းကိုခေါ်သွားပြီး ဖိုက်ကူလီတာဝန် ပေးပါသည်။ ဖိုက် ကူလီဆိုသည်မှာ လက်သမားအလုပ်ပင်ဖြစ်ပါသည်။လေယာဉ် ပျံ မြေကတုတ်များလုပ်သည့်နေရာတွင် သစ်သားများ ညှပ် ကပ်ပေးရပါသည်။

တနင်္ဂနွေနေ့ဆိုလျှင်ကားဗိုလ်ကြီးစောဖိုးနှင့်တွေ့ရန်မြို့တွင်း ညောင်ပိုင်းဓမ္မာရုံသို့သွားပါသည်။ တောင်ငူနှင့်ကျွန်းကုန်းမှာ မီးရထားလမ်းကဆိုလျှင် ကျေးတောတဘူတာခြားပါသည်။

ဗိုလ်ကြီးစောဖိုးနှင့် ပထမပြန်တွေ့သော တနင်္ဂနွေနေ့က ဂျပန် ကူလီလုပ်နေပုံ၊ဂျပန်က အခွင့်အရေး ပေးပုံများကို ပြောပြရာ သူအလွန်သဘောကျပါသည်။

ကျွန်တော်၏ပစ္စတိုသေးသေးကလေးမှာ ပေါင်တွင်အမြဲရှိ ပါသည်။ ဂျပန်တွေမရိပ်မိပါ၊ သတိလည်း အမြဲရှိပါသည်။ နောက်တော့ ဂျပန်က ဘောင်းဘီပင်ပေးထားရာ သာပြီးနေ ရာကျပါသည်။

အလုပ်က နံနက် ၈ နာရီထိုးလျှင် ဂိတ်ထဲဝင်ရ၊၁၀ နာရီ ထိုးက ထမင်းစား၊ ၁၁ နာရီခွဲအလုပ်ပြန်ဆင်း၊ ညနေ ၄နာရီ အလုပ်သိမ်း၊ တနင်္ဂနွေနေ့ဆို အမေ့ဆီပြန်မယ်၊ ပိုက်ဆံပြန်ပို့ မယ်ဆိုပြီးခွင့်ယူပါသည်။ တလကျော်ကျော်လောက် နေသော အခါ၊ဂျပန်စကားလည်းနည်းနည်းတတ်လာပါပြီ။ကျွန်းကုန်း

www.burmeseclassic.com

www.burmeseclassic.com

မှာပင် ၂လလောက်ကြာသွားပါသည်။ ဂျပန်အဆောက်အဦးကောင်းတွေ၊ ဓါတ်ဆီရုံတွေဘာမှမရှိတော့ပါ။ကုန်သလောက်ပင်ရှိပါပြီ။ မဟာမိတ်လေယာဉ်ပျံ ဆိုသည်မှာလည်း နိမ့်နိမ့်ဆင်းပြီး ရဲရဲစက်သေနတ်ဆွဲကြသည်အထိ ဖြစ်လာပါသည်။မြစ်ကြောင်း၊ ကားလမ်း၊ မီးရထားများကို ရဲရဲကြီးလိုက်နေပါပြီ။ မီးရထားကုန်တွဲများမှာ ဆင်းရဲသားခရီးသည်က အစီးများပါသည်။ ထို့ကြောင့်လည်း လေယာဉ်ပျံ ပထမဝဲကြည့်ပါ၊ သတိပေးပါ၊ ထိုနောက်မှ ခေါင်းတွဲစသည်တို့ကို ဖျက်ဆီးပါ ဟု သတင်းပို့ကြရပါသည်။

ဤနေရာမှာကျွန်တော်တဦးတည်းသာ တာဝန်ယူနေရသည် မဟုတ်ပါ။တခြားအကူအညီပေးနေသူများအများအပြားရှိပါသည်။ အကြောင်းဆိုလျှင် သုံးရန်အသင့်ပြင်ထားသောအဆိပ်လုံးကလေးများမှာ၊ အင်္ကျီဘယ်ဘက် ကော်လံစအတွင်းတွင် အမြဲရှိပါသည်။ ပေါင်း ၃လုံးဖြစ်ပါသည်။ ဖျင်အင်္ကျီဖြစ်သောကြောင့် ထူပါသည်။ ဂျပန်များသည် စစ်ရေးစစ်ရာ အခြေအနေကြောင့် အားငယ်လျက်ရှိကြောင်းကို ၎င်းတို့၏ မျက်နှာကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

လေယာဉ်ပျံကွင်းတွင် လေယာဉ်ပျံများလည်းမရှိတော့၊ လုပ်ငန်းလည်းမရှိတော့ပါ။ထို့ကြောင့်ကျွန်တော်တို့အားလုံး ဂျပန် ၃၀ခန့်နှင့်ဗမာ ၇ယောက်၊တောင်ငူမြို့ကြီးလောကုတ္တရာ အရပ်တွင်းသို့ ပြောင်းလာကြပါသည်။ စစ်တောင်းမြစ်နှင့် နီးပါသည်။ ဗမာ ၇ယောက်အနက် အချို့က ထမင်းချက် ရေခပ်ရ၍၊ ကျွန်တော်ကမူ ထင်းရှာရ ပေါက်ရ ရေချိုးဘို့ ရေနွေးတည်ပေးရပါသည်။



ကျွန်တော်တို့နှင့် ကင်ပေတိုင်ရုံးမှာ မျက်နှာချင်းဆိုင် တည့်တည့် ဖြစ်ပါသည်။ ကင်ပေတိုင်ရုံးတွင် ဓါတ်ဆီခိုးသူ၊ မော်တော်ကားတိုင်ယာ ခိုးသူ၊ သူလျှိုဆိုသူများအား ညှဉ်းပန်းနှိပ်စက်နေပုံများကို နေ့စဉ်နှင့်အမျှ တွေ့ရပါသည်။

ဤအရပ်ထဲ ပြောင်းပြီး ၄ ရက်ခန့် နေသောအခါ၊ ကျွန်တော်တို့ထံ အရူးတယောက် ဝင်လာပါသည်။ ဝင်လာသော အရူးကို ကျွန်တော်ကအရူးဟူ၍ မထင်ပါ။ ကျွန်တော်တို့တွင် ရှိသော အထိမ်းအမှတ်ဖြင့် “ခင်ဗျားဘယ်သူလဲ”ဟု မသိမသာ လက္ခဏာပြကာမေးလိုက်ပါသည်။ယာဘက်လက်မနှင့် လက်ညှိုးကိုဝိုင်းပြီး၊ ဘယ်ဘက် လက်ညှိုးကို လျှိုကာ, ကလပ်ပြလိုက်ခြင်းဖြစ်ပါသည်။

သူက ဘယ်ဘက်လက်မနှင့် ယာဘက် လက်ညှိုး ထိပြီး၊ (S) အက်စ် သဏ္ဍာန် ခတ်မြန်မြန်လုပ်ပြပါသည်။ ၃ကြိမ်ပြပါသည်။ကျွန်တော်က လက်ညှိုး ၂ချောင်းပူးပြီး၊ တခါကြက်ခြေခတ်ကာ ပြန်ပြလိုက်ပါသည်။ ပြောစရာရှိသည်ကို ပြောသွားနိုင်သည်၊ လာနိုင်သည်၊ ပေးစရာရှိသည်ကို ပေးသွားနိုင်သည် ဟု ဆိုလိုပါသည်။ အရူးကခုန်ပေါက်ဝင်လာပြီး၊ စာတိုကလေး တစောင်ဝင်ပေးသွားပါသည်။ ဂျပန်တွေကမူ အရူးဆိုပြီးတယ် ဂရုမစိုက်ကြပါ။

စာတိုကလေး၌ လယ်ဝေးနားတွင် လေယာဉ်ပျံတစင်း ပျက်ကျသွားသည်။ လူ ၅ယောက် အနက် ၂ယောက် သေသွားသည်။ ကျန်၃ယောက် အကယ်၍ ကင်ပေတိုင်ရုံးရောက်လာပါက၊ ကြည့်ရှုစောင့်ရှောက်ပါ။ အသက်ကိုကယ်နိုင်လျှင် ကယ်လိုက်ပါဟူသော သဘောပါ,ပါသည်။ စာမှာမြန်မာစာနှင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထင်းမရှိသဖြင့် သံတူးရွင်းတခုဆွဲကာ ဂျပန်များ ပြထားသည့် အိမ်တအိမ်မှ အသားများဖျက်ပြီး ယူရန်သွားပါသည်။ အိမ်တွင်းသို့ ရောက်သောအခါ၊ လွယ်အိတ်ကြီးတလုံးကို နောက်ကလွယ်ပြီး၊ လှံတချောင်းကိုလက်ကကိုင်ကာ၊ မြစ်ဘက်က လမ်းလျှောက်လာသည့် ဗိုလ်ကြီးစောဖိုးကိုတွေ့ရပါသည်။ အိမ်ရှေ့တည့်တည့်သို့ရောက်သောအခါ၊ကျွန်တော်က သံတူးရွင်းနှင့်ဒေါက်ဒေါက်ဒေါက်နှင့်ခေါက်လိုက်ပါသည်။ဗိုလ်ကြီးစောဖိုးလှည့်ကြည့်ရာ၊လက်ရပ်ခေါ်လိုက်သဖြင့် ကျွန်တော်မှန်းသိ၍ ဝင်လာပါသည်။ ခဏမျှတိုင်ပင်ကြပါသည်။ "ငါတို့လူတွေဘမ်းလာခဲ့ပြီ၊ ဗုံးချဘို့ကလဲ ဘေးလူတွေ သေကုန်မယ်၊ တို့လူတွေ လွတ်ဘို့ကလဲမသေချာဘူး၊ အသက်ချမ်းသာရအောင် တတ်နိုင်သမျှ ကူညီလိုက်ပါ"ဟု ကျွန်တော့အား မှာပါသည်။ ဤအချိန်တွင် ကင်ပေတိုင်ရုံးထဲမှ သေနတ်သံများကြားရပြီး၊ ဗမာ ၁၁ ယောက်ကျသွားသည်ကို တွေ့လိုက်ရပါသည်။ ဗိုလ်ကြီးစောဖိုးလည်း ထွက်သွားပါသည်။ကျွန်တော်လည်း သံတူးရွင်းနှင့် တံခါးရွက် ၂ ရွက်ကို ကလန့်ဖြုတ်ပြီး၊ ထမ်းပြန်လာကာ နံနက်ဂနာရီဂျပန်များအထ,ရေချိုးမီအောင် မီးပြင်းပြင်း ထိုးရပါသည်။

လုပ်ငန်းများအပြီးတွင် ကင်ပေတိုင်ရုံးအရိပ်အကဲကြည့်ရန် ကျွန်တော်ထွက်သွားပါသည်။ ကင်ပေတိုင်ရုံး အဆောက်အဦနှင့် တော်တော်လှမ်းလှမ်းအခြားအိမ်များဘက်မှ၊ ကျွန်တော်တို့လူများ ဘယ်နေရာတွင်ရှိသည်၊ဖြို့ဖျက်၍လွယ်မည် မလွယ်မည်၊ အစောင့်ဘယ်လိုရှိသည်၊ ဘယ်သို့ဘယ်လိုသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။



စာကလေးရပြီးနောက် ကျွန်တော်က "ဒီအရူး ဒီဘာလာရှပ်သလဲ"ဆိုပြီး အော်ဟစ်ငေါက်ငန်းရာ၊ ဂျပန်တယောက်က "ဒီအရူးကို ရိုက်ရိုက်"ဟု ခိုင်းပါသည်။ ကျွန်တော်လည်း တုတ်တချောင်းဆွဲပြီးလိုက်ရာ၊ အရူးကခုန်ပေါက်ပြီးထွက်ပြေးပါသည်။

ပျက်သည့် လေယာဉ်ပျံမှ မဟာမိတ် လေတပ်သားများ ရောက်လာမလားဆိုပြီး၊ ကျွန်တော်မြော်သော်လည်း ထိုနေ့တွင် မရောက်ကြပါ။

ဤအရပ်ကိုရောက်ကတည်းက ကျွန်တော်ဘယ်မှမထွက်ပါ။ ကင်ပေတိုင်ရုံးလုပ်ပုံကိုင်ပုံနှင့် အခြေအနေများကိုသာ မှတ်သား၍လေ့လာကြည့်ရှုနေပါသည်။ ကျွန်တော်၏ ပေါင်တွင် အမြဲတန်း ကပ်ထားလေ့ရှိသော ပစ္စတိုသေနတ်ကလေးကိုလည်း ရန်သူနှင့်နီးလွန်းသဖြင့် ခါတိုင်းကဲ့သို့မထားရဲတော့ပါ။ အနီးရှိတိုက်ပျက် အုတ်ဘိနပ် တခုအောက်ရှိ ကြွက်တွင်းထဲတွင် အဝတ်နှင့်ပတ်ပြီး သွားထည့်ထားလိုက်ပါသည်။

နောက်တရက် မိုးလင်းခါနီး အချိန်တွင်၊မော်တော်ကားတွေ ကင်ပေတိုင်ရုံးထဲသို့ ထိုးထိုးဝင်သွားသည့် အသံများကို အဆက်မပြတ်ကြားနေရပါသည်။ ထို့ကြောင့်ပြူတင်းပေါက်ဖွင့်ကြည့်ရာ၊ ဂျပန်စစ်သားများသေနတ်ကိုယ်စီနှင့် ပြေးပြေးဆင်းနေကြသည်ကို တွေ့ရပါသည်။ ဂျပန်စစ်သားများသည် အနီးရှိမြန်မာအိမ်များမှ ရေတောင်း၊ မျက်နှာသစ်စသည်များလုပ်နေကြသည်ကို ကြည့်ရခြင်းအားဖြင့်၊ ဂျပန်စစ်သား ခရီးသည်များ ဖြစ်ကြောင်း ကောင်းကောင်း သိရပါသည်။ ကျွန်တော်လည်းတာဝန်ရှိသည့်အတိုင်းမီးဖိုချောင်သွားပြီး ရေနွေးတည်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မလှမ်းမကမ်းတနေရာသို့ရောက်သောအခါ၊အခန်းတခန်း အတွင်းတနေရာမှ ကုလားသံဖြင့် "ဆပ်ဆပ်"နှင့် ခေါ်ပါ သည်။ ကျွန်တော်လည်း လှည့်မကြည့်ဘဲ အသာဆက်သွား ပါသည်။ ကုလားသည်ဆက်၍သာ ကျွန်တော့်ကို ခေါ်နေ ပါသည်။

အစောင့်ဂျပန် ၄ယောက်အနက် တယောက်က "ဟေ့- ဘီးရှုးမား"ဆိုပြီး လှမ်းခေါ်ပါသည်။ ကျွန်တော် သွားရပ သည်။ အထဲက ကုလားတယောက်နှင့် မျက်နှာဖြူ ၂ယောက် ကလည်း တယောက်နှင့်တယောက်လက်တို့ကာ ကျွန်တော့်ကို လှမ်းပြနေကြပါသည်။ကျွန်တော်က ဂျပန်မသိအောင် လက် သည်ကိုလည်း သူတို့နားမလည်ပါ။ ဟန်ပျက်နေကြပါသည်။ သူတို့ထဲကတဦးဦးသည်လေထီးတပ်သားစခန်း၌ ကျွန်တော့် ကို တွေ့ဘူးဟန် တူပါသည်။ ထို့ကြောင့် ရေနစ်သည့်အခါ ကောက်ရိုးပင်ကိုပင်ဆွဲသည်ဆိုသကဲ့သို့ ကျွန်တော့်ကို အား ကိုးတကြီးနှင့်ခေါ်နေခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်တော့် တွင် မည်မျှကြီးသောဘေးတွေ့နိုင်သည်ကိုပင် မစဉ်းစားနိုင်ကြ တော့ပါ။ထိုအခါအစောင့်ဂျပန်က"အထဲကကုလား အင်္ဂလိပ် များနဲ့ သိသလား"ဟု ကျွန်တော့်ကို ဂျပန်လိုမေးပါသည်။ ကျွန်တော်ကလည်း မသိကြောင်း ဂျပန်လိုပြန်ဖြေပါသည်။ " ကုလားမိတ်ဆွေ အင်္ဂလိပ်မိတ်ဆွေမရှိဘူး။ ငါဗမာ"ဟု လည်း ပြောလိုက်ပါသည်။

ကင်ပေတိုင်ရုံးတွင် ဂျပန်အဝတ်အစားနှင့် ဗီရူးဆိုသော ကုလားတယောက်ရှိပါသည်။ ထိုရုံးတွင် သူတော်တော် ချယ် လှယ်ပါသည်။ အစောင့်ဂျပန်ကသွားတိုင်ရာ၊ သူချက်ခြင်းပေါ် ပေါက်လာပါသည်။ဗီရူးက ဂျပန်အစောင့်များအား"သူ့ကို



...းပါ၊ အထဲကလူတွေကို မေးကြည့် မယ်"ဟု ဂျပန်ဘာသာနှင့် လှမ်းပြောပါသည်။

အထဲမှ လေတပ်သားများက ဘာပြောလိုက်သည်တော့ သေသေချာချာမသိပါ။သို့ရာတွင် ကျွန်တော်သည် စစ်သား တယောက်ဖြစ်ကြောင်းတော့ပြောလိုက်သည့်လက္ခဏာမရှိပါ။ အိန္ဒိယတွင် သိဘူးသူတယောက်ဖြစ်ကြောင်းမျှသာ ပြောလိုက် ဟန် တူပါသည်။ ဘာဘဲဖြစ်ဖြစ် ကျွန်တော်အိန္ဒြေမပျက်ပါ။ ထိုင်ခိုင်းသည့်နေရာတွင် ထိုင်နေပြီး၊ ခဲကလေးများကို ပေါက် ကစားနေပါသည်။

ထို့နောက်ကျွန်တော့်ကို ကင်ပေရုံးခန်းကလေး တခန်း ထဲသို့ ခေါ်သွားပါသည်။ ထိုအခန်းထဲတွင် အပြာရောင် ဝတ်ထားသည့် ၄လိုင်းခုပွင့်ဂျပန်စစ်ဗိုလ်တယောက်ကို တွေ့ရ ပါသည်။ ကင်ပေတိုင်ဗိုလ်ချုပ်ဖြစ်ဟန်တူပါသည်။ ကျွန်တော့် အကြောင်းကို ဗီရူးက "သူအရင်က အိန္ဒိယမှာနေဘူးတယ်၊ အခုဘယ်လို ဗမာပြည်ရောက်လာသလဲမသိဘူး"ဟု ပြောပြ ပါသည်။ကင်ပေတိုင်ဗိုလ်မှူးကြီးသည်ကျွန်တော့်ကို စလုပေး အလေးပြုပါသည်။ ကျွန်တော်ကပြန်မပေးပါ။ ငေး၍သာ ကြည့်နေပါသည်။ သူကကုလားထိုင်တလုံးကို လက်ညှိုးထိုး ပြကာ ထိုင်ခိုင်းပါသည်။ ကျွန်တော်ထိုင်မိ၍ ခဏကြာသော အခါ၊ ထိုကင်ပေတိုင် ဗိုလ်မှူးကြီးသည် "မင်းတို့ကအင်္ဂလိပ် အစိုးရကို အခုထိအထင်ကြီးတုန်းဘဲကိုးကွ၊ တို့စိုက်ထားတဲ့ သရက်ပင်ကို သီးခါနီးမှမင်းကချိုင်တာပေါ့လေ"ဟု လှမ်း ပြောလိုက်ရာ၊ ကျွန်တော်, တော်တော်အံ့အားသင့်သွားပါ သည်။ ထို့နောက်ချော့ပြီး "မင်းစပိုင်လုပ်တာ ဟုတ်သလား၊



www.burmeseclassic.com

www.burmeseclassic.com

မှန်မှန်ပြောပါကွာ၊ မင်းစပိုင်ဆိုယင်လဲသတ်ပစ်တို့ အမိန့်ရ
ပါဘူး”ဟု ဆက်ပြောပါသည်။

ကျွန်တော်က “ကျွန်တော်စပိုင်မဟုတ်ပါ၊ ဘာမှလဲမ
တတ်ပါ၊ ပညာလဲမတတ်ပါ။ အိန္ဒိယမှာ ကျွန်တော်နေ
တယ်ဆိုယင်လဲ ကျွန်တော်ဒီလိုစစ်အတွင်း ဘယ်လိုလုပ်
မလဲ၊ ခင်ဗျားလူကြီး တယောက်ဘဲ စဉ်းစားကြည့်ပါ”ဟု
ပြန်ပြောပါသည်။

ကင်ပေတိုင် ဗိုလ်မှူးကြီးက တယ်လီဖုန်း လုပ်လိုက်
အလွန်ထွားကျိုင်း၍မုတ်ဆိတ်မွေးများပါသော ဂျပန်စစ်သ
၅ယောက် ရောက်လာပါတော့သည်။ မျက်နှာများမှာလည်
ခက်ထန်လှပါသည်။ မူလလာပို့သော အစောင့်စစ်သားမျ
လည်း ပြန်ထွက်သွားပါသည်။ ၎င်းစစ်သား ၅ယောက်
ကျွန်တော့်ကိုယ်တွင် ရှာဖွေပါသည်။ ကျွန်တော်ဆောင်
သော ဝါးဖပ်ဦးထုပ်ကိုမူ၊ ဘေးသို့ ပစ်ချလိုက်ပါသည်
တကိုယ်လုံးရှာရာ၊ စာရွက်ကလေးတရွက်သာ လက်ထဲ
တွေ့ပါသည်။ ထိုစာရွက်ကလေးမှာ ကျွန်တော်သာသိသော
တောလမ်းကလေးတွေဖြစ်ပါသည်။ သူတို့ကြည့်သောအခါ
မြေပုံစာရွက်ဟူ၍လည်းမထင်ကြပါ။ ကျွန်တော့်ကိုမေးသော
အခါ “အလကားစာရွက်ပါ၊ ကျွန်တော်အလုပ်လုပ်ယင်
ဟိုခြစ်ဒီခြစ်ရှောက်ခြစ်ထားတာပါ”ဟုဖြေရပါသည်။

ဝါးဦးထုပ်ကို သေသေချာချာမကြည့်၍သာ တော်ပ
တော့သည်။ ၎င်းဦးထုပ်ထဲတွင် ရွှေဒင်္ဂါး ၁၅ပြား ညှပ်ထာ
ပါသည်။

ကျွန်တော့်ကို စစ်သော ကင်ပေတိုင် ဗိုလ်မှူးကြီး အခန်
ထဲမှ ထွက်သွားသောအခါ၊ ကျွန်တော်က ကြောက်မက်ဖွယ်



ကောင်းသော ဂျပန်စစ်သားကြီး၅ဦးအား ဂျပန်စကားဖြင့်
“ကုရှ်ိဟာဝါဆန်၊ ခင်ဗျားတို့ဟာ သေမင်းတမန်ကြီးတွေဘဲ
နော်”ဟု စတင်နှုတ်ဆက်လိုက်ရာ၊ ထိုဂျပန်တယောက်က
“ထိုင်းမင်းဝါကားရီးမတ်စ်နော် — ဗြော် — မင်းကောင်း
ကောင်းသဘောပေါက်တယ်ကိုး”ဟု ပြန်ပြောပါသည်။

ကင်ပေတိုင်ဗိုလ်မှူးကြီး ထ,သွားခြင်းမှာ၊ ကျွန်တော်
နေသောအိမ်တွင် သွားရောက်စုံစမ်းခြင်းဖြစ်ပါသည်။

အခန်းတွင်းရှိ ဂျပန်ကြီး ၅ယောက်မှာမူ လူသားစား
ကြတော့မည့် ဘီးလူးကြီးများ နှင့် ဘာမှမခြားတော့ပါ။
ကျွန်တော်၏ မျက်နှာမှာလည်း တော်တော်ပျက်နေပါပြီ။
မချွေသေရတော့မည်ဟု အောက်မေ့လျက်ရှိပါသည်။

၄လိုင်း၃ပွင့်ဗိုလ်မှူးကြီးအား၊ ကျွန်တော်နေထိုင် အလုပ်
လုပ်ခဲ့သော ဌာနမှ ဂျပန်များက သူတို့ဆီမှာ အလုပ်,လုပ်သူ
မဟုတ်ကြောင်း ပြောပြလိုက်သည်ဟုဆိုပါသည်။ ကျွန်တော်
ကလည်းထိုအိမ်၊ ထိုတပ်တွင် အလုပ်,လုပ်နေသည်ဟုလည်း
အစစ်မခံခဲ့ပါ။ ဘမ်းသောအစောင့်စစ်သားကမြင်ဘူးပါသည်
ဆိုသောကြောင့်သာသွား၍မေးခြင်းဖြစ်ဟန်ရှိပါသည်။ ထိုအိမ်
မှ စစ်ဗိုလ်စစ်သားများကလည်း၊ သူတို့ဘေးကင်းရန် သူတို့
ဆီက လူမဟုတ်ကြောင်းပြောလိုက်ခြင်း ဖြစ်ဟန်တူပါသည်။

ဂျပန်၅ယောက်အနက်တယောက်ကကျွန်တော့်ကိုမတ်တပ်
ရပ်ခိုင်းပြီး၊ မေးစေ့ကို ပိတ်ထိုးလိုက်ပါသည်။ နောက်သို့ ယိုင်
သွားသောအခါ၊ ၃ယောက်က အုန်းဆံကြိုးနှင့် လက်ပြန်ကြိုး
တုပ်လိုက်ပါသည်။ ထို့နောက် ခြေထောက် ၂ဘက်နှင့် အောက်
တုပ်လိုက်ရာ၊ ကျွန်တော်မှာ ကော့နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤမျှနှင့် မပြီးသေးပါ။ ထုတ်ပေါ်သို့ ကြိုးပစ်တင်ပြီး ကျွန်တော့်ကို ကြမ်းနှင့်တလန်လောက်လွတ်အောင် ဆွဲတင်လိုက်ပါသည်။ ထို့နောက်ဗမာလေယာဉ်ပျံ ဟုဆိုကာ၊ ဟိုဘက်ဒီဘက်လွှဲပါသည်။ အခန်းကလည်းကျဉ်းသဖြင့် နံရံ၄ဘက်နှင့်ရိုက်မိရာ၊ တချက်တချက်သတိမေ့မေ့သွားပါသည်။

ကျွန်တော့်ကို နှိပ်စက်နေကြသည်မှာ မည်မျှကြာသည်ဟု ကျွန်တော်လည်းမမှတ်မိတော့ပါ။ သတိရ၍ ကြည့်လိုက်သောအခါ၊ မူလက ကျွန်တော့်ကို ဗိုလ်မှူးကြီးစစ်သော အခန်းထဲရှိ စားပွဲပေါ်တွင် လဲနေသည်ကိုသာသိပါတော့သည်။ ကြိုးများ တုတ်နှောင်ထားခြင်းလည်း မရှိပါ။ အခန်းထဲတွင် လူလည်း တယောက်မျှမရှိပါ။ ဟိုဘက် ဒီဘက် လှည့်ကြည့်လိုက်ရာ၊ ပြက္ခဒိန်တခုသာ တွေ့ပါသည်။ ဇန်နဝါရီလ ၁၂ရက်နေ့ဟု ပြထားပါသည်။

ကျွန်တော့်နားထဲတွင် "ငွေရှိမှသတ္တိရှိတာ၊ သတ္တိရှိမှငွေရှိတာ"ဟုပြောသောစကားကို ကျွန်တော်ကြားလိုက်ပါသည်။ ဤအသံမှာ ဗိုလ်ကြီးဘအုန်း၏အသံဖြစ်ပါသည်။ ကျွန်တော့်စိတ်ထဲတွင်ဗိုလ်ကြီးများတိုက်ပွဲတနေရာရာတွင် ကျဆုံးပြီးအယူလွဲကာ လာပြောနေတာလား ဆိုပြီး၊ ဝမ်းနည်းမိပါသည်။ "ဗိုလ်ကြီး ဗိုလ်ကြီး"ဟုပင် ပါးစပ်က ခေါ်မိပါသည်။ အားယူပြီးထကြည့်သော်လည်း မထနိုင်ပါ။

ကျွန်တော့်အသံကြားသဖြင့် ၄လိုင်း ကြယ် ၃ပွင့်ဗိုလ်မှူးကြီးဝင်လာပါသည်။ ကျွန်တော့်ကို အံ့အားသင့်သောမျက်နှာထားနှင့်ကြည့်ပြီး "ခင်ဗျားဘာဖြစ်သလဲ ဒုက္ခပါဘဲ၊ ခင်ဗျားက မှန်မှန်မှ မပြောဘဲကိုးဗျ"ဟု ကျွန်တော့်ကို မတည်မပြုံးနှင့် ပြောပါသည်။



ထို့နောက်ကင်ပေ ဗိုလ်မှူးကြီးသည် စစ်သား တယောက်ကို ခေါ်ပြီး "သူ့ကိုဆေးတိုက်လိုက်ပါ။ ဟိုကောင်တွေ ရိုက်သွားတယ်"ဟုပြောပါသည်။ ဆေးတိုက်မည့်စစ်သားမှာလည်း တုတ်တုတ်ခိုင်ခိုင်ကြီးပင်ဖြစ်ပါသည်။ မုတ်ဆိတ်တော့မပါပါ။ သူသည်အလွန်ကြင်နာတတ်သူဖြစ်ပါသည်။ ကျွန်တော့်အား စားပွဲပေါ်မှ ခြေ၂ချောင်းကိုင်ပြီး ဒရွတ်တိုက်ဆွဲသွားပါတော့သည်။ ရေတွင်းအထိ ဆွဲသွားပါသည်။

ရေတွင်းတွင် အဝတ်အစားများ မချွတ်ပါ။ ဒီအတိုင်း ရေလောင်းပြီး ဆပ်ပြာတိုက်လိုက်ပါသေးသည်။ ထို့နောက် ရေနွေးအိုးတည်ထားသောပေပါပုံးကြီးရှိရာသို့ ခေါ်သွားပါသည်။ ကျွန်တော်၏နားနှင့်မျက်စိကို အဝတ်နှင့် ပိတ်ထားလိုက်ပါသည်။ ထို့နောက် ရေနွေးများ လောင်းချပါတော့သည်။ ဗမာသံတသံကို ကျွန်တော့်နားထဲတွင် ကြားနေပါသည်။ မည်သူမည်ဝါဟူ၍မသိပါ။ "ခင်ဗျားမှန်မှန်ပြောလိုက်မှပေါ့ဗျ၊ သတ်ခါမှ သတ်ရော၊ မသေခင်အညှဉ်းဆဲခံမနေပါနဲ့"ဟူသို့ပင်ဖြစ်ပါသည်။ ထို့နောက် ကျွန်တော့်ကို အုန်းပင်ကြီးတွင် မတ်တပ်ကပ်လျက် နောက်ပြန်ချည်ထားပါတော့သည်။ ထိုအချိန်မှာ ကျွန်တော်အလွန် အိပ်ချင်ပါသည်။ ကြိုးက တင်းလွန်းသောကြောင့် အိပ်၍မရပါ။ နည်းနည်းငိုက်သည် ထင်သောကြောင့်လား မသိပါ။ အစောင့် စစ်သားတယောက်က လှံစွပ်ကြီးနှင့် အနားသို့ ကပ်လာပါသည်။ ထို့နောက် မထိုးဘူးလိုလိုနှင့် ဆတ်၍ထိုးလိုက်ရာ၊ ဘယ်ဘက်တင်ပါးဆုံတွင်ထိပြီး၊ ဘယ်ဘက်ခြေထောက်တခုလုံး ကျင်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

များမကြာမီ ကုလားကလေးတယောက်သည် အမှိုက်များလာကြုံးကာ အနီးရှိချိုင့်ထဲသို့ချပါသည်။ သူကြုံးလာသော အမှိုက်ထဲတွင် ကျွန်တော်၏ ဝါးခမောက်ဦးထုပ်လည်းပါလာပါသည်။ ကျွန်တော်လည်းတော်တော်စိတ်လျှော့ပြီ။ ထို့ကြောင့် အစောင့်စစ်သားအား "မိုလ်မှူးကြီးကိုခေါ်ပေးပါ၊ ငါစပိုင်ဟုတ်တယ်"ဟု ပြောလိုက်ပါသည်။ မိုလ်မှူးကြီးလာပါသည်။ မေးသောအခါ၊ လေထီးသမား ဟုတ်ကြောင်း၊ သတ်လိုက မြန်မြန်သတ်ပါဟု ပြောလိုက်ပါသည်။

ဂျပန်မိုလ်မှူးကြီးက "စပိုင်ဖြစ်က မင်းဘာတွေလုပ်ခဲ့သလဲ၊ ပြောပြစမ်းပါ"ဟု မေးသောအခါ၊ အမှန်တကယ် ကျွန်တော် လုပ်ခဲ့သည်များကို တခွန်းမှမပြောဘဲ၊ တွေ့ကရာထင်ရာတွေ လျှောက်ပြောပါတော့သည်။ ဤသို့ ပြောလေ ရိုက်လေပင် ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူဘယ်သူတွေဆင်းသလဲ၊အဲဒီလူတွေ အခုဘယ်မှာလဲ၊ ဝိုင်ယာလက်ဘယ်မှာထားသလဲ စသည်ဖြင့် ဆက်တိုက်မေးပါသည်။ မည်မျှပင်ရိုက်စေကာမူ အမှန်တော့ မပြောပါ။ စစ်မိုလ်က ကျွန်တော် ပြောသည်များကို တေးမှတ်ထားပါသည်။ နောက်တကြော့ထပ်မေးသောအခါ၊ ဟိုလွဲဒီလွဲ ဖြစ်နေရာ ထပ်နှိပ်စက်ပြန်ပါသည်။ ကျွန်တော့်တကိုယ်လုံး မျက်နှာတခုလုံး အပါအဝင် သွေးကြေများဥ၍ ညို့မဲနေပါပြီ။ နောက်ထပ်တုတ်ချစရာ ကွက်လပ်မရှိတော့ပါ။ သို့ရာတွင် လွဲလွဲမှားမှားဖြစ်တိုင်း ထပ်တလဲလဲ ရိုက်ပြန်ပါသည်။တခြားလေထီးဆင်းသူတွေ ဘယ်မှာလဲဟု အထပ်ထပ် မေးပြန်ပါသည်။ ကျွန်တော်က "တယောက်ဘယ်မှာနေတယ် ဆိုတာ တယောက်မသိရပါ၊ တယောက်နဲ့ တယောက်လဲ



[watermark]သိပါ"ဟု ဖြေသည်ကိုလည်း မကျေနပ်၍ ထပ်နှိပ်စက်ပြန်ပါသည်။

ကျွန်တော့်မျက်နှာတခုလုံး သပြေသီးမှည့်ရောင် ဖြစ်နေပုံကိုကြည့်ရန်မှန်နှင့်ပြလိုက်ပါသေးသည်။ ထို့နောက် "ခင်ဗျား တယ်ချောတဲ့ လူနော်"ဟူ၍လည်းဂျပန်စစ်မိုလ်ကြီးကဆိုလိုက်ပါသေးသည်။ ကျွန်တော်၏ မျက်လုံး ၂ခုမှာ သွေးကြေတွေ တန်းနေပါသည်။

စစ်မိုလ်က "ခင်ဗျားစပိုင်ဆိုတာ ခင်ဗျားမပြောခင်ကထဲက ကျွန်တော် သိပါတယ်။ စကားပြောမတ်ခွက်နဲ့ အချက်ပြမှန်ဘီလူးသာ ပေးပါ"ဟု ပြောပါသည်။ ကျွန်တော်က ကျွန်တော့်ထံတွင် ပါမလာကြောင်း၊ နောက်မှ ချပေးမည်ပြောသော်လည်း၊ ယခုအထိ မရသေးကြောင်း ပြောသည်ကို နည်းနည်းမှမယုံပါ။

စစ်မိုလ်က "စပိုင်ဆိုယင်ရှိရမယ်ဗျာ၊ ဒါတော့ရမှဖြစ်မယ်၊ အဲဒါ ၂ခုသာ ထုတ်ပေးပါ"ဟု လေခတ်အေးအေးနှင့် ပြောနေပြန်ပါသည်။

ကျွန်တော့်အားတမျိုးသားလုံးဒုက္ခရောက်နေရသည်များ အတွက်မခံချင်သောစိတ်များကလှုံ့ဆော်၍ပေးလျက်ရှိပါသည်။ ထို့ကြောင့်သေရမည့်အတူမထူးဘူး၊ ရာဇဝင်ခတ်ပြောင်ပြောင်ပင် လုပ်မည်ဟု ဆုံးဖြတ်ကာ "ခင်ဗျားတို့က ကျွန်တော်တို့လို စပိုင်တွေသုံးတဲ့ ပစ္စည်းကရိယာတွေကကောင်းလွန်းလို့ လိုချင်နေတယ်ထင်တယ်၊ ကျုပ်သေပြီးလို့ခင်ဗျားတို့သေလို့ ဂျပန်ပြည် စစ်ရှုံးပြီးတဲ့နောက်တောင် မရဘူး မှတ်ပါ" ဟု ခတ်တည်တည်ပင်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်ဗိုလ်သည် ဘာမှဆက်မမေးတော့ဘဲ ထွက်သွား
ပါသည်။ ထို့နောက်လမ်းကပြန်လှည့်လာပြီး "ခင်ဗျား အဖေ
မိဘ ဘယ်မှာရှိသလဲ" ဟု မေးပါသည်။ ကျွန်တော်ကရန်ကု
မှာသေကုန်ပြီဟု ဖြေလိုက်ပါသည်။

ကင်ပေတိုင်ဗိုလ်မှူးလည်းလှည့်ပြန်သွားပါသည်။ ကျွန်တော်
မှာ အုန်းပင်ကပ်၍ ချည်ထားခြင်းခံနေရသဖြင့်၊ ညောင်းလှ
ပါပြီ။ ခဏနေသောအခါ ဂျပန်စစ်သားတယောက် လာ၍
သကြားများများနှင့်ဖျော်ထားသော နွားနို့ကိုတိုက်ပါသည်။
ကျွန်တော်သောက်နိုင်သလောက်ပင်တိုက်ပါသည်။

မိုးချုပ်သော်လည်း ဤအုန်းပင်၌ပင် ကျွန်တော် နေရပါ
သည်။ လဆန်း ၁၀ ရက်ခန့်ရှိမည့် ဆောင်းရာသီ လရောင်
သာလျှင် ကျွန်တော့်အတွက် အလင်းရောင် ဖြစ်ပါသည်။
မသေမီ ညီမကလေးကို တွေ့လိုစိတ် ရှိပါသည်။ သို့ရာတွင်
မတတ်နိုင်ပါ။

ကျွန်တော်၏ ဖျင်အင်္ကျီ ကော်လံထဲတွင် ထည့်ထားသော
အဆိပ်လုံးကလေးများကို ခေါင်းငဲ့ပြီး မေးစေ့နှင့်စမ်းကြည့်
ရာ၊ ၃လုံး အနက် ၂လုံးသာတွေ့ပါတော့သည်။ တလုံးမှာ
ကျွန်တော့်အားရေချိုးပေးပြီး ရေနွေးလောင်းစဉ်က ပျက်စီး
သွားဟန်တူပါသည်။

လှံစွပ်ဒဏ်ကြောင့်ခြေတချောင်းမှာ ထောက်၍ မရတော့
ပါ။ တချောင်းနှင့်သာ ထောက်နေရပါသည်။ အိပ်ချင်လွန်း
သောကြောင့် ကြိမ်ကြိမ်ကြိုးရာ၊ကိုယ်ကိုအနည်းငယ် ရှေ့သို့အား
လိုက်သည်တွင် အုန်းပင်နှင့်နောက်ပြန်တုတ်ထားသော ကြိုး
မှာအနည်းငယ်လျော့လာသဖြင့်ခေါင်းကိုအနည်းငယ်ရှေ့သို့



ငိုက်၍ရပါသည်။ ဤနည်းဖြင့် တမိနစ်ခန့်ငိုက်လိုက်၊ နိုးလိုက်၊
စက္ကန့်၃၀ခန့် ငိုက်လိုက်၊ နိုးလိုက်ဖြစ်နေပါသည်။

ဤညမှာပင် ကေန်သေရလိမ့်မည်ဟု ကျွန်တော်ယုံကြည်
ပါသည်။ အချိန်မဟုတ် အခါမဟုတ် သန်းကောင်ကျော်အ
ချိန်ခန့်တွင် မိုးက ရွာချလိုက်ပါသည်။ မိုးရွာသောကြောင့်
ဒဏ်ရာများမှာ ပို၍နာကျင် ကိုက်ခဲလာပါသည်။

နံနက် ၃ နာရီခန့်အချိန်လောက်ဟု ခန့်မှန်းရသောအချိန်
တွင်၊ ဘမ်းထားသောကျွန်တော်တို့၏လေတပ်စစ်သားများကို
ကားပေါ်တင်ပြီး အရှေ့သို့ ခေါ်သွားပါသည်။ အရှေ့
ဘက်လမ်းမှာတဖါလုံခန့်သာရှည်ပါသည်။ မကြာမီ သေနတ်
သံများ ကြားရပါသည်။ ပစ်သတ်ပြီးမြစ်ထဲ မျှောလိုက်ပြီဟူ၍
သာ တွေးတောရပါသည်။

ကားများ ပြန်လာပြီး မှုးမကြာမီအတွင်း၊ ကင်ပေရုံး
အတွင်းရှိ တောင်ပို့သဖွယ်ဖြစ်နေသော ဗုံးခိုကျင်းကျယ်ရေး
ကျဉ်းထိပ်ပေါ်သို့ တုပ်နှောင် ထားသော ကြိုးများကိုဖြတ်
ကာ၊ ကျွန်တော့်ကို တင်သွားကြပါသည်။ သေနတ်ကိုင်
စစ်သား ၄ယောက်သည် "ချောက်ချက်—ချောက်ချက်" နှင့်
အရပ်လေးမျက်နှာက ရပ်နေကြပါသည်။ မည်သည့်စစ်သား
ပစ်သောကျည်ဆံသည် ငါ့ကိုထိပြီးသေမည်နည်းဟုတွေးယင်း
ဤဘက် ဒီဘက် ရှေ့နောက်လှည့်ကြည့်မိပါသည်။ ဤအချိန်
တွင်ခတ်လှမ်းလှမ်းမှ "ထဘာသစန် ချော့တော့မတေး" ဟူ၍
ကြားရပါသည်။ ထဘာသစန် ဆိုသည်မှာ ဂျပန် စစ်သား
နာမည်ဖြစ်ပါသည်။ ချော့တော့မတေးဆိုသည်မှာ ခဏနေဦး
ဟူ၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအသံနှင့်အတူ အော်ဟစ်အမိန့်ပေးသော စစ်ဗိုလ်သည် ကျွန်တော်တို့ဆီသို့ လျှောက်လာပါသည်၊ စစ်သားများသည် ကျွန်တော့်အား ကြိုးနှင့်ပြန်တုပ်ပြီး အုန်းပင်ကြီးတွင် ပြန်၍ နောက်ပြန်ကပ်ချည်ထားကြပြန်ပါသည်။

"ခဏနေဦး"ဟု အမိန့်ပေးသောစစ်ဗိုလ်အား၊ ကျွန်တော် စိတ်ထဲက ကျေးဇူးတင်မိပါသည်။ ထိုစစ်ဗိုလ်လည်းကျွန်တော် ရှိရာ အုန်းပင်နှင့် မလှမ်းမကမ်းမှာ ရပ်နေပါသည်။ သူ့ကို ကြည့်ရသည်မှာ အခြားကင်ပေ၊ အခြားဂျပန်စစ်သားများကဲ့သို့ ကြမ်းထမ်းဆိုးဝါးပုံမပေါ်၊ စိတ်ကောင်းရှိတန်သမျှ ရှိသည့် လက္ခဏာရှိပါသည်။

ဘယ်အချိန်များ ငါ့လာသတ်မှာပါလိမ့်ဟူ၍ စောင့်မြော်နေယင်းနှင့် မိုးလင်းသွားပါသည်။ ဤအချိန်တွင် ရေ အလွန်ငတ်လှသဖြင့် ဟိုကြည့်ဒီကြည့် ကြည့်ရာ၊ ရေသောက်ရဘို့ မမြင်ပါ။ သို့ရာတွင် မကြာမီအတွင်းမှာပင် မိန်းကလေးတယောက်ကို ခတ်လှမ်းလှမ်းမှာတွေ့ပါသည်။ ကင်ပေတိုင်ရုံးနှင့်ဝင်းချင်းဆက်စနသော ပန်းဘဲဆရာကြီးအိမ်မှ မိန်းကလေး ဖြစ်ပါသည်။ အသက်၁၅နှစ်ခန့်သာရှိပါလိမ့်ဦးမည်။ ထိုမိန်းကလေးနှင့် ထိုအနီးအနား တဝိုက်ရှိလူများအဘို့ ကျွန်တော်တို့လို ဒုက္ခသည်များကို တွေ့ရသည်မှာ ရိုးနေကြပါပြီ။ ထို့ကြောင့် ကျွန်တော်နှင့် ကိုက်၃၀ခန့်အတွင်းသို့ ထိုမိန်းကလေး ရောက်လာသောအခါ၊ ကျွန်တော်က "မမလေး မမလေး ရေရှိယင် နဲနဲပေးပါ"ဟု လှမ်းတောင်းလိုက်ပါသည်။ ကျွန်တော် အော်ပြောသံ ကြားသောအခါ၊ ကင်ပေဗိုလ်မှူးကြီးသည် ရုံးတံခါးဖွင့်ကာ လှမ်းကြည့်ပါသည်၊ ထိုမိန်းကလေးက ကျွန်တော် ရေတောင်းသံ ကြားသောအခါ၊ လက်ခုပ်ကလေး တီးပြီး



"အောင်မယ်လေးတော် စောစောက ပြောရောပေါ့။ ကျမ အခုဘဲ ပေါက်ပြီးတယ်"ဟု ဟန်ပါပါနှင့် ပြန်ပြောပါသည်။ ကင်ပေဗိုလ်မှူးလည်း ဟက်ဟက်ပက်ပက် ရယ်ကာ "ခင်ဗျားတို့စပိုင်ကို အရပ်ထဲကလူတွေ ဘယ်လောက်အထိ မုန်းတယ်ဆိုတာသိပြီဟုတ်လား"ဟုကျွန်တော့်ကိုလှမ်းပြောလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်တော်သွေးတော်တော်ပျက်ပြီး ယောင်ချာချာ ဖြစ်သွားပါသည်၊ တနာရီခန့် ကြာသောအခါ ထိုမိန်းကလေးသည် အဝတ်အစားသစ်များ လဲလှယ် ဝတ်စားကာ ဆွဲခြင်းတခုကိုင်ပြီး ဤဝင်းထဲကပင်ဖြတ်လာပါသည်။ ဈေးသွားဘို့ ဖြစ်လိမ့်မည်ဟု ယူဆရပါသည်၊ မိန်းကလေးသည် မကြောက်မရွံ့ ကျွန်တော့်ဘက်သို့ လျှောက်လာပါသည်။ ကင်ပေဗိုလ်မှူးသည် မိန်းကလေးလာသည်ကို မြင်ပါသည်။ ဘာပြောဘာလုပ်မည်ကို သိလိုဟန်တူပါသည်။ မိန်းကလေးသည် ကျွန်တော့်အနီးသို့ ကပ်လာပြီး "ရှင်လိုလူကို ရေပေးဘို့မပြောနဲ့ ပါးတောင်ရိုက်ချင်သေးတယ်"ဟုဆိုကာ လက်ဝါးပြလိုက်ပြန်ပါသည်။ ကျွန်တော်လည်းအလွန် အခံရခက်ပါသည်၊ ရက်စက်ပါပေ့ မိန်းကလေးရယ်ဟု အောက်မေ့မိပါသည်။ ဂျပန်စစ်ဗိုလ်ကမူ ဘာမှမပြောပါ၊ သဘောကျပြီး တဟဲဟဲနှင့်ရယ်နေပါသည်။

လူသည်အလွန်အသက်ပြင်းပါသည်။ ဤမျှညှဉ်းပန်းနှိပ်စက်ခြင်းခံရ၍ ဤမျှရေအငတ်ထားသည်ပင် မသေပါ။ သေချင်၍လည်း မသေရပါ။

ကျွန်တော်ရေတောင်းလှသည်ကို မြင်သော ဗိုလ်မှူးကြီး၏ ကျေးဇူးကြောင့်လော မပြောတတ်ပါ။ နံနက်ဂနာရီသာသာ အချိန်တွင် ဂျပန်စစ်သားတယောက် မတ်ခွက်ကို ကိုင်ပြီး လာ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထို့နောက် ကျွန်တော့်ပါးစပ်နားသို့ တေ့ကာ "သောက် သောက်"ဟု ဂျပန်လိုပြောပါသည်။ ကျွန်တော် လည်း စေတနာနှင့် အကောင်း ရေလာတိုက်သည် ထင်သော ကြောင့် သောက်လိုက်ရာ၊ လျှာနှင့်ပါးစပ်တခုလုံးကျက်မတတ် ဖြစ်သွားပါသည်။ ဂျပန်စစ်သား လာတိုက်သည်မှာ ရေနွေး ပူပူကျက်ကျက်သာဖြစ်ပါသည်။ ကျွန်တော်က ရုတ်တရက်ပူလွန်း သဖြင့် 'ပူး'ဆိုပြီး ထွေးထုတ်လိုက်ရာ၊ ရေနွေး ၂စက်၃စက် ဂျပန်၏လက်ကို ထိစင်သွားပါသည်။ဂျပန်သည် ဒေါသတကြီး နှင့် ရှေ့တိုးလာပြီး 'ခူးရား'ဟုအော်ကာ ကျွန်တော့် ဆံပင် ကို နာနာဆွဲလျက် အုန်းပင်နှင့်နောက်ပြန်ကိုင်ဆောင့်ပါတော့ သည်။

လာသမျှ ဂျပန်စစ်သား ညွှသည်များသည် ကျွန်တော် အား အုန်းပင်၌ ချည်ထားသည်ကို တွေ့သောအခါ၊ အစော စစ်သားများကို ဘာဖြစ်တာလဲဟု သူတို့ဘာသာဖြင့် မေး ပါသည်။ စပိုင်ဖြစ်ကြောင်း ပြန်ပြောသောအခါ၊သူတို့၏ ဖြစ်သည့်ပမာ ကျွန်တော့်၏ပါးကို ၂ချက်၃ချက်စီမျှ ပြင်း ကြမ်းကြမ်းရိုက်နှက်သွားကြပါသည်။ မျှမ်းမျှခြင်း အား တနာရီလျှင် စစ်သား၃ဦးမျှက ဤကဲ့သို့ ဝင်ရောက်စွက်ဖ ကူညီနှိပ်စက်သွားကြသဖြင့်၊ ကျွန်တော့်မှာ ကြာလေ သေ လေဖြစ်ပါသည်။သေလည်းမသေနိုင်ပါ။ ကိုယ့်ဘာသာ လိုလုပ်သေရမည်ကိုလည်း မကြံရွယ်တတ်၊ မလုပ်တတ်ပါ။

လည်ပင်းကို သေနတ်ဒင်နှင့်ဆောင့်ခြင်းခံရသည်မှာလည်း ၁၀ ချက်ထက်မနည်းပါ။ကျွန်တော့်မေးစေ့လည်း ကွဲသွ ပါသည်။ ကျွန်တော်၏ကိုယ်ထဲတွင် သွေးပင်မရှိတော့၍လ မသိပါ။ လုံးလုံး သွေးမထွက်ပါ။ လူတို့ ခမ္မတာမအော



မအည်းနိုင်သော ဆီးတို့ဝမ်းတို့မှာ ဤအုန်းပင်ရင်း၌ မတ်ရပ် ထွက်ကျကြရပါသည်။

နံနက် ၁၀ နာရီခန့်တွင် ကျွန်တော် ပြောဘူးသည့် စိတ် ကောင်းရှိမည်ထင်ရသော ကျွန်တော့်ကို မသတ်သေးဘို့ လှမ်း ၍ အမိန့်ပေးသည့် စစ်ဗိုလ်ကလေးက ကျွန်တော့်အား တုပ်နှောင်ထားသော ကြိုးများကို လာရောက် ဖြည်ပေးပါ သည်။ ကြိုးများပြေသွားလျှင် ကျွန်တော်လည်း မဟန်နိုင်တော့ ပါ။ တခါတည်း လဲကျသွားပါတော့သည်။ ထိုစစ်ဗိုလ်ကလေး သည် ကျွန်တော့်ကို သေချာကျနစွာ ရေချိုးပေးပါသည်။ ဆပ်ပြာများတိုက်ပေးသည့်ပြင် မျက်နှာကိုလည်း အဝတ်နှင့် ဖြည်းဖြည်းသုတ်ပေးတို့ပေးပါသည်။ ထို့နောက်ကျွန်တော့်ကို ပထမဆုံးခေါ်သွားသည့်အခန်းကလေးထဲသို့ ဆွဲခေါ်သွားပါ သည်။အမိန့်အရသူလုပ်ကိုင်နေရဟန်တူပါသည်။ ရှေးခေတ်က ကာကာ လက်ဘက်ရည်ဆိုင်များတွင်ထားလေ့ရှိသည့် သံကြိုး ခွေကုလားထိုင်မျိုးပေါ်၌ကျွန်တော့်ကိုထိုင်ခိုင်းပါသည်။အချိန် နာရီပေါင်းများစွာ မလှုပ်နိုင် မယှက်နိုင် မကုန်းနိုင်ဓကွနိုင်ဘဲ မတ်ရပ်နေခဲ့ရသောကျွန်တော်မှာ ထိုသံကုလားထိုင် ကလေး ပေါ်တွင်ထိုင်လိုက်ရသောအခါ၊ နိုင်ငံကြီးအချို့တွင် ရှိသည် ဆိုကြသည့် ပထမတန်း ဟော်တယ်ကြီးတွေမှ ဆိုဖါကြီး များပေါ်တွင် ထိုင်ရသကဲ့သို့ ဇိမ်ရှိသွားသည်ဟု ထင်မိပါ သည်။ ဝမ်းလည်းသာ၊ အညောင်းလည်းပြေ၊ အားလည်း ရှိသွားပါသည်။

မှားမကြာမီ ဗမာလို ကောင်းကောင်းတတ်သည့် အဖြာ ရောင်ဝတ် ကင်ပေဗိုလ်မှူးကြီးဝင်လာပါသည်။ ထိုစစ်ဗိုလ်က မတ်စ်ကော့ဆိုသောဂျပန်စီးကရက်တလိပ်မီးညှိပြီး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ကိုပေးပါသည်။ ထို့နောက်သူက "ခင်ဗျားတို့အင်္ဂလိပ်စစ်တပ်ထဲမှာတော့ ကောင်းကောင်းနေ ကောင်းကောင်းစားရမှာဘဲ၊ ကျွန်တော်တို့ကတော့ဆင်းရဲတယ်ဗျာ၊ ဒီဆေးလိပ်ဘဲသောက်ပါ"ဟု စကား စ လိုက်ပါသည်။

ထို့နောက် တဖန်ဆက်လက်၍ "ခင်ဗျားတို့ တပ်ထဲမှာ ခင်ဗျား ရာထူးအဆင့်အတန်း ဘယ်လောက် ရှိပါသလဲ"ဟု မေးပြန်ပါသည်။ ထိုအခါ ကျွန်တော်က ဆာဂျင်မေဂျာဟု ပြောလိုက်ပါသည်။ ကျွန်တော်၏ ပြောပြချက်ကို သူသေသေချာချာရေးမှတ်ပါသည်၊ သူတို့၏ တလိုင်းတပွင့် (ထိုင်းကျော့စန်)နှင့်တူသည်ဟု သူတို့ချင်းပြောကြပါသည်။ တပ်စိပ်မှူးဟုဆိုခြင်းလည်း ဖြစ်ပါသည်။ "ခင်ဗျား ဂျပန်လို ဒီလောက်နားလည်တာ ဗမာပြည်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"ဟု မေးပြန်ပါသည်၊ "ဂျပန်သုံ့ပန်းတွေ အိန္ဒိယမှာ ဘမ်းထားတာ အများကြီးရှိတယ်၊ သူတို့ဆီကတတ်ခဲ့တယ်"ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။ ထို့နောက် ဆက်၍ "အိန္ဒိယမှာ ဘမ်းဆီးခြင်းခံနေရတဲ့ ဂျပန် စစ်သုံ့ပန်းတွေ နေရ ထိုင်ရ စားရ သောက်ရတာ ခင်ဗျားတို့ထက်သာတယ်၊ သူတို့ကို ဘမ်းဆီးချုပ်နှောင်ရိုက်နှက်စစ်ဆေးသတ်ဖြတ်ခြင်းလဲ မပြု၊ ညနေမိုးချုပ်မှသူတို့အိပ်ရာရှိရာကို သူတို့ပြန်လာကြတယ်၊ အခု ခင်ဗျားတို့ကျွန်တော်တို့ကိုညှဉ်းပန်းနှိပ်စက်တာဟာ တရားလွန်အားကြီးတယ်"ဟု ခတ်တည်တည်ပင် မထူးဘူးဆိုပြီး ပြောချလိုက်ပါသည်။

ထိုအခါ ကင်ပေမိုလ်မှူးကြီးက "ခင်ဗျားကိုရိုက်နှက်ရတာဟာ စပိုင်ဆိုပြီး စကားပြောခါတ်ခွက်နဲ့ မှန်ဘီလူး မရလို့ဖြစ်တယ်၊ စပိုင်ဆိုယင် ဒီပစ္စည်းနှစ်ခု ရှိရမယ်၊ ဝှက်ထားတဲ့



နေရာက အဲဒီပစ္စည်းတွေထုတ်ပေးပါ၊ ဘယ်မှာထားပါသလဲ" ဟူ၍ပင် သူတို့အလိုရှိရာ ဘူတာသို့ ပြန်ဆိုက်တောင်းဆိုပြန်ပါသည်။

ဤအချိန်တွင် ဘယ်လိုဖြစ်၊ ဘယ်လိုလုပ်လိုက်သည်မသိပါ၊ ဗြုံးဆို ခါတ်လိုက်ရာ ကုလားထိုင်ရော လူပါ နောက်ရှမ်းပစ်ကျပါတော့သည်။ ကင်ပေမိုလ်မှူးကြီးနှင့် ဂရုမိုက်ပြီး စကားပြောနေခိုက်တွင် နောက်ဆီကသေမင်းတမန်မှတ်ဆိတ်စစ်သားလူသတ်သမားများ ရောက်နေသည်ကို ကျွန်တော် မသိပါ။ ခါတ်လိုက်ပြီး ပက်လက်လန်ကျ၍ကြည့်လိုက်သောအခါ မျက်စိထဲတွင် ၃-၄ယောက် မကပါ။ ၁၄-၅ယောက်ခန့် ဖြစ်နေပါသည်။ လူတယောက်ကို ၃-၄ယောက်ဟု မြင်နေဟန်တူပါသည်။

ကျွန်တော် လဲပြီးခဏတွင် လူသတ်ဘီလူးများသည် ကျွန်တော့်အပေါ် ဖိ၍ထားလိုက်ကြပါသည်။ ကျွန်တော်လည်း နောက်ထပ် မျက်စိ ဖွင့်မကြည့်တော့ပါ။ ရင်ပတ်ပေါ် ဖိနေသော အလေးချိန်ကိုအနိုင်နိုင်ခံနေရပါသည်။ ပက်လက်ဖြစ်နေသော ကျွန်တော်၏လက်ျာလက်ကို လက်ဖျားဆီမှဆွဲကိုင်လှည့်လိုက်သောလက်မှာ လူလက်မှဟုတ်ပါလေစဟု အောက်မေ့မိပါသည်။ သံချောင်းလောက်ပင်မာပါသည်။ လက်မောင်းရင်းမှပင် ပြုတ်ထွက်သွားပြီလားဟူ၍လည်း အောက်မေ့လိုက်ပါသည်။ ကျွန်တော့်နားထဲတွင်ပန်းကန်တလုံး သို့မဟုတ် ပုလင်းတလုံး ချွဲလိုက်ဘိသကဲ့သို့သော အသံတခု ကြားလိုက်ရပါသည်၊ ကျွန်တော်၏ စန့်နေသော လက်ဖမိုး ၂ဘက်ပေါ်တွင် သံခွါစစ်ဘိနပ်များ တဂျွတ်ဂျွတ်နင်းနေခြင်းကိုလည်း မခံဆန့် ခံစားနေရပါသည်။ ဤအချိန်၌ ရင်ပတ်ပေါ်တွင် ဖိထိုင်

www.burmeseclassic.com

www.burmeseclassic.com

နေသော စစ်သားသည် ပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန် အားရပါးရ ရိုက်နှက်နေပါသည်။ အခြား ခြေသံများလည်း ကြားရပြန်ပါသည်။ ထို့နောက်လက်ျာဘက်လက်မှ လက်ခါး လယ်နှင့် လက်သူကြွယ်တို့၏လက်သည်းများကို ဘာလုပ်သည်ဟု ကျွန်တော်မသိပါ။ ဓါးနှင့်ခွါသည်၊ ပုလင်းကွဲနှင့် ခွါသည်ဟုလည်းမခန့်မှန်းတတ်ပါ။ ကျွန်တော့်စိတ်ထဲတွင်မူ တစင်းသို့မဟုတ် ကျားလျှာနှင့် တိုက်နေသည်ဟုပင် ထင်ပါသည်။ (ဒဏ်ရာများကိုပြသည်။ လက်သည်းခွံ ခွါထားသည်မှာ ယခုတိုင် မကောင်းသေးပေ။) ရင်ပတ်ပေါ်တွင်လည်း ဖိထား၊ လူကလည်း အားအင်မရှိတော့သဖြင့် ဤမျှနှိပ်စက်နေသည်ကို ကျွန်တော်မအော်နိုင်ပါ။ အံကြိတ်၍သာခံနေပါသည်။

ဤမျှနှင့်မပြီးသေး၊ ခွါထားသော လက်သည်းခွံနှင့် လက်ဖမိုးတခုလုံးပေါ်သို့ရေနွေးဆူဆူများရှတ်တရက် သွန်လောင်းချလိုက်ရာ၊မည်သို့ဖြစ်သွားသည်မသိ၊ တအားရှန်း၍ "အမေ-အမေ"ဟု ၂ခွန်း အော်မိပါသည်။ လက်ပေါ်မှ ဂျပန်နှင့် ရင်ပတ်ပေါ်မှ ဂျပန်လည်း ယိမ်းထိုးသွားကြပါသည်။ ထို့နောက် လက်သည်းခွံကွာ အသားနုများပေါ်သို့ ဆားနှင့် သံပုရာရည်များလား မပြောတတ်ပါ၊ လောင်းချပြန်ပါသည်။ ဝေဒနာမှာ ဆိုးဝါးလှပါသည်။

ချက်ခြင်းဆိုသလို ကင်ပေဗိုလ်မှူးကြီးပြန်ဝင်လာပါသည်။ သူ့အမိန့်အရ ခြေမှဒရွတ်ဆွဲပြီး အုန်းပင်တွင် ပြန်၍ မတ်ရပ်ချည်နှောင်ထားကြပြန်ပါသည်။ ကျွန်တော်၏ ကိုယ်ခန္ဓာမှာ ယခင်ကထက် ပို၍ အားအင်ချိနဲ့နေပါပြီ။ ထို့ကြောင့် ခြေထောက်များမှာ မလှုပ်နိုင်တော့သဖြင့်၊ကြိုးလျှော၍ ခွေခွေကျပါသည်။ဂျပန်အစောင့်သည်ဤသို့ဖြစ်ရပါမည်လောဟုပေါက်



ထုးရိုးနှင့် ညို့သကြီးကိုရိုက်နှက်ပါသည်။ (အနာရွတ်များကို ပြသည်။)မည်သို့ပင်ရိုက်စေကာမူ ကျွန်တော်လည်း ခွေကျမြဲ ပင် ကျပါသည်။ ဂျပန်သည် အရိုက်အနှက်လက်လျှော့ကာ၊ အုန်းပင်ရင်းတွင် ထိုင်လျက် ကြိုးနှင့် ပြင်တုပ်ပေးပါသည်။ (မောင်သန်းဆွေသည် ပြောယင်းဝမ်းနည်းပြီး ငိုရှာပါသည်။)

ဤအချိန်တွင် ကျွန်တော်ပို၍ လက်လျှော့ပါပြီ။ဝမ်းမနည်းတော့ ဝမ်းနည်းလှသဖြင့်၊ ရှိုက်ရှိုက်ပြီးငိုမိပါသည်။ မိဘကို သန်တော့ပါသည်။ ညီမကလေးကို မေတ္တာပို့ပါသည်။ သူတို့နှင့်တွေ့ရတော့မည်မဟုတ်ဟူ၍တွေးတောပူပန်ဝမ်းနည်းသာသဖြင့်၊ ပိုမိုရှိုက်ငင်ပြီး ငိုမိပါသည်။ မည်မျှကြာသည် သိပါ။ ကျီးများအိပ်တန်းတက်သံကြားမှပင် အချိန်ကို သတိပြုမိပါတော့သည်။

အုန်းပင်ကြီးမှာ တော်တော်ပင်ကြီးပါသည်။ အစောင့်ဂျပန်နှစ်ကောင်လည်း သူတို့အချင်းချင်း စကားပြောနေကြပါသည်။ ဤအချိန်တွင် ကျွန်တော်၏ နောက်ကျောဆီ အုန်းပင်ဘေးမှ မိန်းမသံတသံ ကြားရပါသည်။ "အစ်ကိုလေးရယ်-အားမလျှော့ပါနဲ့၊ အားတင်းထားပါ၊ ကျွန်မကယ်နိုင်အောင်ကြိုးစားပါ့မယ်"ဟူ၍ဖြစ်ပါသည်။ထိုမိန်းကလေးမှာ အခြားသူမဟုတ်ပါ။ နံနက်ပိုင်းက ကျွန်တော့်အနီးသို့ ရောက်လာပြီး၊ နင့်နင့်သီးသီး ပြောဆိုသွားသူကလေးသာ ဖြစ်ပါသည်။ကျွန်တော်လည်း အံ့အားသင့်သွားပါသည်။ ဝမ်းသာအားတက်လာပါသည်။ ကျွန်တော်မှာ အသေကောင်တပိုင်းဖြစ်နေပြီကို ကောင်းစွာသိရှိကြသော ဂျပန်စစ်သား အစောင့် ၂ယောက်သည်၊ ကျွန်တော့်အား အထူးတလည်ဂရုစိုက်ပြီးစောင့်ကြပ်ခြင်း မပြုကြတော့ပါ။ ဂျပန်၂ယောက်သားထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ပုံးချသည့်အကြောင်း၊ စစ်ပွဲတိုက်ပွဲအကြောင်း စသည်တို့ကို စိတ်ဝင်စားစွာ ပြောဆိုနေကြပါသည်။ မိန်းကလေးသည် ဂျပန်များကိုချောင်းကြည့်ပြီး၊ မမှောင့်တမှောင်အရိပ်ကလေးကို ခိုကာပြန်သွားပါသည်။

ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုပို၍ အားတင်းပါသည်။ ဒူးနှစ်ဘက်ဆီတွင်ရှိသည့်လုံချည်နှင့် ငုံ့ပြီးမျက်ရည်သုတ်လိုက်ပါသည်။ မျက်ရည်များမှာရေမဟုတ်တော့ပါ။ သွေးစိမ်းများသာထွက်နေသည်ကိုလုံချည်ပေါ်၌တွေ့ရပါသည်။ အနည်းငယ်အားရှိစေရန်ဟူသော ရည်ရွယ်ချက်နှင့်ရှေ့သို့ ခေါင်းစိုက်ပြီး ကျွန်တော်အိပ်ကြည့်ပါသည်။ ကျွန်တော်၏စိတ်ထဲတွင်၁၀မိနစ်ခန့်မျှသာ ရှိသေးသည်ဟုထင်သောအချိန်တွင်၊ ကျွန်တော်၏ခြေသလုံးကိုမီးလောင်သဖြင့်လန့်နိုးပါသည်။ မျက်စိဖွင့်ကြည့်လိုက်သောအခါ၊ ဂျပန်စစ်သား၏ လက်ထဲတွင် မီးရဲရဲနှင့်သံချောင်းတချောင်းကိုတွေ့ရပါသည်။ ကျွန်တော့်ခြေသလုံးကိုတို့ထားသော အဖျားပိုင်းမှာမူ မနီ မရဲတော့ပါ။ အငွေ့တထောင်းထောင်း ထနေပါသည်။ "မင်းကိုနှိုးလို့မရလို့ ပန်းဘဲဖိုသွားပြီး သံချောင်းမီးကင် တို့နှိုးရတယ်"ဟု ဂျပန်လိုပြောလိုက်ပါသေးသည်။ (ဘယ်ဘက်ခြေသလုံးကြွက်သားက အမာရွတ်ကို မောင်သန်းဆွေကပြသည်။)ကျွန်တော်က ၁၀မိနစ်ခန့်သာအိပ်လိုက်ရသည်ဟုထင်မိသော်လည်း၊ အချိန်မှာ မိုးစင်စင်လင်းနေပါပြီ။ ထို့ကြောင့်ဂျပန်ကသံပူချောင်းရဲရဲနှင့်တို့နှိုးခြင်းဖြစ်ပါသည်။

ဂျပန်စစ်သားသည် ဘီစကွတ်မုံ့သေးသေးကလေးများကို ကျွန်တော့်အား ကျွေးပါသည်။ စားချင်စိတ်လည်းမရှိပါ။ စားလည်းမစားနိုင်ပါ။ နံနက်၇နာရီခွဲအချိန်ခန့်တွင် ဂျပန်မ



တယောက် ကင်မရာကလေးနှင့် လာပါသည်။ အစောင့်စစ်သားများအား "စပိုင်ဆိုတာသူလား"ဟု မေးပြီး၊ ကျွန်တော့်အနီးသို့ကပ်လာကာ၊ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့် ချောက်ဆိုကျွန်တော့်ဓါတ်ပုံကို ရိုက်ယူလိုက်ပါသည်။ သူကလည်း စပိုင်မ လားမပြောတတ်ပါ။ လေယာဉ်ပျံကွင်းတွင် အလုပ်လုပ်ခဲ့သော်လည်း၊ဂျပန်မကို ကျွန်တော်မတွေ့ဘူးပါ။ယခုအကြိမ် ပထမတွေ့ဘူးခြင်းဖြစ်ပါသည်။ ကျွန်တော်က တရုတ်မဟုထင်နေပါသည်။ ဂျပန်စကားပြောသံကြားမှပင် ဂျပန်မှန်း သိပါတော့သည်။ ကျွန်တော်က ဂျပန်ဘာသာနှင့် ထိုဂျပန်မအား လှမ်းပြီး "နှဲနိုဒစ်ကရှိ ဘာဟောတိုက်စံ — ဒါဘာလုပ်မလို့လဲ ရဲမေ"ဟု မေးလိုက်ပါသည်။ ထိုအခါ သူမသည် အံ့အားသင့်ပြီး ရုတ်တရက် စကားပြန်မပြောပါ။ ထို့နောက်မှ"စပိုင်တယောက်ဆိုယင်စစ်ဗိုလ်ကြီးငါးယောက်မကအရေးကြီးပါတယ်၊ ဒါကြောင့်နောင်တနေ့ မတော်တဆ ပျောက်ပျက်သွားယင် ရှာဖွေလို့ဖြစ်နိုင်အောင် ဓါတ်ပုံရိုက်ယူခြင်းဖြစ်ပါတယ်၊ ကျွန်မဒီလို ဓါတ်ပုံရိုက်ယူတာကို ခွင့်ပြုပါ၊ ခွင့်ပြုဘို့ ကျွန်မတောင်းပန်ပါတယ်"ဟု ယဉ်ကျေးစွာ ပြန်၍ ပြောပါသည်။ ထိုအခါ ကျွန်တော်က"ကိစ္စမရှိပါဘူး။ ခွင့်ပြုပါတယ်"ဟု ပြန်ပြောလိုက်ပါသည်။

ထိုနောက်ဂျပန်မကလေးက"ဘာများ အကူအညီလိုချင်သေးသလဲ"ဟု မေးပါသည်။ ကျွန်တော်က "သေရမဲ့လူအတွက် ဘာမှအကြောင်းမထူးတော့ပါဘူး၊ ဘာအကူအညီမှလဲမလိုပါဘူး"ဟု ပြန်ပြောလိုက်ပါသည်။ ၎င်းနောက် ဂျပန်မကလေးသည် "ဂုဒ်ခင်ကိုးကိုယေနိုရှိချိမတ်ရှ်—သွားတော့မယ် သူရဲကောင်းရဲ့ဘော်"ဟု နှုတ်ဆက်ပြီး ထွက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်ကလည်း "ဆားရေ့နားရား"ဆို
စကားတလုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။

ဂျပန်မကလေးသည် ကင်ပေတိုင်ရုံးထဲဆီသို့ ဝင်သွား
သည်၊ နေ့ခက်ထပ်လည်းမမြင်ရတော့ပါ။တခုထူးခြားသည်
သို့သွားပြီးကတည်းက ကျွန်တော့်ကို နောက်ထပ်နှိပ်
တော့မည့်သူ မရှိခြင်းပင် ဖြစ်ပါသည်။ တနေ့လုံးသာ
နောက်တရက်မိုးသောက်သည်အထိ ပါးရိုက်နားရိုက်၊
သည်းခွါ၊ ရေနွေးလောင်းခြင်း အပေါင်းတို့မှ ကင်းလွတ်
ပါသည်။

ထိုနေ့နံနက် ၁၀ နာရီခန့်အချိန့်တွင်၊ ကြက်ခြေနီ အ
တံဆိပ်ပါသော သားရေအိတ် ဆွဲလာသည့် ဂျပန်စစ်
တယောက် ကျွန်တော့်ကို လာကြည့်ပါသည်။ ကျွန်တော်
ထားသော ဒဏ်ရာများတွင် ယင်ကြေးဥ နေသည်များ
ဆေးဝါးသုတ်လိမ်းပေးပါသည်၊ ဘောင်းဘီတွင် သွေး
ပေ၍ ယင်ကြေးဥနေသည်ကိုလည်း ရေနှင့်သုတ်ပေးသန့်
ပေးပါသည်၊ ဆေးထည့် ပတ်တီး စည်းပေးပြီးနော
ကျွန်တော့်အောက်တွင် ဖျာကလေးတချပ် ခင်းပေးပြီးသ
တိုင်အောင် စောင့်ကြည့်နေပြီးနောက်မှပြန်သွားပါသည်။

ဆရာဝန်ပြန်သွားပြီး ၁၅မိနစ်ခန့် ကြာသောအခါ၊
စွပ်တပ်ထားသော သေနတ်ကို နောက်ကျောတွင် လွယ်
ပေါက်ပြားတလက်ကိုကိုင်လာသောဂျပန်စစ်သားတယော
သည် ကျွန်တော့်ဆီသို့ ရောက်လာပြီးလျှင်၊ တုပ်နှောင်ထာ
သော ကြိုးများကိုဖြည်ပေးပါသည်။ ထို့နောက် ပေတရာ
ဝေးသောနေရာကိုခေါ်သွားပြီး၊ ပေါက်ပြားဖြင့် ကျွန်တော်
အားတွင်းတူးခိုင်းပါသည်။ ကျွန်တော့်တရပ်လောက် နက်အော



တူးပါဟု၍လက်နှင့်ပြပါသည်။ ဂျပန်ဘာသာဖြင့် ပါးစပ်က
လည်း ပြောပါသည်။ ကျွန်တော်မှာ အားအင်ကလည်းမရှိ၊
မျက်စိမှာလည်း သွေးရည်များ ပိတ်ဖုံးနေသဖြင့် မြင်နိုင်မှ
အနိုင်နိုင်ပွင့်ပါသည်။ ဂျပန်စစ်သားသည် ရေလည်းတိုက်ပါ
သည်။မုန့်လည်းကျွေးပါသည်။ မုန့်ကိုမူကျွန်တော်မစားနိုင်ပါ။
ပါးစပ်ဆိုသည်မှာလည်း ကျယ်ကျယ်ပွင့်ပွင့်ဟနိုင်သည်မဟုတ်
သောကြောင့် အစာဆို၍ ဘာမှမဝါးနိုင်ပါ။ အစောင့် ဂျပန်
စစ်သားက "ဖြေးဖြေးတူးပါ၊ မောရင်နားနားပြီး တူးပါ"
ဟုပြောပါသည်။"ဘာစားချင်သလဲ"ဟုလည်း ခဏခဏမေး
ပါသည် ။"ငါ့ကို မြှုပ်သတ်မည့်တွင်းကို ငါတူးနေရတာဘဲ"
ဆိုသည့် အသိသည် တော်တော်ဆိုးပါသည်၊ ထို့ပြင် ကျွန်တော်
တူးနေသော တွင်း၏ အနီးအနားတဝိုက်တွင် မြေပုံများက
မနည်းပါ၊ ကျွန်တော့်အလျှင် ကိုယ့်ကိုယ့်ကို တွင်းတူးပြီး
သေနှင့်ကြရသူများဖြစ်ကြပါလိမ့်မည်၊

ညနေ ၄နာရီအချိန်အထိ ကျွန်တော် တူးပါသော်လည်း
အလျား ၅ပေခွဲ၊ အနံ ၂ပေခန့်ရှိ တွင်းမှာ ကျွန်တော်၏
ဒူးဆစ် ခန့်သာ နက်ပါသေးသည်။ဂျပန် စစ်သားသည်ကျွန်
တော့်အား"တော်ပြီ-တော်ပြီ"ဟု ပြောကာကျွန်တော့်ကို
မူလအုန်းပင်ကြီးဆီသို့ ပြန်ခေါ်လာပါသည်။ ဤအကြိမ်တွင်
ကြိုးဟောင်းများကိုအသုံးမပြုတော့ပါ။ ကြိုးသစ်များနှင့်သာ
မူလအတိုင်း တုပ်ကြပါသည်။

ဤအခြင်းအရာ များကြောင့် ကျွန်တော် အားလုံးလုံး
လျှော့လိုက်ပါပြီ။ အချိန်မိုကာယနိုင်မည့် သူဟူ၍လည်းမြော်
လင့်နိုင်စရာအကြောင်းမရှိတော့ပါ၊ ထို့ကြောင့် ဂျပန်များ



www.burmeseclassic.com

www.burmeseclassic.com

လာခေါ်သောအချိန်တွင်အင်္ကျီကော်လံကို ပါးစပ်နှင့်ကိုက် အဆိပ်လုံးကလေးကိုထုတ်ကာ မျိုချ လိုက်မည်၊ ထိုအ ၁၀စက္ကန့် အတွင်း ငါသေမည်၊သူတို့အသက်တော့ မခံ စိတ်ဒုံးဒုံးချကာ ကြံစည်ထားပါသည်။

နေဝင်၍ မှောင်စပြုလာသောအချိန်တွင် ကင်ပေတိုင်ဗိုလ် မှူးကြီးနှင့် အခြားကင်ပေတိုင် ဗိုလ်ကြီး တယောက်သ ကျွန်တော့်ဆီသို့ လာကြပါသည်။ ထိုနောက် ဗိုလ်ကြီး "နက်ဖြန်ဆိုယင် ခင်ဗျားမရှိတော့ဘူး၊ ခင်ဗျားတူးတဲ့ တွ ဟာ ခင်ဗျားအတွက်ဆိုတာ ခင်ဗျားလဲသိမှာပေါ့၊ ဒါကြော နောက်ဆုံးတောင်းပန်ချင်တာက၊ ခေါ်ခွက်နဲ့ မှန်ဘီလူး ပေးဘို့ပါဘဲ"ဟု ပြောပါသည်။ ကျွန်တော်လည်း ဆက် အပြောမစောင့်တော့ပါ။ သေမည့်အတူတူ မထူးဘူးဆို "ခင်ဗျားတို့စစ်ရှုံးပြီးတောင် အဲဒီပစ္စည်းတွေမရဘူးမှတ်ပါ" ဟုပြန်ပြောလိုက်ပါသည်။ ဂျပန်၂ယောက်လည်း မခံချိမခံသာ ပြုံးပြီး စစ်သားများအား "သူ့ကို ဒီမတ်စကော့စီးကရက် ဘူးပေးလိုက်ပါ"ဟု လှမ်းပစ်ပြီး ၂၀ ဝင်ဘူးတဘူးပေးက ထွက်သွားကြပါသည်။ လမ်းလျှောက်ထွက်ကြခြင်းဖြစ်မလာ မပြောတတ်ပါ။ ဤအချိန်တွင် ဂျပန် စစ်မော်တော် ကားများ သည် မြို့ဘက်မှ မြစ်ဆိပ်ဆီသို့ တဝီဝီနှင့် အပြင်း သွားနေကြ ပါသည်။ တစင်းက မီးဖွင့်၊ တစင်းက မီးပိတ်ပြီးသွားကြပ သည်။ ကားများပေါ်တွင် ဘာတွေပါသည် ဟူ၍ကား ကျွန် တော်မသိပါ။ ကားများ အပြေးသွားသဖြင့် ဖုံတွေလွှင့်ပြီး ကျွန်တော့်မျက်စိကိုလာပိတ်၊ နှာခေါင်းနှင့် ပါးစပ်ထဲသို့ ဝင်ကြသည်မှာ အားလုံးပြည့်မတတ်ဖြစ်ပါသည်။



ဤနေ့ ဤရက်မှာ လပြည့်အနီးတဝိုက် ဖြစ်ပါလိမ့်မည်၊ ဖိုးလမင်းကြီးသာနေသည်မှာ တော်တော်ပြည့်ပြည့်ဝဝဖြစ်ပါ သည်။ တိမ်ထဲထိုးဝင်သွားလိုက်၊ ပေါ်လာလိုက်နှင့်ပင် ဖြစ် ပါသည်။ ကျွန်တော် ခံစားနေရသောဒုက္ခကို ဖိုးလမင်းကြီး ဘာမှသိမည် မဟုတ်ပါ။ ဆင်းရဲလှသော ကျွန်တော်၏ မိဘ နှစ်ပါးနှင့် ချစ်လှစွာသော နှစ်မယ်ကလေးလည်း သိမည် မဟုတ်ပါ။ ကျွန်တော်၏တသက်နှင့်တကိုယ်တွင် နေနှင့်လတို့ထံ အခါမှ ဆုမတောင်းဘူးပါ။ ဤအကြိမ်တွင်မူ ခိုကိုးရာမဲ့လှ သဖြင့် "လမင်းကြီးရယ် ကျွန်တော့်ကို မကယ်နိုင်တော့ဘူး သားဗျာ"ဟု တမ်းတမိပါသည်။ကျွန်တော့်ကိုကယ်ပါမည်ဟု လာပြောသွားသောမိန်းကလေးကို ကျွန်တော်လှမ်းပြီး ကြည့် ပါသော်လည်း ဘာအရိပ်အခြည်မျှ မမြင်ရပါ။

ထိုညတွင် ကျွန်တော် မအိပ်ချင်ပါ။ သေရတော့မည်ကို သိနေသောကြောင့် တထိတ်ထိတ်နှင့် အိပ်ချင်စိတ်ဆိုသည်မှာ အနားသို့ပင် သီ၍မလာပါ။ ဂျပန်အစောင့်စစ်သား၂ယောက် သည် ၎င်းတို့၏ ကင်ပေတိုင်ဗိုလ်မှူးကြီးက ပေးသွားသော ဒေါ်စကော့စီးကရက် ၂၀ ဝင်ဘူးကို ကျွန်တော့်အား မပေး၊ တလိပ်မျှပင်မပေးဘဲ ၎င်းတို့ဘာသာ ဖေါက်သောက်ကြပြီး စကားများ ထိုင်ပြောနေကြပါသည်။ တော်တော်ကြာ သေရ တော့မည့်လူ၊ ဆေးလိပ်ကောင်းကောင်း သောက်စရာ မလိုဟု ယူဆကြသလား မပြောတတ်ပါ။ ကျွန်တော့်ကိုသေလူ ဆိုပြီး သူတို့ဂရုမစိုက်ကြတော့ပါ။

အင်အားကုန်ရှိသမျှကလေးနှင့်ချည်နှောင်ထားသော ကြိုး များလျော့လာလိုလျော့လာငြား ကျွန်တော်ရုန်းကြည့်ဆွဲကြည့်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ အင်အားကောင်းပြီး တုပ်နေကျချည်နေကျ ဂျပန်ကင်ပေစစ်သားများကိုယ်တိုင် ကြိုးအသစ်များနှင့် တုပ်နှောင်ထားခြင်းဖြစ်သဖြင့် ဘာမှအကြောင်းမထူးပါ။ သို့ရာတွင် အင်အားနှင့်ဖိ၍ ကျွန်တော်ရုန်းလိုက်တိုင်း နောက်ကြိုးသည် ကျွတ်ကျွတ် ကျွတ်ကျွတ်နှင့် စုတ်သပ်သကဲ့သို့မြည်သည်ဟု ကျွန်တော်၏စိတ်ထဲတွင်ထင်ပါသည်။

အသက်လည်းရှူ၍မဝပါ၊ အားမရပါ။ ပတ်ဝန်းကျင်တခုလုံးမှာလည်း အသက်မရှိ၊ အသက်မဝင်သကဲ့သို့ ငြိမ်သက်၍နေပါသည်။ ကျွန်တော့်ကိုတုတ်နှောင်ထားသော အုန်းပင်ကြီးအပေါ်မှအချိန်မဟုတ် အခါမဟုတ် ပန်းထိမ်ဖိုငှက်တကောင်က "တိန်တိန်တိန်"နှင့် အော်နေသော အသံသာလျှင် အသံဟူ၍ပြောစရာရှိပါသည်။ ဤကြားထဲတွင် ငှက်ဆိုးဟုခေါ်သော လင်ကောင်မိုးငှက်သည် အရှေ့ဘက်မှ ကျွန်တော့်အုန်းပင်နားသို့ ကပ်ပျံဝင်လာကာ "ဂီး"ဆိုပြီး အနောက်ဘက် ကင်ပေတိုင်ရုံးခေါင်မိုးပေါ် ဖြတ်ပျံသွားပါသည်။ အစောင့်ဂျပန်များပင် လန့်ပြီး ထခုန် ကြပါသည်။ ကျွန်တော်၏စိတ်ထဲတွင်လည်း "ငါတော့ သွားပြီ" ဟု နိမိတ် ကောက်မိပါသည်။ အသက်ရှူရသည်မှာ ပို၍ပင် အားမရနိုင်အောင် ဖြစ်လာပါသည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာပါသည်။ သန်းကောင်ချိန်လား၊ သို့မဟုတ် အရုဏ်တက်လား၊ ဘယ်အချိန်လူသတ်သမားတို့ ငါ့ကိုခေါ်၍သတ်ကြမည်နည်းဟုသာ တွေးတောနေမိပါသည်။ အိပ်ချင်စိတ်သည် အနားသို့ ကပ်မလာ၊ အဝေးကြီးက ရှောင်နေပါသည်။



၁၁နာရီကျော်ကျော် ၁၂နာရီအချိန်ခန့်တွင် ကောင်းကင်မှ လေယာဉ်ပျံအချက်ပေး ခွေးဥသြကလေး အော်ပါသည်။ ၅မိနစ်ခန့်ကြာသောအခါ၊ ကောင်းကင်မှ မောင်းသံကြီးများကဲ့သို့သော အသံများကြားလာရပါသည်။ မကြာမီပင်ခန့်မှန်းခြေအရ မီးရထားဘူတာရုံဘက်ဆီတွင် မီးကျည်တွေ ကျလာပါသည်။ ကျွန်တော့်ကိုစောင့်သော ဂျပန် ၂ ယောက်လည်း ကျွန်တော့်အနီးသို့ပြေးလာကြပါသည်။ ဗုံးချလျှင်ကျွန်တော်တို့က မြေကြီးပေါ်တွင် မှောက်လျှက်ရှိပါသည်။ ဤဂျပန် ၂ယောက်ကမူ ကျွန်တော့်အနီးတွင် သေနတ်များ ဘေးချပြီး ပက်လက်ကြီးတွေလုပ်နေကြပါသည်။ ကျွန်တော့်ကိုသာ ကြိုးချည်မထား၍ ကျွန်တော်သာ အားနည်းနည်းရှိမည်၊ လက်နက်အခုခု၊ အုတ်ခဲပင်ဖြစ်ဖြစ် ရှိမည်ဆိုလျှင်၊ ဤဂျပန် ၂ယောက်သေမည်မလွဲပါ။ ကင်ပေတိုင်ရုံးထဲမှ ဂျပန်ဗိုလ်ကြီး၊ ဗိုလ်အလေး၊ စစ်သားစသည်တို့ အားလုံးလည်း ကာကွယ်ရေးကျင်းထဲသို့ ဝင်ပြေးကုန်ကြပါပြီ။

ခန့်မှန်းခြေအားဖြင့် မီးကျည်ချသော နေရာမှာ တနေရာ၊ ဗုံးချသောနေရာမှာ တနေရာဖြစ်မည်လား မပြောတတ်ပါ။ ဗုံးသံများကို စစ်တောင်းမြစ် မိုးကောင်းတံတားကြီးဆီမှ၎င်း၊ ရုံးဟောင်းကြီးများဆီမှ၎င်း၊ အခြား ဟိုဆီ ဒီဆီမှ၎င်း ကြားရပါသည်။ ထို့နောက် တဖြည်းဖြည်းနှင့် လေယာဉ်ပျံသံများ ပျောက်သွားပါတော့သည်။

ခွေးအော်သံ ဥသြကလေးသည် ပြတ်တောင်းပြတ်တောင်းနှင့် ရန်သူလေယာဉ်ပျံမရှိတော့ဟူ၍ အချက်ပေးသဖြင့်၊ ဂျပန်များလည်း ကာကွယ်ရေးကျင်းများထဲမှ ထွက်လာကြပါသည်။ ဤအချိန်မှာပင် မြစ်ထဲတွင်တစင်း၊ ကင်ပေတိုင်ရုံးပေါ်ဖြတ်၍





www.burmeseclassic.com

www.burmeseclassic.com

တစင်း၊ လေးယာဉ်ပျံ ၂စင်းသည် နိမ့်နိမ့်ကလေး ရုတ်တရက်ပျံသန်းသွားသဖြင့်၊ ဂျပန်များ တော်တော် လန့်ဖြန့် လှုပ်ရှားသွားပါသည်။ ကျွန်တော့်ကို စောင့်နေကြသော ဂျပန် ၂ယောက်ကမူ၊ ဟန်မပျက်နှင့် "လေယာဉ်ပျံတွေ သွားပြီဒါအပြီး ဘဲသွားကြပြီ"ဟု ကျွန်တော့်ကို လှမ်းပြောလိုက်ပါသေးသည်။လေယာဉ်ပျံကြောင့်ကျွန်တော့်ကိုချည်ထားသောအုန်းပင်မှာ လေဟပ်ပြီးတုန်လှုပ်သွားပါသည်။

အစောင့်ဂျပန်များသည် စကားပြောနေကြယင်း အိပ်ချင်ကြဟန်တူပါသည်။တယောက်က ကျွန်တော်မှာ ဘယ်နည်းနှင့်မှ ထွက်ပြေးနိုင်တော့မည်မဟုတ်ကြောင်း၊ ထို့ကြောင့် သူ့ခဏအိပ်လိုကြောင်း စသည်ဖြင့် သူ့အဘော်ကို ပြောနေပါသည်။ အဘော်ကလည်းသဘောတူပါသည်။ သူတို့စကားဆုံးစ ပင်ရှိပါသေးသည်၊လေယာဉ်ပျံတစင်းသည်ကျွန်တော်တို့၏ ခေါင်းပေါ်မှ နိမ့်နိမ့်ကလေးပျံကာ၊ မြစ်ကမ်းဆီသို့ စက်သေနတ်ဆွဲပါသည်။ စက်သေနတ်ကို ကျွန်တော့်ခေါင်းပေါ် တည့်တည့်လောက်ကနေ၍ ဆွဲဟန်တူပါသည်။ ကျွန်တော်တို့နှင့် ယခုပင်သော်မြစ်ကမ်းမှာကိုက် ၂၀၀ခန့်သာ ရှိမည်ဟုထင်ပါသည်။ ထိုအခါတွင် အိပ်ဦးမည်ဆိုသော ဂျပန်သည်၊သူမှီနေသောအုတ်နံရံသို့ပို၍ကပ်လိုက်ပါသည်။ကျွန်တော့်ကိုစောင့်နေသောဂျပန်ကမူ၊ ကျွန်တော့်ကိုလှမ်း၍ "အင်းဂလိန် ရှိကောကိ ဒမဲ့သယော– အင်္ဂလိပ်လေယာဉ်ပျံ မကောင်းဘူးနော်" ဟုပြောပါသည်။ ကျွန်တော်ကလည်း "ဟုတ်တယ်" ဟုပြန်ပြောလိုက်ပါသည်။ထို့နောက်အစောင့်ဂျပန်သည် ၎င်း၏လည်ပင်းမှမျက်နှာသုတ်ပုဝါကလေးဖြင့်ကျွန်တော့်ပါးစပ်ကိုလာစည်းပါသည်။ နှာခေါင်းပါအုပ်နေသဖြင့် အသက်ရှူ၍



မရကြောင်း အတော်ပြောမှ နှာခေါင်းကလေးကို ဖေါ်ထားပါသည်။ သူ၏သဘောမှာလေယာဉ်ပျံ နိမ့်နိမ့်ကလေးပျံလွန်းသဖြင့်၊ ကျွန်တော်က အောက်ကလှမ်းအော်ပြောလေမည်လားဟု စိုးရိမ်သောကြောင့် ဖြစ်ဟန်တူပါသည်။

ကျွန်တော်၏စိတ်ထဲတွင်၊ လေယာဉ်ပျံ စက်သေနတ် ပြင်းပြင်းဆွဲသလောက်ဝမ်းသာလျက်ရှိပါသည်။ သေရမည့်ဆဲဆဲဘဝကို သတိရလျှင် ကြောက်ရွံ့ပါသည်။ သို့ရာတွင် လေယာဉ်ပျံ နိမ့်နိမ့်ကလေးပျံပြီး စက်သေနတ်ဆွဲလျှင် အလွန်အားရပါသည်။ ရိုက်နှက်ခံထားရသောဒဏ်များမှ နာကျင်ကိုက်ခဲခြင်းမှာမူ၊အားလုံးသက်သာနေပါပြီ။ ကျွန်တော့်အားမျက်နှာသုတ်ပုဝါလာစည်းသောဂျပန်ကို "မင်းတို့ပြေးရခါနီးပြီ"ဟု ကျွန်တော်က ခတ်တည့်တည့်ပင် ပြောလိုက်ပါသည်။ထိုအခါဂျပန်သည်တွေတွေကြီးရပ်ကြည့်နေပြီး "ဒါပေတဲ့ နက်ဖြန်နံနက်ဆိုယင် မင်းအသက်မရှိတော့ဘူး၊ မင်းပြောချင်တာ ပြောပါ"ဟု သူကခတ်ထေ့ထေ့ ပြန်ပြောပါသည်။

ဤသို့ ပြောဆိုနေကြစဉ် လေယာဉ်ပျံတစင်းသည် မြစ်ရိုးအတိုင်း တောင်ဘက်မှမြောက်ဘက်သို့မြစ်ကမ်းနှင့်တညီတည်းများလားမပြောတတ်ပါ။နိမ့်နိမ့်ကလေးပျံပြီးကျွန်တော်တို့နှင့်ဘာမှမဝေးသော မြစ်ကမ်းနဖူးဆီသို့ စက်သေနတ်များ ဝေါကနဲ ဝေါကနဲ ပြင်းပြင်းကြီးဆွဲပါသည်။ မီးတောက်ကြီးများလည်း ဝုံးကနဲ ဝုံးကနဲ ထတောက်ပါသည်။ နောက်တစင်းကလည်းနောက်မှလိုက်လာပြီး ဤအတိုင်းပင်ပစ်ပြန်ပါသည်။ တစင်းပြီးတစင်း မီးတောက်ထဲနှင့်မီးတောက်ဆီသို့ ပစ်နေကြသည်မှာ အဆက်မပြတ်အောင်ပင် ဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်းဂျပန်သတ်၍သေရသည်ထက်တော့မဟာမိတ်လေယာဉ်ပျံက စက်သေနတ်ကျည်ဆံ မှန်၍ သေရခြင်းက ကောင်းသေးသည်ဟု အောက်မေ့ယင်း သေဘို့သာ ပြင်နေပါသည်။ကျွန်ုတော့်အနီးက အစောင့်စစ်သားလည်းကြောက်လာဟန်တူပါသည်။ အိပ်ဦးမည်ဆိုသော ၎င်း၏အဘော် စစ်သားကို လှမ်း၍ "ဟေတိုက်စန်–စကော့ရှိမီးရှူးဃော့– ခဏကြည့်လိုက်ပါ"ဟုအော်ပြီး၊ သူကိုယ်တိုင်မှာမူ ကာကွယ်ရေးကျင်းရှိရာသို့ တည့်တည့်ကြီးပြေးပါတော့သည်။

အခြားတယောက်က လှမ်းပြီး "ချော့တော့မတ်တေးခဏနေပါဦး"ဟု အော်သော်လည်း ပထမ စစ်သားမှာ ဂရုပင်မစိုက်ပါ။ တချိုးတည်းသာပြေးပါတော့သည်။

မီးတောက်ကြီး ထနေသောကြောင့် မြစ်ထဲတွင် တပုံတည်းပုံပြီး တပစ်တည်းပစ်နေကြသော လေယာဉ်ပျံများကို ကျွန်တော်ကောင်းကောင်းမြင်နေရပါသည်။ တဒုံးဒုံးတဒိုင်းဒိုင်းနှင့် ပစ်နေသော ကျည်ဆံများကိုပင် မြင်နေရသည်ဟု စိတ်ထဲမှာထင်မိပါသည်၊ အလွန်အားရပါသည်။

သို့ရာတွင် အပစ်အခတ်မှာ ပြင်းထန်လှသဖြင့် ကျွန်တော်ပင် ကြောက်လာပါတော့သည်။ ကျည်ဆံများ ကျွန်တော်တို့ဘက်သို့ တခါတခါ ထွက်လာသည်မှာ အသက်နှင့် နီးသည်အမှန်ပင် ဖြစ်ပါသည်။ မီးတောက်ကလည်း ပြင်းလာသဖြင့် ကျွန်တော်တို့ဆီသို့ တိုင်အောင် လာပူနေပါပြီ။ ထိုအခါ ကျွန်တော်သည် အားအင်ကို တတ်နိုင်သမျှစုပြီး၊ ဖင်ရွှေ့ ဖင်ရွှေ့ မြစ်ဘက်ကို ကျောကိုင်း၊ အုန်းပင်နှင့် ကွယ်မိသည်အထိမမြင်ဖြစ်အောင် လှည့်ပါတော့သည်။ အစောင့် ဂျပန် ကလည်း "ကောင်းတယ်"ဟု လှမ်းပြောလိုက်ပါသေးသည်။ ဂျပန်စစ်သားနှင့် ကျွန်တော်မှာ မျက်နှာချင်းဆိုင်ဖြစ်နေပါပြီ။

မိနစ်စတ္တန့်များများ မကြာမီအတွင်းမှာပင် ကျည်ဆံတခုသည် ကျွန်တော်၏အုန်းပင်ကိုရှပ်ပြီး ကင်ပေတိုင်ရုံးအဆောက်အဦကိုမှီနေသော အစောင့် ဂျပန်ဆီသို့ ထိုးသွားပါသည်။ ကျည်ဆံသည် အုတ်နံရံကိုထိပြီး ၃ချက်ကွဲကာမီးပွင့်ပါသည်။ တချက်မှာစင်၍ ဂျပန်၏ပါးကိုထိမှန်ရာ ဂျပန်သည်သေနတ်ကိုပင်မယူနိုင်တော့ဘဲ သွေးရူးသွေးတန်းနှင့် ထွက်ပြေးပါတော့သည်။ ကျွန်တော့်ရင်ပတ်ဆီသို့ အုတ်ခဲကြိုးသေးသေးများလွင့်မှန်လာသည့်အတွက်ပင် ကျွန်တော်ဖြင့်သေပြီဟု အောက်မေ့မိပါသည်။ ထပြေးသောဂျပန်သည် ခြေလှမ်း ၁၀လှမ်းကျော်ခန့်အတွင်းမှာ ထိုးလဲသွားပါတော့သည်။

ဒီတခါမှ လွတ်အောင်မပြေးနိုင်တော့လျှင်ဖြင့် ဝါ့မှာလွတ်နိုင်မည့်မြော်လင့်ချက်မရှိတော့ဘူး၊လွတ်အောင် လုပ်ရမယ်ဟု ကိုယ့်ကိုယ်ကို အားပေးကာကြိုးစားရုန်းကန်ပါသော်လည်း အင်အား ဆုတ်ယုတ် လှသဖြင့် အောင်မြင်နိုင်မည် မဟုတ်ကြောင်းတွေ့ရပါသည်။ ဤသို့ရုန်းလိုက် လျှော့လိုက် လုပ်နေစဉ်မှာ ကျွန်တော်၏ နောက်ကျောဆီမှ ခြေသံခတ်ပေါ့ပေါ့ဖြင့် တစုံတယောက် ပြေးလာသည်ကို ကြားလိုက်ရပါသည်။ ကျွန်တော်လှည့်၍လှမ်းကြည့်လိုက်ရာ၊ မါးကလေး ခတ်တိုတိုတချောင်းကိုင်ကာ ပန်းဘဲဆရာကြီး၏ သမီးကလေးပြေးလာသည်ကို တွေ့ရပါသည်။ တသက်နှင့်တခါ ဤအခါလောက်ဘယ်အခါမှ ဝမ်းမသာဘူးပါ။မကြုံဘူးအောင်ဝမ်းသာကြီးသာပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုနိုင်သည့်ကြိုးနှင့် ဘယ်လိုလုပ်၍ တုပ်ထားသည် မပြောတတ်ပါ၊ မိန်းကလေးအားနှင့် ဓါးတိုတိုအကြမ်း ခုတ်သောအခါမှ တပင်စီတပင်စီ ရင်ဆီမှ လျော့၍ လျော့ လာပါသည်။ ကြိုးတွေ ပြတ်ကျ၍ ထပြေးမည်ဆိုပြီး အာ ယူကာ ထပါသော်လည်း ထနိုင်ဘိုဝေးစွ၊ ကိုယ်ခန္ဓာကို အနိုင်နိုင်လှုပ်နိုင်ပါတော့သည်။

ကျွန်တော်၏ အခြေအနေကိုသိသော ကလေးမကလေး သည် သူ့အားနှင့် ကျွန်တော့်ကို မ တွနေပါသည်။

ထိုအချိန်တွင်သူမကလေး၏ နှုတ်ခမ်းများမှာ တဆတ်ဆ တုန်လှုပ်နေပါသည်။ ကိုယ်ကလေးမှာလည်း တုန်တုန်ရီရီ ဖြစ်ပါသည်။ သြော်–ဤကလေးမကလေးသည် ကြောက်ဒေ ကောင်းသော ဤအလုပ်ကို အသက်ဆံဖျားစွန့်စား၍ လုပ် ကြောင်း ထင်ရှားလှပါတကားဟု တွေးတောပြီး သနာ မိပါသည်။

ဂျပန်ငွေ ၁ဝိတန်အသစ်ကလေးချည်း ၅ဝဝိ ဘိုးခန့် ကြိုးကိုဖြတ်ပေးသောဓါးကိုကျွန်တော့်အားလှမ်းပေးလိုက် ကျွန်တော်၏ လက်နှစ်ဘက်မှာရှေ့ဘက်သို့ ဆွဲငင်၍မရပ နောက်ဘက်ယှက်ပြီး၊ ကာလကြာမြင့်စွာ တုပ်နှောင်ထားခြ ခံရသဖြင့်၊ နောက်ဘက်မှာပင် အသေကဲ့သို့ ဖြစ်နေပါတော့ သည်။သူမ၏ ပါးစပ်ကလည်း တိုးတိုး တိုးတိုးနှင့် ဘာတွေ ပြောမှန်းမသိပါ။ တဗွားဗွား တဒျူးဒျူးနှင့် ပြောနေပါသည် လေယာဉ်ပျံသံကြောင့်တကြောင်း၊ စက်သေနတ်သံ မျာ ကြောင့်တကြောင်း ကျွန်တော်၏ခတ်အူအူနားထဲတွင် ဘာ မသဲကွဲပါ။



မိန်းကလေးသည်ရန်သူ့စက်ကွင်းမှ အချိန်ရှိခိုက်အမြန်ဆုံး ပြေးနိုင်မှလွတ်မည်ဆိုသည်ကို တွေးဆ မိဟန် တူပါသည်။ ကျွန်တော့်အားအတင်းဆွဲထူယင်း "ထ ထ ကြိုးစားထပါ၊ အချိန်သိပ်မရှိဘူး၊ ကြိုးစားပါ" စသော အသံများဖြင့် ပြော နေသည်ကိုမူ လေယာဉ်ပျံသံနှင့်စက်သေနတ်သံ အနည်းငယ် ခြားသောအခါ သဲ့သဲ့ကြားရပါသည်။

ကျွန်တော် မတ်ရပ်ထမိလျှင်ထမိခြင်း ကျွန်တော့်ခါးကို သူ့ယာဘက်လက်နှင့်ပွေ့၊ ကျွန်တော့် ဘယ်ဘက်လက်ကို သူ့ပခုံးပေါ်တင်ပြီး၊ ကျွန်တော့်အား ခါးစောင်းတင်၍ သယ်ယူခေါ်ဆောင်သွားရန် ကြိုးစားရှာပါတော့သည်။ ခြေ ၇လှမ်းမျှ လှမ်းမိသောအခါ၊ အမှိုက်ကျင်းထဲတွင် ဂျပန်များ စွန့်ပစ်ထားသော ကျွန်တော့်ဝါးဖတ်ဦးထုပ်ကို၊ ကလေးမ ကလေးအား ကျွန်တော်က ကောက်ခိုင်းရာ "ဒီဦးထုပ်က ဘာလုပ်ဦးမှာလဲ၊ လူထက်အဘိုးမတန်ပါဘူး"ဟုသူကပြန်ဆို ပါသည်။ ကျွန်တော်က ထပ်၍ကောက်ခိုင်းမှ ကောက်ပေးပါ သည်။ဇောကြောင့်လားမသိ၊ ကျွန်တော်လည်း တော်တော် မတ်ရပ် ရပ်နိုင်လာပါပြီ။ ခြေလှမ်းအကျင့်ရလာသဖြင့် လှမ်း တတ်စ လည်း ပေါ်လာပါပြီ။ ကလေးမကလေးကို မှီမှီပြီး တတ်နိုင်သမျှအမြန်ဆုံးသူခေါ်ရာ မြစ်ဘက်သို့ လျှောက်လာရာ လေယာဉ်ပျံသံ၊ စက်သေနတ် ပစ်ခတ်သံနှင့် ကျည်ဆံများ ကြားထဲ၊မီးတောက်မီးလျှံကြီးအောက်မှပင်မြစ်တွင်းသို့ ဆင်းရ ပါသည်။

ဂျပန်များသည် စပိုင်ရန်ကြောက်ပြီး ၎င်းတို့ထားသော ဓါတ်ဆီများကို မူလနေရာများမှ ကားများဖြင့် မြစ်ကမ်းပါး သို့ပြောင်းရွှေ့သိုလှောင်ထားသည်မှာ ရက်အနည်းငယ်မျှသာ



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးသော်လည်း၊ လေယာဉ်ပျံများသည် ကျူံးကိုတွေ့ထားသောသိမ်းငှက်ပမာ တိုက်ရိုက်ထိမှန်အောင်သဲသဲမဲမဲပစ်ခတ်နေပါတော့သည်။ ကမ်းနားသောင်ပြင်အနီးတွင်ထားသောပုံးကြီးများမှာ မီးတောက် ကြီးမားလှပြီး အပစ်အခတ်ကလည်း ကြီးတုန်းပင် ရှိသောကြောင့်၊ ကလေးမကလေးသည် သူတို့ရေခပ်ဆင်းသည့် လမ်းကြားကလေး အမှောင်ရိပ်တွင် ကျွန်တော့်အား အတူပုန်းရပ်နေစေပါသေးသည်။

မိန်းကလေးသည် သောင်ခုံ တနေရာသို့ ပြေးသွားပြီး၊ လက်နှင့်ယက်ပါသည်။ များမကြာမီ ထမင်းခြောက်၊ ငှက်ပျောသီး၊ မတ်စကော့ဆေးလိပ်၊ ဓါတ်မီးခြစ် စသော ပစ္စည်းများပါသည့် အထုပ်တထုပ်ကို သယ်ယူလာပါသည်။ ထို့နောက် ကျွန်တော့်အား ဆွဲခေါ်ပြီး၊ ၇ိုက် ၂၀ခန့်သာ ဝေးသည့် လှေကလေးရှိရာသို့ အမြန်ဆုံးသွားကြပါတော့သည်။

လေယာဉ်ပျံများကပစ်လှသဖြင့်၊ ကျွန်တော်တို့လည်း လှေဘေးတွင်ခဏဝပ်နေကြရပါသေးသည်။ ကျွန်တော်က"ညီမကလေး အသက်သခင်၊ မင်းနာမယ်ဘယ်နှယ်ခေါ်သလဲကွယ်" ဟုမေးသောအခါ၊ သူမကလေးက "ခင်လှုိင်လို့ခေါ်ပါတယ် အကိုလေးရယ်"ဟုပြန်ပြောပါသည်။

"ညီမကလေးဟာ ငါ့ကျေးဇူးရှင် အသက် သခင်ပါပဲကွယ်၊ ဒီတသက်မှာတော့ ကျေးဇူးဆပ်လို့ ကုန်နိုင်စရာ မရှိတော့ပါဘူးနော်"

"ကယ်ထိုက်ကယ်ခွင့်ရှိလို့ အသက်တချောင်းကယ်ရတာပါ အကိုလေးရယ်၊ အကိုလေးလိုမျိုးချစ်တယောက်ကို ကယ်ရတဲ့ အတွက် ညီမလေးလဲ သေမယ်ဆိုသေပျော်ပါပြီ"



ကျွန်တော်က သူမကလေး၏ နေရပ်နှင့် လိပ်စာကိုမေးသောအခါ ထန်းတပင်ဆိပ်ကြီးက ဖြစ်ကြောင်း၊ ယခုနေသောနေရာသို့အလုပ်အကိုင်ကြောင့် လာရောက်သည်မှာ ဖလခန့်သာ ရှိသေးကြောင်း၊ နောက် ၁၅ရက်ခန့်ကြာလျှင် ဒေသသို့ပြန်ပြောင်းမည်ဖြစ်ကြောင်း ပြောပြပါသည်။ ထို့နောက် အစားအသောက်အထုပ်ကြီးကို သူကိုယ်တိုင်လှေပေါ်သို့တင်ပေးပြီး၊ ဗုပန်ငွေစက္ကူများကို ကျွန်တော့်အင်္ကျီနှင့် ရင်ပတ်ကြားထဲသို့ ထည့်ပေးပြန်ပါသေးသည်။ ကျွန်တော်ကမူ ဦးထုပ် အတွင်းရှိ ရွှေဒင်္ဂါးများကိုထုတ်ပြီး သူ့ကို အတင်းပေးပါသည်။ သူမကလေးက သူအသုံးမလိုကြောင်း၊ ကျွန်တော်သာ အသုံးလိုမည်ဖြစ်ကြောင်းပြောကာ ရွှေများကိုပြန်ပေးပါသည်။ ကျွန်တော်က အတင်းယူခိုင်းသောအခါမှ ယူရှာပါသည်။ ဩော်-မခင်လှုိင်၊ ခင်လှုိင်၊ မခင်လှုိင်-ကြင်နာပုံများ ကျွန်တော့် မျက်စိထဲမှ ဘယ်အခါမှ ထွက်နိုင်မည်မဟုတ်ပါ။

လေယာဉ်ပျံများမှာ တစင်းနှင့်တစင်း အနည်းငယ်ခြားသွားပါပြီ၊ ပစ်လည်းမပစ်သေးပါ။ မကျေနပ်သေး၍မီးရောင်ထဲတွင်ဝဲကွင်းအသစ်ကို ရှာနေဟန်တူပါသည်။ လေယာဉ်ပျံများ အတော်စိတ်ချရပြီဟု ထင်သောအခါ၊ မခင်လှုိင်ကလေးသည် ကျွန်တော့်အား လှေပေါ်သို့ တွဲပြီးတင်ပေးပါသည်။ "မတော်တဆ ဂျပန်တွေမိသွားယင် ကျွန်မ ထပ်ကယ်နိုင်တော့မယ်မဟုတ်ဘူး၊ ကဲသွားပေတော့ အစ်ကိုလေး"ဟု ဆိုကာ လှေကလေးကို ချည်ထားသည့် ကြိုးကိုဓါးနှင့် ခုတ်ဖြတ်လိုက်ပါသည်၊ ထို့နောက်"ဒီဓါးကလေးကို အမြဲတန်းဆောင်ထားပါ"ဆိုပြီး ဓါးကလေးကို ကျွန်တော့်ဆီလှမ်းပစ်ပေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်လည်း ဓါးကလေးကို ခါးပတ်ကြားမှာ ထိုးထားလိုက်ပါသည်။

ကျွန်တော်က "ကဲ-မခင်လှိုင်ရေ-အစ်ကိုလေးသွားလိုက်ဦးမယ်နော်၊ နောင်တနေ့တော့ တွေ့ကြဦးမှာပေါ့ကွယ်" ဟု ဆိုကာ နှုတ်ဆက်လိုက်ပါသည်။ ကျေးဇူးရှင်မ မခင်လှိုင်လေးသည် လှေကို ကမ်းနှင့်ဝေးဝေး တအားတွန်းထိုးလွှတ်လိုက်ယင်း "ကျွန်မပြောမိဆိုမိပြစ်မှားမိတာတွေ ခွင့်လွှတ်ပါ အစ်ကိုလေးရယ်၊ အစ်ကိုလေး အန္တရာယ်အပေါင်းမှ ကင်းဝေးအောင် ကျွန်မ ဆုတောင်းနေပါမယ်" ဟုဆိုကာ လက်အုပ်ကလေးချီယောင်ယောင်နှင့် ကျွန်တော့်ကို လှမ်းပြီးနှုတ်ဆက်နေရှာပါသည်။ လှေမှာကမ်းပါးနှင့်တော်တော်ကလေးဝေးသွားပြီး ရေစီးကြောင်း အတိုင်း မျောနေ ပါပြီ။ မခင်လှိုင်ကလေးလည်း မှောင်ရိပ်တနေရာတွင် ပျောက်သွားပါပြီ။

လှော်တက်လည်းမပါ။လူကလည်းအားမရှိပါ။ထို့ကြောင့် ရေစီးကြောင်း သယ်ဆောင်ရာသို့သာ ပါလျက် ရှိပါသည်။ ရန်သူနှင့်အတော်ဝေးပြီဟု ယူဆရသောအခါ စိတ်ပူပန်မှုများ အနည်းငယ်သက်သာလာပြီးဝမ်းဗိုက်ကပူလာပါသည်။ ဆာလောင်လာပါသည်။ သို့နှင့် မခင်လှိုင် ထည့်ပေးလိုက်သည့် အထဲက ငှက်ပျောသီးဥလုံးခန့်ကို အရသာရှိရှိကြီးဖြည်းဖြည်း ဖြည်းဖြည်းစားလိုက်ပါသည်။

ကြယ်နီလည်းပေါ်လာပြီ၊ အကယ်၍ရန်သူများကရိပ်မိ၍ ကျွန်တော့်နောက်သို့ လိုက်လာပါက၊ ရေလယ်တွင်ဘမ်းမိနိုင်မည်ဟု တွေးတောမိသဖြင့်၊ လက်ဖြင့်ယက်ကာကမ်းဆီသို့ နီးအောင်ကြိုးစားပါသော်လည်း၊ ဒဏ်ရာတလက်နှင့် မခြား

နားသောလက်များသည် ရေစီးကြောင်းကို မည်သို့မျှဆန့်ကျင်ခြင်းငှါ မစွမ်းနိုင်ပါ။

ဟိုကွေ့ဒီကောက်နှင့် မြစ်ကြောင်းအတိုင်း ၇ မိုင်ခရီးခန့်ရှိပြီလားမပြောတတ်ပါ၊ဆိပ်ကြီးကွေ့သို့ရောက်လာပါပြီ။ ဝဲ့ကိုင်စရာလည်းမပါသောကြောင့်လှေမှာတည့်တည့်မျောလိုက်ကန့်လန့်မျောလိုက်၊ စောင်းစောင်းမျောလိုက်နှင့် အမျိုးမျိုးမျောနေပါသည်။ အရုဏ်တက်၍ နေမင်းရောင်ခြည် လာပါတော့မည်။ ကျီးများလည်းစရှိအာကြပြီ။ မြစ်မှာ မြောက်နှင့်တောင် စီးနေရာမှ အနောက်ဘက်သို့ချိုးကွေ့ပြန်ပါပြီ။ကူးတို့လှေကလေးတစင်းကိုတွေ့ပါ၏။ သို့ရာတွင် ဂျပန်တွေပါမည်ထင်သောကြောင့် အကူအညီလှမ်းမတောင်းတော့ဘဲ မျောမြဲ အတိုင်း မျောစေခဲ့ပါသည်။

လှေကလေး၏ ကန့်များပေါ်၌ ခင်းထားသော ဝါးခြမ်းခင်းကလေးပေါ်တွင် ကျွန်တော်ထိုင်လိုက်လာခြင်းဖြစ်ရာ၊ လှေကလေးများတွင် ရှိတတ်မြဲဖြစ်သည့် အပေါက်ငယ်ကလေးမှ စိမ့်၍ ဝင်နေသော ရေသည် တဖြည်းဖြည်း များလာပြီးလျှင် ကျွန်တော်ထိုင်နေသော ဝါးခြမ်းခင်းသို့ပင် ထိလာပါပြီ။ ရေပက်စရာလိုက်ရှာသောအခါ လှေဝမ်းထဲတွင် ရေမြုပ်နေသော သံပန်းကန်ပြားအစုတ်ကလေးတခုကို တွေ့ပါသည်။ ၎င်းပန်းကန်ကလေးနှင့် ရေများကိုတဖြည်းဖြည်းနားနားပြီး ပက်ထုတ်ရပါသည်။ ရေများ ပေါ့သွားသောအခါ လှေလည်း ပို၍မြန်လာပါသည်။

ယခုမိုးစင်စင်လင်းပါပြီ။ ဆိပ်ကြီးကွေ့မှ ထန်းတပင်မြို့ကျော်လာပြီးလျှင် သုကောင်းမြစ်ပိုင်းသို့ ရောက်လာပါပြီ။ မြစ်သည်တဖန်တောင်ဘက်သို့ပြန်ကွေ့ပြန်ပါသည်။ လှေလည်း



www.burmeseclassic.com

www.burmeseclassic.com

ပို၍ အမျှောမြန်ပါသည်။ ထိုနောက် ရွာဆက်များ ပြတ်
ကိုင်းများနှင့် ကိုင်းတဲများကို တွေ့ရပါသည်။ ထန်းတ
ထွက်၍ တနာရီခွဲခန့်ကြာသောအခါ အုန်းပင်ဆိုသော ရွာ
ရောက်ပါသည်။ ထိုရွာတွင် တံငါလှေကလေးနှင့် ဘေး
ကပ်မိရာ၊ ကျွန်တော်ကကျွန်တော့်တွင်လှော်တက်လည်း မ
သဖြင့် အနောက်ဘက်ကမ်းသို့ ဆွဲကပ်ပေးပါရန် တောင်း
သောအခါ၊ တံငါကြီးက "မင်းဟာက လှော်တက်မပါ
မပါနဲ့ ဘယ်ကနေလာလို့ ဘယ်သွားမှာလဲ"ဟု သက်ာမ
စွာမေးပါသည်။ ကျွန်တော့်ကိုလှေခိုးလာသူများထင်သလ
လည်းမပြောတတ်ပါ။ကျွန်တော်ကကျွန်တော်မှာဂျပန်အ
တော်တယောက်ဖြစ်ကြောင်း၊ လမ်းတွင် ဓါးပြတိုက်ခံရ၍
များ အားလုံးပါသွားကြောင်း၊ ထို့နောက် ဤသို့ ဖြစ်
ကြောင်းပြောပြသောအခါမှ ကျွန်တော့်လှေတွင်ပါလာသေ
ကြိုးစကိုဆွဲပြီး အနောက်ဘက်ကမ်းသို့ကပ်ပေးပါသည်။

လှေခိုးလာသည်ဟုထင်ပါက တံငါကြီးသည် ကျွန်တေ
အား သူကြီးအိမ်သို့ပို့မည်၊ သူကြီးကဂါတ်သို့ပို့မည်၊ ပု
ဆီမှ ဂျပန်ဆီ ပြန်ရောက်ဘို့လည်း အလွန်နီးစပ်သည်၊
ကြောင့် ဓါးပြတိုက်ခံခဲ့ရသူအဖြစ်နှင့်ပြောသည်မှာ အဆင်
ခြင်းတရပ်မှင်ဖြစ်ပါသည်။ ကျွန်တော်လည်း လှေကလေး
သစ်မြစ်ကြီးတခုတွင် ချည်ထားပြီး ကမ်းပါးပေါ်သို့လျှောက်
ဘူးသီးကြော်ဆိုင်ရှေ့ဖြတ်မည်အပြုတွင်၊ မိန်းမကြီးတယော
သည် ကျွန်တော့်အားကက်ကက်ပါအောင် ရန်တွေ့ပါသေ
သည်။ အကြောင်းမှာသူတို့ကကန့်ထရိုက်ဆွဲထားသော ကူး
ဆိပ်နေရာတွင်တူးဖြတ်လာပြီး ကူးတို့ဆိပ်ခမပေးသောကြေ
ဖြစ်ပါသည်။ ကျွန်တော်က လှေကလေးထားခဲ့ကြောင်း၊



လာမှပေးမည်ဖြစ်ကြောင်း ပြောဆို တောင်းပန်သောအခါမှ ရန်တွေ့ရပ်သွားပါတော့သည်။

အုန်းပင်ဆိုသည့် ဤရွာကို ယခင်ကလည်း ကျွန်တော် ရောက်ဘူးပါသည်။ အရှေ့ဘက်ကမ်း အနောက်ဘက်ကမ်း နှစ်ခုလုံး၌ပင် အိမ်များရှိပါသည်။ မြစ်ရိုးအတိုင်း တည်ထားသောရွာတန်းရှည်ကလေးဖြစ်ပါသည်။ ကျွန်တော်ငယ်ငယ်က နေခဲ့ဘူးသောအုတ်တွင်းမြို့နှင့် ၂မိုင်လောက်သာ ဝေးပါလိမ့်မည်။ အုန်းပင်ရွာနှင့်အုတ်တွင်းမြို့မှာ မော်တော်ကားကျောက်လမ်းကလေးရှိပါသည်။ အုန်းပင်မှ နေ၍ အုတ်တွင်းဘက်သို့ အထွက် တခေါ်လောက်တွင်ရှိသော တံတားကလေးပေါ်သို့ ရောက်သောအခါ၊ ကျွန်တော် ဆက်၍ မလှမ်းနိုင်တော့ပါ။ တင်ပါးဆုံပေါ်တွင်လှ စွပ်နှင့် ဂျပန်ထိုးထားသော ဒဏ်ရာများက မခံနိုင်အောင် နာနေပါတော့သည်။ တံတားအုတ်ဘိနပ်ကလေးပေါ် ထိုင်ပြီး မှိုင်နေမိသော ကျွန်တော့်တွင် ဘယ်သွား၍ ဘယ်လာမည်ဆိုသောခရီးလမ်းစဉ်ဘာမှမရှိပါ။ ဤသို့ထိုင်နေယင်းက မခင်လှိုင်ကလေးပေးလိုက်သော ထမင်းခြောက်ကလေးများကို တမြုံ့မြုံ့ စားယင်း သူမကလေးကို ကျေးဇူးတင် သတိရလျက်ရှိပါသည်။ လွမ်းသယောင်ယောင်လည်း ဖြစ်နေမိပါသည်။ အိပ်မက်ပင်လား၊ တကယ့်အဖြစ်အပျက်တွေပင်ဖြစ်လေသလားဟုလည်း ကိုယ့်ဖါသာဝေဝေရီရီ ပြန်စဉ်းစားနေမိပါသည်။ "မခင်လှိုင် မခင်လှိုင် မင်းကျေးဇူးတွေကဖြင့် ကြီးပါပေတယ်"ဟု ကျွန်တော့် ပါးစပ်မှ ထွက်မိပါသေးသည်။ သူမကလေး ပေးလိုက်သော ဂျပန်ငွေစက္ကူကလေးများကို လှန်လှောရေတွက်၍ ကြည့်သောအခါ ၁ဝိတန်ငွေစက္ကူအသစ်ချည်း အရွက်၅ဝဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းခြောက်ထုပ်ထဲတွင် စမ်းယင်းနှင့် စက္ကူအထု
သေးသေးကလေးတခုတွေ့သဖြင့် ထုတ်ယူဖြေကြည့်ရာ၊ ရှေ
လက်စွပ်ကလေးတကွင်းနှင့် 'အမှတ်တရ'ဟု ရေးထားသေ
စာရွက်ကလေးကို တွေ့ရပါသည်။ ကျွန်တော်လည်း ကြက်သ
ဖျမ်းကနဲထသည်အထိ ဝမ်းသာမိပါသည်။ ထို့နောက် ဆက်
ရှာရာ ဘာမှမတွေ့တော့ပါ။

ဤအချိန်တွင် စစ်ဘိနပ်သံများကြားရပါသည်။ အပြေးလာ
နေသော အသံများဖြစ်ပါသည်။ ကျွန်တော် လှမ်းကြည့်လိုက်
သောအခါ ဓါးရှည်နှင့်ဂျပန်စစ်ဗိုလ်တယောက်၊ သေနတ်ကိုင်
စစ်သား ၂ ယောက် အုတ်တွင်းဘက်မှပြေး၍လာနေကြသည်။
တံတားနှင့် တော်တော် နီးနေပြီဆိုသည်ကို တွေ့ရပါသည်။
ကျွန်တော်မှာ အလိုလို ကြောက်စိတ်ဝင်နေပြီဖြစ်သောကြောင့်
ဂျပန်များ ကျွန်တော့်ကို ဘမ်းဘို့လာသည်၊ ဒီတခါတော့
မရှောင်နိုင်တော့ပြီဟုအောက်မေ့ယင်း အငေးသားကြည့်နေ
မိပါသည်။ သူတို့၏ စစ်ဘိနပ်များသည် ကျွန်တော်၏ အသဲ
နှလုံးပေါ်တွင်နင်းနေပြေးနေကြဘိသည့်အလား အကြောက်
ဝေဒနာခံစားရပါသည်။ ဂျပန်များ ပို၍ နီးလာသောအခါ
ကျွန်တော်လည်း လမ်းဘက်သို့လှည့်၍မထိုင်တော့ဘဲ လမ်းကို
ကျောကိုင်းပြီး ခြေကလေး ၂ ဘက် ပြင်ဘက်ချကာ တံတား
ဘေးကာ သံပိုက်များအပေါ် မှီလျက် ရေ့လှမ်းလှမ်းဆီတွင်
ရှိသော နွားတွေကိုမောင်းနေသယောင်ယောင်၊ လှမ်း၍ အော်
ငေါက် နေသယောင်ယောင်၊ ခဲနှင့် ပေါက်နေသယောင် လုပ်
နေပြီး နွားကျောင်းသားဟန်ဆောင်နေလိုက်ပါသည်။

ဂျပန်များလည်း ကျွန်တော့်ကို ဂရုမစိုက် ငဲ့စောင်း၍ပင်
မကြည့်ကြပါ။ ရှေ့ကိုသာ ဆက်၍ ပြေးကြပါသည်။ သူတို့



တော်တော်ကလေးလွန်သွားသောအခါ ကျွန်တော်မသိမသာ
စောင်း၍ကြည့်လိုက်ရာ ကင်ပေတိုင်မှ တကယ့် ကင်ပေတိုင်
ရိုးက စစ်သားတွေဖြစ်ပါသည်။ စလွယ်နီများ လွယ်ထားပါ
သည်။ ဤအခါမှ အသဲနှလုံးများ ဆတ်ဆတ် တုန်လာပါ
သည်။ ဇောချွေးများ ပေါက်ပေါက်ကျပါတော့သည်။ ကျွန်
တော်စပိုင်၊ စပိုင်ဆိုသောကျွန်တော့်ကိုလိုက်၍ရှာနေကြခြင်းပင်
ဖြစ်ရပါမည်။ စပိုင်တယောက် ပျောက်သွားခြင်းသည်သူတို့အ
တွက်သေရေးရှင်ရေးမကအရေးကြီးပါသည်။ ကျွန်တော်သာ
တံတားမှာထိုင်မနေမိဘဲ ပေါင်ရင်းမနာ၍ အုတ်တွင်းဘက်
သို့ တည့်တည့်ကြီး လျှောက်သွားမိခဲ့သော် သူတို့နှင့်လမ်းတွင်
ရင်ဆိုင်ပက်ပင်းပါတိုးမိမည်၊ ထိုအခါ ကျွန်တော်သည် ကင်
ပေတိုင်များ လက်ထဲသို့ မုချရောက်ရချေမည်။ ဤသို့ တွေး
မိသောအခါ ကျောချမ်းပြီး နားပန်း ပိုကြီးလာပါသည်။ ကင်
ပေတိုင်များသည် ကျွန်တော်လွတ်သွားသဖြင့် လူတွေ့လွှတ်ပြီး
အဘက်ဘက်မှ လိုက်ရှာနေခြင်း ဖြစ်ဟန်တူပါသည်။ ကျွန်
တော်သည် အချိန်လည်း ဆွဲမနေဝံ့တော့၊ တွေးတောခြင်း
နယ်လည်းမချဲ့နိုင်တော့၊ မြောက်ဘက်ရှိ တောတန်းကြီးထဲသို့
ရောက်အောင်သာ အတင်းဆင်းသွားမိပါတော့သည်။ မသယ်
နိုင်မပိုးနိုင်ဖြစ်နေသော ခြေထောက် များမှာလည်း အသက်
ဘေးနှင့်ကြုံလာသောအခါ တော်တော် ကလေး သွက်ကြ
ပါသည်။

တောကြီးအတွင်းဘက်ရောက်နိုင်သမျှ ရောက်အောင်သွား
ကာ ဘုတ်၊ ရေကြက်၊ ကရဝိက်၊ နှံပြီစုတ် စသောငှက်သံများ
အကြားတွင် တနေကုန် နေရပါတော့သည်။ ဤတောကြီး
ထဲ၌ပင် အကြံယူရပါသည်။ လူဆို၍တယောက်မှမတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com

အုတ်တွင်း ရွှေကျင် ဘုန်းတော်ကြီးကျောင်းမှ ည ၉နာရီအချိန် ဘုရားဝတ်တက်ပြီး၍ တုံးခေါက်သော အခါမှပင်၊ ထိုတောကြီးထဲက ထွက်ကာ ရွှေကျင်ကျောင်းတိုက် တောင်ဘက်ကိုပတ်ပြီး ရိုးလေးချောင်းဆိုသော ချောင်းကလေးအတိုင်းလိုက်သွားရာ၊ မီးရထားလမ်းနှင့်ကားလမ်းဖြတ်ကျော်ပြီး အုတ်တွင်းမြို့အနောက်ဘက်အစွန်ဆုံး တိုက်ကျောင်းဘက်သို့ ကျွန်တော် ရောက်သွားပါသည်။ မြို့ထဲကိုမူ မဝင်ရဲပါ။ ထို့နောက် မြောက်ဘက်စူးစူးသို့ ဆင်းသွားရာ၊ ဇော်မိကုန်းဆိုသော ရွာဘက်သို့ ရောက်သွားပါသည်။ ထိုရွာတွင် လေယာဉ်ပျံကွင်းကြီးလုပ်ထားသည်ကို ကျွန်တော်မသိပါ။ သံဆူးလိမ်ကြိုးတွေ သွားတိုးမိမှသိရပါသည်။ ထိုလေယာဉ်ပျံကွင်းတွင်စစ်သားများစောင့်နေပါသည်။ ကျွန်တော့်ကို "ဘယ်လဲ" ဟု စစ်သားတယောက်ကမေးရာ၊ နွားပျောက်၍ လိုက်ရှာကြောင်း ပြောပြပါသည်။ "လာဦး" ဟု လှမ်းခေါ်သဖြင့် အနားသို့ သွားရပါသည်။ လက်ဦးကဗမာစကားတတ်သော ဂျပန်ဟု ထင်နေမိသော်လည်း၊ အနားရောက်မှပင် ဂျပန်ယူနီဖေါင်းဝတ် ဗမာ့တပ်မတော်မှ ဗမာစစ်သား ဖြစ်နေကြောင်းတွေ့ရပါသည်။ လလည်းသာနေပါပြီ။ အနားရောက်သောအခါ ကျွန်တော့်ကို သေသေချာချာ ကြည့်ပြီးနောက် "ဒီမှာ လေယာဉ်ပျံကွင်းရှိတာ မင်းမသိဘူးလား" ဟု လှမ်းငေါက်ပါသည်။ ကျွန်တော်ကလည်း လေယာဉ်ပျံကွင်းထဲ ဝင်၍ရှာခြင်း မဟုတ်ကြောင်း၊ အနီးအနားတဝိုက်တွင်ရှိမည်ထင်၍ လိုက်ရှာရခြင်းဖြစ်ကြောင်း ပြောပြရာ၊ "ဒီနား နွားမလာဘူး၊ တခြားသွားရှာ" ဟု ပြောလိုက်သဖြင့်၊ ကျွန်တော်ကလည်း "ပန်းကန်တိုက်ရွာဘက် မှီမလား မပြောတတ်ဘူး၊



အဲဒီဘက်သွားရှာဦးမယ်ဗျာ" ဟုဆိုကာထွက်လာခဲ့ပါသည်။ ထိုအနီးအနားမှရွာများကိုကျွန်တော်ငယ်ငယ်ကတည်းကပင် ကောင်းကောင်း သိပါသည်။ ပန်းကန်တိုက်၊ ဇော်မိကုန်း၊ တရုတ်ကုန်း၊ ချင်းကုန်းစသော ရွာများသည် တရွာနှင့်တရွာ မဝေးလှပါ။

ပန်းကန်တိုက်သို့ရောက်သောအခါ လ,လည်းတော်တော် စောင်းနေပါပြီ။ ခန့်မှန်းခြေအားဖြင့် သန်ကောင်ကျော် ၂ချက်တီးခန့်ရှိနေပါလိမ့်မည်။ မည်သည့် ရွာထဲကိုမှ ကျွန်တော် မဝင်ရဲပါ။ ရွာကင်းများ ရှိကြမည်ဖြစ်၍ ရွာထဲမဝင်ခြင်းမှာ ဘေးအကင်းဆုံး ဖြစ်ပါသည်။ ဤသို့ လှမ်းသွားရင်းနှင့် ၆မိုင်ခန့်ဝေးဦးမည့် ကျွန်တော်၏မွေးဘွားရာဇာတိချက်မြှုပ် ဖြစ်သည့် လေးအိမ်စု ရွာသို့သွားရန် စိတ်ကူးရပါသည်။ လေးအိမ်စုရွာသည်ပန်းကန်တိုက်ရွာ၏မြောက်ဘက်စူးစူးတွင် ရှိပါသည်။ ထိုရွာတွင် ဆွေမျိုးညာတိ မကင်းသူများရှိ၍ အမှီပြုနိုင်မည်ဟု ကျွန်တော်ယူဆပါသည်။

လှမ်းရင်းသွားရင်းနှင့် ကျွန်တော့် ခြေထောက်တဘက် (ယာဘက်)သည် ဆွဲ၍ လာပါသည်။ ကောင်းစွာမလှမ်းနိုင်တော့ပါ။ ခြေထောက်ကို ဒရွတ်ဆွဲပြီး ကြိုးစား လှမ်းပါသေးသည်။ သို့ရာတွင် ကြာကြာ မသယ်နိုင်ပါ။ ပန်းကန်တိုက်ရွာဦးနှင့် နှစ်ခေါ်ခန့်ဝေးသော ကောက်ရိုးပုံကြီး အထိသာ ကျွန်တော်လှမ်းနိုင်ပါတော့သည်။ နောက်ထပ်ဆက်မလှမ်းနိုင်တော့ပါ။ ကောက်ရိုးပုံကိုကာထားသည့်ဝါးလုံးတိုတ[illegible]ကို ဆွဲပြီး ထောက်ကာထောက်ကာ မှီကာမှီကာနှင့် ကြိုးစားပြီး သွားရာ၊ တမိုင်ခရီးခန့်သာ သွားနိုင်ပါသည်။ ရှေ့မဆက်နိုင်တော့ပါ။ လင်းအရုဏ်လည်း ပို့ပျူး၍လာပါပြီ။ ထိုအခါတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဘာမှမစဉ်းစားနိုင်တော့ပါ။ ကန်သင်းရိုးကို ခေါင်းအုံးပြီး အိပ်ပါတော့သည်။

ကျွန်တော် မည်မျှကြာအောင် အိပ်ပျော်နေသည်ကို မသိတော့ပါ။ ကျွန်တော် တကိုယ်လုံး မီးအုံးသလိုဖြစ်သဖြင့် ရုတ်တရက်လန့်ပြီးထလိုက်ရာ၊ နေမင်းမှာ မွန်းမတ်မတ်တည့်နေပါပြီ။ ကျွန်တော်ကောင်းစွာနိုးသောအချိန်တွင် ပုခက်ကြီးတလုံးကို ထမ်းလာသော လူနှစ်ယောက် ကျွန်တော် ဆီသို့လာနေသည်ကို တွေ့ရပါသည်။ ကျွန်တော် အနီးသို့ ရောက်သောအခါ "သတိရပဟော့-သတိရလာပြီ"ဟု တယောက်ကို တယောက် ပြောနေကြပါသည်။ ကျွန်တော်က "ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်ခေါ်ကြမလို့လဲ" ဟု မေးလိုက်သောအခါ၊ တယောက်က "တောင်ငူနဲ့ ထန်းတပင်သွားတဲ့ လမ်းညောင်ပင်ကြီးရွာမှာရှိတဲ့ ဆေးရုံကို ပို့ပေးမလို့"ဟု ပြန်ပြောပါသည်။

ဤနေရာကလေး အနီးတဝိုက်တွင် ရှေးအခါကရွာမရှိပါ။ လေယာဉ်ပျံကွင်းကြီး လာဆောက်သဖြင့် တရုတ်ကုန်းနှင့် ပေါမီကုန်းရွာမှ ရွာသူ ရွာသား အိမ်ထောင်အချို့ ပြောင်းရွှေ့ပြီး ရွာသစ်ကလေးတည်ကာ လာရောက် နေထိုင်ကြခြင်း ဖြစ်ပါသည်။ သူတို့ရွာကလေးကို "ရွာသစ်ကုန်း"ဟု ခေါ်နေကြသည်။

ကျွန်တော်က ညောင်ပင်ကြီးရွာရှိ ဆေးရုံသို့ မပို့ပေးဘဲ သရက်ချဉ်ရွာသို့ပို့ပေးရန် တောင်းပန်ရပါသည်။ သရက်ချဉ်ရွာမှာ ကျွန်တော်သွားလိုသော လေးအိမ်စုနှင့် နီးနေပါပြီ။ ကြင်နာသော ရွာသား နှစ်ယောက်လည်း ကျွန်တော် အား သရက်ချဉ်ရွာသို့ ပုခက်ကြီးထဲ ထည့်ထမ်းကာ ပို့ပေးကြပါသည်။ ရွာတောင်ဘက်ရှိကုက္ကိုပင်များနှင့်ရေအိုးစင်ရှိရာတွင် ကျွန်တော် ကို ထားခဲ့ဘို့ပြောရပါသည်။ အချိန်မှာ ခန့်မှန်းခြေအားဖြင့် မွန်းလွဲ ၂ချက်တီးကျော်ခန့် ရှိပါလိမ့်မည်။

အရိပ် ကောင်းကောင်း ရေအိုးစင် ကောင်းကောင်းကို အမှီပြုပြီးထမင်းခြောက်ကလေးနှင့်အာဟာရဖြည့်ရပါသည်။ အနီးရှိဆီးပင်ကြီးမှဆီးသီးများမှာလည်းကောင်းလှပါသည်။ ညနေ ၅နာရီ အချိန်ခန့်တွင် ထမင်းတလုပ်အတွက် ဂျပန် လေယာဉ်ပျံကွင်းသို့ သွားရောက် အလုပ်လုပ်ကြရသည့် ရွာသားများသည် ဆီးပင်ကြီးအောက်မှဖြတ်ကာ ရွာတွင်းသို့ ပြန်ဝင်လာကြပါသည်။ ကျွန်တော်လည်းရွာသားများအတွေ့ မခံပါ၊ မန်ကျည်းပင်ပေါက်ချုံကြီးအတွင်း အကိုင်းများဖြဲပြီး ဝင်ပုန်းနေပါသည်။ မိုးချုပ်၍ ကောင်းကောင်းမှောင်သော အချိန်မှပင် စပါးကြိတ်ဆုံ လုပ်ရောင်းသည့် ကျွန်တော် ငယ်ငယ်ကတည်းက သိကျွမ်းသော ကိုမွှားဆိုသူ၏အိမ်သို့ သွားပါသည်။

ကျွန်တော်က "ကိုမွှား-ကိုမွှား"ဟု အိမ်ရှေ့ကခေါ်ရာ၊ ကိုမွှား၏မိန်းမမှာ နားထိုင်းသူဖြစ်သဖြင့် "ကျွန်တော်ပါ" ဆိုသည်ကို မကြားပါ။ ကျွန်တော်က တိုးတိုးတိတ်တိတ် ဖြစ်စေချင်သည်ကို သူကမောင်းထုသလို ဖြစ်နေပါသည်။ တော်တော်ကလေးကြာမှ "ဟဲ့ ဘယ်သူလဲ၊ ဝင်ခဲ့လေ"ဟုဆိုသဖြင့် ကျွန်တော်လည်းအိမ်ထဲတည့်တည့်မတ်မတ်ဝင်သွားပါသည်။ အိမ်ထဲသို့ ရောက်သောအခါ ကိုမွှားနှင့်တွေ့သည်၊ ကိုမွှားက သေသေချာချာကြည့်ပြီး "မင်း ငါမြင်ဘူးသလိုလိုရှိပါတယ်" ဟု လုပ်နေပါသည်။ ကျွန်တော်က "ကျွန်တော် လေးအိမ်စုရွာက ဦးချစ်ဖေ သားလေ" ဟု ပြန်ပြောလိုက်သော အခါမှ



www.burmeseclassic.com

www.burmeseclassic.com

အုံ့အားသင့်ပြီး "အေး-ဟုတ်ပြီ၊ နို့-အခုဘယ်ကဘယ်ရောက် လာတာလဲ၊ ညဲကြီးသန်ကောင်" ဟု မေးရာ၊ ကျွန်တော်က ရင်းနှီးစွာနှင့်ပင် "စကား နောက်မှ ပြောပါရစေ၊ ထမင်း အရင် ချက်ကျွေးကြပါဦးခင်ဗျာ" ဟု ဇော်မရှက် သဘော အတိုင်း ဖွင့်ပြောပြလိုက်ရပါသည်။

ကျွန်တော် ထမင်း မစားရသည်မှာ တနပ် တရက် မျှပင် ကမည် မဟုတ်သည်ကို ကိုမွှား ရိပ်မိဟန်တူပါသည်။ သူ့ ချစ်ဇနီးအား "ညွှဲသည်ကို ထမင်းကျွေးရမယ်" ဟု မကျယ် မတိုးနှင့် မဝေးမကွာ မျက်နှာတည့်တည့်ကြည့်ပြီး ပြောလိုက် ပါသည်။ ဇနီးသည်မှာ နားကကြားသည်ထက် ခင်ပွန်းသည် နှုတ်က လှုပ်သည်ကို ကြည့်ပြီး ပို၍နားလည်ဟန် တူပါသည်။ ပြည်တောင်းကလေးနှင့်ဒို့ ဆီဘူးကလေးကို ကိုင်ကာ တခြား အိမ်သို့ မီးခွက်တခွက်နှင့် ထွက်သွားပါသည်။ ဘယ်နှစ်အိမ် များ ကူးရှာနေရသည် မသိပါ၊ တော်တော်ကလေးကြာမှ ပြန်လာပြီး ချက်ပြုတ် ကျွေးမွေးပါသည်။ အိမ်နားနီးချင်း များမှာလည်း ဆန်အိုးထဲ၌ ဆန်ပေါကြပုံ မရပေါ်ပါ။

ထိုညက စားရသောထမင်းမှာ မောင်းထောင်းဆန် ဖြစ် ပါသည်။ ငါးပိရေကို ဧရှပ်သီးမီးဖုတ် ခတ်ပြီး၊ ဘူးရွက်နှင့် တို့ရသော ဟင်းဖြစ်ပါသည်။

ထမင်းစားသောက်ပြီးသည့်နောက် ကိုမွှားအား ကျွန် တော်၏အဖြစ်အပျက်အတိုကောက်နှင့် ကျွန်တော်မှာ လော လောဆယ်အားဖြင့် ဂျပန်၏ရန်ကို အကြောက်ရဆုံး လူ တ ယောက် ဖြစ်နေရပုံ များကို ပြောပြရာ၊ ကိုမွှားမှာစိတ်အလွန် ထိခိုက်ပြီး မျက်ရည်များ ရစ်ဝဲ ကျဆင်း လာပါတော့သည်။ ကိုမွှားတို့လင်မယားမှာ ကျွန်တော့် မိဘများက အိမ်ထောင်



ချပေးသူများဖြစ်ရာ၊ ကျွန်တော်တို့ကို ငယ်စဉ်အခါက ဆိုပါ လျှင် တူသားအရင်းနှင့်မခြားအောင် ချစ်ခင်မှု ရှိခဲ့ပါသည်။

ကိုမွှားက နံနက်မိုးမလင်းမီ ကျွန်တော့် ကို နှိုးပါသည်။ နံနက်မိုးလင်းသောအခါ သရက်ချဉ်ရွာသို့ဖြင့်း၊ လေးအိမ်စု ရွာတွင်းသို့ဖြင့်း ကူလီခေါ်ရန်၊ လှည်းဆင့်ရန် ဂျပန်များ လာတတ်ပေရာ၊ လူစိမ်းတယောက်ဖြစ်နေသော ကျွန်တော့် ကို တွေ့သွားပါက ဒုက္ခပေးမည်ကို စိုးရိမ်နေရှာပါသည်။ ထို့ကြောင့် နံနက် ၄ နာရီအချိန်တွင် ကျွဲကြီးတကောင်ပေါ် ကျွန်တော့် ကိုတင်ပြီးလျှင် ရွာ ၂ ရွာကြား၊ လမ်းမနှင့်လည်း တော်တော်လှမ်းသည့် ညောင်ပင်ကြီးတပင်အောက်ရှိ နတ်စင် သို့ ပို့ထားပါသည်။ နေ့လည် နေ့ခင်းတွင် မယောင်မလည် နှင့် ထမင်းလာပို့ပြီး၊ ညမိုးချုပ် မှောင်သောအခါမှ တဖန် ပြန်ခေါ်ပါသည်။ ကျွန်တော်သွားလိုသော လေးအိမ်စု ရွာ ထဲတွင်မူ ရပ်သူရွာသားများထက် ဂျပန်က ပိုများနေပြီ ဖြစ် သောကြောင့် သွား၍မဖြစ်နိုင်တော့ပါ။ ကျွန်တော်၏ဒဏ်ရာ များ၊ အနာများမှာလည်း ကိုမွှားတို့က ချက်အရက်နှင့် ရှိမ်းခို သွေးပြီး လိမ်းပေးသောကြောင့် သက်သာလာပါပြီ။

၇ ရက်ခန့် ကြာသောအခါ ကျွန်တော်မှာ ကျွဲစီးရန် မလို တော့ပါ။ ကိုယ့်ဖါသာ လမ်းကောင်းကောင်း လျှောက်နိုင် ပါပြီ။ နတ်စင်နှင့် ညောင်ပင်ကြီးမှာ ကျွန်တော့် အတွက် အကောင်းဆုံး အကာအကွယ်များ ဖြစ်ပါသည်။ အကယ်၍ ဗမာများဖြစ်စေ၊ ဂျပန်များဖြစ်စေ နတ်စင်နှင့်ညောင်ပင်ဆီသို့ လာကြလျှင် လယ်ကွင်းကြီးများကို ဖြတ်၍လာရသောကြောင့် ကျွန်တော်က ကောင်းကောင်းမြင်ရပါသည်။ မသင့်လျှင် ကျွန်တော်သည် မှော်ယော ချောင်းဘက်သို့ ထွက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တောတန်းလည်းရှိပါသည်။ ချုံတွေလည်းကောင်း
သည်။ ကျွန်တော့်ကို မတွေ့နိုင်ကြပါ။

တနေ့သော် တောင်ငူမြို့ ကင်ပေတိုင်ရုံးအနီးတွင်ရှိနေ
သော ပန်းဘဲဆရာကြီးနှင့် ၎င်း၏ သမီးကလေး၊ ကျွန်တော်
အသက်သခင် မခင်လှိုင်ကလေးတို့၏ ချမ်းသာရေးအတွက်
သောကမအေးသဖြင့် ကိုမွှားအား နေရပ်ဒေသကို သေ
ချာချာ ပြောပြကာ နံနက် စောစောကြီး တောင်ငူမြို့သို့လွှတ်
လိုက်ပါသည်။ ပန်းဘဲဖိုမှ ထင်းခုတ်ဓါးတချောင်း ဝယ်ခဲ့
ငွေ ၁၅ ဝိနှင့် ခရီးစားရိတ် အပြည့်အစုံလည်း ပေးလိုက်
သည်။ ပန်းဘဲဖိုတွင် မခင်လှိုင်ဟု မေး၍၊ အသက် ၁၆ နှစ်
ဝဝဖြိုးဖြိုး မိန်းကလေးကိုတွေ့က၊ မခင်လှိုင် ကယ်လိုက်သော
သူမှာ အန္တရာယ်ကင်းကြောင်း၊ ယခု သူ(ကိုမွှား)နှင့် အတူ
နေကြောင်း တိုးတိုးတိတ်တိတ် ပြောပြခဲ့ရန်လည်း မှာလိုက်
ပါသည်။

ကိုမွှား ထွက်သွားသော နံနက်မှာပင်၊ ဘယ်က ဘယ်
သတင်းကြောင့်မှန်း မသိပါ၊ အုတ်တွင်းမြို့ကိုအကြီးအကျယ်
ဗုံးကြပါသည်။ တမြို့လုံး မီးခိုးလုံးအောက် ရောက်သွား
သည်။ နံနက် ၈ နာရီအချိန်ခန့်သာ ရှိပါဦးမည်။ ကိုမွှားမှာ
တောင်ငူသို့သွားသူဖြစ်၍ တော်ပါသေးသည်။ အုတ်တွင်း
ချပြီးနောက် လေးအိမ်စုရွာကိုချပြန်ပါသည်။ အိမ်ခြေ ၄၀ သာ
ရှိသော ရွာကလေးကို ဗုံး ၁၂ လုံးချလိုက်ရာ၊ စိစိညက်ညက်
ကျေမတတ်ဖြစ်သွားပါသည်။ ရွာတွင်းမှ ဂျပန် အချို့လည်း
ရွာပြင် ထွက်ပြေးလာရာ၊ ကျွန်တော်နေသော ညောင်ပင်နှင့်
နတ်စင်ဆီသို့ ရောက်လာကြပါသည်။ ၅ဖါလုံခန့် အကွာတွင်
ဒလကြမ်းချနေသောဗုံးဒဏ်သည် ညောင်ပင်ကြီးကိုပါ သိမ့်



သိမ့် ခါစေရာ၊ ကျွန်တော်လည်း ညောင်ပင်ကြီးကိုပင် အကာ
အကွယ်ယူနေရပါသည်။ ဂျပန်များလည်း ကျွန်တော်နှင့်အတူ
ပင် တိုးဝှေ့ ဝင်ပုန်းကြပါသည်။

"မာစတာ လေးအိမ်စုကိုဗုံးချရင် သရက်ချဉ်မှာ ပြောင်း
နေကြပါလား"

"ခနေစရာအိမ်တွေရှိသလား"

"ရှိပါတယ်၊ မာစတာတို့နေမယ်ဆိုရင် အိမ်ရှိမှာပေါ့"

"လေယာဉ်ပျံကွင်းနဲ့ နီးအားကြီးတယ်"

"သရက်ချဉ်က လေယာဉ်ပျံကွင်းနဲ့ နီးအားကြီးရင်
ဥယျာဉ်တော်မှာ နေပါလား"

"ဥယျာဉ်တော် သူကြီး ဦးထွေးအောင် ခင်ဗျား သိ
သလား"

"ဟာ သိတာပေါ့၊ သူ့သမီးတွေတော်တော်လှတယ်လေ"

ဤစကားကိုကြားရသောအခါဂျပန်များသည်တော်တော်
သဘောကျကြပါသည်။ ရယ်ပြုံး၍ ကျွန်တော့် ပခုံးကို ပုတ်
သူက ပုတ်ကြပါသည်။ ထို့နောက် ဂျပန်များက နတ်စင်ကို
"ဒါ ဘုရားလား"ဟု မေးသဖြင့် ကျွန်တော်က ဘုရား
မဟုတ်ကြောင်း၊ နတ်စင်ဖြစ်ကြောင်း ပြောပြရာ၊ နတ်စင်
ကလေးကို ချိုးဖဲ့ပြီး လက်ဖက်ရည်အိုး ကျိုကြပါသည်။ ထို့
နောက် ထမင်းချက်ကြရာ၊ ကျွန်တော်လည်းဝိုင်းကူ၍ချက်ပြုတ်
ပေးပါသည်။ ငါးခြောက်ဟင်းဖြစ်၍ တော်တော်ပင် ကောင်း
ပါသည်။ ကိုမွှားလည်း ထမင်း လာမပို့နိုင်သော နေ့ဖြစ်
သောကြောင့်ထမင်းငတ်တော့မည်ဟုထင်နေရာ၊ ဂျပန်ထမင်း
ဂျပန်ဟင်းပွဲတော်ကြီးနှင့် တွေ့ရသဖြင့် ဤရက်များ အတွင်း
တွင် အကောင်းဆုံး စားရသော ထမင်းတနပ် ဖြစ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂျပန် စုစုပေါင်း ၃၀ခန့် ရှိပါလိမ့်မည်။ ဂျပန်စကား တလုံးနှစ်လုံးညှပ်လိုက် ဗမာလိုပြောလိုက်၊ လက်ဟန်ပြလိုက်နှင့် ကျွန်တော်လည်း သူတို့နှင့် တနေ့လုံးပင် စကားလက်ဆုံကျနေပါတော့သည်။

ညနေ ၄နာရီခန့်ရှိသောအခါ၊ ဂျပန်များသည် ၂ယောက်တတွဲ ၃ယောက်တတွဲ ပြန်ကြပါသည်။ စု၍ မပြန်ကြပါ။ နောက်ဆုံးမှ ပြန်သော ဂျပန်စစ်ဗိုလ်သည် ကျွန်တော့်အား ဂျပန်အတွင်းခံ ဘောင်းဘီတထည် ပေးခဲ့ပါသည်။

၅ နာရီအချိန်ခန့်တွင် လေယာဉ်ပျံ တစင်းသည် အုတ်တွင်း၊ လေးအိမ်စု၊ သရက်ချဉ်ရွာများတဝိုက်၌ နိမ့်နိမ့်ကလေးပျံကာ ရစ်ဝဲရှာဖွေပါသည်။ ကျွန်တော်လည်း မိုးချုပ်မှပင် ရွာထဲသို့ ပြန်ဝင်ပါသည်။ ကိုမွှား ပြန်မလာသေးပါ။ လေယာဉ်ပျံ များ အထူးလှုပ်ရှားသော နေ့ဖြစ်သဖြင့် ကျွန်တော်လည်း ကိုမွှားအတွက် စိတ်ပူနေပါသည်။ ကိုမွှား၏ မိန်းမမှာ ဘာမှသိသူ မဟုတ်သောကြောင့် "ကိုမွှားကို ဘယ်ခိုင်းလိုက်သလဲ"ဟု ကျွန်တော့်ကို မေးနေပါသည်။ သူကြားအောင် ၇အိမ်ကျော် ၈အိမ်ကျော် "ထင်းခုတ်ဘို့မားသွားတယ်တာ" ဟု ပြန်ပြောရပါသည်။ ထိုအခါ "အောင်မယ်လေးတော်ရှိတဲ့ မားနဲ့ ခုတ်ရောပေါ့"ဟု သူက ပြန်အော်ပြောပြန်ပါသည်။ ခွေးဟောင်၍ထကြည့်လည်း ကိုမွှားမဟုတ်၊ နံနက်မိုးထိန်ထိန်လင်းသည်အထိ သူပြန်မလာ။

သို့နှင့် နံနက်မိုးသောက်သော် ကျွန်တော်သည် နတ်စင်မရှိတော့သော ညောင်ပင်ကြီးသို့ ဘေးရန်ကင်းရန် သွားပါသည်။ နေမွန်းတည့်တည့်အချိန်ကြီးရောက်မှ ရွာဆီက ကျွန်တော့် ဆီသို့ ကိုမွှားလာပါသည်။ ထမင်းထုပ်လည်းပါမလာ



ပါ။ ကျွန်တော်က "ထမင်းမပါဘူးလား ကိုမွှား"ဟု မေးသောအခါ "မပါသေးဘူး၊ မင်းမှဒီမှာမှ ရှိရဲ့လားလို့ လာကြည့်တာ၊ ငါ့မိန်းမက မင်းဘယ်ထွက်သွားမှန်း မသိဘူးလို့ ပြောလို့"ဟု ပြန်ပြောပါသည်။ ကျွန်တော်က "မခင်လှိုင်တို့ကို တွေ့ခဲ့သလား"ဟု မေးသောအခါ၊ "နေဦး ငါနောက်မှ ပြောပြမယ်၊ မင်းတော့ အံ့အားသင့်မှာဘဲ၊ မင်းပါ ရွာထဲလိုက်ခဲ့"ဟုခေါ်သဖြင့် ကျွန်တော်လည်း ကိုမွှားနှင့်အတူပြန်လိုက်သွားပါသည်။

ကိုမွှားတို့ အိမ်တွင် မခင်လှိုင်နှင့် သူ့အဘေကို တွေ့ရသဖြင့် များစွာအံ့ဩမိပါသည်။ ထိုအခါမှ ကိုမွှားကကျွန်တော်ခိုင်းလိုက်သည့်အတိုင်း တောင်ငူမြို့တွင်းသို့ သွားရာ မခင်လှိုင်တို့သားအဘနေအိမ်နှင့် ပန်းဘဲဖိုကို ရှာမတွေ့ဘဲ၊ ကျွန်တော်ပြောပြလိုက်သော ရပ်ကွက်တခုလုံးမှာ မီးလောင်ပြင်ကြီးသာ ဖြစ်နေကြောင်း၊ သို့နှင့် ထိုအနားတွင် တရစ်ဝဲဝဲနှင့်ရှိနေစဉ် သံတိုမယ်နများကို ဆွဲထုတ် စုဆောင်းနေသော လူတယောက်ကို တွေ့၍ မခင်လှိုင်တို့သားအဘကို သိမသိ မေးကြည့်ရာ မခင်လှိုင်တို့ အဘေဖြစ်နေပြီး၊ သူ့ အိမ်တွင်းမှ မီးလောင်သံပစ္စည်းကောင်းနိုးရာရာများကိုလာရောက်စုဆောင်းနေခြင်းဖြစ်ကြောင်း ပြောပြသဖြင့် မခင်လှိုင် ကယ်လိုက်သော လူငယ်လေးတယောက် မိမိနှင့် အုတ်တွင်း သရက်ချဉ်ရွာတွင်အတူနေကြောင်း၊ ကျန်းမာစွာရှိကြောင်း၊ မိတ်ဆွေများဘေးကင်း မကင်းနှင့် သူဘေးကင်းကြောင်း သတင်းပို့ခိုင်းခြင်းဖြစ်ကြောင်း ပြောပြရာ၊ မခင်လှိုင်၏ ဘခင်သည် အလွန်ဝမ်းသာကြောင်း။ မိမိတို့ ၂ယောက်သားသည် ထိုနေ့အဘို့ ဘာမှ မလုပ်တော့ဘဲ တောင်ငူတွင် ညအိပ်ပြီး နံနက် စော



www.burmeseclassic.com

www.burmeseclassic.com

စောထွက်လာကြကြောင်း။ မခင်လှိုင်တို့ သားအဘမှာလည်း မေ့်တော် ကားလမ်းဘေး၊ အုတ်တွင်းနှင့် တမိုင်ခွဲခန့်သာ ဝေးသည့် အိုးဘို သရက်ချဉ်ရွာသို့ ပြောင်းရွှေ့နေရသဖြင့် မခင်လှိုင်ကိုပါ ဝင်ခေါ်ပြီး ဒီအရောက် လိုက်လာခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့်သတင်းစုံပြောပြသောအခါကျွန်တော်မှာ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို၊ ပြုံးရမလို၊ မျက်နှာ မှိုင်မှိုင်ထားရမလိုနှင့်မဝေခွဲတတ်ဘဲ ဖြစ်နေမိပါတော့သည်။ သို့ရာတွင် ဘာဘဲဖြစ်ဖြစ် မခင်လှိုင်ကလေးနှင့် တွေ့ရသည့် အတွက် ဝမ်းအသာကြီး သာနေသည့် အကြောင်းကိုကား ကိုယ်စောင့်နတ်များနှင့် ကျွန်တော်သာအသိဆုံးဖြစ်ပါသည်။ ယခု မခင်လှိုင်တို့ လာနေသောရွာမှာ ကျွန်တော် ယခု နေရသော သရက်ချဉ်ရွာနှင့် ဆိုလျှင် တမိုင်သာသာကလေးသာ ဝေးပါလိမ့်မည်။

မခင်လှိုင်၏အဘေကြီးက တောင်ငူမှ ထန်းတပင်သို့ သွားသောလမ်းကို ဂျပန်များက လုံးလုံး ပိတ်ထားလိုက်သောကြောင့် ထန်းတပင်သို့သွားနိုင်ရန် တောင်ဘက်သို့ ဆင်းပြီး အိုးဘိုသရက်ချဉ်ရွာတွင် ခဏနေရခြင်းဖြစ်ကြောင်း၊ မကြာမီ ထန်းတပင်သို့ ပြောင်းမည်ဖြစ်ကြောင်း၊ ကျွန်တော်အန္တရာယ်ကင်းစွာ ရှိနေကြောင်း၊ ကိုမွေးပြောပြသဖြင့် သားအဘ ၂ ယောက် ကိုယ်တိုင်တွေ့ရအောင် လိုက်ခဲ့ခြင်းဖြစ်ကြောင်းများကိုလည်း ပြောပြနေရှာပါသည်။ ကျေးဇူးရှင်မခင်လှိုင်ကလေးသည် ဤအချိန်တွင် အိမ်ခြေကလေးနှင့် နားထောင် နေရှာပါသည်။ သူ့ မျက်နှာပေါ်တွင်မူ ပီတိ သောမနဿရောင်များ သန်းလျက်ရှိပါသည်။



မခင်လှိုင်တို့သားအဘနှင့် ကျွန်တော်တို့ နံနက်စာ အတူ စားကြပြီး အခြားစကားစမြည်များလည်း ပြောကြပါသည်။ ကျွန်တော်၏အသက်အသစ်ကိုထပ်ပေးသည့် မိခင်နှင့်တူသော မခင်လှိုင်ကလေးသည် ကျွန်တော့် အတွက် စိတ်ချခြင်း မရှိကြောင်း အမူအရာအားဖြင့် ပြလျက်ရှိပါသည်။ နှုတ်ကလည်း တဖွဖွ ပြောနေပါသည်။ တနေရာတွင် ကြာကြာမနေဘဲ ဟိုပြောင်း ဒီပြောင်း ပြောင်းနေရန် ကျွန်တော့်ကို အထပ်ထပ် သတိပေးနေပါသည်။ ညနေ နေစောင်းမှပင် သူတို့တည်းခိုနေသောရွာသို့ ပြန်သွားကြပါတော့သည်။

စစ်တွင်းည ဖြစ်သောကြောင့် တိတ်ဆိတ်လှပါသည်။ နေ့ခင်းကအိပ်မက်ပမာ အတွေ့အကြုံများကြောင့်၎င်း၊ကျွန်တော်၏ နောင်ရေးကြောင့်၎င်း အိပ်ချိန်တိုင်သော်လည်းကျွန်တော် အိပ် မပျော်ပါ။ ထိုနေ့ည ၁၁ နာရီ အချိန်ခန့်တွင် အိမ်ရှေ့မှနေ၍ "ကိုမွား-ကိုမွား"ဟု ခေါ်သံကြားသဖြင့် ကျွန်တော်အသာထကြည့်ရာ၊ လူရိပ်တွေ အများကြီး တွေ့ရသောကြောင့် မသက်သာပါ။ ထိုလူစုသည် အိမ်ကို ဝိုင်းမည် ပြုနေကြပါသည်။ ကျွန်တော်လည်း မပြေးသာတော့ပါ။ ထို့ကြောင့် ရှတ်ခြည်းပင် မီးဖိုနှင့် အိမ်မ ၂ဆောင်ပြိုင်ကြားက ချောင်းသို့အရဝင်ကာ လှဲ၍အိပ်ပုန်းအောင်းနေလိုက်ပါသည်။ အပြင်ကလူများမှာ ဂျပန်ကင်ပေတိုင် စစ်သားများနှင့် ပုလိပ်များဖြစ်ကြပါသည်။ ကျွန်တော်ပုန်းပြီးသောအချိန်တွင် ကိုမွားတို့ လင်မယားမှာ နိုးသေးဟန် မတူပါ။ တယောက်မှာ နားထိုင်းသူ၊ တယောက်မှာ ခရီးပန်းလာသူ ဖြစ်သောကြောင့် အပြင်က လူသံများသည် သူတို့အား နိုးလောက်သော အသံများ မဟုတ်ကြပါ။ ဂျပန်နှင့်ပုလိပ်များ



www.burmeseclassic.com

www.burmeseclassic.com

သည် ခြံစည်းကို အတင်းတွန်းဖယ်ကာ ဝင်လာကြပါသည်၊ "ကိုမွှား-ကိုမွှား"ဟု ထပ်ခေါ်ကြပါသည်။ ကိုမွှားတို့ လင်မယားလည်းနိုးလာကြပါပြီ။ အိမ်ထဲတွင် တစုံတယောက်ကို ရှာကြပါသည်။ လက်နှိပ်ဓါတ်မီးများဖြင့် ချောင်ကြိုချောင်ကြားမကျန် လိုက်ထိုး နေကြပါသည်။ ကျွန်တော်ရှိကြောင်း တပ်အပ်သိသောကြောင့် ကျွန်တော့်ကို မုချ တွေ့ရမည်ဟု သူတို့ယူဆကြဟန်ရှိပါသည်။ကိုမွှားတို့လင်မယားနှစ်ယောက်အား "စပိုင်ရှိတယ်ဟုတ်လား၊အခုဘယ်မှာလဲ၊ ပြောလေ.... ပြော....ဘယ်မှာ ဝှက်ထားသလဲ" စသည်ဖြင့် မေးလိုက်ရှာလိုက်၊ ဂျပန်ကရိုက်လိုက်၊ ပုလိပ်က နားရင်းအုပ်လိုက်၊ ဖနောင့်နှင့်ပေါက်လိုက် လုပ်နေကြသည်မှာ ကျွန်တော် ပုန်းနေသော ရေသယောက်နှင့် ဘာမှမဝေးသဖြင့် အလွန် စိတ်ထိခိုက်ပါသည်။ နှိပ်စက်နေသော ဂျပန်နှင့်ပုလိပ်တို့၏ ခေါင်းများသည် ထုရင်း ရိုက်ရင်းက တခါတရ ကျွန်တော်ပုန်းနေသော ရေသယောက်ကို ခေါင်းနှင့် တိုက်မိပါသေးသည်။

နောက်ဆုံးတွင် ကိုမွှားတို့လင်မယားကို ကြိုးနှင့်တုပ်ပြီး ခေါ်သွားကြပါတော့သည်။ သူတို့ ထွက်သွားကြသော်လည်း ကျွန်တော် မလှုပ်ရဲသေးပါ။ ဂျပန်နှင့်ပုလိပ်တို့၏အသံများကို ရွာထဲ၌ပင် ကြားနေရသေးသောကြောင့် ငြိမ်၍သာ နေရပါသည်။ တနာရီသာသာခန့် ကြာသည်တိုင်အောင် တအိမ်ဝင် တအိမ်ထွက်နှင့် ရှာတုန်း ဖွေတုန်း ဖြစ်ပါသည်။ ဤရွာထဲ တအိမ်အိမ်မှာ ရှိရမည်ဟု သူတို့ ယူဆသဖြင့် သဲသဲမဲမဲ ရှာဖွေနေကြခြင်းဖြစ်ပါသည်။ တော်တော်ကြာ တပတ်ပြန်ကြွေလာလျှင်ခက်ရချေရဲ့ ဟုစဉ်းစားကာ၊ ကျွန်တော်လည်း ဖြည်းဖြည်းဆေးဆေး လုပ်မနေတော့ဘဲ တခါတည်း ထိုး



ဆင်းပြီး တရှိန်ထိုး အနောက်ဘက် ရွာပြင်သို့ ပြေးပါတော့သည်။ ရွာနှင့် ၂မိုင်နီးနီးသို့ရောက်မှပင် အမောဖြေပြီး အကြံယူပါတော့သည်။ ပုလိပ်နှင့် ဂျပန်များ ပြန်လာပြီး ကိုမွှားတို့အိမ်ကို မီးရှို့သည်ကိုလည်း မီးတောက် ခပ်သေးသေးသာ မြင်ရပါသည်။

ကျွန်တော် ဘယ်လောက် အမြန်ဆုံးပြေးခဲ့သည်ကို ပြောရမည်ဆိုလျှင် ထိုအခါကခွေးလိုက်လျှင် ကျွန်တော့်ကိုမှီမည်မဟုတ်ပါ။ကန်သင်းရိုးကို တိုက်ပြီး ၀မ်း၂ပတ်လောက် လည်သွားသည်များလည်း ပါပါသေးသည်။

အမောပြေအောင် အတော်ပင် ဖြေရပါသည်။ ရင်ခုန်ကလည်းမရပ်နိုင်ပါ။ ထို့နောက် အနောက်တိုက်ကိုဆက်၍ မှော်ယောတောကွင်းဘက်သို့သာ တည့်တည့် ဆက်သွားပါသည်။ ထိုနေရာဘက်တွင် တောကောင်းပါသည်။ ကျွန်တော်တို့ ဒိဘများဓားမဦးချတောတိုးပြီး လုပ်လာခဲ့သည့်လယ်များမှာလည်း ချစ်ထီးလက်ရောက်ရာက ယခုမှု လုပ်သူမရှိ၍ ကိုင်းတောကြီးများ ဖြစ်နေပေပြီ။

မိုးလင်းခါနီးသောအခါ ပေါက်တော ဗေဒါကုန်းရွာ၏အနောက် မြောက်ဘက် တောကြီးထဲသို့ ရောက်လာပါပြီ။ သွားရင်း သွားရင်းနှင့် မျက်စိလည်ပြီး ဘယ်မှမသွားတတ်တော့ပါ။ အလင်းရောင်မသန်းမီက ကြယ်ကိုကြည့်ပြီး ကိုယ်ဘယ်ဘက်သွားနေသည်ကို မှန်းနိုင်သော်လည်း၊ ယခုမူကြယ်မရှိ၊ နေမပေါ် အချိန်ဖြစ်သဖြင့် နေဘယ်ဘက်က ထွက်မည်ဆိုသည်ကိုသာ စောင့်၍ ကြည့်နေရပါတော့သည်။

တနာရီခန့် ထိုင်မိသောအခါမှ တောအုပ် သစ်ပင်များကိုကျော်ပြီး နေမင်းကြီးထွက်ပြူလာပါသည်။ ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com

မြောက်နှင့်အနောက် အမှတ်မှားနေကြောင်းလည်း ထိုအ
မှသိရပါသည်။ ဤသို့နှင့် နေကို ကျောပေးပြီး ဆ
လျှောက်၍ နာရီဝက်ခန့် ကြာသောအခါတွင် တောပြင်
ရောက်ပါတော့သည်။

ဤအချိန်၌ ကျွန်တော့်တွင် မခင်လှိုင်ပေး လိုက်သေ
စားမြောင် တချောင်းသာ ပါပါသည်။ နံနက် ၇နာရီ အခ
ခန့်တွင် သရက်ပင် မောင်နှမ ဆိုသောရွာသို့ ရောက်ပါသည်
ထိုရွာမှာရွာကြီးဖြစ်သဖြင့် ဈေးလည်းရှိပါသည်။ စည်လည်
စည်ပါသည်။ ဈေးထဲတွင် ဆာဆာနှင့် မုန့်ဟင်းခါး ၁၀ ဒ
စားလိုက်ပါသည်။ မုန့်ဟင်းခါးစားနေခိုက်တွင် ဗမာလူရွယ်
၂ယောက်သည် ကျွန်တော်၏ နောက်တည့်တည့်တွင် လာရပ်
နေကြပါသည်။ တယောက်ကို ကျွန်တော်မြင်ဘူးသလိုလို ရှိ
ပါသည်။ သူတို့၂ယောက် ပြောဆိုနေသော စကားများမှာ
မသင်္ကာစရာများသာ ဖြစ်ပါသည်။ ကျွန်တော့်နောက်နား
ကလည်း မခွါကြပါ။ ခဏနေသော် ၁ ဦးက တဘက်သို့
ထွက်သွားပါသည်။ ၁ဦးကမူ ကျွန်တော့်နောက်က မခွါပါ။
ကျွန်တော်မှာ အိန္ဒြေမပျက် မုန့်ဟင်းခါးကို ဆက်လက်စားမြ
စားနေပါသည်။ ဤလူတွေသည် သတင်းအရ ငါ့ကိုဖမ်း
မည့်လူတွေလား၊ ဘယ်လိုလူ၂ယောက်လဲဟု မသိမသာအကဲ
ခပ် စဉ်းစား နေပါသည်။ စားပြီးသောအခါ တောသား
ကလေး တယောက်ကဲ့သို့ ပိုက်ဆံပေးပြီး အသာကလေး
ထသွားပါသည်။ တဦးသည် ကျွန်တော့်ကို မျက်ခြေပြတ်
မခံပါ။ တဦးကလည်း တနေရာဆီမှ တစိတစောင်းပင်
ရှိပါသည်။ သူတို့ ကျွန်တော့်ကိုဖမ်းလျှင် ကျွန်တော်လည်း
ဓားနှင့်ထိုး ခုခံကာ ထွက်ပြေးရန်သာ ကြံစည်ထားပါသည်။



ရှထောက်တွေလည်းကောင်း၊ ဘိုက်ကလေးလည်း တောင့်
နေသည်ဖြစ်သောကြောင့် ရန်သူကို ခုခံနိုင်မည်ဖြစ်ကြောင်း
ကောင်းကောင်း စိတ်ချမိပါသည်။

ဈေးအနောက်ဘက် တဖါလုံခွဲခန့် ရောက်သွားသည်တိုင်
အောင် အကြီးသည် ကျွန်တော့်နောက်မှ လိုက်ဆဲပင်ရှိပါ
သည်။ ကျွန်တော်နှင့် ဂိုက် ၃၀ခန့်သာကွာပါလိမ့်မည်။ ကျွန်
တော် မြန်မြန် လျှောက်လျှင် သူလည်း သွက်သွက် လှမ်းပြီး
လိုက်ပါသည်။သို့နှင့်ဈေးမှ ၂ဖါလုံခန့်ဝေးသောရေအိုးစင်က
လေးအနီးသို့ရောက်သောအခါ၊ ထိုသူသည် လက်ခုပ်တီးကာ
ကျွန်တော့်အား လက်ပြရပ်ခိုင်းပါသည်။ ကျွန်တော်လည်း
တန်ကိုယ့်ဘို့ဆိုပြီး အိန္ဒြေမပျက် သတိနှင့် စောင့်နေပါသည်။
ကျွန်တော့်အနီး ၆ ပေခန့် ရောက်လာသောအခါ ထိုလူက
ကျွန်တော်တို့ စပိုင်အချင်းချင်း ပြလေ့ရှိသော လက္ခဏာကို
ခွတ်တရက်ပြလိုက်ပါသည်၊က ကောင်းပါသည်။ ကျွန်တော်
အနီး နောက်၂လှမ်းနီးလာ၍မှ သူ၏လက္ခဏာကို မပြလျှင်
ကျွန်တော်၏ ဓားသွားသည် သူ၏ရင်ဝထဲသို့ ထိုးဝင်နေမည်
မှာ သေချာပါသည်။ကျွန်တော်လည်းခွေးမမှီနိုင်သောအပြေး
မျိုးနှင့် တောကြီးထဲ ပြေးရပါလိမ့်ဦးမည်။

လိုက်လာသူက လက္ခဏာပြလိုက်သောအခါ ကျွန်တော်
မည်မျှ ဝမ်းသာသွားသည်ကို ကျွန်တော် ယခုပြန်မပြောတတ်
ပါ။ သို့ရာတွင် ကျွန်တော့်စိတ်ထဲ၌ ဤလူသည် ရဲဘော်ဖြစ်
သည်၊ ရန်သူမဟုတ်ဟု စိတ်ဒုံးဒုံးမချရဲပါ။ထို့ကြောင့် ကျွန်
တော်က ဘာမှပြန်မပြပါ။ အချက်ပြန်မပြပါ။ မဖြေပါ။ ဤသို့
သော ကိစ္စမျိုးမှာ သတိရှိမှ တော်ရုံ ရှိပါသည်။ အကယ်၍
ထိုလိုက်လာသူသည် စပိုင်တယောက်ကို မိဘူး၍ ရိုက်နှက်စစ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး လက္ခဏာပြခြင်း၊ ဖြေခြင်းများကိုမေး၍ သူရဲဘော
သော စပိုင်တယောက်ကဲ့သို့မဟုတ် သစ္စာဖေါက်သူတ
ဖေါ်ပြောခဲ့ဘူးသည် ရှိသော် သူသည် ၎င်းလက္ခဏာမျ
အားလုံးသိသော လူတယောက်ဖြစ်နိုင်ပါသည်။ ထို့ကြေ
မဖြေသေးဘဲ အကဲခပ်ကြည့်ခြင်းသည် အကောင်းဆုံး
သည်ဟု ထင်မြင်သောကြောင့်တေသားကလေးသဖွယ်
နေခြင်းဖြစ်ပါသည်။

ထိုအခါ ထိုသူက ကျွန်တော့်အား "ရဲဘော်နားမ
ဘူးလား" ဟု မေးပါသည်။ ကျွန်တော်က နှုတ်ဖြင့် ပြန်
ပါ။

ကျွန်တော်ကလည်းလေထီးနှင့်ဆင်းထားသူမှန်ကြော
ပြန်၍ လက္ခဏာပြလိုက်ပါသည်။

ဒီလိုဆို ရဲဘော် ကျွန်တော်တို့နှင့်အတူ ခဏလိုက်ခဲ့ပါ
ဆိုကာသရက်ပင်မော်နှမရွာ၏တောင်ဘက်နှင့် ကြက်တ
ညောင်ပင်ရွာအကြားရှိ ဘုန်းကြီးကျောင်းကြီးသို့ ခေါ်သွ
ကြပါသည်။ ထိုဘုန်းကြီးကျောင်းထဲသို့ ရောက်သွားသေ
အခါ ကျွန်တော့ကို ခေါ်သွားသည့် လူက အင်္ဂလိပ်ဘာသ
ဖြင့် စာရွက်ငယ်ငယ်တခုပေါ်တွင် စာရေး၍ ပေးပါသ
စာလုံးမများပါ။ ထို့နောက် ခါးကြားထဲမှ မြေပုံ ကလေ
တခုလည်း ထုတ်ပေးပါသည်။

ထိုမြေပုံအရ ကပေါင်းချောင်းကိုဆန်၍ လျှောက်သွ
သော် ရှေ့ဦးစွာကမ်းပါးနီဆိုသောရွာကိုရောက်မည်၊ ထို
ရောက်သောအခါသဒ္ဒါရွာသို့သွားသောလမ်းကိုမေးပါ၊သ
ကနေပြီး အနောက်ဘက်သို့လှည့်၍လမ်းကြောင်းအတိုင်းလိ
သွားလျှင် မြင့်မောက်သော တောင်တန်းကို တွေ့လိမ့်မ



၎င်းတောင်ကို ဖြတ်ကျော်၍ တဘက်တောင်ခြေရောက်သော အခါမြောက်ဘက်ဆင်ခြေလျှောအတိုင်းအသာလိုက်သွားပါ၊ ထိုနေရာတွင် မဟာမိတ်တပ်သားများကို တွေ့ပါလိမ့်မည်။ သူတို့နှင့် တွေ့လျှင်တွေ့ချင်း ယခုပေးလိုက်သောစာတိုကလေးကိုပြပါ၊ ခင်ဗျားကို သူတို့သိပါသည်" စသည်ဖြင့် မှာပါသည်။ ထို့နောက် ထိုရဲဘော်က စာအုပ်ငယ်တခု ထုတ်ပြပါသည်။ ထိုစာအုပ်တွင် ဗမာပြည် ထိုဒေသသို့ ပြန်လွှတ်ထားသော လေထီးသမားများ မည်သူသေ၍မည်သူပြန်ရောက်သည် ဆိုသည့်စာရင်းများပါပါသည်။ကျွန်တော်မှာလူသေစာရင်းတွင် ပါနေပြီဖြစ်ရာ၊ ထိုမိတ်ဆွေက 'ခင်ဗျား သေစာရင်း ခင်ဗျားဖာသာ ဖျက်သွားပါဦး' ဟုပြောသဖြင့် ထုတ်ပေးသော ခဲတံကလေးနှင့် သေစာရင်းတွင် ဖျက်လိုက်ပြီး 'ထွန်းမြင့်' ဟု လက်မှတ်ထိုးလိုက်ပါသည်။

ကျွန်တော်လည်းအချိန်မဖြုန်းတော့ဘဲ ညွှန်ပြသောလမ်းအတိုင်း တောင်ခြေစခန်းသို့ တဖြည်းဖြည်းလျှောက်ခဲ့ပါသည်။ နံနက် ၁၀ နာရီထိုးက ထွက်လာရာ ကမ်းပါးနီရွာသို့ မွန်းလွဲ ၁၂ နာရီခွဲအချိန်ခန့်တွင် ရောက်သွားပါသည်။ ကမ်းပါးနီရွာအိမ်ခြေ၄၀ခန့်ရှိ ကရင်ရွာကလေးဖြစ်ပါသည်။ထို့နောက် ၃နာရီ နီးပါးခန့် လျှောက်သွားရာ သဒ္ဒါရွာကို ရောက်ပါသည်။ သဒ္ဒါရွာတွင် မဂ္ဂရီကာ သစ်အလုပ်သမားများဌာနမှ အနောက်ဘက် နာရီဝက်ခန့် သွားလိုက်သော် တောင်ခြေသို့ရောက်ပါတော့သည်။ တောင်ကိုဖြတ်ကျော်ပြီး များမကြာမီပင် ပသိုင်းမွှေး နှုတ်ခမ်းမွှေးများနှင့် ကာဘိုင်း သေနတ်နှင့်ကျွန်တော့် ဆီချိန်ပြီး ပြေးလာသောစစ်သား၄ယောက်ကို တွေ့ရပါသည်။ အင်္ဂလိပ်ဘာသာဖြင့် 'ဟေ့ ရပ်ဦး' ဟု လှမ်း



www.burmeseclassic.com

www.burmeseclassic.com

အော်ပါသည်။ ကျွန်တော့်ကိုလက်မြှောက်ခိုင်းပြီး ရှာသောအခါ ပါလာသောစာရွက်ကလေးကို တွေ့ကြပါသည်။ သေနတ်နှင့်ချိန်၍ ဤသို့ရှာဖွေကြသော်လည်း ဂျပန်စစ်သားများကို ကြောက်သကဲ့သို့ ကြောက်စိတ်အနည်းငယ်မျှ မပေါ်ပါ။ သူတို့ကိုတွေ့ကတည်းက ဝမ်းသာပြီး ပြုံးနေမိပါသည်။ ထို့နောက် ကျွန်တော့်ကိုခေါ်သွားကြရာလမ်းတွင်ကင်းတဲ ကလေးတွေနှင့် ၂ယောက်စီ ၂ယောက်စီစောင့်နေကြသူများကို တွေ့ရပါသည်။ ထို့နောက် လေယာဉ်ပျံကွင်း ငယ်ငယ်ကလေးတွင် လေယာဉ်ပျံ ၂စင်း ရပ်ထားသည်ကို တွေ့ရပါသည်။ လေယာဉ်ပျံကွင်းနှင့် မနီးမဝေးတဝိုက်ရှိ သစ်ပင်ချုံအောက် တလျှောက်တွင် တလပတ် တဲပေါင်းများစွာကိုလည်း တွေ့ရပါသည်။ ကျွန်တော့်အား တဲခပ်ကြီးကြီးအတွင်းရှိ စစ်ဗိုလ်များထံ ခေါ်သွားပြီး စာရွက်ကလေးကိုလည်း တင်ပြပါသည်။ ညနေ၅နာရီကျော်လောက် ရှိပါပြီ။

ဤစခန်းရှိ သံကြိုးဆူးဝိုင်း အချုပ်ခန်းထဲတွင် ဂျပန် စစ်သုံ့ပန်းအချို့ကို တွေ့ရပါသည်။ သူတို့ကိုတွေ့သောအခါ အလွန်ဒေါသဖြစ်ပါသည်။ ကျွန်တော့်ကို နှိပ်စက်သော ဂျပန်များ ပါမည်လားဟု ရှာမိပါသေးသည်၊ တယောက်မှ မတွေ့ရပါ။

စင်စစ်အားဖြင့် ကျွန်တော်မှာ စိတ်ဆောင်နေ၍ လူမာတယောက်ကဲ့သို့ ရှိနေနိုင်ခြင်းဖြစ်ပါသည်။ဤစခန်းသို့ ရောက်ကတည်းက 'ငါတော့ မသေတော့ဘူး'ဟူ၍ သိသည့်အတိုင်း တင်းထားသော စိတ်မာန်များကိုလျှော့ချလိုက်ပါတော့သည်။ ထို့ဝှက်စခန်းရှိ စစ်ဆရာဝန်များသည် ဂျပန်နှိပ်စက်၍ရထားသော ခြေထောက်မှ အနာများကို ဆေးထည့်ပေးပါသည်။ ကျွန်တော့် ကျန်းမာရေးကိုလည်း စစ်ဆေးကြပါသည်။မား



တံဆိပ်ပါသောယူနီဖောင်းကိုလည်းလဲလိုက်ရပါပြီ။သို့ရာတွင် ဤပဌမညမှာပင် ကျွန်တော်အပြင်းဖျားပါတော့သည်။ ထို့ကြောင့် ကျွန်တော့်ကို အိန္ဒိယပြည်သို့ ချက်ခြင်းပြန်မပို့နိုင်ဘဲ ၃ရက်မျှ စောင့်နေရပါသည်။

၄ ရက်မြောက်သောနေ့တွင် လေထီးကြိုးများနှင့်နောက်ပြန် လက်ပြန်ကြိုးတုပ်ထားသော ဂျပန်သုံ့ပန်း ၉ ယောက်နှင့် ဝေါ်ရာစစ်သားအစောင့်များ၊ ကပ်ပေါ်တွင် ပက်လက်ဖြစ်နေသော ကျွန်တော်နှင့် သူနာပြုစစ်သားတယောက်တို့ကို လေယာဉ်ပျံတစင်းနှင့် အိန္ဒိယပြည်စခန်းတခုသို့ သယ်ယူသွားပါသည်။ ကျွန်တော့်မျက်လုံးများကိုမှ ပိတ်၍စည်းထားပါသည်။

ကျွန်တော်မှာ ခြေလက်မသယ်ချင် မလှုပ်ချင် အားပြတ်သကဲ့သို့ ဖြစ်နေပါသည်။ မျက်စိလည်းမဖွင့်ချင်ပါ။ သို့ရာတွင် ကျွန်တော် ကြားဘူးသည့် အသံတသံသည် နားထဲတွင် ကြား၍သာနေပါသည်။ များမကြာမီ ကျွန်တော့်မျက်လုံးကို စည်းထားသောအဝတ်ကိုဖြေပေးပါသည်။ ထိုအခါမှ ကျွန်တော်မှာ အိန္ဒိယပြည်တနေရာရှိ စစ်ဆေးရုံစခန်းတခုတွင် ရောက်နေကြောင်း၊ ထိုအသံရှင်မှာ ဗိုလ်ကြီးဘအုန်း ဖြစ်ကြောင်း တွေ့ရပါသည်။ ဗိုလ်ကြီးဘအုန်းသည် ကျွန်တော့်အား ပြုံးရွှင်စွာ နှုတ်ဆက်ပြီး အားပေးစကားများ ပြောကြားပါသည်၊ အသက်ပေး၍ အမှုထမ်းသူသည် အချည်းနှီးဖြစ်မည်မဟုတ်ကြောင်းလည်း ပြောပြပါသေးသည်။ ဤဆေးရုံတွင် ၁၇ ရက်ခန့်ကုသပြီးနောက် စစ်ဗိုလ်ကြီးများကကျွန်တော့်ကို စစ်ဆေးမေးမြန်းကြပါသည်။ ကျွန်တော်အသေးစိတ် ပြောသည်များကိုလည်းကောင်းစွာ မှတ်သားယူထားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ကျေးဇူးရှင်အသက်သခင် မခင်လှိုင်နှင့် ကိုမွားတို့အကြောင်းကိုလည်း သေသေချာချာပြောပြပါသည်။ ကျွန်တော့အတွက် ကိုမွားတို့လင်မယားကို ဂျပန်က ဘမ်းဆီးသွားသည့်အကြောင်းကိုလည်း စုံစုံလင်လင်ပြောပြပါသည်။ ဆေးရုံစခန်းမှာနေရသည်မှာပျင်းစရာကောင်းလှပါသည်။ ၅ရက်မျှနောက်ထပ်နေပြီးနောက် တာဝန်ချထားရာစခန်းသို့ ပို့ပေးပါသည်။

ညတညတွင် မတ်လတွင်းဟု ထင်ပါသည်။ ကျွန်တော်နှင့်ရဲဘော်အများသည်လေထီးဖြင့်ခုန်ဆင်းရန် ပစ္စည်းကရိယာအစုံအလင်နှင့် လေယာဉ်ပျံဖြင့် ဗမာပြည်ဘက်သို့ လိုက်ခဲ့ရပါသည်။ နံနက် ၃နာရီနှင့်၄နာရီကြား အချိန်လောက်တွင် ယာခင်းတွေထဲမှာ ဆင်းကြရပါသည်။

စစ်မှာ အရေးကြီးနေပြီ ဖြစ်သဖြင့် အစီအစဉ်သစ်များလုပ်ဟန်တူပါသည်။ လေယာဉ်ပျံပေါင်းများစွာမှ စစ်သားပေါင်းများစွာပင် ဆင်းကြရသော ညဖြစ်ပါသည်။ ကျွန်တော် စိတ်ထင် လေယာဉ်ပျံ ၄၀လောက် ရှိကောင်းရှိမည်ထင်ပါသည်။ တသုတ်လျှင်ရှေ့က၃စင်းသွား၊မီးကျည်များချ၊ ထို့နောက်ဝဲပြီးလူတွေကို ချပါသည်။ ရှေ့အစင်းက မီးကျည်ချ၊ နောက်အစင်းက လူချသဘောမျိုးဖြစ်ပါသည်။ တခြားနယ်တွေမှာဘယ်ပုံဘယ်နည်းဆင်းကြရသည်ကိုမူမသိပါ၊ကျွန်တော်တို့မှာမူ ဤအတိုင်းပင်ဆင်းကြရပါသည်။ မီးကျည်က အောက်ကဆင်း၊လူကအပေါ်စီးကလိုက်ပါလာသည့်သဘောပင် ဖြစ်ပါသည်။ မီးကျည်မှာ ထီးနှင့်အုပ်၍ ကျလာသည်ဖြစ်ရာ၊ မီးရောင်မှာအောက်ကိုသာ ဆတ်ချ်(မီးမောင်း)လိုက်



သဘွယ် ထိုးလျက်ရှိပါသည်။ အပေါ်ကလေထီးနှင့်လူများကို မမြင်နိုင်ပါ။ အလုံးအရင်းနှင့် ဆင်းလျှင် ဤသို့သော်အစီအစဉ် ပြုလုပ်၍ ဆင်းရပါသည်။

သူနာပြု တပ်သားများမှာ အစောဆုံး ဆင်းနှင့်ရသူများဖြစ်ပါသည်။ ကျွန်တော်အောက်ရောက်ပြီးသော အခါလည်း ဆင်းလာကြသူတွေမနည်းပါ။ ရိက္ခာနှင့် ဆေးဝါးများကိုမူ နံနက်မိုးလင်း၍ အောက်က ဝိုင်ယာလက် အချက်ပေးသည့်အတိုင်း လာချပေးပါသည်။ နံနက်ဂနာရီအချိန်အထိ ချစရာများကို လေယာဉ်ပျံက ပြောင်ချပေးနေပါတော့သည်။

အနီးရှိရွာသားများသည်နံနက်မိုးလင်းသောအခါ ရိက္ခာများ ကောက်သင်းကောက်ရန် သဘောဖြင့် တောင်းကြီးတောင်းငယ်များနှင့် သယ်ယူရန် လာကြသည်ကို အချို့စစ်သားများက ဘာမသိညာမသိနှင့် လှမ်းပစ်၍ ၃ယောက်ခန့်အခြောက်တိုက်သေသွားပါသည်။ ၂ယောက်ကို ဘမ်းမိ၍မေးကြည့်ရာ၊ သူတို့တွင် စားစရာသောက်စရာရှားလွန်းသောကြောင့် ရလိုရငြား လာကြခြင်းဖြစ်ကြောင်း ပြောပြပါသည်။

နံနက်မိုးလင်းသောအခါ သေတ္တာတွေနှင့်စိန်ပြောင်းများ၊ မြင်း၊ လား၊ သံချပ်ကာကား အသေးစားတို့ကိုလည်း ချပေးပါသည်။ ခွာတ်ဆီပေပါများလည်း ချပေးပါသည်။ ဂျစ်ကားများလည်း ပါလာပါသည်။ ကျွန်တော်တို့လည်း မနားရတော့ပါ၊ မြို့ဘက်သို့ စိန်ပြောင်းချိန်၊ ဟိုဟာ ဒီဟာ ပြင်ဆင်ကြနှင့် အလုပ် များနေကြပါတော့သည်။ လေယာဉ်ပျံကွင်းမသိမ်းနိုင်သေးသည့်အခါ ပစ္စည်းနှင့်လူများကို ဤသို့ပင် ချရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့၏အရှေ့မြောက်ဆီမှလည်း တဒိုင်း ဒိုင်းနှင့် အမြောက်သံသဲ့သဲ့ ကြားနေရပါသည်။ လေယာဉ်ပျံ ခပ်နိမ့်နိမ့် ပျံသန်းနေသည်များကိုလည်းမြင်တွေ့ရပါသည်။မြို့ကို ပြင်းပြင်း ထန်ထန် ဗုံးချနေသံများလည်း ကြားရ တွေ့ရပါသည်။

နေ့လည် ၁၂ နာရီထိုးခန့်တွင် ကျွန်တော်တို့ မေမြို့ဘက်သို့ စ၍ ချီတက်ကြပါသည်။ ရွာတရွာအနီးသို့ရောက်သောအခါ တောကြားရှိုးကြားတွင် ဝါးချွန်တွေကိုင်ပြီး စောင့်နေကြသော ယောက်ျားများကိုတွေ့ရပါသည်။ လူ၃,၄ယောက်ကိုဘမ်းပြီး မေးကြည့်ရာ၊ ဂျပန်က စောင့်ခိုင်းသောကြောင့် လေထီးစစ်သားများဆင်းလာလျှင် ဘမ်းဘို့စောင့်နေရခြင်း ဖြစ်ကြောင်း ပြောပြကြပါသည်။ ရွာသားများအား ရွာပြန်ကြဘို့ပြောခဲ့ပြီး ကျွန်တော်တို့လည်း မေမြို့ဘက်သို့ ဆက်၍ ချီတက်မြဲချီတက်နေကြပါသည်။မေမြို့ မြို့စပ်ရွာအချို့တွင်လည်းဝါးချွန်သမားအချို့ကိုတွေ့ရပါသေးသည်။ မေမြို့ မြို့တွင်းရှိ ဂျပန်များသည် ကျွန်တော်တို့ဘက်မှဝင်လာခြင်းကို သေသေချာချာ သိကြမည်မထင်ပါ။ လားရှိုးဘက်ဆီမှလာသည့် မဟာမိတ်တပ်များဆီကိုသာမှန်းဆပြီးမော်တာများ၊အမြောက်များနှင့်ပစ်နေကြပါသည်။ကျွန်တော်တို့ မြို့ထဲဝင်မိသောအခါမှောင်စ,ပြုပါပြီ၊ ဂျပန် မော်တာသံလည်း တဖြည်းဖြည်း ဝေးသွားပါသည်၊ မြို့တွင်းခုခံမှုနှင့် လုံးဝပင် မတွေ့ကြရတော့ပါ။

ညဦးသန်းခေါင်ကျော်အချိန်ခန့်တွင် ကျွန်တော်တို့စခန်းချနေရာဒေသနှင့် မလှမ်းမကမ်းနေရာသို့ မော်တာကျည်ဆံများကျနေပါသည်။ နံနက် ၃ နာရီ အချိန်ခန့်တွင် အနောက်မြောက်ဘက်ဆီမှ ဂျပန် များက တော်တော် ပြင်းပြင်း ထန်ထန် ဝင်တိုက်ကြပါသည်။ ကျွန်တော်တို့တပ်မှာ ထင်ပန်းလာသောတပ်ဖြစ်၍ အချို့အိပ်မောကျအနားယူနေသောအချိန်ဖြစ်ပါသည်။ ထိုဂျပန်များမှာအသေခံတွေဟုယူဆရပါသည်။ အင်အားကောင်းသော တပ်မများ ဆုတ်နိုင်ချိန်ပို ရအောင် အနှောင့်အရှက်ပေးခြင်းဖြစ်ဟန်တူပါသည်။လှံစွပ်နှင့် လက်ပစ်ဗုံးကို တော်တော်များများပင်သုံးပါသည်။ကျွန်တော်တို့ဘက်မှ တော်တော်ကလေး အနာခံလိုက်ရသော တိုက်ပွဲဟုပင် ဆိုရပါလိမ့်မည်။

လားရှိုးဘက်မှ တပ်များသည် နံနက် မိုးထိန်ထိန်လင်းပြီးမှပင် မြို့ထဲသို့ ဝင်လာနိုင်ကြပါသည်။ ကျွန်တော်တို့လည်း မေမြို့ အနောက်ဘက်သို့ ရွှေ့ရှားကြပါသည်။ ရွာတရွာတွင် ဂျပန်စကားပြန် ဘိုးညြဆိုသူ မော်လမြိုင်သား တယောက်ကို ဘမ်းမိပါသည်။ သူက ဂျပန်စပိုင်လည်း လုပ်သည်ဟုဆိုပါသည်။ သူ့ဆီက စပိုင်ဟုယူဆနိုင်သော ပစ္စည်းအချို့လည်း တွေ့ကြရပါသည်၊ မိတ္ထီလာအထိ ကျွန်တော်တို့ ချီတက်လာကြရာ တိုက်ပွဲဟူ၍ မယ်မယ်ရရ မတိုက်ကြရပါ။ ဗမာ့ တပ်မတော်သားများက ကျောက်ဆည်နယ်နှင့် ရှမ်းပြည်နယ်စပ်တွင် ပြင်းထန်စွာ ဂျပန်များကို တော်လှန် တိုက်ခိုက်နေသည်ဟုသာ ကြားရပါသည်။ ကျွန်တော်တို့လည်း မိတ္ထီလာတွင်မြို့စောင့်တပ်သားများအနေနှင့် နားနေကြရပါသည်။ ရှေ့ဆက်တိုက်ရသော အလုပ်များကို အခြားတပ်ခွဲများက ဆက်၍ ဆောင်ရွက်ကြရပါသည်၊ ၁၀ရက်မျှ မိတ္ထီလာတွင် နေရပြီးနောက် မော်တော်ကားများနှင့် ဆက်လက်ပြီး တောင်ဘက်သို့ချီတက်ကြရရာ တောင်ငူအနီး ကျွန်းကုန်းလေယာဉ်ပျံကွင်းကို သိမ်းကြရပါသည်။ ၎င်းလေယာဉ်ပျံကွင်းနှင့်





www.burmeseclassic.com

မနီးမဝေးရှိ အဆောက်အဦတခု[illegible]
လက်ရဘမ်းမိပါသည်။ အားလုံး လူမမာတွေ ဖြစ်ပါသ
ဖိုလ်တဲအရှေ့ဘက် တခေါ်လောက်ရှိ ကျွန်းကုန်းဘူတ
အတွင်းမှ ခေတ်ဆီနိုးသည်ဟုဆိုကာ သတ်ဘို့ဘမ်းထားခြ
ခံရသော ယောကျ်ား ၂ယောက်၊ မိန်းမ၃ယောက်၊ က
၁ယောက်ကိုလည်း ကျွန်တော်တို့ ကယ်ကြရပါသည်။

နောက်တနေ့တွင် ကျိုးတောလေယာဉ်ကွင်း သိမ်း
ကြောင်း အကြောင်းကြားချက်အရ မဟာမိတ်လေယာဉ်ပ
၂စင်းလာဆင်းရာ ဂျပန်များက ဘာမြှုပ်ထားခဲ့သည်မသိ
လေယာဉ်ပျံ ၂စင်းမှာ ပေါက်ကွဲမီးလောင်၍ပျက်စီးသွား
တော့သည်။ ထို့နောက်မှ အင်ဂျင်နီယာတပ်က ကျိုးတော
လေယာဉ်ပျံကွင်းကိုစစ်ဆေးပြီးမြေမြှုပ်ဗုံးများလိုက်စမ်းက
တူးရဖေါ်ရပါသည်။ ဖေါ်၍မကုန်နိုင်သည့်အဆုံးတွင် လ
ကြိတ်ဒလိမ့်တုံးနှင့်အနှံ့အပြားအပြန်ပြန်အလှန်လှန်လှိမ့်
ပြီးရှင်းလင်းပါသည်။ ထို့နောက်မှလေယာဉ်ပျံခပ်များမျ
ဆင်းကြပါသည်။

တောင်ငူမြို့ထဲသို့ စစ်တပ်များ အင်နှင့်အားနှင့် မချီတက်
ကျွန်တော်နှင့် ဗမာရဲဘော်အချို့သည် အရပ်ဝတ်အရပ်စား
နှင့် မြို့တွင်းသို့ အထောက်ဝင်ကြရပါသည်။ ဂျပန်အင်အား
ကောင်းသော နေရာများမှာ ဖိုးဆယ်ကုန်း သုသာန်နေရာ
ဂေါ်ရာသပိုးချိုင်း၊ ညောင်ဝိုင်း ဓမ္မာရုံ အနီးနှင့် ထိုးလို
တလျှောက်တွင် ဖြစ်ပါသည်။ ဂျပန်များက တောင်ငူကခံ
ပြင်နေသလား မပြောတတ်ပါ၊ မြို့တွင်းသို့ အဝင်မှာ:လှ
ကောန် နှစ်နာကြရပါလိမ့်မည်။



[illegible]တွင် သုဘရာဇာလုပ်ငန်းဖြင့် သူဌေး
ဖြစ်နေသော ဦးဖိုးဆယ်နှင့် ၎င်း၏အဖွဲ့အား ၎င်းတို့နေရာ
အမြန်ဆုံးပြောင်းပြေးရန် လမ်းတွင်တွေ့သော လူတယောက်
ကိုမှာကြားခဲ့ပြီး ကျွန်တော်လည်း တပ်ရှိရာစခန်းသို့ ပြန်ကာ
ရရှိခဲ့သောသတင်းများကို အစီရင်ခံပါသည်။

ဂျပန်များက တောင်ငူကခုခံဘို့ နိုင်နိုင်မာမာပြင်ဆင်ထား
ခြင်းသည် တောင်ငူမြို့ပိုနစ်နာဘို့ပင် ဖြစ်ပါသည်။ ဂျပန်များ
ရှိသောနေရာများသို့ မဟာမိတ် တပ်များက အမြောက်ကြီး
များနှင့်လှမ်းပစ်၊ လေယာဉ်ပျံနှင့်ဗုံးကြဲ၊ မှုန်မှုန်ညက်ညက်
ကျေအောင်ပင် လုပ်ပါသည်။ နိဂရိုးများ၊ ကုလားများ၊
ကချင်များ၊မျက်နှာဖြူများပါသည့်တပ်မျိုးစုံနှင့်တောင်ငူမြို့ထဲ
ဝင်သောအခါတွင်မူ ဂျပန်မှာ တချက်မှခံပစ်သည်ဟုမရှိပါ။
လွယ်လွယ်နှင့်ပင် သိမ်းကြရပါသည်။

မြို့သိမ်းပြီးနောက် မကြာမီပင် ကျွန်တော်သည် ဝတ္တရား
အရ၊ ဂျပန်ကင်ပေတိုင်ရုံးမှ ပီရူးဆိုသောကုလားကို အဆက်
လိုက်၍လိုက်ရှာရာကုန်းမြင့်ကလေးပေါ်ရှိကွန်ဗင့်ကျောင်းက
ဘုရားရှိခိုးကျောင်းထဲတွင်တွေ့ရပါသည်။ ဘုရားရှိခိုးကျောင်း
ဒေါင့်ထဲတွင် ဂျပန် မြင်းစီးသေနတ် ၁လက်နှင့်ဖြစ်ပါသည်။
ကျွန်တော်ကခေါ်ရာရုတ်တရက်မလာပါ၊ဒီနောက်“မလုပ်ပါ
နှင့် မာစတာ”ဟုကျွန်တော့်ကိုလှမ်းပြောပါသည်။ နှုတ်ကျိုး
နေဟန်တူပါသည်။ ကျွန်တော်လည်း ဆွဲခေါ်လာခဲ့ပြီး လေး
ကျွန်းကန်အနီးတွင် ဖက်ဆစ်ဘက်တော်သားများ သွားရာ
လမ်းသို့ပို့လိုက်ပါသည်။ သူ့ဆီကရသင့်သော သတင်း[illegible]
လည်းရလိုက်ပါသည်။၎င်းသတင်းများအထဲတွင်မှ ဆန်ကင်

www.burmeseclassic.com

ပေတိုင်၏ မိန်းမ မသောင်းမြ ရှမ်းစုထဲတွင် နေသည်ဆိုသော သတင်းလည်း ပါပါသည်။ မသောင်းမြကိုဘမ်းပြီး သူ့ယောကျ်ား ကျွန်တော် ကို ဘယ်လိုနှိပ်စက်သည်၊လက်သဲကို မည်သို့ခွါသည်ဆိုသည်ကို ကြွာနေသော လက်သဲပါပြ,ကာ စစ်ဗိုလ်များကို အစီရင်ခံပါသည်။ မသောင်းမြအား သူ့ယောကျ်ားသတင်းကိုမေးရာမပြောပါ။မသိ၍မပြောသလား၊ တမင်မပြောသလားတော့မသိပါ။ စစ်ဦးဘီးလူးတွင် ကင်ပေတိုင်ယူမိသော မသောင်းမြလည်း အိမ်ပြန်မရောက်တော့ဟု ထင်ပါသည်။

ပျဉ်းမနားနယ်တဝိုက်တွင် ဂျပန် တော်လှန်ရေး ပြည်သူ့ပြောက်ကျားတပ် တော်တော် များများကို တွေ့ခဲ့ရပါသည်၊ အချို့မှာ လေထ ီးသမားတွေဟု ပြောပါသည်။ တောင်ငူဒိစတြိတ်ရောက်သောအခါ တကယ် ဂျပန်ကို တော်လှန်တိုက်ခိုက်နေကြသော လူမျိုးစုံ၊ လယ်သမားများ၊ လူငယ်လူရွယ်များကိုတွေ့ရပါသည်။ အနီပတ်ပေါ်တွင် ကြယ်ဖြူပါသော ပြောက်ကျားများ၊ တော်လှန်ရေးသမားများ ဖြစ်ပါသည်။ ဗမာ့တပ်မတော်မှ ရဲဘော်များမှာလည်း လက်မောင်းပတ်များနှင့်ပင်ဖြစ်ပါသည်။ သူတို့အင်အားမှာ အလွန်ကောင်းပါသည်။ ကျွန်တော်တို့တပ်များ မရောက်မီကတည်းကပင် ဂျပန်များ ဆုတ်ပြေးနေသော မော်တော်ကားများကိုတိုက်၊ လက်နက်ခဲယမ်းမီးကျောက်များယူ၊ ထိုလက်နက်များနှင့်ပင် ဆက်လက် တိုက်ခိုက်နေကြကြောင်းလည်းသိရပါသည်။ တောင်ငူတခရိုင်လုံးမှာ လူထုအုံကြွတော်လှန်နေသည်ဟုဆိုရပါလိမ့်မည်။ မဟာမိတ်တပ်များကဂုင်းတို့အားလက်နက်ခဲယမ်း မီး



ကျောက်များလည်း ပေးပါသည်၊ ရိက္ခာများလည်း ပေးပါသည်၊ သူတို့ကလည်း မကြာမကြာ လာတောင်းပါသည်။

ပဲခူးရောက်လာသောအခါ ကျွန်တော်တို့၏ အမှတ် ၄၂ အိန္ဒိယတပ်သည် မော်လမြိုင်ဘက်သို့ တလမ်း၊ ရန်ကုန်သို့တလမ်း တပ်မကြီးကိုခွဲ၍ ဆက်လက် ချီတက် တိုက်ခိုက်ရန် အမိန့်ရပါသည်။ ကျွန်တော်က ရန်ကုန်သို့ သွားလိုပါသည်။ ရန်ကုန်ရှိ ထိပ်သီး ဂျပန် အလိုတော်ရိများကို တွေ့လိုသောကြောင့်ဖြစ်ပါသည်။သို့ရာတွင်မော်လမြိုင်ဘက်သို့သွားရသောအဖွဲ့ထဲတွင်ကျွန်တော်ပါနေရာ အောင့်သက်သက်နှင့်ပါသွားရပါသည်။

မီးရထားလမ်းအတိုင်း မော်လမြိုင်ဘက်သို့ ချီတက်သွားကြသော ကျွန်တော်တို့မှာ စစ်တောင်းရောက်မှပင်တိုက်ပွဲတပွဲတိုက်ရပါသည်။ မီးရထား လမ်းများကိုလည်း အင်ဂျင်နီယာတပ်က လမ်းတွင် လျှောက်ပြင်သွားပါသည်။

စစ်တောင်းတိုက်ပွဲမှာ မကြီးကျယ်လှသော်လည်း ဂျပန်များကထုံးစံအတိုင်း(စနိုက်ပါ)သစ်ပင်များပေါ်က ချောင်းပစ်လေ့ရှိသဖြင့် ကျွန်တော်တို့ဘက်က တော်တော်ကလေးအကျနာပါသည်။ ထို့ကြောင့် သတိ အထူးထားပြီးသွားရ၊ အကာအကွယ်ယူရပါသည်။ကျွန်တော်လည်းဘယ်အခါနှင့်မှ မတူ စိတ်မလုံသလိုဖြစ်လာသောကြောင့် ဘေးနားတွင်ကျဆုံးနေရှာသော အိန္ဒိယလူမျိုး ရဲဘော်တယောက်၏ သံခမောက်ကိုချွတ်ကာ ကျွန်တော့သံခမောက်ပေါ်တွင် ထပ်၍အုပ်ထားလိုက်ပါသည်။

ဤသို့နှင့် ပစ်ခတ်နေကြရာ ကျွန်တော်တို့ဘက်မှ ရဲဘော်များသည် စစ်တောင်းမြစ်ကို ဖြတ်နိုင်ရေးအတွက် အထူး



www.burmeseclassic.com

www.burmeseclassic.com

အနာခံနေရပါသည်။မိနစ်အတော်ကြာမျှငြိမ်သွားသဖြင့်ရ
များ စဆုတ်ပြီဟု ကျွန်တော်တို့တွက်ဆမိပါသည်။ ဤသို့ငြ
နေ၍မှ မကြာသေးမီ ခပ်လှမ်းလှမ်း ခပ်မြင့်မြင့်ဆီမှ ကျည်
တခုသည် ကျွန်တော့်ခေါင်းပေါ်ရှိ သံခမောက်ကို ထိမှန်
သည်။ ထိမှန်းသိသော်လည်း ကျွန်တော် ဘာမှ မဖြစ်ပေ
သို့ရာတွင် မသက်သာသောကြောင့် အပေါ်မှ ခမောက်ကိုခ
ကြည့်ရာ ပေါက်နေသည်ကိုတွေ့ရသဖြင့် တော်တော်ကလေ
လန့်သွားပါသည်။ အခြားစစ်သားများ သေကြရသည်
ဤကဲ့သို့သော ဒဏ်ရာမျိုးနှင့်ပင် ဖြစ်လိမ့်မည်ဟု ကျွန်တေ
တွေးနေမိပါသည်။ ထိုနောက် ခေါင်းတနေရာမှ ပူနေသ
မသက်သာသောကြောင့် သံခမောက်ကို ချွတ်ကြည့်ရာ ကျ
တော်၏ မူလသံခမောက်မှာမူမပေါက်ပါ။ သို့ရာတွင်အတွ
သို့ ရှု၍ပူထွက်ကာ ကျွန်တော့ဦးခေါင်း အသားထဲသို့ ဝ
သွားပါသည်၊ ဂျပန်ကျည်ဆံမှာ သံခမောက် ၂ခုကြားမှ ဝ
လာပါသည်။ ကျွန်တော့ခေါင်းမှဒဏ်ရာလည်း ချိုင့်ဝင်သွ
ရာမှ ရောင်တက်လာပါသည်။သွေးလည်းမထွက်ပါ။

ဤသို့ ဒဏ်ရာရရှိသော်လည်း သာမညသာ ဖြစ်သည်
ယူဆသည့်အတိုင်း စစ်တောင်းမြစ်ကို မော်တော်များနှ
ကူးကြသော ရှေ့ဆုံးအသုတ်တွင် ကျွန်တော် လိုက်သွား
သည်။ မြစ်တဘက်သို့ရောက်သောအခါ ခေါင်းအပြင်းအထ
ကိုက်ခဲလာပါတော့သည်။ ထို့ကြောင့် ရှေ့ဆုံး စစ်မျက်နှ
တွင် လိုက်ပါလာသည့် ရွှေ့ပြောင်းနေသော ဆေးရုံကလေ
တွင် ကျွန်တော်တက်ရပါသည်။ ဤဆေးရုံမှာသူနာပြုလုပ်င
သာသာလောက်ကိုသာ တတ်နိုင်သောဌာနဖြစ်သဖြင့် ကျွ



တော့ကို နောက်မိုင်း စစ်စခန်းများရှိ အနည်းငယ် ပိုမို စိတ်ချရ၍ ကရိယာစုံသောဆေးရုံများသို့ ပို့သည်ဟုထင်ပါသည်။ နောက်ဆုံးတွင် ကျွန်တော်မှာ တောင်ငူစစ်ဆေးရုံကြီးသို့ရောက်လာပါသည်။ လမ်းတွင် အားခဲ၍ လာသောကြောင့် သတိမမေ့သော်လည်း ကျွန်တော့်အား သယ်ယူသူ၊ သူနာပြုများ ဆေးရုံကြီးလှေကားများကို တက်လာသံများကြားပြီး ကြာမီမှာပင် ကျွန်တော်မေ့သွားပါတော့သည်။

မေ့မြောနေသည်မှာ ဘယ်လောက်ကြာသည်လည်း မသိပါ။ ကျွန်တော်သတိရ၍ကြည့်လိုက်သောအခါ ကျွန်တော်မှာ ကုတင်တလုံးပေါ်တွင်ခြေပစ်လက်ပစ်ဖြစ်ပြီး ကျွန်တော့လက်မောင်း ၂ဘက်လုံးတွင် ပုလင်းကြီးများဖြင့် သွေးများသွင်းနေပါသည်။ ဆရာမ ၄ယောက်ကလည်း တလဘတ်ကို တုတ်နှင့်လုပ်ထားသော ယပ်တောင်နှင့် အပြင်းအထန်ကျွန်တော့အား ခတ်ပေးနေကြပါသည်။

ကိုယ်ပေါ်တွင် ဘာအဝတ်အစားမှမရှိသည့်အထဲ ဆရာမ ၄ယောက်ကလည်း ရှိနေပေရာ၊ မေ့နေစဉ်က ကိစ္စမရှိသော်လည်း သတိရလာသောအခါ အလွန်ပင်ရှက်ပါသည်။ ထို့ကြောင့် ဆရာမ ခပ်ကြီးကြီးအား

"ဆရာမ ကျွန်တော်ခဏ သေသွားသလား"

"အခု ဘယ့်နှယ်နေသေးသလဲ"

"အခုသတိရလာတာဘဲ"

"အင်း ကောင်းတယ်၊ ကောင်းတယ်၊ ကောင်းလာပြီ"

"ဘာဖြစ်လို့ ကျွန်တော့ကို ၄ဘက်၄တန် တုပ်သလိုလုပ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဘဲကုရတယ်၊ ဆရာဝန်ကြီးကိုယ်တိုင် ဒီလိုဘဲ
ပေးထားတာ"

"တခြားဟာ ကိစ္စမရှိပါ၊ အဝတ်နဲ့နဲ့အုပ်ပေးပါ၊ ဆရာ
တို့ကို ကျွန်တော်အားနာပါတယ်"

"ကိစ္စ မရှိပါဘူး"

"ကျွန်တော်ရှက်တယ်ဗျာ၊ တခုခုဖုံးပေးထားပါ"

"ဆရာဝန်ကြီးက ဒီလိုထားပြီး ယပ်ခတ် ပေးနေရမယ်
ဆိုလို့"

"သေချင်လဲသေပါစေ၊ အဝတ်ကလေးတော့ အရေးကြီး
တဲ့နေရာအုပ်ပေးပါ"

ဆရာမကြီးသည် ခပ်ငယ်ငယ် ဆရာမကလေး တယောက်
အား 'သမုဒ'ါ' ဆိုသလိုလို နာမည်ကိုခေါ်လိုက်ပြီး ကရင်
ဘာသာဖြင့် ပြောလိုက်ပါသည်။ ဆရာမကလေးလည်း ပိတ်
ပါးကလေးတခု ယူလာပြီး ၂ခေါက်ခေါက်ကာ ဆရာမကြီး
ကိုပေးလိုက်ပါသည်။ ဆရာမကြီးလည်း ကြင်နာစွာ ဖုံးပေး
ပါသည်။ 'ဟုတ်ပလား' ဟုလည်း ကျွန်တော့ကို မေးလိုက်ပါ
သေးသည်။ ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောသော
အခါ သူက ဒီအတိုင်းဆိုလျှင် ရေနဲ့နဲ့ဆွတ်ရမည်ဟု ဆိုကာ
အဝတ်ကို ရေအနည်းငယ်ဆွတ်ပြီး ပြန်ဖုံးပေးပါသည်။

ဆရာမကြီးသည်ကျွန်တော့်အားစကားမပြောစေချင်ပါ။
ထို့ကြောင့် "မင်းမှာ အားနည်းနည်းမှမရှိသေးဘူး၊ စကား
မပြောပါနဲ့ဦး"ဟု တိုးတိုးပြောရှာပါသည်။ ကျွန်တော်က
"စကားပြောသောအခါလျှာအလွန်နာကြောင်း၊ လျှာကိုဖြတ်
ပစ်ပြီလား"ဟု မေးသောအခါ၊ မေ့ဆေးပေးစဉ်က နှာ
ခေါင်းနှင့်အသက်မရှူနိုင်သောကြောင့် ပါးစပ်နှင့်ရှူရာ လျှာ



ခေါက်နေသောကြောင့်လျှာကိုညှပ်နှင့်ဆွဲထားရကြောင်း၊ ထို
ကြောင့် နာခြင်းဖြစ်ကြောင်း၊ မကြာမီ သက်သာသွားမည် ဖြစ်
သောကြောင့်စကားမပြောဘဲငြိမ်ငြိမ်နေရန်ပြောရှာပါသည်။

နေပါဆိုသည့် အတိုင်းပင် ကျွန်တော်နေပါသည်၊ မည်၍
မည်မျှကြာသည်ဟု ကျွန်တော်မသိပါ။ တနေ့သော်ကျွန်တော်
သတိရ၍ကြည့်လိုက်သောအခါ ခါတိုင်းအခန်းတွင်မဟုတ်ဘဲ၊
မသက်သာစရာ အခန်းတခန်းတွင် ဆရာမ ၂ယောက်က ဘေး
နားက ရပ်လျက် ရောက်နေသည်ကို တွေ့ရပါသည်၊ အခြား
လူမမာ ၂ဦး ၃ဦးလည်း အလားတူပင် ရှိပါသည်၊ ဆရာမ
များ၏ မျက်နှာများမှာ ရွှင်ပျခြင်းမရှိပါ။

၎အခန်းမှာ 'မသက်သာခန်း' ဖြစ်မည်ဟုပင် ကျွန်တော်
တွေးမိပါသည်။ ၃,၄ရက်ခန့်ကြာမည်လားမသိပါ၊ ထိုအခါ
ကျွန်တော့်အား ဖေးဖေးမမ ကူပေးလျှင် ထိုင်နိုင်ပါသည်။
ဆရာမများက ဘေးကုတင်လွတ်များကို လက်ညှိုး ညွှန်ကာ
အခြားလူမမာ တော်တော်များများ နေကောင်း၍ဆင်းကုန်
ကြပြီဖြစ်သဖြင့်ကျွန်တော်လည်းနေကောင်းအောင်ကြိုးစားပါ
ဟု ပြောကြပါသည်။ဘေးကုတင်များရှိ လူမမာများမှာသက်
သာ၍ ဆင်းသွားခြင်းထက် သေကုန်ကြခြင်း ဖြစ်လိမ့်မည်ဟု
ကျွန်တော်ယူဆပါသည်။ဆရာမ ၂ယောက်တလှည့် ၂ယောက်
တလှည့်နှင့် အထူးတလည် ဂရုစိုက်နေကြပုံကို ကြည့်ခြင်း
ဖြင့်လည်း ကျွန်တော့်ရောဂါမှာ သေးသည်မဟုတ်ဟု အကဲ
ခပ်မိပါသည်။ သို့ရာတွင်၄,၅ရက်အတွင်းမှာအိပ်ရာပေါ်တွင်
ကျွန်တော် ထိုင်နိုင်လာပါသည်။ ၎သို့ ကျန်းမာလာသည်မှာ
ဆေးကြောင့် ဟုတ်လှမည် မထင်ပါ။ ဆရာမကလေးများ



www.burmeseclassic.com

www.burmeseclassic.com

ကြင်နာစွာ ပြုစုကြသောကြောင့် စိတ်ချမ်းသာပြီး သက်သာလာခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ယနေ့တိုင် ကျွန်တော် သူတို့ကို ကျေးဇူးတင်လျက်ရှိပါသည်။ တသက်လုံးလည်း မေ့မည် မဟုတ်ပါ။

သို့ရာတွင် ဦးနှောက်တွင် ဘာဖြစ်သည်မသိပါ၊ မိလ္လာအညစ်အကြေးလာသိမ်း၊ ဝေယျာဝစ္စ လာလုပ်ပေးသော လက်ချိုမီးဆိုသောကုလားမကလေးကိုမှ ဘာမှအကြောင်းမရှိဘဲ ကျွန်တော်မုန်းနေပါသည်၊မမြင်ချင်ပါ၊ ငေါက်မိပါသည်။

သို့နှင့် အခြေအနေ အတော် ကောင်းလာသောအခါ ကျွန်တော့အား ယခင် အခန်းဟောင်းသို့ ပြန်ပို့ပါသည်။ ထို့နောက် ၂ ရက်ခန့် ကြာသောအခါ ဆရာမကလေး တယောက်ကတွဲပြီး ကျွန်တော့ကိုလမ်းလျှောက်ခိုင်းပါသည်။ ၃ ရက်ခန့် လျှောက်မိသောအခါ အခြားအခန်းများသို့လည်း ဆရာမကလေးနှင့်အတူ ဖြည်းဖြည်း ဖြည်းဖြည်း လျှောက်ရပါသည်။ ဆေးရုံကြီး၏ အခန်းတိုင်းတွင် အရပ်သားလူမမာ၊ စစ်သားလူမမာများနှင့် တင်းကြမ်းဖြစ်နေပြီး ဒဏ်ရာများမှာ မျိုးပေါင်းစုံပင်ဖြစ်ပါသည်။ အချို့မှာ လက်ပစ်ဗုံး လက်ထဲတွင် ပေါက်ကွဲ၍၊ အချို့မှာအမြောက်ဆံကိုထုကြည့်၍၊ အချို့မှာ သေနတ်မှန်၍ စသည်ဖြင့် အစုံပင်ဖြစ်ပါသည်။

ဆရာမကြီးအား ဆေးရုံက ဆင်းလိုကြောင်း ပြောသောအခါ ဆရာဝန်ကြီးလာလျှင်ပြောကြည့်ပါဟု ဆိုသောကြောင့် ဆရာဝန်ကြီးကိုပြောပါသည်။ ဆရာဝန်ကြီး၏ ခွင့်ပြုချက်အရ လက်မှတ်ရသောအခါယူနီဖောင်းများဝတ်ပြီးနောက်အောက်ထပ်သို့ ဆရာမကြီးက ခေါ်သွားကာ 'သမုဒ္ဒါ'ဟု ခေါ်ပြီး



တဖန် ကရင်ဘာသာဖြင့်ရောကာ ဆရာမကြီးကကျွန်တော့ကို နှုတ်ဆက်၍ ပြန်တက်သွားပါသည်။ ဤ'သမုဒ္ဒါ' ဆိုသော ဆရာမကလေးနာမည်ကို ယခင်တခါလည်းကြားဘူးနေသဖြင့် ကျွန်တော့စိတ်ထဲတွင်လည်းတွေချင်နေရာဤကဲ့သို့ဆိုက်ဆိုက်မြိုက်မြိုက်လာတွေ့သဖြင့် များစွာဝမ်းသာနေပါသည်။သမုဒ္ဒါသည် ကျွန်တော်ဆေးရုံတက်စဉ်က ကျွန်တော့ဆီမှ သိမ်းထားသော လက်မှတ်၊ ဓာတ်ပုံ စသည်များကို ပြန်ပေးဘို့ ရှာဖွေနေပါသည်။ ထိုအချိန်မှာပင် ကျွန်တော်က....

"ကျွန်တော်မသေအောင်ပြုစုတဲ့အထဲ သမုဒ္ဒါလဲပါတာဘဲ၊ဆေးရုံမှာ ခင်ဗျားနာမည် ကျွန်တော်အစောဆုံးကြားဘူးတာဘဲ"

"ကျွန်မတို့က စေတနာ ညီတူညီမျှနဲ့ လူမမာ အားလုံးအပေါ် တာဝန်ကျေအောင်ကြိုးစားတာပါဘဲ"

"သမုဒ္ဒါ အလှည့်မဟုတ်တဲ့အချိန်တွေမှာလဲတခါတလေ လာလာကြည့်တဲ့အတွက်လဲ ကျွန်တော်က ကျေးဇူးတင်ပါတယ်"

"ရှင် မသန်းညွန့်အစ်ကိုဟုတ်လား၊ ကျွန်မ မသန်းညွန့်နှင့်ကျောင်းနေဘက်သူငယ်ချင်းဘဲ၊ ရှင့်စာရွက်နှင့် ဓာတ်ပုံတွေအရ ကျွန်မ သိတာဘဲ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်ဗျာ၊ ဒါနဲ့ သူတို့အခု ဘယ်မှာရှိကြပါသလဲ၊ ကျွန်တော် သူတို့နှင့် လုံးလုံးမတွေ့ရသေးဘူး"

"ကျွန်မနှင့် မတွေ့ရတာလဲ ဂျပန်တခေတ်လုံးဘဲ၊ အခုဖြင့် ဘာမှ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ–ကျွန်တော် ဒါဖြင့် သွားမယ် ဆေးရုံတက်နေတုန်း ကျွန်တော်မှားတာတွေရှိလျှင် ခွင့်လွှတ်ပါဗျာ"

"ခွင့်လွှတ်ပါတယ်၊ ဒါနဲ့ ဆရာမကြီးတွေကိုရော ကျွန် တို့ကိုပါ ၇ ရက်လုံးလုံး ရှင်ဆဲနေတာ ရှင်သိရဲ့လား"

"ဩော်–ဟုတ်လားမသိပါဘူးဗျာ၊အားနာစရာဘဲဗျာ"

"အဆဲမျိုးတော့ စုံသွားတာဘဲ၊ ဘာသာလဲစုံတယ်ရှင့်"

"ခွင့်လွှတ်ကြပါဗျာ၊ ခေါင်းဒဏ်ရာကြောင့် ကျွန်တော် ရူးသွားသလားမသိဘူး"

"ကိစ္စမရှိပါဘူး၊ လူမမာဆဲတာတော့ ကျွန်မတို့ ဆရာ တွေ ခံရတာရိုးနေပါပြီ၊ တချို့ကတော့ စိတ်နောက်သွားလို့ ဘယ်ဟုတ်မလဲ၊ တမင်ကို မကြားတကြားဆဲသေးတာ၊ ကျွန် တို့ကတော့ မသိချင်ယောင်ဆောင်နေလိုက်ပြီး သူ့ကို ပို စိုက် ပြုစုလိုက်တာဘဲ။ဒီအတွက်ဘာမှစိတ်မကောင်းမရှိပါနဲ့ စစ်ပွဲတိုင်းမှာနိုင်ပါစေလို့ ကျွန်မတို့ကရဲဘော်အတွက်ဘုရား သခင်ဆီ ဆုတောင်းလိုက်ပါတယ်"

ကျွန်တော်လည်း သမုဒါနှင့် ဆရာမများအား အားနာ နာ မျက်နှာပူပူနှင့် နှုတ်ဆက်ပြီး အသင့်လာစောင့်ခေါ် ကြသော အမ်ပီစစ်ပုလိပ် ၃ ဦးနှင့်အတူ တပ်သို့ လိုက်သွား ပါသည်။

တပ်တွင်ကျွန်တော့် ဆွေမျိုးမိဘများကိုရှာလိုသောကြော ခွင့်တောင်းရာ ၄ ရက်ပေးလိုက်ပါသည်၊ ပဌမတရက်၊ဒုတိ တရက်ရှာသော်လည်းဘာသတင်းမှအစအနမရပါ၊တော မြို့ကြီးမှာလည်း ကုလားစစ်သား၊ ကပ္ပလီစစ်သား၊ မျ နှာဖြူစစ်သား စသည်တို့နှင့်သာ ရှုပ်ထွေးနေပါသည်။ အ မိတ်ဆွေလည်း တယောက်မှ မတွေ့ပါ။ ခရီးသွားများကို

ပြန်သောအခါလည်း သူတို့ကိုယ်တိုင်ပင် လူပျောက်ရှာနေသူ များဖြစ်နေကြသည်က များနေပါသည်။

၃ရက်မြောက်သောနေ့တွင် ဗမာတော်တော်များများ ရှိ သည်ဟုသတင်းရသောနဂါးရုံဘုရားဆီသို့ညနေ၄နာရီအချိန် လောက်တွင် ကျွန်တော်သွားရာ က အားလျော်စွာ သုခမ္မာ တန်ဆောင်းထဲတွင် ကျွန်တော့် နှမကလေးနှင့်တူသော မိန်း ကလေး တဦးကို ကျွန်တော် တွေ့လိုက်ပါသည်။ ကျွန် တော်က ခပ်သုတ်သုတ်ကလေး လိုက်သွားသောအခါ မိန်း ကလေးသည် ထွက်ပြေးပါသည်။ သို့ရာတွင်ပုတီးစိပ်နေသော အမေကို ပက်ပင်းပါ သွားတွေ့သဖြင့် ဝမ်းသာရမလို၊ ဝမ်း နည်းရမလိုနှင့် အမေ့နားသို့အပြေးကလေးသွားမိပါသည်။ အမေသည် အစတော့ ကျွန်တော့ကိုမမှတ်မိပါ၊ ကျွန်တော် လည်း နှမကလေးနှင့်တူသော မိန်းကလေးတယောက်ကို တွေ့လိုက်၍သာ စိတ်စောနေသော အမေ့ကို အမေမှန်း ရုတ်တရက်သိခြင်းဖြစ်ပါသည်။ အမေမှာ ရှေးကနှင့် မတူဘဲ ဆင်းရဲခြင်းအမျိုးမျိုး၏ ထောင်းထုခြင်းကိုခံနေရရာမှစစ်ဒဏ် စစ်ဘေးကဆင့်လိုက်ပြန်သဖြင့်အမယ်အိုကြီးတယောက်ကဲ့သို ဖြစ်နေပါပြီ။

ကျွန်တော်က "အမေ"ဟု ခေါ်လိုက်သောအခါ၊ အမေ သည် ကျွန်တော့ကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်နေပါ သည်။ ထို့နောက်မှ ကျွန်တော်မှန်း သိပြီးလျှင်"လူကလေး" ဟု ခေါ်လိုက်ပါသည်။ ကျွန်တော်က စစ်ဝတ်စစ်စားကြီးနှင့် ဖြစ်နေ၍ တော်တော်ငူကျနေပါသည်၊ သို့ရာတွင် အနီးသို့ ပိုနီးအောင်ကျွန်တော်တိုးသွားသောအခါအမေ၏စိတ်ထဲတွင် သူပုတီးစိပ်နေတုန်း သေရာမှ ကျွန်တော် ကိုယ်ရောင် လာ



www.burmeseclassic.com

www.burmeseclassic.com

လာပြီသည်ဟုထင်သလားမပြောတတ်ပါ၊ အနည်းငယ် တွန့်ဆုတ်ဆုတ်ဖြစ်သွားပါသည်။

"ကျွန်တော်ပါ အမေရဲ့၊ ကျွန်တော် မသေသေးပါဘူး။ အမေတို့ကိုလိုက်ရှာနေတာ ၃ရက်ရှိသွားပြီ၊ အခုမှတွေ့တော့တာဘဲ"

"လူကလေး ဟုတ်လား၊ ငါ့သား သေပြီဆိုလို့ တို့ဖြင့် ဆွမ်းသွတ်ရတာ ၃–၄ ခါ ရှိနေပြီ"

"ဖြစ်မှဖြစ်ရလေအမေရယ်၊ ဘယ်သူပြောသလဲ"

"ဂျပန့်ခေတ်မှာ တချို့က မေမြို့မှာ ဂျပန်သတ်လို့ သေတယ်လို့ ပြောကြတယ်၊ ပျော်ဘွယ်နား ကားမှောက်လို့ သေတယ်လို့ပြောတဲ့လူကပြောတယ်၊ တို့လဲမင်းအကြောင်း ကြားတိုင်း သတင်းကောင်းတခါမှ မရပါဘူး၊ ဒါကြောင့် ငါ့သားကလေး ကောင်းရာမွန်ရာ လားပါစေဆိုပြီး သပိတ်သွတ်ရတာ ၃ ကြိမ်ရှိပြီ၊ နို့မင်းအခု ဘာဖြစ်နေသလဲ၊ ဘာလုပ်နေသလဲ"

"သေပွဲတွေက အကြိမ်ကြိမ်လွတ်ခဲ့တာတော့ အမှန်ဘဲအမေ၊ အမေတို့သပိတ်ကြိုသွတ်လို့များမသေသလားမသိဘူး၊ ကျွန်တော်စစ်သားအမေရဲ့၊ စစ်တိုက်နေရတာ၊ ဂျပန်တွေကို လိုက်တိုက်နေတဲ့ တဒုန်းဒုန်း တဒိုင်းဒိုင်းဟာ ကျွန်တော်တို့ဘဲ"

"ဟုတ်လားသားရယ် တို့လဲတောမှာနေမဖြစ်လို့ မြို့ပြေးလာရတာတယ်မကြာသေးဘူး၊ ဗမာတွေက သူတို့ကို တော်လှန်တယ်ဆိုပြီး ဂျပန်တွေက နိုင်ရာနီးရာ သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်လွန်းလို့ ဟိုပြေး ဒီပြေးက မြို့ရောက်လာတာ၊ နို့



မင်း တောင်ပူမှာ ဘယ်လောက်ကြာကြာနေရဦးမှာလဲ၊ စစ်ထဲက ထွက်ပြီး တို့နဲ့ဘဲနေပါတော့ သားရယ်"

"အမေတို့နဲ့ အတူနေချင်တာပေါ့ အမေရယ်၊ ဒါပေတဲ့ စစ်ပြီးမှ စစ်ထဲက ထွက်လို့ရမှာ အမေရဲ့၊ အခုတော့ မရသေးဘူး"

ကျွန်တော်နှင့် အမေစကားပြော၍ ၁၅ မိနစ်ခန့် ကြာသောအခါမှ နှမလေးသည် အနားသို့ ကပ်လာပါသည်။ ကျွန်တော်က 'နှမလေး' ဟုလှမ်းခေါ်သောအခါ အမ်းတန်းတန်းဖြစ်နေရာကမှတ်မိလာပြီး 'အစ်ကိုလေး' ဟုခေါ်ကာမျက်ရည်တွေ မြိုင်မြိုင်ကျပြီး ငိုရှာပါသည်။ ကျွန်တော်နှင့် အမေစကားပြောနေသည်ကို ရူးရူးစိုက်စိုက် နားထောင်နေရှာပါသည်။

"နို့ငါ့သားထမင်းစားပြီးပလွှား၊ လူလဲပိန်လှချည့်လား"

"ပြီးပါပြီအမေ၊ ပိန်တာကတော့ တလောကနေမကောင်းဖျားလို့ပါ၊ အဖေဘယ်သွားနေသလဲအမေ၊ အဖေ့ကိုမမြင်ပါလား"

"မင်းအဖေရှိပါတယ်သားရယ် ဟောဟိုနားမှာ ရှိပါတယ်"

အမေပြရာသို့ လှမ်းကြည့်လိုက်ရာ ချုံများကို မြင်ရသဖြင့် အဖေတော့ အေးအေးဆေးဆေး ပုတီးစိပ်နေရှာသည်ဟု တွေးတောမိပါသည်။ ထို့ကြောင့်....

"အဖေ ဟိုမှာဘာသွားလုပ်နေသလဲ အမေ၊ တယောက်ထဲ ပျင်းစရာကြီး"

"သူမပျင်းလို့ တို့နဲ့ခွဲပြီး အဲဒီမှာသွားနေတာပေါ့သားရယ်၊ သူနေချင်တဲ့ နေရာမှာ နေပါစေ" ဟု [illegible]ဆိုရင်း

ပင် "သို့ရေ နှင့်အစ်ကိုကို သူ့အဖေဆီ [illegible]လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ကွယ်''ဟု လှမ်းပြောလိုက်ပါသည်။ ကျွန်တော်လည်း နှမလေးနှင့်အတူ အမေ လက်ညှိုးညွှန်ရာဆီသို့ လိုက်သွားပါသည်။ အမေတို့နေကြသော သုမ္ဘာစရပ်ကြီးမှ တဖါလုံးခြင်သွားမိသောအခါ ချုံများဆီသို့ ရောက်သွားပါသည်။ ချုံများမှာလည်း စစ်တွင်းကာလ မြို့ပေါ်၌ လူမနေကြသဖြင့် အားကောင်းခွန်ရွဲ ပေါက်နေကြခြင်းဖြစ်ပေသည်။ ချုံကြီးများနှင့်နီးလာလေ မသက်သာလေဖြစ်လာရာမှ မျက်ရည်လည်နေသော နှမကလေးက မြေပုံတခုကို လက်ညှိုးထိုးပြီး ''အမေဒီမှာ အစ်ကို''ဟု ပြောပါတော့သည်။ ကျွန်တော်လည်း ရင်ထဲတွင်ဆို့ပြီး မျက်ရည်များ ထိန်းမရတော့ပါ။ ၅မိနစ်ခန့်ရပ်၍ ငိုင်နေမိပါသည်။ ထို့နောက် နှမလေးနှင့်အတူ အမေ့ သင်းချိုင်းကိုကန်တော့ပြီး အမေ့ဆီသို့ ပြန်လာပါတော့သည်။

အမေတို့နေကြသော သုမ္ဘာစရပ်ကြီးမှာ အကြီးကြီးဖြစ်သည်။ ဤစရပ်ကြီးထဲတွင် အမေတို့ကဲ့သို့ ခိုကိုးရာမဲ့ စစ်ပြေးဒုက္ခသည် အိမ်ထောင်စု ၁၀စု၊ ၁၂စုခန့် ရှိပါလိမ့်မည်။

မှောင်စ,ပျိုးရာမှ တဖြည်းဖြည်းမိုးချုပ်လာပါပြီ။ ဘယ်သူ့ကမှ မီးမထွန်းကြပါ။ ဘုရားဆီမှုငင်း၊ စစ်ပြေးများ ဆီမှငင်း မီးမတွေ့ရပါ၊ အမှောင်ထဲတွင် နေလိုကြသောကြောင့်ကားမဟုတ်၊ မီးမြင်လျှင်ညလည်စစ်သားလူရမ်းကားများ၏ ကြောက်ရသည်ကတကြောင်း၊ မီးထွန်းစရာဝေး၍စားစရာပင် အနိုင်နိုင်ဖြစ်နေကြသည်ကတကြောင်းကြောင့် နေဝင်လျှင် အမှောင်ထဲ၌ကိုယ်ရောင်ဖျောက်ပြီးနေကြရပေသည်။ ထိုနေ့ညတွင် ကျွန်တော်၏စီးကရက်မီးမှာ အတောက်ပဆုံး ဖြစ်ပါသည်။ စာဘူးတောင်းသိုက်ထဲမှ ပိုးစုန်းကြူးပင်ဖြစ်နေပါသည်။



ဘာမှ စားရမှန်း သောက်ရမှန်း၊ဆာရလောင်ရမှန်းမသိ၊ အားအမိ ၃ ယောက်သည် နှစ်ပေါင်းများစွာ ကွဲကွာနေရသည့်ကာလအတွင်းသိလိုသည်များကိုမေးနေပြောနေကြသည်မှာ အားမရနိုင် မကုန်နိုင်ပါ။ အမေပြောပြသည့် အထဲတွင် ကျွန်တော်တို့မောင်နှမ ဘာကြောင့် ကျုံကုတ်သို့ ရောက်သွားသည် ဆိုသောအကြောင်းလည်းပါပါသည်။

စပါးဈေးကကျ၊ ဗြိတိသျှနယ်ချဲ့သမားတို့ကိုဆန့်ကျင်သည့် ဆရာစံလယ်သမား တော်လှန်ရေးကလည်းဖြစ်၊ ချစ်တီးကလည်းရှိပစ္စည်းကြွေးနှင့်သိမ်းသဖြင့် အားသွန်ခွန်စိုက်ကျွဲနွားများကဲ့သို့လုပ်ကိုင်စားကြရကြောင်း၊ ၎င်းပြင် အလုပ်အကိုင်ပါးရှားမှုကြောင့် အမေတို့မှာ အုတ်တွင်းမြို့မှ တောင်ငူအနောက်ဘက် လဲဘူးပတ်တန်းရွာသို့ ပြောင်းရွှေ့သွားရကြကြောင်းများလည်း ပါပါသည်။

လဲဘူးပတ်တန်းရွာ ရောက်၍ တနှစ်ခန့် ကြာသောအခါ ကျွန်တော်တို့ မောင်နှမကို တောင်ငူမြို့ မိုးကောင်းရပ်ညောင်သုံးပင် ကျောက်ကန်ထရိုက်ဒေါ်အုန်းညွှန့်ကမွေးစားထားကြောင်း သတင်း အစအနရ၍ အမေ လိုက်လာသေးသည်။ နှမလေးဂါဝန် လှန်းထားသည်ကို တွေ့သော်လည်း ဝင်တွေ့လျှင် ကျွန်တော်တို့မောင်နှမ ပြန်လိုက်မည်စိုး၍ တွေ့လိုလျက် ဝင်မတွေ့။ ပြန်ခေါ်လိုသော်လည်း ဆင်းရဲမည်စိုး၍ မခေါ်ကြောင်းများလည်းအမေကပြောပြပါသည်။ စစ်ဖြစ်လာ၍ပြေးလွှားကြရာမှတောင်ငူသို့ရောက်လာကြပါသည်။ တောင်ငူတွင် မောင် ဦးပဥ္စင်း ဦးပဏ္ဍိက စားစရာစွန့်ကြဲ ထောက်ပံ့၍သာနေနိုင်သည်၊ အမေကလည်းကောင်းစွာမကျန်းမာ၍ ဘာမှ မလုပ်နိုင်သည့်အကြောင်းများလည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အုန်းညွန့်တို့မှာ ဂျပန်များ ရမ်းကားမှုကိုကြော
ညောင်ရေလေးပင်သို့ ထွက်ပြေးမည် အပြုတွင် အမေ
ဆေးပေးမီးယူ ကူညီလုပ်ဆောင်ပေးမည့်သူမရှိ၍၊ အခြား
များက ကောင်းစွာပြောပြပြီး နှမလေးကို ပြန်ခေါ်ပေး
ပါသည်။

နှစ်ပေါင်းများစွာ ကွဲကွာနေရာမှ ဖြုန်းကနဲ ပြန်တွေ
သောကြောင့်ပြောစရာရှိသမျှကိုပြောနေကြသော်လည်း၊ ဆေး
မကျန်းသူဖြစ်၍ အမေသည် အတော်မောနေပါသည်။ ကျွ
တော်ကတောင်းပန်၍သာ အမေ တရေးတမောအိပ်ပါသည
ပြော၍ မေး၍ကား အားမရနိုင်သေးပါ။

အမေတို့ နေရာတွင် အိမ်ထောင်ပရိဘောဂဟူ၍ ဘာ
မယ်မယ်ရရမရှိ၊ ကြေးအိုးတလုံး၊ စောင် ၂ထည်၊ ဖျာစု
၂ချပ်သာရှိသည်။ ခါးတွင်ဝတ်ထားသည်ကလွဲ၍ အပိုအဝတ်
အစားမရှိပါ။ သေတ္တာဆို၍လည်း တလုံးမှမတွေ့။ ဤ
အခြေပျက် အနေပျက် ဖြစ်နေသည်ကိုတွေ့ရ၍ များစွာစိတ်
မကောင်းဖြစ်ရပါသည်။ ကျွန်တော်နှင့်သာ လက်ပွန်းတတီး
အတူနေထိုင်လုပ်ကိုင်စားကြရလျှင် ဤမျှဆင်းရဲမည်မထင်ပါ

မိုးလင်းသောအခါ နှမလေးက ဦးလေး ဦးပဉ္ဇင်း သီ
တင်းသုံးရာ နဂါးရုံ ကျောင်းတိုက်သို့ ခေါ်သွား ပါသည်
ကျောင်းမှာလည်း မြင်မကောင်းအောင် ပျက်စီးနေပါသည်
စစ်အတွင်းဖြစ်၍ ပြင်ဆင်ရန်မှာလည်း လွယ်ကူဟန်မတူပါ
ဦးပဉ္ဇင်းကိုယ်တိုင်မှာ အနီးအနားမှ လှူဒါန်းကြသည့် ဆွမ်း
နှင့် ပဲကြီးလှော်ကလေးကိုသာဘုဉ်းပေးနေပါသည်၊ သက်န်း
မှာ နွမ်းလှပါသည်။ ကျွန်တော့်ကို ငှက်ပျောသီးတဖီး ချ



ကျွေးပါသည်။ နဂါးရုံ ဘုရားအတွင်းမှာ စစ်ပြေးများနှင့်
ပြည့်နေသော်လည်း ကိုယ်တိုင် တော်တလှဲ့ ပြတ်တလှဲ့ ဖြစ်၍
ဦးပဉ္ဇင်း တပါးစာ ဆွမ်းပင် ကပ်နိုင် လှူနိုင် ကြပါမည်။
ဦးပဉ္ဇင်းက ကျွန်တော့အား သံဃာရတနာကို မလွန်ဆန်နိုင်ပုံ
များကို ဟောပြောပါသည်။ ကျွန်တော်လည်း ကျွန်တော့
ဖြစ်စဉ်ကလေးများကို အတိုချုံး၍ ပြန်ပြောပြပြီး ပြန်လာခဲ့
ပါသည်။ အားကိုးရာမဲ့နေသော နှမလေးနှင့် မွေးမိခင်
အား လုပ်ကျွေးသမှု ပြုရန်မှာ ကျွန်တော့်တာဝန် ဖြစ်နေ
ကြောင်း ပို၍ ထင်ရှားစွာ သိရပါပြီ။ မိခင်နှင့် နှမငယ်ကို
လုပ်ကျွေးရန်တာဝန်ရှိနေသော်လည်း တဘက်တွင် စစ်ရေး
ဝတ္တရားရှိနေသောကြောင့် အမေတို့ထံမှ ညနေ ၄ နာရီခန့်
တွင် ပြန်လာရပါသည်။ မကြာမကြာ ကျွန်တော်လာမည်ဖြစ်
ကြောင်းလည်း ပြောခဲ့ပါသည်။ နောက်တနေ့တွင် တပ်မှ
မထုတ်ခဲ့ရသေးသော လစာများကို ပေါင်း၍ထုတ်ရာ ၄၀၀
ခန့်ရပါသည်။ ထိုငွေကိုအမေတို့ထံ သွားပို့ပါသည်။ စစ်ဆို
သည်မှာ ဘယ်လောက်ကြာအောင် ဆက်လက်ဖြစ်နေဦးမည်
ကို မခန့်မှန်းနိုင်၊ သေချင်သေမည်၊ ရှင်ချင်ရှင်မည်၊ မရေမရာ
ဖြစ်ရာ စစ်ထွက်ရကာနီး ဖြစ်သည့်အတိုင်း အမေ့ကို အား
ပါးတရ ကန်တော့ခဲ့ပါသည်။ နှမလေးမှာမူ တရှုံ့ရှုံ့
ငိုရင်း ကျန်ရစ်ခဲ့ပါသည်။

တပ်သို့ပြန်ရောက်သောအခါတပ်ပြောင်းရမည့်အကြောင်း
သိရပါသည်။ ၂ ရက်ခန့် ကြာသောအခါ မော်လမြိုင်သို့
ပြောင်းရပါတော့သည်။ ဂျပန်တပ်များ ဆုတ်ခွါသွားပြီ ဖြစ်
သော်လည်း မြို့နယ် အုပ်ချုပ်ရေးမှာ အနယ်မကျသေးပါ။
မြန်မာ ကရင်များလက်ထဲတွင် ဂျပန်လက်နက်များ အတော်



www.burmeseclassic.com

များများကျန်ခဲ့ပါသည်။ မွန် ဗမာ၊ [illegible] လည်း ရှိသောကြောင့် အခြေအနေမှာ မကောင်းလှပါ။ တချို့က ဂျပန်စစ်သားများကို ဖွက်ထားကြပါသည်။ ဂျပန်များကလည်း ဗမာပြည်ကို ပြန်သိမ်းဦးမည်ဟု ဝါဒဖြန့်နေသောကြောင့် ပို၍ဆိုးပါသည်။ ဘီလူးကျွန်းတွင် တပ်စွဲထားပြီး မဟာမိတ်တပ်များက ဂျပန်လက်ကျန်များကို ရှင်းကြရပါသည်။

ဂျပန်လက်နက်ချပြီး နောက်ပိုင်းတွင် ကျွန်တော်တို့တပ်ကို တောင်ငူသို့ ပြန်ပို့ပါသည်။ ဖမ်းဆီးမိသမျှ လက်နက်ချသမျှ ဂျပန်များကိုသံဆူးကြိုးခတ်၍ထားရာ၊ ထိုစခန်းကိုကျွန်တော်တို့ စောင့်ကြပ်ရပါသည်။ ထောင်ကြီးထဲသို့ ပို့ လိုက်ပြီးသော အခါတွင်မူ ကျွန်တော်တို့မှာ အလုပ်များများ မရှိတော့ပါ။ တတပ်လုံး အများကြီး အားနေကြပါတော့သည်။

ဤ သို့အားနေစဉ်တွင်မခင်လှိုင်တို့အကြောင်းစုံစမ်းပါသည်။ တပတ်မျှကြာသော် မခင်လှိုင်တို့နေရာ ထန်းတပင်သူကောင်းမြစ်ရပ်သို့ လိုက်သွားသည်။ ရွာအဝင်တွင် မြေပဲခင်း လုပ်နေကြသူများကို မြင်ရာ မခင်လှိုင်ကို တွေ့လိုတွေ့ငြားလှမ်းကြည့်မိသည်။ ကျွန်တော် ခြေနှစ်ချောင်း မြေမှ လွတ်သွားလောက်အောင် ဝမ်းမြောက်သွားပါသည်။ မြေပဲခင်းထဲ၌ အလုပ်လုပ်နေကြသူများတွင် မခင်လှိုင်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပါသည်။ မခင်လှိုင်ကလည်း ကျွန်တော့်ကို မြင်မြင်ချင်း မှတ်မိပါသည်။ ပုပန်းမှာ သူလည်း ကျွန်တော့်နည်းတူ မြှော်နေ တွေ့ချင်နေဟန် တူပါသည်။ အလုပ် လုပ်နေရာမှ လက်ကလေး ၂ ဘက်ကို တင်ပါးတွင် သုတ်ကာ အပြေးကလေးလာပါသည်၊ သူမ၏မျက်နှာမှာ ဝမ်းသာခြင်းဖြင့်



ထိန်လင်းနေသလောက်မျက်လုံးအစုံတွင် ပုလဲဥကလေးများ သဖွယ် မျက်ရေကလေးများက တွဲလဲခိုနေပါသည်။

ကျွန်တော်က အေးအေးဆေးဆေး တနေရာတွင် စကားပြောခွင့် တောင်းရာ မခင်လှိုင်က ခေါင်းကလေးညိတ်ကာ လိုက်လာပါသည်။ ၂ဦးသားသည် သူကောင်းမြစ်နှင့် တမိုင်ခန့်ဝေးသော တောင်ထိပ်ပေါ်ရှိ ရိုးတဲဘုရားသို့ ထွက်လာကြပါသည်။ ရောက်ရောက်ချင်း ဘုရားဝတ်ပြုကာ တနေရာတွင် ထိုင်ကြပါသည်။ ကျွန်တော်က မခင်လှိုင်အား စစ်ပြီးပြီဖြစ်၍ စစ်တပ်က ထွက်နိုင်တော့မည့် အကြောင်းများ ပြောပြပြီး မဆိုင်းမတွပင် လက်ထပ်ဘို့ပြောပါသည်။ ပဌမတွင် မခင်လှိုင်မှာ ပြုံးသယောင်ယောင်ရှိပြီးမှ တဖြည်းဖြည်းမဲ့လာကာ ဒူးပေါ်ခေါင်းတင်၍ တရှုတ်ရှုတ်နှင့် ငိုပါတော့သည်။ ဘာ့ကြောင့် ငိုသည်ကို ကျွန်တော်နားမလည်ပါ။ ထို့ကြောင့် ကျွန်တော်က မေးရပါသည်၊

"ဘာဖြစ်လို့လဲ မခင်လှိုင်၊ အစ်ကိုနှင့် ပြန်တွေ့တာ ဝမ်းမသာဘူးလား"

"သာတာပေါ့ အစ်ကိုရယ်၊ ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင်မသိပါဘူး၊ ဒါ့ကြောင့်ဒီဘုရားအထိသူများတွေ ဘာထင်ထင်ဆိုပြီး လိုက်ခဲ့တာပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ ငိုရတာလဲ၊ တိတ်ပါ၊ တိတ်ပါ၊ မျက်ရည်တွေရွှဲနေတဲ့မျက်လုံးဟာ မလှပါဘူး"

"အစ်ကိုက လက်ထပ်ဘို့ပြောလို့ ငိုတာပါ"

"ဘာဖြစ်လို့လဲ ညီမလေးက လက်မထပ်ချင်ဘူးလား၊ ဘယ်လိုဖြစ်ချင်တာလဲ"

"ခက်တာဘဲ အစ်ကိုရယ်"

www.burmeseclassic.com

"ဘာခက်စရာရှိသလဲ၊ စစ်တောင်တိုက်ရင် နိုင်သေးတာ အကြောင်းကိစ္စဆိုတာရှိရင် ဖြေရှင်းလို့ရရမှာပေါ့"

"အစ်ကိုလေး မသိပါဘူး"

"မသိရင် ပြောပေါ့"

"မောင်လို နှမလိုဘဲ ချစ်ပြီးနေမှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ၊ အကြောင်းရှိလို့လား၊ မခင်လှိုင်မှာ ချစ်သူရှိနေရင်တော့ ကိစ္စမရှိပါဘူး၊ မောင်လိုနှမလိုဘဲ ကြိုးစားပြီး အစ်ကိုနေရမှာပေါ့"

"ဘယ်ကချစ်သူရှိရမှာလဲ အစ်ကိုရယ်၊ ဒီလိုမထင်ပါနဲ့ အစ်ကိုနဲ့ ပဌမတွေ့ပြီး နောက်ထပ်တခါ တွေ့ပြီးတဲ့နောက် ကျွန်မျက်စိထဲမှာ တနေ့မပြတ် အစ်ကို့အရိပ်ကိုသာ မြင်နေတာပါဘဲ"

"နို့ဘာဖြစ်လို့လဲ ပြောပါဦး၊ ဖွင့်ပြောပါ၊ ဘာမှချန်မထားပါနဲ့၊ အစ်ကို့ကိုအားနာမနေပါနဲ့"

"ကျွန်မတို့က အမျိုးမသန့်ဘူးအစ်ကို"

"ဘာမသန့်တာလဲ၊ သန့်လို့ လှလို့၊ ဘာမှပြောစရာမရှိပါဘူး"

"ဒီလိုမဟုတ်ဘူးအစ်ကို၊အစ်ကို့ကို ကျွန်မ မညာချင်ဘူး မညာနိုင်ဘူး၊ ကျွန်မတို့ဟာ သူတောင်းစားမျိုး"

ဤသို့ပြောပြီးနောက် မခင်လှိုင်ကလေးသည် ဆက်ပြီးငိုနေပြန်ပါတော့သည်။

"သူတောင်းစားမျိုးလို့ မရှိပါဘူး မခင်လှိုင်၊ အလကား အယူသည်းကြတာပါ"

"မဟုတ်ဘူးအစ်ကို....အစ်ကိုမသိဘူး"

"ကယ်ပါ၊ သူဘရာဇာ၊ သူတောင်းစား မျိုးဆိုတာ ရှိတယ်၊ ကျွန်မတို့က အဲဒီအမျိုးထဲကဘဲ"

"ဘာဆိုင်သလဲ မခင်လှိုင်တို့ပန်းဘဲလုပ်စားတယ်၊ တောင်သူလုပ်စားတယ်၊ တောင်းစားတာမှမဟုတ်ဘဲ"

"တောင်းလဲ တောင်းရတယ် အစ်ကိုရဲ့၊ မို့မတောင်းလို့ မဖြစ်ဘူး"

"ဘာ မတောင်းလို့မဖြစ်တာလဲ၊ ကိုယ့်မရှိမှ သူများဆီ တောင်းရတာ၊ အရှိသားနဲ့ လုပ်ကိုင်စားနိုင်သားနဲ့ ဘာလို့ တောင်းရမှာလဲ။ အို-အလကားဟာတွေပါ၊ အယူသည်းကြတာတွေပါ"

"မဟုတ်ဘူး အစ်ကို ၇ ရက်မှာ ၁ ခါ ၇ အိမ် စေ့အောင် စတိဖြစ်ဖြစ် တောင်းရတယ်၊ တကယ် လှည့်တောင်းရင်တော့ သာကောင်းတယ်တဲ့"

"မတောင်းတော့ ဘာဖြစ်သလဲ"

"မတောင်းရင် သွေးအန်တယ်၊ နာတယ်၊ ဝဲတယ်"

"အလကားပါ၊ဒါတွေမယုံနေပါနဲ့"

"မယုံလို့မှ မရဘဲ၊ အားလုံးဒီလိုလုပ်ကြတာဘဲ၊ အစ်ကို ကျွန်မကို ချစ်နိုင်မယ်ဆိုရင်လဲ အစ်ကို ကျွန်မတို့အထဲ ဝင်ရမယ်"

"ဘယ်အထဲလဲ"

"ကျွန်မတို့ အမျိုးထဲပေါ့"

"ဘယ်လိုဝင်ရမှာလဲ၊ ဘယ်လိုထုံးစံရှိသလဲ"

"ခေါင်းလျှော်ထိုးပြီး ကျွန်မတို့လို ဖြစ်ပြီဆိုတာ လက်ခံရတာပေါ့၊ အဲဒီလိုလုပ်ပြီးတော့မှ လက်ထပ်ကြတို့ ဘာတို့ လုပ်ရတယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ဘုရားမှာလှူလိုက်ပြီ၊ဘုရားကျွန်ဖြစ်ပြီဆိုတာနဲ့ တူတ
ငယ်ငယ်ကကြားဘူးတယ်"

"ဟုတ်မှာဘဲထင်ပါရဲ့ ထုံးစံလို့ပြောတာဘဲ"

"ဒီလို မခင်လှိုင်တို့ ဆွေမျိုးထဲ ဝင်လာတဲ့လူတွေ ရှိ
သလား"

"ရှိဘူးတယ်လို့ပြောတာဘဲ၊ ၁ယောက် ၂ယောက်
အရင်တုန်းက ရှိဘူးသတဲ့"

မခင်လှိုင်နဲ့စကားပြောရင်း ကျွန်တော့ကိုယ် ကျွန်
မေးခွန်း ၁ ခု မေးမိသည်၊ ထို့နောက် ဘာဘဲဖြစ်ဖြစ်
သက်သခင် မခင်လှိုင်ကို ယူမည်ဟုဆုံးဖြတ်လိုက်ပါသည်
ကြောင့်....

"အသက်သခင်မို့ ကျေးဇူးတင်နေ ချစ်နေတာဘဲ၊ ဘ
လိုဘဲ ဖြစ်ဖြစ် မခင်လှိုင်တို့ ဆွေမျိုးစုထဲ အစ်ကို ဝင်
နောက်ပြီး တနေ့မှာလက်ထပ်မယ်"

"တကယ်ပြောတာလားအစ်ကိုရယ်၊ ဖြစ်နိုင်ပါ့မလား"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မခင်လှိုင်ကို ဒီလိုသိရ
မချစ်နိုင်တော့ဘူးဆိုရင် လူကိုချစ်တာ မဟုတ်တော့ဘူး
အစ်ကိုက လူကိုချစ်တာ၊ ကျေးဇူးကိုသိတာပါ"

"ကျေးဇူးဆိုတဲ့စကားမပြောပါနဲ့အကိုရယ်၊ နော
အစ်ကို တခု စဉ်းစားနော်၊ အစ်ကိုပါ ကျွန်မလိုဘဲ ၁
တခါ ၇-အိမ်ထက်မနည်း တောင်းရမှာ"

ဤနေရာတွင် ကျွန်တော်တွေဝေသွားပါသည်။ အပ
၇ အိမ်စေ အောင် လိုက်တောင်းရမည့်အလုပ်မှာ မလွ
ပါ။ မခင်လှိုင်ကို ချစ်၍ သနား၍ကျေးဇူးတင်၍သာ အ
ဘို့ တနေ့တွင် လက်ထပ်ဘို့ စိတ်ကူးရခြင်း ဖြစ်ပါသ

တောင်းတော့ မတောင်းချင်ပါ။ ဆိုရာတွင် ဘယ်နည်းနှင့်မှ လည်း အကွဲမခံနိုင်ပါ။ ကျွန်တော့မှာ စစ်ကိုအကြောင်းပြု၍ အိန္ဒိယပြည်ကိုလည်း ရောက်ဘူးပြီ၊ ဗမာပြည် ဒေသတော် တော် များများ သို့လည်း ရောက်ဘူးပြီဖြစ်ရာ၊ တနေ့သော် မခင်လှိုင်ကိုခေါ်ပြီး အဝေးမြို့တမြို့မှာ သွားနေမည်၊ ရန်ကုန် မြို့ကြီးမှာဖြစ်စေ သွားနေမည်၊ လုပ်ကိုင်စားမည်၊ ထိုအခါ တောင်းရမ်းဘို့ လိုတော့မည်မဟုတ်၊ မတောင်း မရမ်းလျှင် သွေးလည်းမအံ၊ နူဝဲခြင်းလည်း မရှိသည်ကို မခင်လှိုင် ကိုယ် တိုင် တွေ့သောအခါ ဤဘဝဟောင်းကိုမေ့ပြီး လူသစ် ဖြစ် လာလိမ့်မည်ဟု တွေးတောမိသည်။ ထို့ကြောင့်-

"အစ်ကိုအားလုံးစဉ်းစားပြီးသားပါ မခင်လှိုင်၊ အတူတူ နေရရင်ပြီးတာဘဲ ဘယ်လိုဘဲလုပ်ရလုပ်ရ၊ ဘယ်လိုဘဲ နေရ နေရ ကိစ္စမရှိပါဘူး"

"တကယ်လားအစ်ကိုရယ် ကျွန်မဝမ်းသာလိုက်တာ"

"အစ်ကို သစ္စာဆိုခံ့ပါတယ်၊ ဆိုပြပါမယ်" ဟု ဆိုကာ ကျွန်တော်သည် မောင်မခေါ်ရွက်တရွက်ခူးပြီး လက်မောင်း မှသွေးဖေါက်ချကာ ဘုရားရှင်ရှေ့တော်မှောက်တွင် သစ္စာ ဆိုပြလိုက်ပါသည်။

မခင်လှိုင်သည် ဝမ်းသာ၍ တုံတုံရီရီ ဖြစ်နေသည်၊ "ကျွန်မသွေးလဲ နဲနဲဖေါက်လိုက်ပါဦး" ဟု ဆိုသောကြောင့် ဖေါက်ပေးလိုက်ရာ၊ သူမကလည်း မောင်မခေါ်ရွက် တရွက် ပေါ်တွင်သွေးစက်ကျစေပြီးသစ္စာဆိုပါသည်။ထို့နောက်သွေး ထွက်နေသော ကျွန်တော့လက်ကို ဆွဲယူပြီး၊ သွေးထွက်နေ သော သူမ၏လက်နှင့်ပူးကပ်ကာ သွေးချင်းဆက်စေပါသည်၊ ဘာသဘောနှင့် ဘာလုပ်သည်ကိုမူ ကျွန်တော်လည်း နား



www.burmeseclassic.com

www.burmeseclassic.com

မလည်ပါ။ သူမ၏စိတ်ထဲတွင် ရုတ်တရက် ပေါ်ပေါက်လာသည်ကို လုပ်ခြင်းပင်ဖြစ်ပါလိမ့်မည်။ ထို့နောက် ကျွန်တော်တို့သည် သီချင်းဆိုချင်သလိုလို၊ ကချင်သလိုလို ဖြစ်လာကြပါသည်။ ၂ယောက်သားသည် လည်ချင်းတွဲ၍ တူချွဲနေကြသော ချိုးငှက်ကလေး ၂ကောင်ကဲ့သို့ပျော်ရွှင်လှပါသည်။ လက်ချင်းတွဲကာ မခင်လှိုင်တို့အိမ်သို့ လာခဲ့ကြပါသည်။

မခင်လှိုင်သည် အိမ်တွင်ရှိသောငှက်ပျောသီးများကို ကျွန်တော့အား ကျွေးသည်၊ မြေပဲကြော်နှင့် လက်ဖက်ရည်ကြမ်းလည်းပါသည်။ ကျွန်တော့အားအသက်စွန့်၍ ကယ်ထားသူကလေးသည် အချစ်ကိုပါ ပုံ ရှာသောကြောင့် မခင်လှိုင်အား ကျွန်တော်သနားပါသည်။ ကျွန်တော်ကသာသူတောင်းစားမကလေး၊ ဒွန်းစဏ္ဍားကလေးမှန်းသိသောကြောင့် ကရုဏာမေတ္တာ မထားနိုင်တော့လျှင် သူမသည် ရင်ကွဲ၍သေမည်မှာ မလွဲပါ။

ခဏမျှကြာသော် အိမ်မှူးခန်းတွင် ထားသည့် ခေါင်းလောင်းကလေးကို မခင်လှိုင်ကပြပါသည်။ ကျွန်တော်၏ စိတ်တွင် မည်သို့မျှ တုံ လှုပ်ခြင်းမရှိပါ၊ ယခုပင် ခေါင်းလောင်းထိုးခံလိုက်ပြီး မခင်လှိုင်နှင့် မခွဲဘဲအတူနေလိုက်ချင်ပါသည်။

သူမသည် ငါးရန့်ခြောက်များ မီးဖုတ်ပြီး ထည့်ပြန်ပါသည်။ တယောက်မျက်နှာ တယောက်ကြည့်၍စားနေရသည့် အခိုက်အတန့်မှာ သာယာလှပါသည်။လက်မထပ်မီ စိတ်ထဲမှ ထွက်၍ တနှစ်ခန့် စီးပွားရှာမည့်အကြောင်း ကျွန်တော်က ပြောသောအခါ–

"အစ်ကို သဘောပါ၊ အစ်ကိုအဆင်ပြေမဲ့ နေ့အထိ ကျမစောင့်ပါ့မယ်"ဟု သနားစဘွယ်ပြောပါသည်။ ရှေ့ကိုဘယ်



လိုနေမည်၊ ဘယ်လိုလုပ်မည် စသည်ဖြင့် စိတ်ကူးမိသမျှ ပြောနေကြပါသည်။ အချိန်လင့်သွားပြီဖြစ်၍ မခင်လှိုင်ကို နှုတ်ဆက်ကာ တပ်သို့ပြန်လာခဲ့ပါသည်။

BURMESE CLASSIC .com

တပ်သို့ရောက်ပြီး နောက်တနေ့တွင် ထွက်ခွင့် စာတင်ပါသည်။အလုပ်ရှာရန်ခွင့် ၂ပတ်တောင်းပြီးအလုပ်ရှာပါသည်။ အလုပ်ကလည်း ရှားပါသည်။ နောက်ဆုံးတွင် မီးရထားခေါင်းတွဲ ဆီထိုး အလုပ်ကို တလ ၆၅ိ နှင့် ရ၍ ရသည့်အလုပ်ပင်ဝင်လုပ်ပါသည်။အမေနှင့်နှမကလေးကိုဓမ္မာရုံတွင် မထားတော့ဘဲ တောင်ငူမန်းရပ် သင်္ကြန်နောက်ရပ်ကွက်တွင် တဲတလုံးငှါး၍ခေါ်ထားပါသည်။ တဲမှာ အင်ဖက်မိုး, ဝါးထရံ ကာဖြစ်ပါသည်။ တလ ၃ိ သာ ပေးရသောကြောင့် ငှါးနိုင်ခြင်းဖြစ်ပါသည်။ ဆီထိုး အလုပ်မှာ ပင်ပန်းလှသည်မဟုတ်သော်လည်းမီးပူလွန်းသောကြောင့် ကြာရှည်မလုပ်နိုင်ပါ။ တလမျှလုပ်ပြီးနောက် ထွက်လိုက်ပါသည်။ ကျွန်တော်အလုပ်အကိုင် မရှိသည့်နောက် နေရေးထိုင်ရေး အခက်အခဲများနှင့်များစွာကြုံတွေ့ရပါသည်။ တနေ့တွင်မမြော်လင့်သောအမှုတခုဖြစ်ပါသည်။ အိမ်နားနီးချင်းဖြစ်သူ ပုလိပ်မောင်ခွေးက အပ်ထားသော ပစ္စည်းတခုကြောင့် ပစ္စည်းလက်ခံမှုနှင့် အဘမ်းခံရပါသည်။ ပစ္စည်းမှာ ဖေါက်ထွင်းမှုနှင့် ပတ်သက်နေသောကြောင့်ဖြစ်ပါသည်။ ယမန်ကလေး ၂ပတ်အချုပ်ခံရပြီး မောင်ခွေးက တာဝန်ယူလိုက်သောကြောင့် အချုပ်မှ ကျွန်တော်လွတ်လာပါသည်။ ယမန်ကလေးတပတ်မှာ ဂ၃ရက်ဖြစ်၍၊ ယမန်ကြီးတပတ်၊ သို့မဟုတ် ယမန်ကလေး ပတ်မှာ ၁၄ရက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သောအခါ အမေရော နှမလေးပါ ဝက်သက် ပေါက်နေကြသည်ကို တွေ့ရပါသည်။ ဆေးဘိုးဝါးခလည်း မရှိ၊စားစရာလည်းမရှိ၊ ကြည့်ရှုမည့်သူလည်းမရှိသောကြောင့် ဆေးရုံကြီးသို့ တင်လိုက်ရပါသည်။ အိမ်ထောင်ပစ္စည်းဆို၍ လည်း ဘာမှမရှိဖြစ်ပေရာ၊ တဲကလေးကိုပြန်အပ်ပြီး ကျွန် တော်ပါ ဆေးရုံသို့လိုက်အိပ်ပါသည်။ နောက်တနေ့ အလုပ် ရှာပြန်ရာ တနေ့ ၃ံ စားနှင့် ပန်းရန် အလုပ်ရပါသည်။ ထမင်းစားချိန် အိပ်ချိန်များတွင် ဆေးရုံသို့ပြန်စား, ပြန်အိပ် လုပ်ပါသည်။ အုပ်ချုပ်ရေးကောင်းမွန်လာပြီဖြစ်သောကြောင့် တောနယ်များသို့ ထွက်ပြေး ရှောင်ပြောင်း နေသူများသည် မြို့ထဲသို့ အစုလိုက် အပြုံလိုက်ပြန်ဝင်လာကြပါသည်။အလုပ် လက်မဲ့များ၊ နေအိမ်မဲ့များ ပေါလှပါသည်။ ပန်းရန်လုပ် ငန်းသည်နေပူမိုးရွာမရှောင်လုပ်ရသည့်ပြင် တနေ့မဆင်းလျှင် တနေ့ငတ်ပါမည်။ ချမ်းသာသူများက ဝီစကီတမြမြ၊ ကား တဝီဝီနှင့် ဖြစ်နေသောကြောင့် အဘိဓမ္မာဖြစ်မိပါသည်။ လက် နက်များပေါလှသော စစ်ပြီးကာလဖြစ်၍ မကြာမကြာ ဓါးပြ တိုက်သံတွေ ကြားကြားလာမါသည်။ အမေတို့ သားအမိ ကလည်း ဆေးရုံမှ ဆင်းရပါတော့မည်။ နေစရာလည်းမရှိ၊ အခုမှ အခက်ကြီးခက်ပါသည်။

တနေ့သော် အလုပ်က ပြန်လာရာ လမ်းတွင် မဖရူးခန် ဆိုသော အသိမိတ်ဆွေဟောင်းကုလားတယောက်နှင့်တွေ့ပါ သည်။ သူသည် စစ်သားဟောင်းတယောက်ဖြစ်၍ မီးရထား တန်းလျားတွင် အခန်းတခန်းရထားသူဖြစ်ပါသည်။ သူ့တွင် မအုန်းခင်ဟုခေါ်သောဗမာမတယောက်ရထားကြောင်း၊ သူ့ မိန်းမက ကုလားစကားမတတ်၊ သူက ဗမာစကားမတတ်နှင့်



ဒုက္ခတွေ့နေကြောင်း၊ ကျွန်တော်နှင့် မိခင်တို့ပါ လိုက်နေလျှင် အားလုံးအဆင်ပြေစရာရှိကြောင်းပြောပါသည်။ ရေငုတ်နေ တုန်း ရေတွင်းထဲကျရသော အဖြစ်မျိုးနှင့် တိုးနေ၍ ညနေ မှာပင် အမေတို့ကို ဆေးရုံမှခေါ်ကာ ပြောင်းရွှေ့လာခဲ့ပါ သည်။ တန်းလျားတွင်၈-ခန်းရှိပါသည်။ လက်ဝဲဘက်၂-ခန်း မှာ လွတ်နေ၍ တခြားဘက်တွင် မဖရူးခန်ကဲ့သို့ အခန်းကို အပိုင်စီးထားသော ကုလားအိမ်ထောင်စုများ ရှိကြပါသည်။

မအုန်းခင်နှင့် မဖရူးခန်တို့ အိမ်ထောင်ကျသည်မှာ ကျွန် တော်နှင့်မတွေ့ခင်အရက် ၂ဝခန့်ကပင်ဖြစ်ပါသည်။မအုန်းခင် မှာ အသက် ၂ဝခန့်ရှိပြီး ရုပ်ရည်သနားကမား ဖြစ်ပါသည်။ သွက်သွက် လက်လက် အစားမျိုးပင်ဖြစ်၍ အမှုအရာမှာမူ မကောင်းလှပါ၊ဆက်ဆံမှုတွင်ကလေးကလားဆံလှပါသည်။ ကျွန်တော်မှာ ပန်းရန်လုပ်ငန်းကိုပင် ဆက်လုပ်နေရပါသည်၊ သူတို့ လင်မယားကြားတွင် စကားပြန် လုပ်ပေးနေရခြင်းမှာ ဒုတိယအလုပ် ဖြစ်ပါသည်။ ရက်လ တော်တော်ကြာသော် မအုန်းခင်နှင့် ကျွန်တော့ကို သူ့ယောကျ်ားက မသင်္ကာပါ၊ ကျွန်တော့တွင် တနှစ်အတွင်း ငွေစုပြီး မခင်လှိုင်ကို ယူရန်သာ စိတ်ရှိပါသည်။ အခြားဘာစိတ်မှမရှိပါ။ သူတို့ လင်မယား ကြားတွင် မကြာခဏ စကားပြန်လုပ်နေရသည့်အတွက် သူမ နှင့် ရင်းနှီးနီးစပ်နေရာ၊ တဖြည်းဖြည်းနှင့် မဖရူးခန်သည်ပို၍ မသင်္ကာရာမှ အိမ်သို့ပင် လုံးဝမပြန်လာတော့ပါ။ မအုန်းခင် ကလည်း ဘယ်မှ သွားစရာမရှိသောကြောင့် သူမအတွက်ပါ ကျွန်တော် တာဝန် ယူနေရပါတော့သည်။ အိမ်နီးနားချင်း များက ဘယ်လို ထင်ကြမည် မသိပါ။ ကျွန်တော်ကလည်း ခင်ဗျား သွားတော့ဟု မပြောနိုင်ပါ။ မပြောရက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၇–ခုနှစ်အစတွင် နိုင်ငံရေးအခြေအနေမှာလှုပ်လှု
ရှုရှုဖြစ်လာပါသည်။ ကျွန်တော်တို့မှာ တနေ့စာတနေ့ အ
အယက် ရှာဖွေစားသောက်နေကြရပါသည်။ ဒေါ်အုန်းညွ
လည်း တောင်ငူသို့ပြန်ရောက်နေကြောင်းသိရ၍ ကျွန်တော်
သားအမိ၃ယောက် သွားတွေ့ကြပါသည်။ သူမကိုယ်တိုင်
မိတ်ဆွေ အိမ် တအိမ်တွင် ခေတ္တ နေရသေးသည်။ အိ
ဆောက်ရန် စိုင်းပြင်းနေ၍ ပြီးလျှင် နှမကလေးနှင့် အမေ
ခေါ်ထားမည်ဟု ပြောပါသည်။ အဝတ်အစား အဟော
များနှင့်ငွေ ၂၀ ပေးလိုက်ပါသည်။ ကျွန်တော်တို့ မိသား
အပေါ် ဒေါ်အုန်းညွန့်၏ကျေးဇူးမှာကြီးလှပါသည်။

ဖေဖေါ်ဝါရီလ ၂၀ရက်နေ့တွင် စစ်ဘက်မှ မထုတ်ရသေ
သော ကျွန်တော့လစာများထုတ်ရပါသည်။ ငွေ ၆၀၀နီးပ
ရသောကြောင့် ဝမ်းသာလှပါသည်။ ငတ်ပြတ် စုတ်ပဲ
သောဘဝတွင် ငွေ ၆၀၀ရခြင်းမှာ သိန်းထီပေါက်ခြင်းပင်
ပါသည်။ အမေနှင့် နှမကလေးအတွက် အဝတ်အစားမျာ
ဝယ်ပေးရသဖြင့် များစွာ စိတ်ချမ်းသာရပါသည်။ ၂ရက်
ကြာသောအခါ ကျွန်တော်အလုပ်လုပ်နေသော တိုက်ကြီး
သွား၍ အလုပ်မှနားရပါသည်၊ ဆက်လက်ပြီး အလုပ်လု
နိုင်ရန် အခြား အလုပ်တခုကို ရှာနေရစဉ် မီးရထားဌာန
တန်းလျားတွင်နေသူအားလုံးကို နှင်ချပါတော့သည်။ သို့
တွင် ဦးဟာရှင်ဆိုသော အရာရှိတဦး၏ ကောင်းမှုကြော
ကျွန်တော်တို့ တဦးမှာ ခေတ္တ ဆက်လက်၍ နေခွင့်ရပါသေ
သည်။

တနေ့တွင် အလုပ်ရှာရာမှပြန်လာသောအခါ အသားဖြ
ဖြူဖြူဆံပင်ကောက်ကောက် အသက် ၂၅နှစ်ခန့်လူတယော

ကို အိမ်မှာတွေ့ပါသည်။ တောင်ငူငွေလှ ရပ်ထဲကဖြစ်ပြီး ပင်စင်စား ဦးခင်သိန်း၏သား ကိုမောင်ကိုဆိုသူဖြစ်ကြောင်းပြောကာ၊ ထိုသူကပင် ဖေါ်ဖေါ်ရွေရွေ နှုတ်ဆက် ပါသည်၊

သူသည် လက်နက်မှုနှင့် ထောင်တနှစ် ကျရာမှ ယခု လွတ်လာခြင်းဖြစ်ကြောင်း၊ မအုန်းခင်မှာ သူ့မိန်းမ ဖြစ်၍ သူထောင်ကျနေစဉ် ခိုကိုးရာမဲ့ဖြစ်ပြီး မဖရူးခန်ကို ယူရခြင်းဖြစ်ကြောင်း၊ သူ့မိဘများကလည်းသူ့ကိုပိုင်းပယ်ထား၍ကျွန်တော်တို့နှင့် ဤတန်းလျားမှာပင် အတူနေလိုကြောင်း ကိုမောင်ကိုက ပြောပါသည်။ အလုပ်အကိုင်အတွက် သူစီစဉ်ရှာဖွေပေးနိုင်ကြောင်း၊ သူ့တွင် ငွေ ၅၀ိခန့် ပါသေး၍ ငွေမကုန်မီ အလုပ်ရအောင် ကြိုးစားမည့်အကြောင်းပါ ပြောပါသည်။ မအုန်းခင်ကလည်း အတူနေပါရစေဟု တောင်းပန်သောကြောင့် မငြင်းသာဘဲ တွဲဘက်ပြီး အတူပင်နေကြရပါသည်။

၂ယောက်လုံး အလုပ်မရှိသေးသောကြောင့် ရှာအလုပ်ကိုရှာကြပါသည်။ ရိုးရိုးသားသား အလုပ်ရှာသော်လည်း မရပါ။ ရှိစုမဲ့စုငွေကလေးများတက်တက်ပြောင်ပါပြီ။ ကုန်ဈေးနှုန်းများကလည်း အဆမတန် ကြီးလာသော အချိန်နှင့် ကြုံရသောကြောင့် စား ဝတ် နေရေးမှာ အတော်ပင် ဒုက္ခရောက်လာပါသည်။ကိုမောင်ကိုသည်ထောင်ထဲမှသိလာသော မိတ်ဆွေများ၏ နည်းကောင်းများကိုအသုံးပြုကာ ခိုးမှု၊ လုယက်မှုများ လွန်ကျူးလာပါသည်။ အစက သဘောမတူသော်လည်း၊ စားရမဲ့ သောက်ရမဲ့ ဘဝမှ ချောင်ချောင်လည်လည် စားလိုက်သောက်လိုက် ဖြစ်နေသောအခါ ကျွန်တော်ပါ အားကျလာပါသည်။ ပဌမ တကြိမ် နှစ်ကြိမ်သာ



www.burmeseclassic.com

www.burmeseclassic.com

ကြောက်လန့်သော်လည်း လက်စ ခြေစ ရှိလာသောအခါ ကျွန်တော်လည်း မကြောက်တော့ပါ။ အပေါင်းအသင်းများ လာ၍ လုပ်နည်းကိုင်နည်း ကျွမ်းကျင်လာသောအခါ သက် သက်သာသာနှင့်ပင် မြက်မြက်ကလေးစားရ၊ လှလှကလေး ဝတ်ရသည်ကို သာယာလာသည်၊ သဘောကျလာပါသည်။

ထိုနေ့မှာ မြတ်စောညီနောင် ဘုရားပွဲနေ့ ဖြစ်ပါသည်။ ကျွန်တော်တို့ တအိမ်သားလုံး ဘုရားသို့ သွားကြပါသည်။ မောင်ကိုနှင့် ကျွန်တော်မှာ ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးရန် ဖြစ်ပါသည်။ ကျွန်တော်တို့ ဒီလိုလုပ်နေကြောင်း အမေနှင့်နှမကလေးတို့က မသိကြပါ။ မအုန်းခင်ကမူ သိပါ သည်။ သူမသည် အလွန်နှုတ်လုံပါသည်။

အကြံအစည် ရှိသည့်အတိုင်း ကျွန်တော်တယောက်တည်း ညီတော်စေတီမှ နောင်တော်စေတီဘက်သို့ အကူး စောင်း တန်းကြီးအတိုင်း လျှောက်သွားပါသည်။ စောင်းတန်းထိပ် ဘုရားပစ္စယ ံ အဝင်မုခ်ဘေးတွင် ပလ္လင်တခုရှိပါသည်၊ ပလ္လင် ဘေးတွင် ကျွန်တော် မမြော်လင့်သူ တယောက်ကို တွေ့လိုက် ရပါသည်။အကျီစုတ်နှင့် ထမီအနွမ်းကိုဝတ်၍ တဘက်တခု ခေါင်းပေါင်းထားသော မခင်လှိုင်ကို တွေ့ရခြင်းဖြစ်ပါသည်။ ကျွန်တော့တွင် အလုပ်သစ် ဟန်ပန်တကျ ဖြစ်နေ၍ ပြောင် ပြောင်လက်လက် ဝတ်စားထားသလောက် ဝင့်ကြွားအဖြ အတောင်းထွက်ခဲ့ရသော မခင်လှိုင်၏ရုပ်သွင်မှာ နွမ်းနယ်လှ ကြေကွဲစရာကောင်းလှပါသည်။

ရုတ်တရက်ဖြစ်၍ ကျွန်တော်ရော သူပါ ကြက်သေ သေ ကြပါသည်။ ထို့နောက် မခင်လှိုင်က မမြင်ဟန်ဆောင်က တဘက်သို့လှည့်၍ ထွက်ပြေးသွားပါသည်။



"မခင်လှိုင်-မခင်လှိုင်"ဟုအော်၍ခေါ်ရင်းကျွန်တော်လည်း နောက်မှပြေးလိုက်ပါသည်။ သို့ရာတွင် ဘုရားဖူးအသွား အ လာများနေချိန်ဖြစ်၍ မျက်ခြေပြတ်သွားပါသည်။ စိတ်မကြေ နပ်သဖြင့် ဘုရားကိုလှည့်ပတ်၍ရှာဖွေရာမတွေ့ပါ။ "တပတ် တခါတော့ထွက်တောင်းမှ၊ မတောင်းရင် နူတတ်တယ်၊သွေး အန်တတ်ပါတယ် အစ်ကိုရယ်"ဟု မခင်လှိုင်ပြောဘူးသော စကားကို ပြန်သတိရမိပါသည်။ ကျွန်တော့် သိက္ခာကို ငဲ့၍ အတွေ့မခံဘဲထွက်ပြေးခြင်းဖြစ်သည်ဟုစဉ်းစားမိရာ၊ နောက် တနေ့တွင် သူမတို့ရွာသို့လိုက်သွားရန် ဆုံးဖြတ်လိုက်ပါသည်၊ ကိုမောင်ကိုနှင့် ပြန်ဆုံမိသောအခါ "ညမှာ အလုပ်ရှိတယ်၊ စောစောပြန်ရအောင်"ဟု သတိပေးသောကြောင့် စောစော ပြန်ခဲ့ရပါသည်။ အိမ်တွင် လုပ်ဖော်ကိုင်ဘက် ၄ ယောက် ရောက်နေပါသည်။ တယောက်မှာ ပုလိပ် ထွန်းကြိုင်ဖြစ်ပြီး ကျန် ၃ယောက်မှာ လူစိမ်းများဖြစ်နေပါသည်။ လုပ်စရာ ကိုင်စရာများကို အတော်ကြာ တိုင်ပင်ဆွေးနွေးကြပြီး၊ သွား ရအောင်ဟု ကိုမောင်ကိုကဆိုပါသည်။ကျွန်တော်မှာ မခင်လှိုင် နှင့်တွေ့ရန်သာစိတ်စောနေသောကြောင့် လိုက်လိုစိတ်မရှိပါ၊ မလိုက်လိုကြောင်း ကိုမောင်ကိုအား တိုးတိုးကြိတ်ကြိတ် အ ဘန်တန်ပြောပြပါသေးသည်၊ သို့ရာတွင် လူစိမ်းများကလည်း ပါ၊ တိုင်ပင်ရာတွင် ကျွန်တော့်အပါအဝင်ဖြစ်နေရာ၊ ချန်နေခဲ့ လျှင် အထင်လွဲကြလိမ့်မည်ဟု ကိုမောင်ကိုကပြောပြပါသည်။ ဤတကြိမ်တွင်လိုက်ရမှာစိတ်လေးလ ံလှပါသည်။ကိုမောင်ကို တမူ အလုပ်ဟန်လျှင်ပွမည်ဖြစ်ကြောင်း သွားရည်ကျလောက် အောင်ပြောပြီး မလိုက်၍မဖြစ်ကြောင်းပြောပါသည်။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမည့်အိမ်မှာ ဘော့လုံးကွင်းအ... ...
အိမ်ဖြစ်ပါသည်။

အကြင့်မှာပိုင်းလုံးတယောက်ဖြစ်ပါသည်၊ မကြာခင်ကပင်
အင်္ဂလိပ်စစ်ဗိုလ်တယောက်ကို ဗိုင်းထားပါသည်။ စစ်ဗိုလ်
သည် ညတိုင်းလာသည်၊ တအိမ်လုံးတွင် နှစ်ယောက်ထဲသာ
ရှိသည်။ လက်ထောက်ချသူကမူ ကျွန်တော်တို့နှင့် မလိုက်ဘဲ
တလမ်းခွဲသွားပါသည်။ အလုပ်လုပ်ရာတွင်လည်း စုံမလုပ်ရ
ပါ၊ မ လုပ်မှသာ အောင်မြင်သည်ဟုအယူရှိပါသည်။ ဘော
လုံးကွင်းကိုဖြတ်ကျော်ပြီးနောက် အိမ်၏မြောက်ဘက် ချုံပြ
တွင် မှောင်ခိုနေကြပါသည်။ ထွန်းကြိုင်က ချုံထဲမှာ စော
စောကပင် ဝှက်ထားဟန်တူသော လက်နက်များကို သွားယူ
လာပါသည်။ ဂျပန်ရိုင်ဖယ် ၄ လက်၊ လက်ပစ်ဗုံး ၂ လုံး
ပါပါသည်။ ၁၀နာရီခန့်တွင် လူခြေတိတ်၍ အသွားအလာ
မရှိတော့ပါ။ လမ်းသွား လမ်းလာများကို အကဲခပ်ပြီး
ထွန်းကြိုင်က အချက်ပြလိုက်သောကြောင့် အိမ်ဝင်းအတွင်း
သို့ မှောင်ရိပ်ခိုကာ ဝင်ကြပါသည်။ အိမ်နားသို့ကပ်ပြီး တံ
ခါးကို တွန်းကြည့်ရာ၊ အထဲက ကန့်လန့်ထိုးထားကြောင်း
သိရပါသည်။ ခါတိုင်းဆိုလျှင် တံခါးစေ့ရုံစေ့ထားတတ်ပါ
သည်။

တယောက်က "အကြင် အကြင်"ဟု လှမ်းခေါ်ပါသည်၊
"ဘယ်သူလဲ"ဟု အထဲက ပြန်မေးသံနှင့်အတူ တံခါးနားသို့
ကပ်လာသောခြေသံကို ကြားရပါသည်။ "ဒို့ပါဟဲ့"ဟု ပြော
လိုက်သော်လည်း ရုတ်တရက်တံခါးဖွင့်မပေးပါ၊ ထွန်းကြိုင်
က ပျဉ်ထောင်ကြားသို့ လှံစွပ်ကို ထိုးသွင်းပြီး "ဖွင့်လျှင်ဖွင့်



www.burmeseclassic.com
...နှင့်တိုက်မယ်"ဟုပြောလိုက်သောကြောင့်
ဖွင့်ပေးပါသည်၊

စစ်ဗိုလ်ကလည်း အခန်းတွင်းမှ ပြေးထွက်လာသည်။
မောင်ကိုက သေနတ်နှင့် ချိန်ထားပြီး ထွန်းကြိုင်က ၂ ဦး
လုံးကို ကြိုးနှင့်တုပ်ပါသည်။ စစ်ဗိုလ်မှာ ကျွန်တော်တို့တပ်မှ
အင်္ဂလိပ်စစ်ဗိုလ်ဖြစ်နေပါသည်။ အစက သူမှန်း မသိပါ။
ကျွန်တော် မျက်နှာပါးစပ်နှင့်နှာခေါင်းကိုလက်ကိုင်ပုဝါနှင့်
စည်းထားပြီး ဦးထုပ်ဆောင်းထားသောကြောင့် ကျွန်တော့်
ကို မှတ်မိဟန်မတူပါ။ ကျွန်တော်ကမူ လိပ်ပြာမလုံ၍အမှောင်
ရိပ်ခိုနေပါသည်။ ထွန်းကြိုင်က စစ်ဗိုလ်ကို ကန်ကြောက်၍
ငွေတောင်းရာ အကြင်က ငွေ ၇၀၀၀ိ ထုတ်ပေးပါသည်။
အကြင့်ကိုယ်မှ နားကပ်၊ လက်ကောက်၊ ဆွဲကြိုးများကိုလည်း
ဖြုတ်ယူပါသည်။

"ဟေ့ အကောင်ဘာအချောင်ခိုနေတာလဲကွ၊ ဓါးပြတိုက်
တယ်ဆိုတာ သူ့များပစ္စည်းလိုချင်လို့တိုက်တာ၊ ဘုရားတကာ
စိတ်ပေါက်နေရင် မလိုက်ရဘူးကွ"ဟု ထွန်းကြိုင်က ကျွန်
တော့်ကို အော်ပါသည်။ ကျွန်တော်က ဘာမှပြန်မပြောပါ။
ပစ္စည်းများယူပြီး၍ အထွက်တွင် ဝင်းရှေ့၌ ကားတစီး ရပ်
ထားသည်ကို တွေ့ပါသည်။ လူပါမည်ဖြစ်၍ ခဏစောင့်ကြည့်
နေပါသည်။ လက်နှိပ်ဓါတ်မီးများဟိုထိုးသည်ထိုး လုပ်နေကြ
သောကြောင့် ကင်းလှည့်သောပုလိပ်များဆိုသည်ကို သိလိုက်
ပါသည်။သူတို့ကြိုတင်သတင်းရ၍ လာကြည့်ဟန်တူပါသည်။
ကုလားစစ်သားတယောက်ကအိမ်ထဲသို့ဝင်လာပါသည်။ အိမ်
ထဲတွင်တိတ်နေ၍ ဓားပြတိုက်နေမှန်း သိဟန်မတူပါ၊ တံခါး
ပေါက်အရောက်တွင် မောင်ကိုက ကုလားစစ်သားကိုလှမ်း ရှပ်


www.burmeseclassic.com

www.burmeseclassic.com

နှင့် ထိုးချလိုက်ပါသည်။ "အား"ဟု အော်ပြီး တခါးမှလန့်ကျသွားပါသည်။ "အထဲမှာခါးပြတွေဟေ့"ဟု အော်ရင်း အိမ်ကိုဝိုင်းကာ ပုလိပ်များကနေရာယူကြပါသည်။ အရပ်ထဲတွင်လည်း သံချောင်းသံများ ဆူသွားပါသည်။ ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ပါ။

မောင်ကိုနှင့်ထွန်းကြိုင်ကစစ်မိုလ်နှင့်အကြင်ကို တယောက်စီ ရှေ့ကထားကာ အကာအကွယ်ယူ၍ထွက်ပါသည်။ ကျွန်တော်တို့ ၃ယောက်က နောက်ကလိုက်ပါသည်။ သေနတ်နှင့်တော့မပစ်ကြပါ။စစ်မိုလ်ကလည်းမပစ်ရန်ကုလားလိုတောင်းပန်သောကြောင့် ပုလိပ်များကလည်း မပစ်ဘဲ လမ်းဖွင့်ပေးပါသည်။ဘော့လုံးကွင်း အနောက်တောင်ဘက်သို့ ဖြတ်ခေါ်သွားပြီးရဲများနှင့် လွတ်လောက်ရာတွင် စစ်မိုလ်နှင့်အကြင်ကို လွှတ်ထားခဲ့ပါသည်။

ဝက်ကုန်းရွာထိပ် ဂေါ်ရာသင်းချိုင်းထဲသို့ ကျွန်တော်တို့ဝင်ကြပါသည်။ မောင်ကိုနှင့်ကျွန်တော့်ကို ငွေ၁၀၀ဝိစီပေးပြီး၊ လက်ထောက်ချသူအတွက်နှင့် လက်နက်များ အတွက် ဝေစုအဖြစ်နှင့် ငွေ၅၀၀ဝိနှင့် လက်ဝက် လက်စားများကို သူတို့ကယူကြပါသည်။ ဝေစုများယူ၍ လူစုခွဲကာ အိမ်သို့ပြန်လာကြပါသည်။ ခါးပြတိုက်သံလည်း ကြားသောကြောင့် ကျွန်တော်၏နှမကလေးကရိပ်မိပါသည်၊ အမေကမူ မသိပါ။ မိုးလင်းသောအခါ နှမကလေးကို ငွေ၅၀ဝိပေးပြီး မရှိတာဝယ်ထားရန်နှင့် ကျွန်တော် အုတ်တွင်းသွားဦးမည်ဟု ပြောကာ ထန်းတပင်သူကောင်းမြစ်ရှိ မခင်လှိုင်ထံတောက်လျှောက်သွားပါသည်၊ မခင်လှိုင်နှင့် မတွေ့ရဘဲ သူ့အဖေနှင့်သာ တွေ့ရပါသည်။ မခင်လှိုင် မြတ်စောညီနောင် ဘုရားပွဲသွားရာ



ယခုတိုင်ပြန်မရောက်သေးကြောင်းပြောပြပါသည်။ ငွေ ၅၀ဝိနှင့်အတူ စာတစောင်ရေးပြီး ပေးခဲ့ပါသည်။ ထိုစာတွင် ဝါကျွတ်လျှင် လက်ထပ်မည့်အကြောင်းများ ပါပါသည်။

တောင်ငူသို့အပြန်တွင် မြစ်လယ်ခေါင်၌ ကူးတို့ မှောက်ပါသည်။ ခရီးသွားအချို့ သေသော်လည်း ကျွန်တော်မှာမူ ရေကူးတတ်၍မသေပါ။ မြင်းစုရွာထိပ်မှတက်ခဲ့ပြီး တောင်ငူအထိ ခြေလျင်ဘဲလျှောက်ခဲ့ရပါသည်။ ပါသမျှ အနုတ်များ ရေထဲတွင်ကျခဲ့၍ မြင်းလှည်းခ မပေးနိုင်သောကြောင့်ခြေလျင် ပြန်ရခြင်းဖြစ်ပါသည်။

သန်းခေါင်ကျော်မှ အိမ်သို့ပြန်ရောက်ပါသည်၊ ဆာလှပြီဖြစ်၍ ထမင်းဝင်စားစဉ် ကိုမောင်ကို၏မိန်းမ ငိုနေသံကိုကြား၍ နှမကလေးကို မေးကြည့်ရာ၊ ကိုမောင်ကိုကို ပုလိပ်များဘမ်းသွားကြောင်း သိရပါသည်။ ကျွန်တော့်အားလည်း လွတ်ရာသို့ပြေးရန်နှင့် ကျွန်တော်မရှိလျှင် ခေါ်အုန်းညွန့်တို့နှင့် သွားနေမည့်အကြောင်း၊ အမှုကိစ္စ ရှင်းလင်းမှ ပြန်ခဲ့ဘို့အကြောင်း နှမကလေးကပြောပါသည်။ ပြေး၍လွတ်မည်ဟု ကျွန်တော်မထင်ပါ။ ပြေးလည်းမပြေးတတ်ပါ။ ဘမ်းမိခြင်းထက် သွား၍အဘမ်းခံခြင်းက အပြစ်သက်သာသည်ဟုကြားဘူး၍ ဌာနာသို့သွားပါသည်။ ဌာနာအုပ်အဖွဲ့က ပဌမတော့မဘမ်းပါ၊ ကျွန်တော့်ကိုသိပါသည်။ ကျွန်တော့်နာမည်ကို တော့မသိပါ၊ 'ဘာကိစ္စလဲ'ဟု မေးပါသည်။ ခါးပြမှုနှင့် ကျွန်တော့ကိုအလိုရှိသည်ကြား၍ လာခဲ့ခြင်းဖြစ်ကြောင်းပြောမှ "မင်းနာမည် ဘယ့်နှယ်ခေါ်သလဲ"ဟု မေးပါသည်။

"ထွန်းမြင့်"



www.burmeseclassic.com

www.burmeseclassic.com

"ထွန်းမြင့်ဆိုတာ မင်းလား၊ ဒါဖြင့်လာလာ" ဟုခေါ်ပြီး အချုပ်ခန်းထဲထည့်လိုက်ပါသည်။

အမှုမှာ သဲလွန်စရ၍ ပေါ်ခြင်း မဟုတ်ဘဲ၊ ကြီးရာပါ တယောက် အနေမတတ်၍ ပေါ်လာခြင်းဖြစ်ကြောင်း နောင် တော့သိရပါသည်။ တောင်ငူ အနောက် ကျင်းဆိပ် တောင် ဘက်ကမ်း မြင်းစုရွာသား မောင်သောင်းက အရပ်ထဲအရက် မူးပြီးဆဲရာ ပုလိပ်ကမသက်ာ၍ ရှာဖွေပါသည်။ တိုက်ရာပါ ပစ္စည်းနှင့် လက်နက်ပါထုတ်ပေးပြီး တမှုလုံး သူကဖေါ်ပါ သည်။ မန်ကျည်းပင်စုက ဦးဘိုးချစ်ကိုလည်း ဘမ်းထားပါ သည်။ ပုလိပ်ထွန်းကြည်မှာ ခွင့်ယူ၍ ဆေးရုံတက်နေရာမှ တိတ်တိတ်ဆင်း၍ ဓားပြတိုက်ခြင်းဖြစ်ပါသည်။ ဘမ်းထား ပြီးသော်လည်း ဆေးရုံမှ ဆင်းခွင့်မရသေး၍ အချုပ်သို့ မရောက်သေးပါ။ ဆေးရုံမှာပင် လက်ထိပ်ခတ်ထားပါသည်။

အချုပ်သို့ ရောက်လာသူများ၏ မျက်နှာများတွင် သဖန်း သီးကြီးတွေ ဖြစ်နေပါသည်။ ရိုက်နှက်စစ်၊ ရေလောင်း၊ လက်သည်းခွာစသည်ဖြင့် ဂျပန်စစ် စစ်ထားကြသောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်ကိုလည်း လက်နက်ထုတ်ပေးသည် ဆိုပြီးရိုက်ကြပါသည်။ ကင်ပေတိုင်နှင့်မခြားအမျိုးမျိုးညှဉ်းဆဲ သော်လည်းကျွန်တော်ကမဖေါ်ပါ။ ယခုထိ သေနတ်တလက် တည်းရသေး၍သူတို့မကြေနပ်ပါ။ ရသော တလက်မှာလည်း မောင်သောင်းထံမှဖြစ်၍ ကျွန်တော့်ကို အတင်းဖိညှဉ်းနေပါ သည်။ သေနတ်မပေးနိုင်လျှင် အသေခံရမလို ဖြစ်နေသော ကြောင့် လိုက်ပြပါမည်ဟု ပြောလိုက်ရပါသည်။

ဌာနာအုပ် ဦးဘပု၊ ရာဇဝတ်အုပ် ဦးစောမောင်၊ ပုလိပ် ၂ယောက်နှင့် အရပ်လူကြီး ကုန်သည်လမ်းက ဦးပြားတို့



ပါလိုက်ခဲ့ပါသည်။ ည ၁၁နာရီခွဲခန့်တွင် အိမ်သို့ ရောက်ပါ သည်။ တံခါးဖွင့်ခိုင်းရာ အမေ ထဖွင့် ပေးပါသည်။ အမေ သည် ကျွန်တော့်ကို ဖက်ပြီးငိုပါသည်။ ကျွန်တော်က နမ ကလေးထံမှ သော့တောင်းကာ သေတ္တာကို ဖွင့်ပါသည်။ စစ်မှုထမ်းစဉ်ကရခဲ့သော တံဆိပ်များကို ယူသွားကြပါသည်။ သေတ္တာထဲတွင် အမြတ်တနိုးသိမ်းထားသောလေထီးစစ်သား ဖိလုံးပြူးကိုလည်း သိမ်းကြပါသည်။ အမိုက်အနှက် သက် သာစေရန် ဤသေနတ်ပါဟု ပြောခဲ့ ရသော်လည်း တခါမှ ဤကိစ္စမျိုးတွင် ဤသေနတ်ကို အသုံးမပြုခဲ့ဘူးပါ။

ဂါတ်သို့ ရောက်သောအခါလည်း မသက်သာသေးပါ၊ ဂျပန်ရိုဝ်ဖယ်ပေးရမည်ဆိုပြီး ဆက်ရိုက်ပြန်ရာ နံရိုးတချောင်း နာပြီး အသက်ရှူ၍မရအောင် ဖြစ်သွားပါသည်။ နှာခေါင်း ထဲမှလည်း သွေးများကျနေပါပြီ။ သေနတ်မှာ ကျွန်တော်တို့ သေနတ် မဟုတ်ကြောင်း၊ ပုလိပ် ထွန်းကြိုင် သေနတ်များ ဖြစ်ကြောင်း၊ သေနတ် ဝေစုကို ထွန်းကြိုင်ပင် ယူကြောင်း ဖြောင့်ဆို လိုက်ရပါသည်။ နောက်တနေ့တွင် ထွန်းကြိုင်ကို ဆေးရုံမှ ချလာပါသည်။ အားလုံးဖေါ်ပြီးနေပြီဖြစ်၍ ထွန်း ကြိုင်ကလည်း သေနတ်များ ထုတ်ပေးပါသည်။

ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် ကျွန်တော်တို့ အား လုံးကို ထောင်ကြီးချုပ်သို့ ပို့လိုက်ပါသည်။ ရုံး မထုတ်မီ ၄ ရက်ခန့် အလိုတွင် အကြင်နှင့် သူ့ယောက်ျား စစ်မိုင် ထောင်ထဲ လာကြပါသည်။ တရားခံများကို တန်းစီထားစဉ် လူဆွဲပြရန်ဖြစ်ပါသည်။ ကျွန်တော်တို့ အပါအဝင်အခြား အကျဉ်းသား အချို့ကိုပါ အဝတ်အစား လဲစေပြီး ၂၀ ခန့် တန်းစီ ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စမ အကြိမ်ဝင်လာ၍ လျှောက်ကြည့်ပြီး ကိုမောင်ကို တယောက်ကိုသာ ဆွဲပြ သွားပါသည်။ နောက် စစ်ဗိုလ်ဝင်လာပါသည်။ စစ်ဗိုလ်က ကျွန်တော့်ကို စိုက်ကြည့်နေပြီး "ဟေ့ လူကလေး–ဒီမှာဘာလာလုပ်နေသလဲ" ဟု ကုလားလိုမေးပါသည်။ "ဗိုလ်ကြီးအိမ် တိုက်တဲ့ ဓါးပြမှု အတွက် ကျွန်တော့်ကို မသင်္ကာလို့ ဖမ်းထားတယ်"ဟု ပြောရာ တရားသူကြီး ၂ယောက်ဘက်သို့လှည့်၍ ထိုညက ကျွန်တော့်ကို သူမတွေ့ကြောင်း၊ သူ့တပည့်ဖြစ်ကြောင်း ပြောပါသည်။ ဆက်လက် လျှောက်ကြည့်ပြီး ကိုမောင်ကို ကိုပင် ဆွဲပြ ပါသည်။

စက်ရှင် တရားသူကြီး ဦးသွင်၏ ရုံးတွင် အမှုတင်၍ စစ်ဆေးပါသည်။ အမှု စစ်ဆေးသည့်မှာ ၇ လခန့် ကြာပါသည်။ ၂၀၊၂၊၄၀ ခု နေ့တွင် ကျွန်တော်တို့ ၅ ယောက်လုံးကို ထောင်တသက်တကျွန်းစီ အပြစ်ပေးလိုက်ပါသည်။

ကျွန်တော်တို့၏ အမှုတွဲ ဦးဘိုးချစ် ဆိုသူမှာ ထောင်အကြိမ်ကြိမ် ကျဘူးသူ ဖြစ်ပါသည်။ စစ်မဖြစ်မီ ခေတ်က လူသတ်မှုတမှုဖြင့် အင်ဒမင်ကျွန်းခေါ် တကျွန်းသို့ အပို့ခံရ၍ ကျွန်းတွင်ပင် မိန်းမ ရခဲ့ဘူးသေးကြောင်း၊ ဂျပန်များဝင်မှ ထွက်ပြေး၍ လွတ်မြောက်လာပြီး မန်ကျည်းပင်စုတွင် လာနေကြောင်းလည်း သိရပါသည်။

တောင်ငူ ထောင်သို့ ရောက်သည့်မှစ၍ ဦးလေးချစ်သည် ကျွန်တော့် အား သားအရင်းသဘွယ်စောင့်ရှောက်ပါသည်။ ထောင်တွင်း အခေါ် အဝေါ် အသုံးအစွဲများ၊ အလေ့အကျင့်များ၊ နေထိုင်ရပုံများ စသည်တို့ကို အသေးစိပ်ပြောပြပါသည်။ အထူးသဖြင့် ကျွန်တော်ကဲ့သို့ အသက်ငယ်ငယ်



ရုပ်ချောချောလူငယ်များအဘို့ ထောင်သည်အန္တရာယ်များလှသည့် အကြောင်းများလည်း ပြောပြပါသည်။

မောင်သောင်းမှာ ပျော့တတ်သူ ဖြစ်၍ အပူအပင် မရှိသကဲ့သို့ပင် ဆိုလိုက် ကလိုက်နှင့် နေပါသည်။ သူ မနေတတ် မထိုင်တတ်၊ နှုတ်မစောင့်စည်းမှုကြောင့်ကျွန်တော်တို့အားလုံး အဘမ်းခံကြရခြင်းဖြစ်၍ သူ့ကို အားလုံးက စိတ်နာနေကြပါသည်။ ဦးလေးချစ်ကဆိုလျှင် သူ့ကို လုံးဝ စကားမပြောပါ။ ကိုမောင်ကိုမှာလည်း ဖြစ်သမျှအကြောင်း အကောင်းဟု သဘောထားနိုင်သူ ဖြစ်ပါသည်။ ယခင်ကလည်း လက်နက်မှုနှင့် ထောင်ကျ ဘူးသောကြောင့် မဖြုံလှပါ။ တောင်ငူ ထောင်တွင် သူ့အပေါင်းအသင်း တော်တော်ရှိ၍ ထောင်မှူးများနှင့်ပင် ခင်မင်နေပါသည်။

ထွန်းကြိုင်မှာ ပုလိပ်ဖြစ်နေ၍ ထောင်ကျစကပင် သီးခြားခွဲ၍ တိုက်ထဲတွင် ထားပါသည်။ အကျဉ်းသား များသည် သူတို့ကို နှိပ်စက်ခဲ့သူဟု ဆိုကာ သိသိ မသိသိ၊ ဆိုင်ဆိုင် မဆိုင်ဆိုင် ပုလိပ်ဆိုလျှင် မုန်းကြသည်။ ပုလိပ်များ ထောင်ကျလာလျှင် အကျဉ်းသားများက ဝိုင်းရိုက်၊ "သစ္စာခံနိုင်းမည်" ဆိုပြီးကျင်ကြီးကျင်ငယ် ဖျော်တိုက်တတ်ကြပါသည်။ တချို့မှာ အသက် ဆုံးရှုံးသည်အထိ ခံရပါသည်။ ပုလိပ်မှန်း သိ၍ ထောင်မှူးက ခွဲထားလျှင် သက်သာပါသည်။

အမှုတွဲများအနက် ဦးလေးချစ်နှင့်ကျွန်တော်မှာ အလိုလိုတွဲပြီးသွားပါသည်။ ရှေးက တခါမှ မတွေ့ဘူး၊ မမြင်ဘူးဘဲ တကြိမ်တခါ တွဲဘက် အလုပ်လုပ်မိရာမှရလာသော မိတ်ဆွေတယောက်သည် နောင်တွင် ကျွန်တော့်ကို အသက်နှင့် လဲပြီး စောင့်ရှောက်သွားပါသည်။




www.burmeseclassic.com

www.burmeseclassic.com

၂၉-၂-၄၀ နေ့တွင် ကျွန်တော်နှင့်အတူ အကျဉ်း
၃၅ ယောက်သည် ရန်ကုန်နှင့် အင်းစိန်ထောင်သို့ ပြောင်း
ကြရပါသည်။ မြန်မာပြည်တွင် ၃၂ထောင် ရှိသည့် အ
ရန်ကုန်နှင့် မန္တလေး၊ အင်းစိန်နှင့် သာယာဝတီထောင်
ထောင်ကို ကျွန်းထောင်များအဖြစ် သတ်မှတ်ထားပါသ
တသက်တကျွန်းအပြစ်ရသူများကို တကျွန်းသို့ မပို့ ထော
ထိုထောင်များမှာသာ ထားပါသည်။ ထောင်ကြီးများ
ထောင်ကလေးများတွင် အုပ်ချုပ်ပုံ၊ ရက်စက်ပုံချင်း အ
ပင်ဖြစ်ပါသည်။ ထောင်ကလေးများတွင် ၅နှစ်အောက်အ
ကျအကျဉ်းသားများကိုသာထား၍ ၅နှစ်အထက် အပြစ်
များကို ထောင်ကြီးများသို့ပို့ကြပါသည်။

ထောင်မပြောင်းရမီ တရက် နှစ်ရက်ခန့်ကပင် ကြိုတ
ခြေကြိုးခတ်ထားပါသည်။ အကျဉ်းသားများ ခတ်သော
ကျင်းမှာ ၅ မျိုးရှိပါသည်။

နံပါတ် ၁ ခြေကျင်းမှာ သုံး မတ်လုံးသံချောင်းကို ကွင်းကလေး များပြုလုပ်၍ ဆက်ထားခြင်းဖြစ်ပါ သည်။ ခြေသလုံးဆံ့ရုံ သံကွင်းကြီး ၂ခု၊ တခုစီမှ သံကွင်းကလေး တခု ဆင့်၍ ဆက်ထားပြီး သံချောင်း အ ရှည်တချောင်းစီဖြင့် ဆက်ပါသည်။ ထိပ်တွင် ၂ဘက်စလုံးစုပြီးငွင်းတခု နှင့် ဆက်ပါသည်။ ၎င်းကွင်းမှာ စလွယ်ကြိုး ထည့်ရန်ဖြစ်၍ စလွယ် ကွင်းဟု ခေါ်ပါသည်။ ခြေကျင်း




(၁) ထောင်မပြောင်း ကြွက်ပေါင်ခြေကျင်း




တစုံလုံးတွင် သုံးပိဿာခန့် လေးပါသည်။ ထောင်တထောင် နှင့်တထောင်ပြောင်းသောအကျဉ်းသားများကို ခတ်ပါသည်။

နံပါတ် ၂ ခြေကျင်းမှာ ငါးမူးလုံး နှင့် လုပ်ထားခြင်း ဖြစ်ပါသည်။ သံ ချောင်း မဟုတ်ဘဲ ခဲကွင်းများ ဖြစ်၍ နံပါတ်၁ ကဲ့သို့ အောက်တို မပါဘဲ တဘက် တဘက်စီတွင် ကွင်းကလေး ၇ ခုစီဆက်ထားပါသည်။ ခဲကြိုးခြေ ကျင်းဟု ခေါ်ပြီး ထောင်ပြောင်းရွှေ့ ရာမှာသုံးပါသည်။ အမှုအကြီးအငယ် အလိုက်ခတ်ရန်ဖြစ်သော်လည်း သင့် သလိုခတ်ကြပါသည်။



(၂) ခဲကြိုးခြေကျင်း

နံပတ် ၃ ခြေကျင်းကိုမူ သုံးမူးလုံးနှင့် လုပ်ထားပါသည်။ ခြေသားလုံးကွင်းမှ စလွယ်ကွင်းအထိကွင်းလေးခုနှင့်ဆက်ထား ပါသည်။ ၂ပိဿာ နီးနီး လေး၍ ကြိုး ခြေ ကျင်း ဟု ခေါ်ပါသည်။ ထောင်အပြင်ထွက်၍ တောင်ယာ များ၊ ထောင်အရာထမ်း အမှုထမ်း များအိမ်များတွင် ရေထမ်း၊ မိလ္လာ သိမ်း၊ တံမြက်လှည်း၊ တောင်ယာ လုပ် သူ များ၊ အပြင်ဘုတ် အလုပ် သမားများ ခတ်သော ခြေကျင်းဖြစ် သည်။ အပြင်ဘုတ် အလုပ်သမား



(၃) အပြင်ဘုတ်ခြေကျင်း






www.burmeseclassic.com

www.burmeseclassic.com

များကိုမူ **အမြဲ**တမ်း ခတ်ထားပါသည်။ နေ့နေ့ညညထော
ထဲတွင်လည်းခတ်ထားပါသည်။

နံပတ် ၄ ခြေ**ကျဉ်း**မှာ ခြေသလုံးကွင်းမှ စလွယ်ကွင်းအ
**သံ**ချောင်းတချောင်းစီနှင့်သာဆက်ထားခြင်းဖြစ်ပါသည်။ အ
လေးချိန် ၂ပိဿာခန့်ပင်ရှိ၍ ထောင်ခြေကျင်းဟု ခေါ်ပါသည်။ လူဆိုးထောင်ပြောင်းရွှေ့ရသော အကျဉ်းသားများကို ခတ်ပါသည်။ အပေါ်ကွင်းနှင့် အောက်ကွင်း မဆက်ဘဲ သံချောင်းနှင့် ဆက်သောကြောင့် လမ်းလျှောက်ရာ၊ ထိုင်ရာ၊ အိပ်ရာမှာ အလွန် ဒုက္ခ ရောက်ပါသည်။ ထိုင်သောအခါ အလယ် သံချောင်းကြီး ၂ခုကိုလက်နှင့်ထိန်းပြီး အသာထိုင်ချပြီးမှ သံချောင်း ၂ခုကို ဘေးအသာကလေး ချရပါသည်။ အမှတ်တမဲ့




(၄) လူဆိုးခတ်ထောက်ခြေကျင်း

လွတ်ကျသွားလိုက်လျှင် ခြေသလုံးကို ကလန့်လိုက်သလိုဖြစ်
နာလွန်းသောကြောင့် မျက်ရည်ပေါက်ကြီးများကျရပါသည်

နံပတ် ၅ ခြေကျင်းမှာ အဆိုးဆုံးဖြစ်ပါသည်။ ကန့်လ
ခြေကျင်းဟု ခေါ်ပါသည်။ **အ**လယ်မှ စလွယ်ကွင်းလည်းမ
ခြေတဘက်စီမှ ခြေသလုံးကွင်းကို သံထောက်တိုတခုနှင့် ဆ
ထားသော ကန့်လန့်ကွင်းဖြစ်ပါသည်။ ဤ ၅နံပတ်ခြေ**ကျင်း**
ဆင်တူးခတ်သည်ထက် ဆိုးပါသည်။ လမ်းသွားရာတွင် ခြေ
လှမ်းတိုင်း လှမ်းတိုင်း စကောဒိုင်းလှမ်းရပါသည်။ သို့မဟုတ်



လျှင် မှောက်ခုန်ပစ်လဲပါတော့သည်။ ထိုင်ချင်လျှင်လည်း ခြေ
ကား၍ထိုင်မှ ရပါသည်။ ထောင်အတွင်း ရိုက်မှုဖြစ်သူ**များ**



(၅) ကန့်လန့် ခြေကျင်း

ထောင်ဖေါက်ရန် လုပ်ကြံမှုဖြစ်သူများအား လူဆိုးထောင်သို့ ပြောင်းရွှေ့သောအခါ ဤခြေကျင်းကိုခတ်ပါသည်။ လူဆိုးထောင်မှာ မော်လမြိုင်ထောင်ဖြစ်ပါသည်။

ခြေကျင်းခတ်သည့်နေရာတွင် ဘုတ်ကိုင်ကို လာဘ်ထိုးရပါသည်။ ထိုဘုတ်ကိုင်ဆိုသူမှာ အကျဉ်းသားပင် ဖြစ်ပါသည်။ ထောင်တွင် အနေကြာ၍ ထောင်မှူးများ ထောင်ပိုင်များနှင့် အလွမ်းသင့်, အလိုကျ ဆောင်ရွက်ပေးသူများ ဖြစ်ပါသည်။ ထောင်တွင်းရှိ မိလ္လာ၊ ရေထမ်း၊ တံမြက်လှည်း၊ တောင်ယာလုပ်၊ စပါးကြိတ်စသည့် လုပ်ငန်းများ၌ အကျဉ်းသားအလုပ်သမားများကို ထိန်းရသောသူများဖြစ်ပါသည်။ မိလ္လာအလုပ်သမားများ အုပ်ချုပ်သူကို မိလ္လာဘုတ်ကိုင်ဟု ခေါ်ပါသည်။ ထိုနည်းတူ ရေထမ်းဘုတ်ကိုင်၊ တောင်ယာဘုတ်ကိုင်ဟု အသီးသီးခေါ်ကြပါသည်။ ခြေကျင်းခတ်ရာမှာလည်း ဘုတ်ကိုင်ရှိပါသည်။ လာဘ်မထိုးနိုင်လျှင်အနည်းဆုံးခြေသလုံးကိုတနှင့် ၂ချက်လောက် အထုခံရတတ်ပါသည်။ ခြေသလုံး ဝင်သာရုံ သံကွင်းကိုဟ,ပြီး သွင်းရပါသည်။ ခြေသလုံးဝင်ပြီးမှ သံကွင်းကို ပြန်စေ့၍ ဘေးတဘက်တချက်တွင် ၂လက်မခန့် ထပ်ပြီး ပြားထားသောနေရာတွင် အပေါက် ၂ပေါက်ဖေါက်၊ သံ



www.burmeseclassic.com

www.burmeseclassic.com

တခုနှင့် ထုထား၊ တေထားလိုက်ပါသည်။ အနည်းဆုံး သံညှပ်ကြီးတခု၊ သံပေတုံးတခု၊ တူကြီးတလုံး၊ သံဖြတ်စို့တခုမရှိဘဲ သံဂွင်းကို ဖြတ်၍ တပ်၍မရပါ။

တပ်သည့်အခါမှာ ခြေသလုံးကို ပေတုံးဘေးတွင်မြှောင်၊ သံဂွင်းကို ပေတုံးပေါ်တွင်တင်၊ အပေါက်ထဲ ရိုပစ်ထည့်ပြီး တေပါသည်။ ဖြုတ်ရာမှာလည်း ဤနည်းအတိုင်းပင် ထား၍ ရိုပစ်ကိုသံစို့နှင့် ရိုက်ဖြုတ်ရပါသည်။ ဤသို့သောနေရာတွင် သူတို့ကြေနပ်အောင် လာဘ်မထိုးထားပါလျှင် သံစို့ကို ဘေးလွှဲပေးလိုက်သည်နှင့် သံစို့ခြေသလုံးထဲ ဝင်သွားနိုင်ပါသည်။ ညှိသကြီးကိုလည်းတူနှင့်ထုလိုက်နိုင်ပါသည်။ မတော်တဆ ဖြစ်သွားသည်ဆိုရုံနှင့် အားလုံးကိစ္စပြီးနိုင်သောကြောင့် သူတို့ကို အလွန်ကြောက်ရပါသည်။

အားလုံးခြေကျင်းခတ်ပြီးသောအခါ မိမိတို့နီးစပ်ရာ မိတ်ဆွေသင်္ဂဟများကို လိုက်လံနှုတ်ဆက်ကြပါသည်။ ကျွန်တော်မှာ အမှုတွဲမောင်သောင်းနှင့် ဦးလေးချစ်ကြီးပါ ပြောင်းရာတွင်ပါနေပြီဖြစ်၍ အခြား လိုက်လံ နှုတ်ဆက်စရာ မရှိပါ။ ထိုပြောင်းရမည့်ညတညလုံးလည်းအိပ်မရတော့ပါ။ ထောင်ပြောင်းရမည့်သူတွေအားလုံး တခန်းထဲ စုထားသည့်အတွက် ခြေကျင်းသံ တညံညံကြောင့် အိပ်မရခြင်းကကြောင်းဖြစ်ပါသည်။ အမေနှင့် နှမကလေးတို့အတွက်ငှဲး၊ မခင်လှိုင်ကလေးအတွက်ငှဲး၊ စိတ်မချသည့် တွေးတောချက်များကလည်း မအိပ်နိုင်အောင်ရှိစေပါသည်။ အိပ်သည့်အခါမှာ ခြေကျင်းကို ခြေရင်းတွင်ပုံထားရပါသည်။ တခါတရံ အိပ်မောကျပြီး ရုတ်တရက် တဘက်မှတဘက်သို့ စောင်းလိုက် မိလျှင် သံကြီးကခြေသလုံးကိုရိုက်တတ်ပါသည်။ ဘယ်မျှအအိပ်ကြီးသည့်လူဖြစ်စေ မနိုးမရှိပါ။ တဘက်ဘက်သို့စောင်းလိုက်မိလျှင် နိုးပါတော့သည်။

နောက်တနေ့ ၅ နာရီခန့်တွင် ထောင်ပို့ရမည့် လက်နက်ကိုင်ရဲများရောက်လာပြီး တောင်ငူထောင်မှ ဘူတာသို့ အချုပ်ကားများနှင့် ပို့ပါသည်။ ဘူတာတွင် လက်နက်ကိုင်အစောင့်ဖြယောက်သည် ကျွန်တော်တို့ကိုအလစ်မပေး၊ ကြပ်ကြပ်မတ်မတ်ထားသည်။ ဆွေမျိုးမိဘရှိသူများက သတင်းရပြီး လာရောက်နှုတ်ဆက်ကြပါသည်။ သားငယ်သမီးငယ်များ ပွေ့ချီလျက် မျက်ရည်စက်လက်နှင့် နှုတ်ဆက် မှာကြားနေကြသည်ကို မြင်ရသည်မှာ ရင်နင့်စရာ ကောင်းလှပါသည်။ ဘူတာပတ်ဝန်းကျင်ကိုလည်း ပိုသံ ရှိုက်သံများက လွှမ်းနေပါသည်။

"သားရဲ့ အမေ အတန်တန် ပြောရက်နဲ့ - ဖြစ်ရလေသားရယ်"

"ကျုပ် ဒီကလေးတွေနဲ့ ဘယ်လိုနေရမှာလဲတော့"

"ကောင်းကောင်းနေနော် ဘဘ"

စသည်ဖြင့် ငိုသံ ရှိုက်သံ မှာကြားသံတွေကို ကျွန်တော်ကြားလိုက်ပါ။ ရထားသည် ည ၉ နာရီခန့်မှ တောင်ငူဘူတာသို့ ဆိုက်လာပါသည်။ အချုပ်တွဲပေါ်သို့ ၂၅ယောက်တတွဲတက်ကြရပါသည်။ အစောင့်များကရစ်စောင့်ပြီး ကြည့်နေပါသည်။ ရထားတွဲပေါ် မြတ်သိပ်ထိုင်လိုက်ကြပြီး၍ မကြာမီပင် ရထားထွက်ပါတော့သည်။ အရှိန်မြင်းစွာ ခုတ်မောင်းလာသော မီးရထားတွဲပေါ်မှတလက်လက်တောက်နေသော လမ်းဘေး တဲကလေးများမှ မီးရောင်များ၊ မနီးမဝေး ရွာတလေးများမှထွန်းညှိထားသောမှိတ်တုတ်မှိတ်တုတ်မီးရောင်





www.burmeseclassic.com

www.burmeseclassic.com

ကလေးများကိုတွေ့မြင်ကြရရင်းနှင့် ကျွန်တော်တို့မှာ နေရပ်နှင့် ဝေးလာခဲ့ရပါသည်။

ရထားပေါ်တွင် မှေးပြီး လိုက်လာသော်လည်း အိပ်၍မပျော်၊ အမေနှင့်နှမငယ်၊ မြော်နေမည့် မခင်လှိုင်တို့ကိုသာ သတိရနေမိပါသည်။

နံနက် ၉ နာရီခန့်တွင် ရန်ကုန် ကွမ်းခြံ ဘူတာကြီးသို့ ဆိုက်ရောက်ပါသည်။ ဘူတာကြီးတွင် အချိန် အတော်ကြာ စောင့်နေ ရပါသည်။ အချုပ်ကား မရောက်လာ သေး၍ ရထားတွဲပေါ်မှာပင် နေကြရခြင်း ဖြစ်ပါသည်။ နောက်မှ အချုပ်ကား ရောက်လာပါသည်၊ ကားကို ရထားတွဲနှင့် နီးနိုင်သမျှ နီးအောင် ကားနောက်မြီးကို ထိုးကပ် ပေးပါသည်။ ထို့နောက် ၂ယောက်တတွဲစီ တွဲကာ အချုပ်ကားပေါ်သို့ တက်ကြရပါသည်။

ခရီးသွား အတော်များများသည် ခြေကျင်းသံ တချွမ်ချွမ်ကြောင့် ကျွန်တော်တို့ကို ဝိုင်းအုံ ကြည့်ကြပါသည်။ အားလုံး ကားပေါ်ရောက်၍ အသင့် ဖြစ်သောအခါ အချုပ်ကား ထွက်ပါသည်။ ဟိုချိုး ဒီကွေ့နှင့် မကြာမီပင် ရန်ကုန်ထောင်ကြီး၏ မြင့်မားလှသော အုတ်နံရံကြီးများကို အချုပ်ကား သံစကာပေါက်များမှနေ၍ တွေ့မြင် ရပါသည်။ ဝမ်းနည်းသလိုလို၊ ဝမ်းသာသလိုလိုဖြစ်မိပါသည်။

ကျားခေါင်းရုပ်ကြီးနှင့် တံခါးဝတွင် ကားနောက်မီးထိုးရပ်ပါသည်။ အစောင့်များက အလျင်ဆင်း၍ ကျားခေါင်းအောက်မှ သံဂွင်းကို ခေါက်လိုက်ရာ တံခါးပွင့်လာပြီးနောက် ထောင်ကြပ် တယောက်က ခေါင်းပြူကြည့်ကာ သွင်းခဲ့ရန် လက်ပြပါသည်။ တံခါးမကြီး မဖွင့်ပေးပါ၊ ထောင်မှူးကြီး



ဖြစ်စေ၊ အထက် အရာရှိကြီးများဖြစ်စေ ဝင်ထွက်မှသာ တံခါးမကြီးကို ဖွင့်ပေးပါသည်။ ကျွန်တော်တို့လည်း ၂ယောက် တွဲစီ ဆင်းပြီး မလွယ်ပေါက်မှ ဝင်ရပါသည်။ အားလုံး ဝင်ပြီးသောအခါ အစောင့်များပါ လိုက်ဝင်ကြပါသည်။ အဝင်ဝ အခန်းတွင် လူဝင်လူထွက် မှတ်သော ထောင်ကြပ် စာရေးတဦး ရှိပါသည်။ စာရင်း မှတ်ပြီးမှ ဒုတိယသံစကာတံခါးကို ဖွင့်ပေးပါသည်။ ၂ယောက်စီဝင်၍ ဒုတိယ အခန်း ရောက်သောအခါ "ထိုင်" ဟူသော အသံကြောင့် တဘက်အေးကပ်ကာ ၂ယောက်စီ ထိုင်လိုက်ကြရပါသည်။ ကျွန်တော်တို့လိုက်နာရမည့် ဥပဒေတခုမှာ 'သွား ၂ယောက်၊ လာ ၂ယောက်၊ ထိုင် ၂ယောက်' ဆိုသော စည်းကမ်းပင် ဖြစ်ပါသည်။

"ဟေ့ ကောင်လေး ဗိုလ်ပုလိပ်တွေ ခေါ်လိုက်" အရပ်မြင့်မြင့်နှုတ်ခမ်းမွေးကားကားနှင့် ကုလားကြီးတယောက်က အမိန့် ပေးလိုက်ပါသည်။ အားလုံးက "သခင်ကြီး" ဟု သူ့ကို ခေါ်ကြသောကြောင့် သူ့ကို ထောင်မှူးကြီးမှန်း သိရပါသည်။


အုပ်ထုပ်အပြာ၊အမဲ၊အဖြူဆောင်းထားသောတုတ်ကိုင်အကျဥ်းသားဗိုလ်ပုလိပ်ဆိုသူများဝင်လာကြပါသည်။သူတို့သည် လူသေကိုတွေ့၍စားရန် မာန်ဝင်နေသော မြေခွေးများကဲ့သို့ မျက်လုံးများမှာအရောင်တောက်နေကြပါသည်။ဗိုလ်ပုလိပ်ဆိုသူများမှာ အကျဥ်းသားများပင်ဖြစ်ပါသည်။ဗိုလ်ဆိုသည်မှာလည်း ထောင်ရှေ့ဝိုင်းအဆောက်အဦ ထောင်မှူးကြီးရုံးခန်း တပိုက်ကို ခေါ်ခြင်း ဖြစ်ပါသည်၊ ထောင်မှူးကြီးတ သူ့ရုံးခန်းနှင့်ထောင်တွင်းရှိအခြားအဆောက်များ ရုံးခန်းစသည်

www.burmeseclassic.com

www.burmeseclassic.com

များနှင့်ဆက်သွယ်စေနိုင်းသောအခါ ဗျူးပုလိပ်များကိုသုံး သည်။

ဗျူးပုလိပ်ဖြစ်ရန်မှာ မလွယ်လှပါ။ အကျဉ်းသားကအမျိုး မျိုးရှိပါသည်။ ရိုးရိုးအကျဉ်းသားများကို **O.P. Ordinary Prisoner** 'ကတုံး' ဟု ခေါ်ပါသည်။ တလလျှင် ၂ကြိမ် ကတုံးပြောင်အောင် ရိတ်ရပါသည်။ ခေါင်းအမြဲပြောင်နေ၍ လည်းကတုံးဟုခေါ်ကြခြင်းဖြစ်ပါသည်။ ရိုးရိုးအကျဉ်းသား ဘဝနှင့် မိမိကျခံရသောအပြစ်ဒဏ်၏ ၆ပုံ ၁ပုံ အပြစ်ခံရပြီး သူ၊ ထောင်တွင်းတွင် အပြစ်တစုံတရာမရှိသူ၊ ထောင်မှူးထောင်ပိုင် များ၏ အလိုကျ လုပ်ပေးသူ များ မှ သာ **C.N.W. (Convict NightWatchman)** ရှစ် မှတ် ခေါ် ညဥ့်ကင်းမှူးတာဝန်ကို ရပါသည်။ သူတို့သည်




၈ မှတ်ခေါ် ညဥ့်ကင်းသမား

သံပုရာခွံ ဦးထုပ်ပြာ တခုစီရပါသည်။ ၎င်းဦးထုပ်ဘေးတွင် **C. N. W.** ဟု အမှတ်အသား ရေးထားပါသည်။ ရိုးရိုး အကျဉ်းသားမှာ တလလျှင် ၄ရက်လျှော့ရက်ရ၍ ၈ မှတ်မှာ ၆ ရက်ရပါသည်။ ရှစ်မှတ်ဘဝနှင့်မိမိကျခံရသောအပြစ်ဒဏ် ၆ ပုံ ၁ပုံကို ခံယူပြီးမှ **C.O. (Convict Officer)** ၁ မှတ်ခေါ် ညဥ့်ကင်းမှူးဖြစ်လာရပါသည်။ ဦးထုပ်အမဲရောင် ဆောင်းရပြီး ပိတောက်နှစ် လုံးပတ်ဝလက်မ၊ အရှည် ၂ပေခန့်



ရှိ တုတ်တချောင်း ကိုင်ခွင့်ရှိပါသည်။ ထို ၁၂မှတ် သမားက တလလျှင် ဆုမှတ်ရက် ၇ ရက် ရပါသည်။



၁၂မှတ် ခေါ် ညဥ့်ကင်းမှူး

အမှတ် ၁၂မှတ်ရပြီးသူများထဲမှ လာဘ်ထိုးနိုင်သူများ၊ ထောင်မှူးများနှင့် အကျွမ်းဝင်သူများသာ ဗျူးပုလိပ်ဖြစ်နိုင်ပါသည်။ ဗျူးပုလိပ်ဖြစ်လာလျှင် အလွန် စားသာပါတော့သည်။ ထောင်ဝင်စာလာတွေ့သော လူများက ထောင်တွင်းရှိမိမိတို့နှင့် သက်ဆိုင်ရာ အကျဉ်းသားများအား ပေးသော အစားအသောက်များကို ခေါင်းပုံဖြတ်ခြင်း၊ အကျဉ်းသား လူသစ်များရောက်လာ၍ တလာစီသောအခါ ရှာဖွေတွေ့သမျှ ခွဲယူခြင်း၊ ထောင်တွင်း အလုပ်ချရာတွင် လာဘ်ရခြင်းစသည့် အကျိုးခံစားခွင့်များ သူတို့အတွက် မနည်းလှပါ။

၈မှတ် ရိုးရိုး တယောက်သည် တုတ်မကိုင်ရသော်လည်း ဗျူးပုလိပ်ဖြစ်လျှင် တုတ်ကိုင်ရပါသည်။ ဗျူးပုလိပ်များထဲတွင် ပိတ်ဖြူခေါင်းပေါင်း၊ အပြာရောင်အင်္ကျီနှင့် ဘောင်းဘီဖြူ ဝတ်ထားသော အကျဉ်းသားတယောက် ပါလာပါသည်။ ၈မှတ်၊ ၁၂မှတ်များကိုမူ ထောင်ငှထောင်တွင် တွေ့ခြင်းဘူး



www.burmeseclassic.com

www.burmeseclassic.com

၍ မထူးဆန်းပါ။ အကျဉ်းသားထဲက ငှက်ပျောတော မင်းသားဟန်ပေါက်နေသူကို မြင်ရသောအခါ ထူးဆန်းပါသည်။

ကျွန်တော်ထောင်ထဲ ရောက်စကပင် မသိသည်မှန်သမျှ ဦးလေးချစ်ကိုသာ မေးခဲ့ရပါသည်။ ဦးလေးချစ်ကမူ ထောင်ထုံးစံမှန်သမျှ ဘာမေးမေးမသိသည်မရှိပါ။ အားလုံးလိုလိုသိနေပါသည်။ သို့ဖြစ်၍ ကျွန်တော်က ဦးလေးချစ်ကို ထောင် "အဘိဓါန်"ဟုပင် ခေါ်ပါသည်။

"ဒီမှာ ဦးလေးချစ် ဟိုလူဟာ,ဘာကောင်လဲဗျ"

"ရှုတ် အဲဒါ သံတေဆိုတာလေ"

"တောင်ငူထောင်မှာ မရှိပါလားဟင်"

"အသာတိတ်တိတ်နေ နောက်မှပြောပြမယ်"ဟု ဦးလေးချစ်က လက်ဟန်နှင့် ပြပါသည်။

နှုတ်ခမ်းမွေး ကားကားနှင့် ထောင်မှူးကြီးသည် ကျွန်တော်တို့ကို တယောက်စီ စူးစူးစိုက်စိုက်ကြည့်ပါသည်။ ဗျူးပုလိပ်တုတ်ကိုင်များက သူ့နောက်မှ လိုက်ကြည့်ကြပါသည်၊ ထို့နောက် "အား အရပ်သားတွေဘဲ၊ အားလုံးနှစ်ကြီးသမားတွေကွာ၊ သနားပါတယ်၊ ချုပါတီနဲ့နဲ့စီ ကျွေးလိုက်ပါ" ဟု ပြောသည်။

ဒီထောင်မှူးကြီးက တယ်သဘောကောင်း ပါလားဟု ကျွန်တော်တွေးမိလိုက်ပါသည်၊ အမှန်အားဖြင့်လည်း ကျွန်တော်တို့ ဆာလာကြပါသည်။ သို့ရာတွင် တွေး၍ပင်မဆုံးသေးပါ၊ ဗျူးပုလိပ်များက ကျွန်တော်တို့ကို ဝိုင်းရိုက်ကြပါတော့သည်။ ဒူးနှင့်တိုက်၊ ပါးရိုက်၊ ခြေနှင့်ကန်၊ တုတ်နှင့်ဆောင့်စသည်ဖြင့် နည်းမျိုးစုံရိုက်ကြ ညှဉ်းကြပါသည်။ လမ်းဘေးတွင် မဆလာထောင်းနေကြသော ကုလားမများ၏ ကျည်ပွေ့



ချက်ထက်မြန်ပါသည်။ ကျွန်တော်မှာ ဘယ်ကအသက်ရှူလိုက်ရမှန်းမသိပါ၊ နောက်ကထုတ်နှင့်ထု၍ ရှေ့ထိုးအကျ ရှေ့က မေးစေ့ ပိတ်ကန်လိုက်ပါသည်။ ဘေးသို့ယိုင်သွားရာ ဘေးလူက ဒူးနှင့်တိုက်လိုက်ပါသည်။ လေထဲတွင် လွင့်နေသော မင်းပြားပင်မှာ ကျွန်တော်တို့လောက် အယိမ်းကောင်းမည် မထင်ပါ။

သတိရတချက်မရတချက်ကြားထဲမှ "ဟေ့ ၂ယောက်စီ" ဟု ဗျူးပုလိပ်တယောက်၏ အော်သံကြောင့် ၂ယောက်တွဲ ပုံစံထိုင်လိုက်ရပါသည်။ ပုံစံဆိုသည်မှာ ဆောင့်ကြောင့်ထိုင်၍ လက်၂ဘက်ကို ဒူးပေါ်တင်ပြီး မေးစေ့ကို ထောက်ထားရခြင်း ဖြစ်ပါသည်။ ဗျူးပုလိပ်များသည် ကျွန်တော်တို့ပုခုံးပေါ်တွင် ဆောင့်ကာ ဆောင့်ကာ တံတားလို လျှောက်ပါသည်၊ ကြမ်းတမ်းစွာနင်းမှုကြောင့် ကျွန်တော် ဘေးသို့အနည်းငယ်ယိမ်းယိုင်သွားပါသည်။

ထိုသို့ ယိမ်းယိုင်သွားသည်ကိုပင် "ဟေ့ ဒီကောင် သေကြောင်းကြံတယ်"ဟုအော်ကာ ဘေးမှပုလိပ်များက နံပါတ်တုတ်နှင့်ထုကြပါသည်။ နောက်တဖန် လျှောက်ပြန်ပါသည်၊ နံဘေးကို အထုမခံနိုင်တော့သည်နှင့် တောင့်ထားလိုက်ရပါတော့သည်။ လူ့ဘိနပ်စာ၊ လူ့တံတားအဖြစ် အရှင်လတ်လတ်ရောက်သွားရသည်ကိုကား ကျွန်တော်မမေ့နိုင်ပါ၊ ဘာကြောင့် ဒီလိုလုပ်မှန်းလည်း မသိပါ။ ဦးလေးချစ်ကို မေးရအောင်လည်း ခက်နေပါသည်။

"အဝတ်တွေချွတ်လိုက်"ဟုအမိန့်သံတခုထွက်လာပြန်ပါသည်။ အားလုံးဝတ်တတ်ထ၍ လည်ပင်းမှ လွယ်ထားသော ခြေကျင်းကြီးများ ဖြုတ်ချလိုက်ရာ 'ချလွမ်'ဆိုသော သံကြိုး



www.burmeseclassic.com

www.burmeseclassic.com

သံများသည် ဗူးအတွင်း လွှမ်းသွားပါသည်။ အကိုချွတ်၊ နောက်ပုဆိုးပါ ချွတ်လိုက်ရပါသည်။ အတွင်းခံဘောင်းဘီ ကလေးများပင် ဆရာဝန်ဆေးလက်မှတ်မရဘဲ မဝတ်ကြရပါ။ လူတိုင်း၏ မိမွေးတိုင်း ဘမွေးတိုင်းသဘာဝအလှကို ပြရသလို ဖြစ်နေကြပါသည်။ ချွတ်ထားသော အဝတ်များကို သန်းရှာသလို ရှာကြပါသည်။ ပြီးလျှင် ပုံကျနေသောသံခြေကျင်းများကို ကြည့်ကြပါသည်။ ကံကောင်း၍သာ သံကြိုးတွင် ပတ်ထားသော အဝတ်စအတွင်းမှ ငွေ၂၀ိကို မတွေ့ကြပါ။

"ပါးစပ်ဟ"ဟု အော်သံနှင့်အတူ လည်ပင်းများကို ဖြစ်ကြည့်ပါသည်။ အချို့ထောင်အကြိမ်ကြိမ် ကျဘူးသူများမှာ လည်ပင်းတွင် ခဲနှင့်စား၍ မျောက်များကဲ့သို့ အိတ်လုပ်ထားတတ်ကြပါသည်။ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့ ၂၀ိဘိုးခန့် ထိုအိတ်တွင်ထည့်နိုင်ပါသည်။ လည်ပင်းကိုဖြစ်လိုက်လျှင် အာခေါင်အိတ်ထဲမှ ပိုက်ဆံများထွက်ကျပါသည်။ အတွေ့အကြုံများသော ဗိုလ်ပုလိပ်များဖြစ်၍ ငွေရလိုရငြားရှာကြခြင်းဖြစ်ပါသည်။ ဦးလေးချစ်တွင်လည်းငွေ ၈၀ိခန့်ပါကြောင်း သိပါသည်။ ဘယ်လိုဝှက်လာသည်ကိုတော့ ကျွန်တော်မသိရသေးပါ။ တွေ့သွားပြီလားဟုလည်း ကျွန်တော်စိုးရိမ်မိပါသည်။

အားလုံးရှာဖွေပြီးသွားသောအခါ အဝတ်များ ပြန်ဝတ်ရပါသည်။ ပြီးလျှင်ထောင်မှူးကြီးက အားရပါးရရယ်လိုက်ပါသည်။ "အရပ်သားတွေ ကောင်းသွားပလား၊ မင်းတို့ကျွေးတာနဲ့စား၊ ထားသလိုနေ၊ ခိုင်းတာလုပ်ကြ၊ ဒါမှ မဟုတ်ရင် ချုပ်ါတီကောင်းကောင်းစားရမယ်"ဟု ပြောလိုက်ပါသေးသည်။ ထို့နောက်သူက "ခေါ်သွားတော့"ဟု အမိန့်



ပေးလိုက်မှ ဗိုလ်ပုလိပ်တယောက်က "သွား"ဟု ဆက်ပြီးအော်ကာ အကျဉ်းသားများ၏နံဘေးကို တုတ်နှင့် လိုက်ထုကြပါသည်။

အတွင်းသို့ဝင်ရန်သစ်သားတံခါးကြီးတခုရှိပါသေးသည်။ တံခါးကြီးကိုလည်း ထောင်မှူးကြီးနှင့် အထက်အရာရှိများဝင်,ထွက်မှ ဖွင့်ပေးပါသည်။ တခြားလူများအဘို့ တံခါးရွက်ကြီးတဘက်တွင် မလွယ်ပေါက်တခု ဖေါက်ထားပါသည်။ မလွယ်ပေါက်ကိုငုံ့၍ဝင်စဉ် နောက်မှခြေနှင့်ဆောင့်ဆောင့်ကန်ကြသောကြောင့် ကျွန်တော်တို့လည်း အတွင်းဘက်တွင် အလျားမှောက်ပြီးလဲကြရပါသည်။ ထို့နောက်အတွင်းဘက် တံခါးအရောက်တွင် တန်းစီ၍ ပုံစံထိုင်ကြရပါသေးသည်။ မလှမ်းမကမ်းမှ ဆူးကြိုးတံခါးတခုကို ဖွင့်ပေး၍ အိပ်ဆောင်များရှိရာသို့ ၂ယောက်တတွဲဆက်ပြီးသွားရပါသည်။ လမ်းတလျှောက်လုံးတွင် ဘေး၂ဘက်မှ ဗိုလ်ပုလိပ်များညှပ်၍လိုက်လာကြပါသည်။ သူတို့စိတ်မထင်တိုင်း ထုလိုက် ရိုက်လိုက်၊ ဆဲလိုက်နှင့် လုပ်ကြပါသည်။ ဗူးထဲတွင် ချုပ်ါတီ စားခဲ့ရ၍ နံအောင့်ပြီး လမ်းမလျှောက်နိုင်အောင် ဖြစ်နေရသည့်အထဲ နောက်ထပ် အရိုက်မခံရအောင် အားခဲ၍လျှောက်ရပါသည်။ တချက် တချက် တွင် မူး မူး သွားပါသည်။

ဘေးတဘက်တချက်တွင်ဂပေခန့်မြင့်သောအုတ်ရိုးများရှိပါသည်။ ထိုအုတ်ရိုးများမှာ ထောင်အတွင်းအိပ်ဆောင်တခုနှင့်တခုခြားထားသော အုတ်နံရံများဖြစ်ပါသည်။ တနေရာတွင် တံခါးတခုရှိ၍ ယူနီဖေါင်းဝတ် ထောင်ကြပ်တယောက်ကတစောင့်နေပါသည်။ ကျွန်တော်တို့ရောက်သွားသည်မှာ တန်းပတ်အဆောင်ဖြစ်ပါသည်။ တံခါးရွက်ကို တဘက်သာ ဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

တယောက်ချင်းသွင်းပါသည်။ ထောင်ကြပ်ကတလာစီပါ
သည်။ တလာစီ ဆိုသည်မှာ ထောင်ဥပဒေနှင့်ဆန့်ကျင်
ပစ္စည်းတစုံတရာပါ မပါ တကိုယ်လုံး နေရာလပ်မကျ
အောင် ရှာဖွေ စစ်ဆေးခြင်းဖြစ်ပါသည်။ အတွင်းဘက်
၁၂မှတ်တယောက် စောင့်နေပါသည်။ "ဟေ့ လူသစ်
ကိုင်၊ ဒီမှာ ထောင်ပြောင်းလူသစ် ၁၂ယောက်ဟေ့"
ပြောဆို အပ်သွားပါသည်။ ဗျူးပုလိပ်များကမူ တံခါးဝ
ပြန်သွားကြပါသည်။ လူသစ်ဘုတ်ကိုင်ဆိုသူမှာ အကျဉ်းသ
သစ်များ ရောက်တိုင်း အလုပ်မချထားမီ အုပ်ထိန်းရသေ
၁၂မှတ်တယောက် ဖြစ်ပါသည်။ ထောင်ကျလူသစ်များ
ရင်းမှတ်သားရန်အတွက် ထောင်မှူးအား ကူညီလုပ်ကိုင်
ရသူလည်း ဖြစ်ပါသည်။

လူသစ်ဘုတ်ကိုင်သည် ကျွန်တော်တို့အား မီလ္လာဘက်
ခေါ်သွားပါသည်။ မီလ္လာတိုက်ရန်ခေါ်သွားကြောင်းဦးလေး
ချစ်ပြောထားဘူး၍သိရပါသည်။ မီလ္လာတိုက်သည်ဆိုသည်
ငွေညှစ်ခြင်းဖြစ်ပါသည်။ ပါသမျှထဲမှအချို့ကျလာဘ်ထိုး
ထိုးပါ၊ မထိုးလျှင် အင်တုံတခုတွင် ကျင်ကြီးနှင့် ကျင်င
ရောဖျော်ထားသောယမကာကိုတိုက်ကျွေးပါသည်။ အထို
အလျောက် လာဘ်ထိုးမှ မသောက်ဘဲနေရပါသည်။ တ
လာဘ်မထိုးနိုင်သူများကားသောက်ရပါသည်။ အသဲကော
သူများတော့ မသောက်ကြပါ။ မသောက်သူများကို ပုံ
ပြသည်ဆိုကာ ထိုမီလ္လာဘက်တွင် ရိုက်နှက်ကြပါသည်။

ဦးလေးချစ်က ဘုတ်ကိုင်အနီးကပ်ကာ တစုံတခုကို ပေး
လိုက်ပါသည်။ ဘုတ်ကိုင်က အသာလှမ်းယူ၍ ခါးကြားထိုး
လိုက်ကာ အိပ်ဆောင်ဘက်သို့ ပြန်ခေါ်လာပါသည်။ ဦးလေး



ချစ်၏ အတွေ့အကြုံများမှကြောင့် မီလ္လာယမကာ သောက်ရ
ခြင်းမှ လွတ်ကင်းခဲ့ရပါသည်။

တောင်ငူကလာသူများကို ထောင်၁ခန်းနှင့် ၂ခန်းသို့ခွဲပို့
ပါသည်။ အောက်ထပ်တွင်၄ခန်းရှိ၍ အပေါ်ထပ်တွင် ၄ခန်း
ရှိပါသည်။ အချို့အိပ်ဆောင်များတွင် ၅ခန်းစီရှိပါသည်။
ကျွန်တော့်အမှုတွဲ မောင်သောင်း၊ ဦးလေးချစ်နှင့်ကျွန်တော်
တို့မှာ အောက်၁ခန်းတွင် နေရပါသည်။ လူသစ်ဘုတ်ကိုင်
သည် ကျွန်တော်တို့အား အိပ်ခန်းတန်းစီးထံအပ်ပြီး ထွက်
သွားပါသည်။

'တန်းစီး'ဆိုသူမှာအခန်းတခုကိုအုပ်ချုပ်ရသော ၁၂မှတ်
ညွှန်ကြားမှူးဖြစ်ပါသည်။ အခန်းတွင် သူဘုရင်ဖြစ်ပါသည်။
ကျွန်တော်တို့ ထိုင်မိသောအခါ "မင်းတို့ ပုံစံသိရဲ့လား"ဟု
မေးပါသည်၊ လက်မနှေးသောဦးလေးချစ်'ထောင်အာဘိဓါန်'
ဦးလေးချစ်က အသင့်ဆောင်ထားသော ငွေ ၃၀ ကို ပူဇော်
လိုက်ပါသည်။ ဒီလိုပင် လူသစ်များက အခွန်ဆက်ကြရပါ
သည်။ မဆက်နိုင်သူများအဘို့ ပုံစံပြသည်ဆိုကာ ရိုက်နှက်
ထုထောင်းခြင်း ခံရပါသေးသည်။

"ကိုင်း မင်းတို့သွားတော့"ဟုဆိုကာ ကျွန်တော်တို့ အ
တွက် ခင်းရန် ဂုံနီစုတ်တထည်စီ၊ ခြုံရန် စောင်ကြမ်းတထည်
စီပေးပြီး နေရာကိုလည်း လိုက်၍သတ်မှတ်ပေးပါသည်။ အိပ်
ခန်းတွင် ကိုယ်အိပ်ချင်ရာအိပ်၍ မရပါ။ တခန်းတွင် သတ်မှတ်
ချက် ၂၀ ယောက်သာဖြစ်သော်လည်း ၅၀ခန့်နေရပါသည်။
အိပ်ခန်းကိုပတ်ချာဝိုင်း၍ စီတန်းနေရာယူရပါသည်။ တဘက်
ထောင့်တွင် မီလ္လာများရှိပါသည်။ ကျင်ကြီးစွန့်ရန် အင်တုံ
တလုံး၊ ကျင်ငယ်စွန့်ရန် စဉ့်အိုးတလုံးရှိ၍ နံစော်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံစံမပေးနိုင်သူများမှာမိလ္လာနားတွင်ကပ်၍နေရပါသည်။ နည်းနည်းသာ ပေးနိုင်သူများမှာ မလှမ်းမကမ်းတွင် နေရ၍ များများပေးနိုင်သူများမှာမူ အခန်းတဘက် ခေါင်းရင်းခန်းတွင် နေရာရပါသည်။ ကျွန်တော်တို့ကိုအခန်းအလယ်လောက်တွင် နေရာချပေးပါသည်။ အလျှင်ရောက်နှင့်သော အကျဉ်းသားအချို့သည် ကျွန်တော်တို့နှင့်စကားပြောရန် ကပ်လာကြပါသည်။

"ဟေ့ မအေရိုးတွေဘာဆွေမျိုးစပ်နေကြသလဲ"ဟုတန်းစီးက လှမ်း၍ဆဲလိုက်သောကြောင့်၊ ကိုယ့်နေရာသို့ ကိုယ်ပြန်သွားကြပါသည်။ ကျွန်တော်တို့လည်း မိတ္တူလာကန်အောက်က ဖါးကလေးများကဲ့သို့ မျက်စိကလေးများ ကလယ်လယ်နှင့် ကြည့်နေကြရပါသည်။

ပေးထားသော ဂုံနီကိုဖြန့်ခင်းလိုက်ပြီး စောင်ကြမ်းကို ခေါင်းအုံးလုပ်လိုက်ပါသည်။ ကျွန်တော်က အလယ်တွင် နေရာယူ၍ ဦးလေးချစ်နှင့်မောင်သောင်းက ဘေးတဘက်စီက နေရာယူကြပါသည်။ ဗျူးဝတုန်းက အရိုက်အနှက်ခံခဲ့ရသော ဒဏ်ရာများကအသဲကိုကလိနေကြပါပြီ။ တဘက်မှတဘက်သို့ပင် မလှည့်နိုင်တော့ပါ။ တရေးတမောတော့ အားပါးတရ အိပ်လိုက်ချင်ပါသည်။ သို့သော်လည်း အိပ်ချိန်မဟုတ်ဘဲ အိပ်လျှင် ထောင်းသည် ထုသည်ဆို၍ စင်းနေသော မျက်လုံးများကို အားခဲကာ ဖြဲထားရပါသည်။

အိပ်ချင်ပြေ ဦးလေးချစ်နှင့် စကားပြောရန် စိတ်ကူးရပါသည်။ သို့နှင့် ကျွန်တော်ကပင် တိုးတိုး-

"ဦးလေးချစ် ဗျူးထဲတုန်းက ထောင်မှူးကြီးက ချပါတီကျွေးလိုက်ဆိုတာနဲ့ ဗျူးပုလိပ်တွေကဘာလို့ ရိုက်တာလဲဗျာ"



"ချပါတီဆိုတာ ဂုံကြမ်းနဲ့ လုပ်ပြီး မီးဖုတ်ထားတဲ့ ကုလားမုံ့ဘဲ၊ စားလို့ကောင်းအောင် ရှအောင် ထုရ၊ ရိုက်ရ၊ ပြားရ လုပ်ရတယ်၊ အဲဒါကိုနမူနာယူပြီး ရိုက်တာဘဲကွ"

"မဆိုင်လိုက်တာဗျာ"

"အေး-အဲဒါ ထောင်မှူးကြီးက စကားလှသုံးပြီး ရိုက်ခိုင်းတာဘဲ၊ ချပါတီစားချင်ရင် ပဋ္ဌမလုပ်ရမယ်၊ လုပ်တဲ့အခါ ထုရ ရိုက်ရ ပြားရမယ်၊ မီးဖုတ်ရမယ်၊ ထောင်မှူးကြီးက ချပါတီကျွေးဆိုတော့ ချပါတီမရှိဘူး၊ ရှိအောင်လုပ်မယ်ဆိုပြီး ချပါတီလုပ်နည်းအတိုင်း ဒို့ကိုရိုက်တာဘဲ၊ ဒါတောင်သကြားနည်းနည်းထည့်ပါလို့ မပြောသေးဘူး၊ သကြားနည်းနည်း ထည့်လိုက်ပါဆိုရင် အိပ်ဆောင်ကို အခုလို လမ်းလျှောက်ပြီး မသွားနိုင်ဘူး၊ တုံးလုံးလဲနေလို့ ခြေထောက်ကဆွဲပြီး ဝိုင်းရတယ်"

"ရှိပါစေတော့ဗျာ၊ ကျွန်တော်တို့က ကလန်ကဆန်မလုပ်ဘဲ ဘာလို့ရိုက်ရတာလဲဗျ၊ ရိုးရိုးတလာစီပြီး သွင်းရင်မဖြစ်ဘူးလား"

"ဟေ့ ဘယ်သူတွေလဲ၊ အချစ်နလံထနေကြတာ"ဟု

တန်းစီးက လှမ်းအော်လိုက်ပါသည်။ ခဏတော့ ငြိမ်နေလိုက်ပါသည်။ နောက်မှ လေသံနှင့်ဆက်၍မေးသောကြောင့် ဦးလေးချစ်က သက်ပြင်းချ၍ ပြောပါသည်။

"ဒီလိုကွဲ့၊ ထောင်ထဲဝင်လာတဲ့လူတွေဟာ မြဟ္မစိုရ် တရားလက်ကိုင်ထားတဲ့ သူတော်ကောင်းတွေမဟုတ်ဘူး၊ လောဘ,ဒေါသ,မောဟဆိုတဲ့ တရားတွေလွှမ်းမိုးပြီး အိုးနင်းတိုက်ခိုက်လာကြတဲ့လူတွေ၊ လူတိုင်းမှာ စိတ်နဲ့ မာနနဲ့၊ လူ





www.burmeseclassic.com

www.burmeseclassic.com

ကိုသာချုပ်ချယ်လို့ရတယ်၊ စိတ်ကိုမရဘူး၊ ဒီလိုသာ အသာ တကြည်သွင်းထားလိုက်မယ်ဆိုရင် လူမိုက်အချင်းချင်းဗိုလ်လု နေကြ၊ ရိုက်ပွဲဆင်နေကြတာနဲ့ အုပ်ချုပ်လို့ရမှာမဟုတ်ဘူး အပြင်က စွဲကပ်ပါလာတဲ့ လောဘ၊ ဒေါသစတဲ့ တရားတွေ စိတ်မိုက် စိတ်ယုတ်တွေမကုန်ဘဲ ဒီထဲမှာ ဆက်မိုက်နေကြမယ် ဆိုရင် အုပ်ချုပ်ဘို့ခက်တယ်၊ အပြင်မှာတော့ ခုလို နိုး ဆိုး မိုက်ရင် ဥပဒေအရ တရားစွဲထောင်ချပေါ့၊ ထောင်ထဲရောက် လို့ ထပ်မိုက်ရင် ဘာလုပ်မလဲ၊ အဲ အခုလိုရိုက်နှက် ထု ထောင်းပြီး စိတ်ဓာတ်ကျအောင် လုပ်လိုက်တော့ အုပ်ချုပ်ရ လွယ်မယ်လို့ ထောင်မှူး ထောင်ပိုင်တွေက ယူဆကြတယ် လူမိုက်ကိုအကြမ်းအရမ်းနည်းနဲ့ ဆုံးမမှရမယ်လို့ သူတို့ယူဆ ကြတယ်။ ဒါကြောင့်ထောင်အဝင်မှာ အမိုးသေသွားအောင် ထောင်အကြောင်းသိအောင်ဆိုပြီး ရိုက်နှက်ထုထောင်းလိုက် တာဘဲ”

ဦးလေးချစ်မှာ အတော် မောသွားဟန် တူပါသည်။ သက်ပြင်းတချက်ချလိုက်ပြီး ခေတ္တငြိမ်နေပါသည်။

“မ တထောင်သားတွေ ခုလိုစုဝေးနေတဲ့ နေရာမျိုးမှာ တို့လိုလူမိုက်လူဆိုးတွေမဆိုထားနဲ့၊ လူတော်လူကောင်းဆိုတဲ့ လူတွေကိုဘဲ စုထားကြည့်ရင်လဲ ပြဿနာအမျိုးမျိုးပေါ်အုံး မှာပါဘဲ။ လူဆိုး လူမိုက်တွေဆိုတော့ သာပြီးဆိုးမယ်ဆိုပြီး နှိုင်နင်းအောင်၊ နောင်ကြဉ်အောင်ဆိုတဲ့ သဘောနဲ့ ရိုက်နှက် တာပေါ့လေ၊ ဒါပေမဲ့ ဒီလိုသူတို့မှန်းသလိုမဖြစ်ဘူးကွဲ့၊ ရာဇဝတ်မှုကျူးလွန်ခဲ့ကြတဲ့ အထဲမှာ တခါတရံ လောကဓံ ကြောင့် မှာမရှောင်သာလို့ ဖြစ်ကြတာတွေပါတယ်၊ ဒီလိုဖြစ်ပြီး ထောင် ထဲရောက်တဲ့လူတွေလဲအနန္တဘဲ၊ အိုးခြေအိုးခြေမရှိဘဲ စားမဲ့



သောက်ရမဲ့ ဖြစ်ပြီး ကြံရာမရတော့ကြံမိကြံရာ ကြံစည်မိုက်မှား မိတဲ့ လူတွေလဲပါတာဘဲ။ ဒါပေမဲ့ အဲဒီလိုတခါတရံ ကျူးလွန် လာခဲ့မိသူတွေဟာ အစမှာ စိတ်ထားနူးညံ့ သိမ်မွေ့နိုင်ကြ ပေမဲ့ ကြမ်းတမ်းခက်ထန်ရက်စက်တဲ့ ထောင်ဓလေ့ကြောင့် လူကြမ်း စိတ်ကြမ်းဖြစ်သွားကြတယ်၊ လောကကိုပိုပြီး စိတ်နာ ကြတယ်။ လွတ်ရက်စေ့လို့ ထောင်က ထွက်ရပြန်တော့ အ ရင်ကဆိုရကြုံရတဲ့ ငတ်တလှဲ့ ပြတ်တလှဲ့ ဘဝဆိုးမျိုးပြန်တွေ့ရ တယ်၊ ဘယ်သူကမှလဲ မပေါင်းချင် မသင်းချင်၊ မခိုင်းချင် မစေချင်၊ အလုပ်မပေးချင်ဘူး၊ ဒီတော့ မထူးပါဘူး၊ ထောင် ဆိုတာ ဆန်းတာ မှတ်လို့ဆိုပြီး ဆက်မိုက်တော့တာဘဲ။ ဦးလေးချစ်လဲ ဒီလိုနဲ့ ထောင်အကြိမ်ကြိမ်ကျခဲ့တာ ဒီတခါ တော့ အနှစ် ၂၀ မို့ ဟဲ ဟဲ ဟဲ ထောင်ထဲမှာသေဘို့ဘဲပေါ့” ဟု ပြောပါသည်။

ဦးလေးချစ်၏ ကြေကွဲစရာ ဘဝကို စဉ်းစားမိသောအခါ ကျွန်တော်လည်း စိတ်မကောင်းလှပါ။ ဦးလေးချစ်၏ မျက် လုံးအစုံမှာပြောရင်းပြောရင်း အရောင်တောက်လာပါသည်။ ဖူးဖူးရောင်နေသော မျက်နှာမှ တလိမ့်လိမ့်ကျနေသော ချွေး များကို လက်နှင့်သုတ်ရင်း ဟင်း–ကနဲ သက်ပြင်းကြီးတချက် မှုတ်ထုတ်လိုက်ပါသည်။ ကျွန်တော့ကိုလည်း စူးစူးဝါးဝါး ကြည့်နေပါသည်။ ဘာကြောင့် ဤသို့ကြည့်နေသည်ကိုမူ နား မလည်ပါ။

“ဘာဖြစ်သွားသလဲ ဦးလေးချစ်”ဟု မေးလိုက်ရပါ သည်။


“အော်–ဘာမှတော့မဟုတ်ပါဘူး၊ မင်းအတွက် စိုးလေး မိလို့ပါ၊ မင်းကလဲ ငယ်ငယ်ရွယ်ရွယ် ချော်ချော်လှလှကလေး

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ခက်ပါတယ်ကွာ၊ မင်းအယူသာမြန်မြန်ခံပါ၊ မင်း လွတ်သွားမှာဘဲ ဦးလေးအကြံတခုကို အစသတ်ရမှာဘဲ'' ဟု ပြောပါသည်။ ဦးလေးချစ်ဘာကိုဆိုလိုမှန်း ကျွန်တော်မသိပါ။ သူ့စိတ်မကောင်းပုံ ရ၍ ထိုကိစ္စကို ဆက်မမေးတော့ဘဲ ဗျူးထဲတွင် တွေ့ခဲ့သော 'သံတော' ဆိုသည့် လူထူး လူဆန်း အကြောင်းသာ ဆက်မေးရပါသည်။

''တို့တောင်ငူထောင်မှာက ၅နှစ် သမားလောက်သာ ရှိတာ၊ သံတောဆိုတာက ၇နှစ်အထက် ကျတဲ့ နှစ်ကြီးသမားမှ ရတယ်၊ ထောင်က လွတ်ခါနီးမှ ရတတ်တယ်၊ ထောင်ကလွတ်ခါနီး တနှစ်နှင့် လေးလမတိုင်ခင် ထောင်မင်းကြီးရုံးမှာ လျှောက်ရ သေးတယ်၊ သက်ဆိုင်ရာ သူကြီးနဲ့ ဂတ်ကိုလဲ ထောက် ခံ ချက် တောင်း ရ သေးတယ်၊ နယ်ကလဲထောက်ခံ၊ထောင်ထဲမှာလဲ ကောင်းကောင်း နေမှ ရတယ်။ ယူနီဖေါင်း အဖြူ ၂ စုံ၊ ကွတ်အင်္ကျီ ၂ ထည်၊ ဘောင်းဘီဖြူတို ၂ထည် ရတယ်၊ သူ့ ပါဝါ ကလဲမသေးဘူး၊ ထောင်နဲ့ တမိုင် ပတ်လည်လောက်အထိ ထွက်လည် ခွင့်ရှိတယ်၊ တနေ့ ဆေးပြင်းလိပ် ၂လိပ်လဲရသေးတယ်၊ (အဲဒီအချိန်က အကျဉ်းသားများ ဆေးလိပ်မသောက်ရပါ) ဂမှတ်၊ ၁၂



သံတော



မှတ်တွေထက်ပါဝါကြီးပြီး၊ ထောင်ကြပ်တယောက်လောက် နီးနီးတန်ခိုးကြီးတယ်''

ထိုသို့စကားကောင်းနေကြစဉ်

''ထမင်းဆွဲဟေ့ ''ဟု အပြင်မိန်းဂျေးဘက်မှကျယ်လောင်စွာ အော်ဟစ်သံကြောင့် ကျွန်တော်တို့ ၁ ဆောင်ရှိ အကျဉ်းသား အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကြပြီး အဆောင်အပြင်သို့ အလုအယက်ထွက်နေကြပါသည်။ ဘယ်ကိုသွားလျှင် ဘယ်ကို ရောက်နိုင်မှန်း မသိသေးသော ကျွန်တော်တို့ ၂ ယောက်သည် လက်တွဲလျက် အခြားအကျဉ်းသားများနောက်မှ ကပ်လိုက်သွားကြရပါသည်။

၁-ဆောင်အထွက်တွင် တံခါးစောင့် ထောင်ကြပ်က တယောက်စီ တလာစီ၍ လွှတ်ပါသည်။ အပြင်ဘက် ရောက်သောအခါ မိန်းဂျေးဟု ခေါ်သော အဆောက်အဦတခု ရှိပါသည်။ထောင်၏ဗဟိုတွင် မျှော်စင်သဘွယ် ဆောက်ထား၍ အိပ်ဆောင် အားလုံးက ဦးတိုက်နေပါသည်။ မိန်းဂျေး **Main Jail** (ဗဟိုထောင်)တွင် ထောင်မှူးတယောက် ရုံးထိုင်ပါသည်။ အပေါ်တွင် တထောင်လုံး သောက်သုံးရန်ရေတိုင်ကီများရှိပါသည်။ ထောင်အပြင်ဘက် အဝိစိတွင်းမှ စက်နှင့် ရေစုပ်တင်ပို့ပါသည်။ မိန်းဂျေးပတ်လည်တွင် ဘုတ်ကိုင် ဘာယာများစောင့်နေပြီး မိန်းဂျေး အပေါက်တခုမှ ထောင်မှူးက မတ်တတ်ရပ်နေပါသည်။ စည်းကမ်းမဲ့ သွားလာသူများကို ချက်ခြင်းခေါ်ကာ ထုရိုက်တတ်ပါသည်၊ မိန်းဂျေးကိုပတ်၍ ၂ဆောင်နှင့် ၃ဆောင်ကြား လမ်းကလေးမှ စားဖိုရှိရာသို့ သွားကြရပါသည်၊ ဖိုအနီးတွင် သရက်ပင်တပင်ရှိ၍ ၎င်းသရက်ပင် ရောက်အောင်မသွားရဘဲ ပလွှမ်းလွှမ်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ပုံစံထိုင်ကြရပါသည်။ ထိုအခါက ဤနေရာတွင် အမိုးမရှိပါ။ မိုးရွာလျှင်လည်း ငုတ်တုတ်အစိုခံ ထိုင်ရပါသည်။

ရှေ့ဆုံးမှ ထိုင်နေကြသော အကျဉ်းသား ၁၀ ယောက်ခန့်ကို ပိုင်း၍ ထမင်းဆွဲရန် ထခိုင်းပါသည်။ ၂ပေပတ်လည်ခန့် အင်္ဂတေခုံတခုပေါ်တွင် ညစ်ပတ်ပေရေနေသော သတ္တုပုဂံပြားများကို လူတရပ်ခန့်ထပ်တင်ထားပါသည်။ ဗျပ်ဟု ခေါ်ကြပါသည်။ တချပ်စီယူ၍ ထမင်းထိုးအပေါက်သို့ ကပ်သွားရပါသည်။ ဗိုမှာ ၈ ပေခန့်မြင့်သော အုတ်ရိုးတခုဖြင့် ပိုင်းထား၍ တောင်ဘက်တွင် အဝင် အထွက် တံခါးများ ရှိပါသည်။ မြောက်ဘက်သရက်ပင်အောက်မှာလည်းအပေါက် ၂ ခု ရှိပါသည်။ ပဌမအပေါက်မှ ဗျပ်ကိုထည့်ပေးလိုက်လျှင် ချက်ခြင်းပင် ဒုတိယအပေါက်မှ ထမင်း,ဟင်း,ငါးပိထည့်ပြီးသား ထွက်လာပါသည်။

အထဲတွင် ထမင်းထိုးသမား ၃ယောက်ရှိပါသည်။ ပဌမလူက ထိုးသွင်းပေးလိုက်သော ဗျပ်ကိုယူ၍ ဂေါ်ပြားနှင့် ထမင်းခပ်ထည့်လိုက်သည်။ ဒုတိယလူက ငါးပိ ၅ သားခန့်ကို သံဇွန်းနှင့်ကော်ထည့်ပြီးပေးလိုက်ရာ၊ တတိယလူကယူ၍ နို့ဆီခွက်ကို အရိုးတပ်ထားသောခွက်ဖြင့် ဟင်းတခွက်လောင်းထည့်ကာ ဒုတိယအပေါက်မှ ထုတ်ပေးလိုက်ပါသည်။ ထမင်းဆွဲသော အကျဉ်းသားများကား ၃,၄ရာရှိမည်ထင်ပါသည်။ ဤမျှများသောသူများသည် မိနစ်အနည်းငယ်အတွင်းထမင်းထိုး၍ ပြီးသွားပါသည်။ ထမင်းဗျပ်ကိုယူပြီး တယောက်ထဲ ယောင်ထွက်သွားသူတဦးအား "ဟေ့ ဗိုလ်လား ခြေမှားအုံးကွ" ဟူသောအော်သံနှင့်ကျောပေါ်သို့ တုတ်ကျသံမှာတပြိုင်တည်းပင်ဖြစ်ပါသည်။



ကျွန်တော်ပါသော ၁၀ယောက်တွဲသည်လည်း ရှေ့ကနောင်တော်ကြီးများ လုပ်ရိုးလုပ်စဉ်အတိုင်း ဗျပ်ဆွဲ၍ ပဌမအပေါက်မှ သွင်းလိုက်ပြီး ဒုတိယအပေါက်မှ ယူရပါသည်။ ပြီး၍နောက်မှ ဦးလေးချစ်ကို စောင့်နေခိုက် "ဟာ ချစ်စရာကောင်းလိုက်တဲ့ အပျို့နုဝါလေး"ဟု ရေရွတ်သံကြားလိုက်၍ အုတ်ရိုးပေါ် မော့ကြည့်လိုက်ရာ၊ ဗိုအုတ်ရိုးပေါ်တွင် ကိုယ်တပိုင်းဖော်ကာ ကြည့်နေသော ဗိုခေါင်းချုပ်ကို တွေ့ရပါသည်။ ဗိုခေါင်းချုပ်မှာ ဗိုအလုပ်သမားများကို အုပ်ချုပ်ရသော ၁၂မှတ်အကျဉ်းသားတယောက်ပင်ဖြစ်ပါသည်။

ဘယ်လိုလူစားလဲဆိုတာစမ်းကြည့်ပါလားဟု ကျွန်တော့်စိတ်ထဲတွင် ရေရွတ်မိပါသည်။ ဦးလေးချစ်လည်း သူတို့၏စကားကို ကြားလိုက်ဟန်တူပါသည်၊ မျက်နှာမကောင်းပါ။ အခြား ဗိုပုလိပ်များကလည်း ကျွန်တော့်ကို စားတော့မလောက် ဝါးတော့မလောက်ကြည့်ကြပါသည်။ ကျွန်တော်လည်း ခြေလှမ်းပင်မမှန်တော့ပါ။

ထမင်းဆွဲလမ်းအတိုင်းမှသံတံခါးတခုကိုကျော်၍ ၂ဆောင်ထဲ ဝင်လိုက်ရပါသည်။ ဝင်လျှင်ဝင်ချင်းပင်စေတီကလေးတဆူကို သတိပြုမိပါသည်။ အမြင့်ဉာဏ်တော် ၁၀တောင်ခန့်ရှိ၍ စိမ်းပုပ်ပုပ် ရေညှိပင်များသည် ငှက်ပျောဖူးအထိ တက်နေကြပါသည်။ စိန်ဖူးတော် မရှိသည့်အပြင် ပိန္နဲတိုင်မှာ သံချေးတက်၍ ပြုတ်ကျလုနီးနီး ယိုင်နေပါသည်။ စာသိုက်များဖြင့်ပြည့်နှက်နေသည်ကိုလည်း သတိပြုမိပါသည်။

ထမင်းစားရန်အတွက် ၁ ဆောင်နှင့် ၂ ဆောင်ကြားမှ အုတ်ရိုးမှ ၂ဆောင်ဘက်သို့ လှည့်ကာ သွတ်တချပ်စားအဖ ချထားပါသည်။ ၂ယောက် မျက်နှာချင်းဆိုင် ထိုင်၍စားသာ



www.burmeseclassic.com

www.burmeseclassic.com

ရုံရှိပါသည်။ ကျွန်တော်တို့ ၂ယောက်လည်း တနေရာ
မျက်နှာချင်းဆိုင်ထိုင်၍ စားကြပါသည်။ ထမင်းမှာ လုံး
ထမင်းဖြစ်ပါသည်။ (ဇစိန်ဆန် အညှော့စားကို အခွံကွာ
ဖွပ်ထားသော ဆန်လုံးညိုဖြစ်ပါသည်။) ဟင်းမှာ အသ
စားရဆိုးပါသည်။ ပဲပြုတ်တွင် ဟင်းရွက်မျိုးစုံကို တော
တောက်စင်းထည့်ထားပြီး ဆီဆို၍လည်း နည်းနည်းမှ
ပါ။

ဟင်းချက်စဉ်က ဆီနည်းနည်းပါသော်လည်း ဖိုခေါ
ချုပ်နှင့် ဖိုပုလိပ်များက ချက်နေစဉ် အိုးပေါ် ဝေ့တက်လာ
သော ရေပေါ်ဆီမှုန်သမျှကို ခပ်ယူထားလိုက်သောကြော
ကျွန်တော်တို့လက်ထဲရောက်သည့်အခါ ပဲနှင့် ဟင်းရွက်
ထားသလိုသာရှိနေခြင်းဖြစ် ပါတော့သည်။ရန်ကုန်ထောင်
စံပြထောင်အဖြစ် သတ်မှတ်ပြီးမှသာ အနိုးအဘွက် ခေါင်း
ဖြတ်ခြင်းများ သက်သာသွားပါသည်။ မျှင်ငါးပိ အကြမ်း
မန်ကျည်းသီးအမှည့်နှင့်ဖျော်၍ ဆီပူထိုးပြီး ချက်ထားသော
ဟင်းမှာ အောက်သိုးသိုး ပုပ်အူအူ ရှိလှသဖြင့်မျိုး၍မကျ
တောင်ငုထောင်က အကျင့်ရခဲ့၍သာ မသေရုံစားနိုင်ပါသ

ထမင်းစားပြီးသောအခါ ၂ ဆောင် မြောက်ဘက်ရှိ
ကန်သို့ သွားရပါသည်။ ရေကန်မှာ အနံ ၃ပေ၊ အမြင့်၃
အလျားပေ၃၀ခန့်ရှိပါသည်။ ဘေးပတ်ပတ်လည်တွင်အုတ်
ခင်းထားပါသည်။ ရေကန်ထိပ်တွင် ထမင်းကျန်များသွန်
ပုံးတလုံးနှင့် စားပြီးဖျပ်များထည့်ရန် ရေအပြည့်နှင့်
တလုံးရှိပါသည်။ ဖျပ်များကို ပီပါထဲ ထည့်ပြီးသော်လည်း
ရေမသောက်ရသေးပါ။ ရေသောက်ရန် ရေကန်ဘာယာ
အမိန့်သံကို နာခံရပါသေးသည်။ ရေကန်ဘာယာမှာ



ကန်သန့်ရှင်းအောင် စောင့်ရှောက်ရသူ ဖြစ်ပါသည်။ သူက မပြောင့်တပြောင်ဆေးသော ဖျပ်များကို ရေကန်ဘောင်တွင် တင်ထားလေ့ရှိပါသည်။

တဘက်၁၀ယောက်စီရပ်နေကြရပြီးမှ "ကန်ကပ်" "ဖျပ်ကိုင်" "ခပ်" "ဆေး" "သောက်"ဟု တခွန်းချင်း အမိန့်ပေးပါသည်။ တချက်လွဲသွားလျှင် စားထားသောပုံစံထမင်း အတောင့်လိုက် အန်ထွက်လာအောင် ထုတတ်ပါသည်။ ထမင်းစားသောက်၍ စောစောပြီးသော်လည်း အိပ်ဆောင်သို့ ချက်ခြင်းမပြန်ရသေးပါ။ အားလုံး စားသောက်ပြီးမှ တံခါးဖွင့်ပေးပါသည်။ အကျဉ်းသားများ တိုတစုဒီတစု ထိုင်နေကြပါသည်။ ကျွန်တော်တို့ ၂ယောက်သည် စေတီကလေးနားသို့ ပြန်သွားကြပါသည်။ စေတီပစ္စယံတွင် ဦးခေါင်းမရှိတော့သော မနုဿီဟ အရုပ်တခုနှင့် ဘုရားကျောင်းဆောင်တခုရှိပါသည်။ဆင်းတုတော်မရှိပါ။ ကျောင်းဆောင်နောက်တွင် ၁၂ရာသီပင် ၂ပင် ၃ပင်ခန့် ရှိပါသည်။ ၁၂ရာသီပင် အောက်တွင် အမောအပန်းဖြေရန် ခေတ္တထိုင်လိုက်စဉ် ၁၂မှတ်တယောက် ကျွန်တော်တို့ရှိရာသို့ လာနေပါသည်။ "တို့ဘာများ ကျူးလွန်မိပါလိမ့်" ဟု တွေးရင်း သူ့ကိုအကဲခပ်နေပါသည်။ အသားမဲခြောက်ခြောက်၊ ဂင်တိုတို၊မျက်လုံးမှေးမှေးနှင့်ရေးရေးမျှပေါ်နေသောမုတ်ဆိတ်ရှင်မှာ နံပတ်တုတ်ကိုင်ပြီး ဣန္ဒြေရရပင်လာနေပါသည်။ ဦးလေးချစ်က ကျွန်တော့်ကိုလက်ဆွဲ၍ လှည့်ထွက်မည် အလုပ်တွင်—

"ဟေ့ ခဏနေပါအုံးကွ" ဟု သူကအော်လိုက်ပါသည်။

ဦးလေးချစ်က "ဘာလဲကွ" ဟုပြန်မေးလိုက်ပါသည်။

"ခင်ဗျားတို့ ဘယ်ထောင်ကပြောင်းလာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ကတော့ရန်ကုန်မြို့ထဲကပါဘဲ"
"နယ်ကလားလို့ပါ၊ ဘာမှုနဲ့လဲ"
"လူသတ်မှုနဲ့ မောင်ရင်"
"ဒီကောင်လေးကကော အမှုတွဲလား"
"မဟုတ်ပါဘူး၊ သူကတော့ ပဲခူးကပါ"
"ဘယ်ထောင်က ပြောင်းလာသလဲလို့ သိချင်တာနဲ့ မေးတာပါ၊ ရန်ကုန်ကဆိုတော့ မေးစရာမရှိပါဘူး"ဟု ပြောပြီး ကျွန်တော့်ဘက်လှည့်၍ စကားစပြန်ပါသည်။
"မင်းအသက်ဘယ်လောက်ရှိပြီလဲ"
"၂၀ ပါ"
"မင်းက ငါ့ညီလေးနဲ့ တူလိုက်တာကွာ"
"အော် ဟုတ်လား"
"မင်းက ပဲခူးမြို့ထဲကဘဲလား"
"ဟုတ်ပါတယ်"
"ငါလဲ အရင်ကတော့ ပဲခူးမှာ နေဘူးပါသေးတယ်"
"ဟုတ်ကဲ့"ဟုပြောပြီး ကျွန်တော်တို့ လှည့်ထွက်လာကြပါသည်။ အားလုံးထမင်းစားပြီးသွား၍ ၂ဆောင်တံခါး ဖွင့်ပေးသောကြောင့်သာ စကားလွဲ၍ ထွက်လာနိုင်ခြင်းဖြစ်ပါသည်။ သူမိတ်ဆက်ပုံမှာ ထူးခြားလွန်း၍ ကျောချမ်းသွားပါသည်။

၂ဆောင်မှ အထွက်တွင် ၂ယောက်စီတွဲ၍ ထွက်ရပါသည်။ တံခါးဘာယာခေါ် တံခါးစောင့် ထောင်ကြပ်က တယောက်စီ ဖလာစီပြီးလွှတ်ပါသည်။ မိန်းဂျေးတွင် မိန်းဂျေးပုလိပ်များ စောင့်နေကြပါသည်။ အိပ်ဆောင်သို့ တန်းတန်းမတ်မတ်မပြန်လျှင်၊ သို့မဟုတ် လမ်းတလျှောက်တောင်တောင်



မြောက်မြောက် ကြည့်ရှုနေလျှင် ပုလိပ်များက ပြေးလာပြီး ထုတတ်ပါသည်။ ကျွန်တော်တို့ ၂ယောက်သည် လက်တွဲ မဖြုတ်ဘဲ အိပ်ဆောင်ဝင်းအတွင်းသို့တန်းတန်းပြန်ခဲ့ရာ တံခါးဘာယာက တလာစီပြီး သွင်းလိုက်ပါသည်။

အိပ်ဆောင်ရောက်သောအခါ အခန်းတံခါးများအားလုံး ပိတ်ထားသည်ကို တွေ့ရပါသည်။ အိပ်ဆောင် တဘက်တွင် အစအဆုံး တောက်လျှောက် အဖီ တခုရှိ၍ ၎င်းအဖီထဲတွင်ပင် နေကြရပါသည်။ ဗုံးကြီးပေါ်မှ ၅နာရီသံချောင်းခေါက်လိုက်သောအခါ ဘာယာစောင့်ရမည့် ညဥ့်ကင်းဘာယာများ ရောက်လာကြပါသည်။ ဘာယာစောင့်သည်ဆိုသည်မှာ ညဥ့်ဘက်တွင် အကျဉ်းသားများ ကောင်းကောင်း နေ့မနေ စည်းကမ်းရှိမရှိ စစ်ဆေးစောင့်ကြပ်ရခြင်းဖြစ်ပါသည်။

အားလုံးစုံမှ အဆောင်တံခါးမကြီးကို ဖွင့်ပါသည်။ ရှေ့ဦးစွာတွင် ဘာယာများဝင်၍ အခန်းတိုင်း သံတိုင်များ ကောင်း မကောင်း၊ သောက်ရေ ရှိမရှိ၊ မိလ္လာပစ္စည်းစုံ မစုံ စစ်ဆေးပါသည်။ အကျဉ်းသား အိပ်ရာများ၊ စောင်များ အားလုံးကို ရှာဖွေကြပါသည်။ သံတိုသံစ၊ တုတ်တိုတုတ်စ၊ ခဲကျိုးခဲပဲ့ တခုမကျန်အောင် ရှာဖွေသိမ်းဆည်းပြီးမှ အကျဉ်းသားများကို ဝင်ခွင့်ပြုပါသည်။ ဘာယာများက တံခါးမကြီးမှ စောင့်၍ တဦးချင်း တလာစီသွင်းပါသည်။ ရှေ့ဦးစွာ ဘာယာခန်းသို့ရောက်ပြီး ဘာယာခန်းမှတဆင့် အိပ်ခန်းတွင်းသို့ ဝင်ရပါသည်။ ဘာယာခန်းမှာ အိပ်ခန်း လေးခန်းလုံး၏ ဘေးဘက်မှတောက်လျှောက်သွားကြည့်နိုင်၍ အိပ်ခန်းများနှင့် ၂ပတ်လည်သံသားတိုင်များဖြင့် ခြားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အိပ်ခန်းတွင်းသို့ရောက်သောအခါ တခန်းလုံးမှာ မြင်မကောင်းအောင် ဖြစ်နေပါသည်။ ကိုယ့်ဂိုနီနှင့် စောင်ကြမ်းများကို တော်တော်ရွေးယူရပါသည်။ ပြီးလျှင် နေ့လည်က ပေးထားသောနေရာတွင်ခင်းကြရပါသည်။ ညဥ့်ကင်းဘာယာများ ဝင်လာပြီး "၂ယောက်စီ"ဟုအော်လိုက်သည်နှင့် တပြိုင်နက် အခန်းအလယ်တွင် တဘက်တည်းသို့ မျက်နှာမူလျက် ၂ယောက်တွဲ ပုံစံထိုင်ကြရပါသည်။ မရှေး မနှောင်းပင် တုတ်ကိုင် ထောင်ကြပ်ဝါဒါများ ရောက်လာပါသည်။ အခန်းတိုင်းမှသံတိုင်များကို ထပ်မံခေါက်ကြည့်ကြပါသည်။ ဘာယာခန်း၏တဘက်တွင် အပေါက်ကြီး ၅ပေါက် ရှိပါသည်။ တပေါက်တပေါက်တွင် တလက်မလုံး သံတိုင် ၉ ချောင်းစီရှိ၍ တန်း ၃ဆင့် ကန့်ထားပါသည်။ ထောင်ဖေါက်မှုဖြစ်မည်စိုး၍ သံတိုင်များ၊ အသားတိုင်များကို နေ့စဥ်ခေါက်၍ စစ်ခြင်းဖြစ်ပါသည်။

"ခေါင်းငုံ့"ဟုအော်လိုက်သောအခါအားလုံးလက်များကို ဒူးပေါ်တင် မေးထောက်ပြီးခေါင်းငုံ့ကာငြိမ်နေကြရပါသည်။ အိပ်ခန်းတံခါးပိတ်ရန် ထောင်မှူးတယောက်နှင့် ထောင်ကြပ်ဝါဒါ ၃ယောက်ခန့်လာပါသည်။ ရှေ့မှ ထောင်ကြပ် တယောက်က ဘာယာခန်းမှ တခုတည်းသော တံခါးကို သော့ခတ်လိုက်ပါသည်။ နောက်မှ ထောင်မှူးက ပုံစံထိုင်နေသော အကျဉ်းသားများကို ဘာယာခန်းမှ ရေတွက်သွားပါသည်။ အခန်းဆုံးလျှင် အိပ်ခန်းအတွင်းမှ ညဥ့်ကင်းမှူး ၁၂ မှတ်က ဘာယာစာရင်းကို လှမ်းပေးရပါသည်။ ဘာယာစာရင်းတွင် ရိုးရိုးအကျဉ်းသား ၅၀၊ ဘာယာ ၅ယောက် အားလုံး ၅၅ယောက်ဟု ရေး၍ လက်မှတ်ထိုးပြီး ညဥ့်ကင်းမှူး



[illegible] နောက်တခန်းသို့ ဆက်ကပါသည်။ အခန်းအားလုံးပြီးမှ အိပ်ဆောင်တံခါးမကြီးကိုပိတ်၍ ထွက်သွားပါသည်။ ရေတွက်စာရင်းရေးပြီးသွားသော်လည်း နေရာမှ မထကြရသေးပါ။ မိန်းဂျေးတွင် ထောင်မှူးများက အိပ်ဆောင်တိုင်းမှ ကောက်လာသော အကျဉ်းသား ဦးရေ စာရင်းကို ပေါင်းပါသည်။

ဗျူးဝမှ လူဝင်လူထွက်စာရင်းနှင့် ယခင်နေ့ လက်ကျန်အကျဉ်းသားဦးရေပေါင်းပြီး ရှိထားသော စာရင်းနှစ်ခုကိုက်မှ ထောင်ပိတ်စာရင်းတွင် တာဝန်ခံထောင်မှူးက လက်မှတ်ရေးထိုးပါသည်။ မကိုက်လျှင် တထောင်လုံး လူပြန်စစ်ပါသည်။ ဤသို့ထောင်ပိတ်စာရင်းကိုက်ပြီးမှ မိန်းဂျေးက သံချောင်း ၃ ချက်ခေါက်လိုက်ပါသည်။ သံချောင်းသံနှင့် တပြိုင်တည်း တထောင်လုံးရှိ ညဥ့်ကင်းသမားများ၊ ထောင်ကြပ် များက "ဝါလီဆေး" **All Are Safe** ဟု အော်လိုက်ကြရပါသည်။ ဝါလီဆေးဟု အော်သည်မှာ "အားလုံးကောင်း"ဟု အော်ခြင်းဖြစ်ပါသည်။ ပြီးမှ ကျွန်တော်တို့ ပုံစံထိုင်နေရာမှထ၍ ကိုယ့်နေရာသို့ သွားကြရပါသည်။ တခါတရံ တနာရီကျော်ကျော်ခန့် ပုံစံထိုင်ရတတ်ပါသည်။

တနေ့တာပြီး၍ အမောအပန်းဖြေရန် ဂိုနီစုတ်ကိုခင်းကာ ပက်လက်လှန်လိုက်ပါသည်။ အခန်းထဲ ရောက်ကတည်းက ကျွန်တော့်နေရာမှအပ အခြားဘယ်ကိုမှ လှမ်းမကြည့်မိသေးပါ။ အိပ်ရာတွင် ပက်လက်လှန်၍ နဖူးလက်တင်ကာ ရှေ့တွင်ကြုံတွေ့ရမည့် အန္တရာယ်များ၊ ဒုက္ခများကို တွေးကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏာမျှကြာသော်

"ဟင့်အင် ဟင့်အင် ဟိုဘက်ကဟာပေးမေး"ဟု ကြားလိုက်ပါသည်။

ဘယ်လိုအသံပါလိမ့်ဟု စဉ်းစားရင်းအသံလာရာဘက်သို့ ခေါင်းထောင်ကြည့်လိုက်ပါသည်။ လူသစ်ဘုတ်ကိုင်နှင့် တန်းစီး ၂ယောက်ကြားတွင် အသက် ၂၀ခန့် ရုပ်ရည် သနားစရာကောင်းသော မား လူငယ်တယောက်ကိုတွေ့ရပါသည်။ လူသစ်ဘုတ်ကိုင်၏ လက်တဘက်တွင် စီးကရက်တလိပ်ရှိ၍ တဘက်တွင် စက္ကူဘီဒီတလိပ် ကိုင်ထားပါသည်။ အလယ်လူက ကလေးပေါက်စပြု၍ စက္ကူဘီဒီဆေးလိပ်ကိုမလိုချင်သောကြောင့် စီးကရက်ကိုသာ မရမက တောင်းနေမှန်း သိရပါသည်။

ထိုအခါမှပင် တနေ့လုံးဆေးလိပ်တခါမှ မသောက်ရသေးကြောင်း သတိရမိပါသည်။ သောက်ရဘို့လည်းမလွယ်ကူပါ။ ထိုခေတ်က အကျဉ်းသားရိုးရိုးများ ဆေးလိပ်လုံးဝမသောက်ရပါ။ ဂမှတ် ၁၂မှတ်တို့သာ သောက်ကြရပါသည်။ သူတို့လည်း ဥပဒေအရ သောက်ရခြင်းမဟုတ်ဘဲ ထောင်မှူးထောင်ပိုင်တို့၏ အရေးပေးမှုကို အခွင့်အရေးယူကာသောက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် ဂမှတ် ၁၂မှတ်များထောင်ဝါဒါများသောက်ပြီး ပစ်ထားသောဆေးလိပ်တိုများကို လမ်းသွားရင်း မသိအောင်ကောက်၍သတင်းစာစက္ကူနှင့် ဘီဒီလိပ်၍သောက်ကြသူအလွန်များပါသည်၊ လူအများတက်နင်းထားသော ဆေးလိပ်တိုများကို ကောက်ယူပြီး ပြန်လိပ်သောက်သည်ကို အကြောင်းပြု၍ ရိုးရိုးကတုံးအကျဉ်းသားများကို"နင်းပြား"ဟု ခေါ်ခြင်းဖြစ်ပါသည်။



[illegible]သည် စီးကရက်ကို ၂ပိုင်းပိုင်းကာ ထပိုင်းပေးလိုက်ပါသည်။ တဆက်ထဲပင် "ရှုတ်" ကနဲ မြည်သွားအောင် အားပါးတရ မွှေးမွှေးပေးလိုက်သံကိုပါ ကြားလိုက်ရပါသည်။"အင်း-ဘယ်လိုလောကများရောက်လာရပါလိမ့်" ဟု ကျွန်တော်အောက်မေ့ပါသည်။ ဒီအသက် အရွယ် အထိ ယောကျ်ားချင်း ဤသို့နမ်းသည်ကို တကြိမ်တခါမှ မမြင်ဘူးပါ။ ဤတကြိမ်သာ တွေ့မြင်ဘူး၍ အံ့အားသင့်ကာ ကြည့်နေမိရာတွင် ဦးလေးချစ်က

"ဒီဘက်လှည့် သူတို့ကိုမကြည့်နဲ့၊ မင်းမျက်လုံးအဖေါက်ခံနေရဦးမယ်"ဟု ပြောပါသည်။

"ဘာဖြစ်လို့လဲ ဦးလေးချစ်ရဲ့"

"အဲဒါ အိုးစားနဲ့ နလံထနေကြတာကွ၊ တန်းစီးတို့၊ ဘုတ်ကိုင်တို့ဆိုတဲ့လူတွေဟာ တယောက်တယောက်မှာ အိုးစား ၂ယောက် ၃ယောက်စီရှိကြတယ်။အိုးစားဆိုတာကော မင်းသိရဲ့လား"

"မသိပါဘူး"

"အေး မှတ်ထား၊အိုးစားဆိုတာယောကျ်ားချင်းသံဝါသပြုရအောင်မွေးထားတာကို ခေါ်တယ်၊ ခပ်ရှင်းရှင်းပြောရင်တော့ မိန်းမပေါ့ကွာ"

"ဗျာ"ဟုကျွန်တော် အံ့ဩစွာပြောလိုက်မိပါသည်

"ဒီတန်းစီးတို့၊ ဘုတ်ကိုင်တို့ ဆိုတဲ့လူတွေဟာ အရွယ်ကောင်းကောင်း ရုပ်ရေသနားကမားကလေးတွေ ထောင်ကျလာရင် ပဌမအနုနည်းနဲ့ အိုးစားဖြစ်အောင် ဆက်ဆံကြဆွယ်ကြတယ်၊ အနုနဲ့မရရင် သံချွန်ထောက်ပြီး အကြမ်းဖက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးကျင့်ကြတယ်၊ မင်းအတွက် ဒါတွေ ငါအများကြီး စိုးရိမ်တယ်"

"ကျွန်တော်တော့အသက်သာအသေခံမယ်၊အိုးစားတော့ အဖြစ်မခံပါဘူး"

"အေး အခုတော့ပြောသေးတာပေါ့၊ တော်တော်ကြာမှ 'ဟင့်အင်း ဟိုဘက်ကဟာပေး'ဆိုတာမျိုး ပြောနေရ၊ ကြံနေရအုံးမယ်၊ အစမှာ လူတိုင်းဒီလိုပြောကြပြီး နောက်မှ 'ရှင်' ထူးကြတာဘဲ"

ဦးလေးချစ်က ဤသို့ ပြောလိုက်သောအခါ ကျွန်တော် အများကြီး စိတ်အားငယ်သွားပါသည်။ စကားဆက်မပြောတော့ပါ။ သံခြေကျင်းကလည်း မဖြုတ်ရသေး၍ အိပ်ရသည်မှာ မလွတ်လပ်ပါ၊ ကသိကအောင့်နိုင်လှပါသည်။ စစ်ထဲတွင် တွေ့ခဲ့ကြုံခဲ့ရသည်များ၊ သတ္တိဗျတ္တိနှင့် တိုက်ခဲ့သည်များ၊ ဂျပန်များကိုပင် ဂရုမစိုက်ခဲ့သည့်စိတ်ဓာတ်များသည်၊ ထောင်အတွင်း၌ ယိုင်ချင်သလိုလိုပြိုချင်သလိုလိုရှိလာပါသည်။ ၁အခန်းတွင်လူသစ်အကျဉ်းသားများသာဖြစ်သော်လည်း ကျွန်တော်တို့သုံးဦးမှတပါးရန်ကုန်မှနှစ်ကလေးသမားများချည်း ဖြစ်၍ သူတို့တွင် ခြေကျင်းမရှိကြပါ။ နှစ်ကြီးသမားများကို အလုပ်ချပြီး တနှစ်ခန့်ကြာမှ ခြေကျင်းဖြုတ်သည်ဟု သိရပါသည်။ ခြေကျင်းနှင့် တနှစ်ကြာအောင် နေရမည်ကို တွေးပြီး စိတ်အိုက်လှပါသည်။ တချက်တွင် အမှတ်မထင် တဘက်သို့ လှည့်မိသောကြောင့် ခြေရင်းမှခြေကျင်းမှာ 'ဂလွမ်'ဟု မြည်သွားပါသည်။



"[illegible]သွားလဲဟေ့၊ အငြိမ်မနေတာ" ဟု တန်းစီးက လှမ်းဆဲလိုက်ပါသည်။ "နောက်တခါ ဆိုရင် တုတ်နဲ့ပြောမယ်"ဟုလည်းထပ်ဆင့်လိုက်ပါသေးသည်။

ဦးလေးချစ်က "ဟော့သူတို့နွားစီးနေတာ လန့်သွားလို့ ဒေါကန်နေတယ်၊သတိထားမှပေါ့"ဟုတီးတိုးပြောပါသည်။ တန်းစီးဘာယာများသည် ညဥ့်ဘက်တွင် အိုးစားကလေးနှင့် အချစ်နှလံမထခင် ကျွဲနွား စီးတတ်ကြပါသည်။ သက်ရှိခြေလေးချောင်း ကျွဲ, နွား များကို စီးကြသည် မဟုတ်ပါ။ ထောင်အခေါ် ကျွဲမှာဘိနပ်ဖြစ်၍၊ နွားမှာဆေးခြောက်ဖြစ်ပါသည်။ အချို့ ထောင်ကြပ်များက ပိုက်ဆံ ရသောကြောင့် ဖိတ်တဆိတ်ခိုးသွင်းပေးကြသဖြင့် ဤသို့စီးနိုင်ကြခြင်းဖြစ်ပါသည်။

တန်းစီးနှင့် ဘုတ်ကိုင်တို့ ဘာတွေ လုပ်နေကြ သည်ကို မည်သူမှမကြည့်ရဲကြပါ။ အားလုံး တဘက်ကိုစောင်းအိပ်နေကြပါသည်။ ညဥ့်ကင်းသမားများအခန်းထဲတွင်လျှောက်လျက်ရှိနေသော်လည်း ဘာလုပ်နေသည်ဟု ဂရုမစိုက်ပါ။ တန်းစီးနှင့် ဘုတ်ကိုင်တို့ မကြိုက်လျှင် ညဥ့်ကင်းသမားများ အခန်းပြောင်းကြရပါသည်။ နောက်ဆုံးဦးထုပ်ပြုတ်၍ ကတုံးဘဝသို့ပြန်ကျအောင်ပင်သူတို့အာဏာက စူးရှ တသွားပါသည်။ ထို့ကြောင့်လည်း မျက်စိမှိတ်ပါးစပ်ပိတ်ပြီးဆိတ်ဆိတ်နေကြခြင်း ဖြစ်ပါသည်။

ဘာယာများမှာ တညဥ့်လုံး အချိန် ၄ ချိန်ခွဲ၍ တလှည့်စီစောင့်ရပါသည်။ ၆နာရီမှ ၉နာရီ၊ ၉နာရီမှ ၁၂နာရီ၊ ၁၂နာရီမှ ၃နာရီ၊ ၃နာရီမှ နံနက် ၆နာရီထိ တယောက်စီစောင့်ရပါသည်။ ပျူးကြီးပေါ်မှ ၁၅မိနစ်တချိန် သံချောင်း



www.burmeseclassic.com

www.burmeseclassic.com

ခေါက်ပါသည်၊ ၁၅မိနစ်တွင် သံချောင်းတချက်၊ ၃၀မိနစ်တွင် ၂ ချက်၊ ၄၅ မိနစ်တွင် ၃ ချက်၊ နာရီပြည့်လျှင် နာရီမောင်းထိုးရပါသည်။ ၁မောင်း၊ ၂မောင်း၊ ၃မောင်းစသည်ဖြင့် ခေါ်ပါသည်။ တမောင်းထိုးတိုင်း ဗျူးကြီးပေါ်မှ အာလီဆေး(Are All Safe) ဟုအော်လိုက်လျှင်ဘာယာများက ဝါလီဆေး"အားလုံးကောင်း"ဟု အော်ပါသည်။ အစတွင် ခဏခဏအော်သံများကြောင့် အိပ်မရနိုင်ပါ၊ ကြာတော့ အကျင့်ရလာ၍ အိပ်တတ်သွားပါသည်။

အိပ်ခန်းအလယ်တည့်တည့်ပေါ်တွင် ပိုးစုန်းကြူးသာသာမျှလင်းသော မီးပွင့်တခုရှိပါသည်။ ထိုမီးရောင်ကလေး ဝိုးဝါးအောက်နှင့် "ဝါလီဆေး" ဆိုသော အသံများကြားထဲမှ တဘက်ထောင့်မှ ချစ်ဦး မောင်နှံတို့၏ ကျိစယ်သံက သဲ့သဲ့ သဲ့သဲ့ ထွက်လာပါသေးသည်။

"ဟောဒီဘဝမှာလူဖြစ်ရတာ၊ သေရဘို့ရယ်၊ နေရဘို့ရယ်မှ သွေ့ဒီနှစ်လမ်းပါ။ ပန်းလှပါပေါ့၊ နွမ်းလှပါပေါ့ သေခရီးနှင့်သာ လိုက်ချင်ပါတော့ကွာ" ဟူသော သီချင်းသံတသံကိုလည်း တထောင့်မှ စူးစူးဝါးဝါး ကြားလိုက်ရ ပါသေးသည်။

"ဟော့ အိပ်ချိန်ကွ၊ အိပ်ချိန်"ဟု ညဥ့် ကင်းသမား တယောက်က အော်လိုက်ပါသည်။ ညဥ့် ၉ နာရီ ထိုးပြီးလျှင် သီချင်းဆိုဘို့နေနေသာသာ စကားပင်ကျယ်ကျယ်မပြောရပါ၊ သီချင်း ဆိုသူမှာ ငြိမ်သွားပါသည်။ ဆက်ဆိုလျှင်လည်း သက်သာမည် မဟုတ်ပါ။ ဆက်ဆိုလျှင် ညဥ့်ဘာယာ ၄ ယောက်၊ ကင်းမှူး၊ တန်းစီးနှင့် ဘုတ်ကိုင်တို့၏ပိတောက်နှစ်တုတ်များက "စည်း" လိုက်ကြပါလိမ့်မည်။ နံနက်လင်းလျှင်



ညဥ့်က ဆူသည်ဆိုသော အပြစ်နှင့် တိုက်ပိတ် ကော်စားချခံရပါဦးမည်။ ၉နာရီကျော်လျှင် ဘာယာတန်းစီးများကို ထောင်မှူးထောင်ပိုင်ထက်ပင် ကြောက်ရပါသည်။

"သေးပေါက်"..................."ပေါက်"

အိပ်နေသော အကျဉ်းသားတယောက်သည် ကျင်ငယ်စွန့်လိုလျှင် ပဌမ"သေးပေါက်"ဟု အော်လိုက်ရပါသည်။ ဘာယာက "ပေါက်"ဆိုမှ အိပ်ရာမှထ၍ မိလ္လာသို့ သွားရပါသည်။ အသံမပေးဘဲ ထ,က ထောင်ဖေါက်ရန် ကြံစည်သည်ဟုဆိုကာ ပုံစံပြုကြပါသည်။ ဟိုစောင်းဒီလှည့်နှင့် တညတာလွန်ကာနီးပြီဖြစ်ကြောင်း သံချောင်း ၃ချက်ခေါက်၍ သိရပါသည်။ ဘာယာများအသံကြား၍ နံနက် ၃နာရီ ဖြစ်ကြောင်းလည်း သိရပါသည်။ ကျွန်တော့ဝမ်းထဲမှ ပဲဟင်းနှင့်လုံးတီးများကလည်း နပမ်းလုံးကြပါပြီ။ တနေ့လုံး မသွားဘဲနေရ၍ ယခုတန်နိုးပြုသောကြောင့် မအောင့်အည်းနိုင်တော့ပါ။

"ချီးပေါက်" ဟု အော်လိုက်ရပါသည်။ ဘာယာထံမှ "ပေါက်"ဟူသော ခွန်းတုံ့သံကြားမှ မိလ္လာဘက်သို့ ထ,လာရပါသည်။ ကျင်ကြီးစွန့်ရန် ဂံဖလားခေါ် အင်တုံတခုရှိပါသည်။ ညဥ့်ဦးက အခြားလူများစွန့်ထား၍ ဂံဖလားမှာ စလုပ်တိုက်နေပါသည်။ လျှံမကျရန် သတိထား၍ သွားရပါသည်။ ရှက်လည်းရှက်လှပါသည်။ ကျင်ကြီးသွားစဉ် ကျင်ငယ်မသွားရပါ။ ကြမ်းပေါ်သို့ တစက်ကျလျှင်လည်း ကိုယ်ဝတ်သော ပုဆိုးစနှင့် အသုတ်ခိုင်းပါသည်။ စဥ့်အိုးတွင် ဖေ,၍သွားပြီးမှ ဂံဖလားတွင် ထိုင်ရပါသည်။ ဟာလာဟင်းလင်းဖြစ်၍ တော်တော်ဒုက္ခရောက်ပါသည်။



www.burmeseclassic.com

“ပြီး”ဟု အသံပေးပြီး အိပ်ရာ[illegible] ရောက်” ဟု နောက်တခါအော်ရ၍ “အိပ်”ဟု ဘာယာက အမိန့်ပေးမှ လှဲအိပ်ရပါသည်။

“မင်းမိလ္လာ သွားသလား”

“ဟုတ်တယ်ဦးလေး မအောင့်နိုင်လို့သွားလိုက်ရတယ်”

“ဒါဖြင့် ဒိုင်ရောပြီပေါ့ကွာ၊ မင်းအိပ်ရာထရင် ဂေါ်ဖလား ကို မိလ္လာပို့လိုက်၊ ကြားလား”

“ဟင် သူတို့မိလ္လာသမားတွေရှိသားဘဲဟာ”

“အေး သူတို့ကဂေါ်ဖလားမချဘူး၊ သေးအိုးဘဲသွန်တယ် ဂေါ်ဖလားကို ၃နာရီထိုးပြီးသွားသူမရှိရင် ညဦးသွားသူက ချရတယ်၊ သုံးနာရီထိုးပြီးမှ သွားရင် သွားသူက ချရတယ် အဲဒါကို ဒိုင်ရောတယ်လို့ခေါ်တယ်ကွ၊ မချရင် ရိုက်ပြီးတိုက် ပိတ်တာဘဲ”

“ဒုက္ခပါဘဲ” ဟု ညည်းမိပါသည်။ ပြည့်လျှံနေသော ဂေါ်ဖလားကို လက်နှင့်မြှောက်၍အိပ်ဆောင်အဆုံးရှိမိလ္လာသွန် ရာသို့ ယူသွားရမည်မှာမသက်သာလှပါ။ မိလ္လာကုလားဆိုရင် အလွန်ယုတ်ညံ့ အောက်တန်းကျသူဟု ထင်ခဲ့ရာမှ ယခု ကိုယ်တိုင် မိလ္လာကုလားလုပ်ရမည့်ဘဝနှင့် တိုးနေပါပြီ။

နံနက် ၄နာရီ ၃မောင်းတွင် ထောင်အပြင်ဘက်မှ ခရာ မှုတ်ပါသည်။ ထောင်ထဲတွင် ညဘက်၌ ဝင်ရောက် တာ ဝန်ယူနေကြရသော ထောင်ကြပ်များနှင့် နေ့ဘက် တာဝန်ကျ သောသူတို့ တာဝန်လဲရန် ထောင်ကြပ်များကို စသောအသံ ဖြစ်ပါသည်။ ခရာသံနှင့်အတူ“ထကြ ထကြ”ဟုအကျဉ်းသား များကို နှိုးသော ဘာယာများ၏အသံမှာလည်း ဆူညံသွား ပါသည်။ စောင်၊ ဂုံနီတို့ကိုခေါက်၍ မိမိတို့နေရာတွင်ပုံကာ



အခန်းအလယ်တွင် ၂ယောက်တွဲပုံစံထိုင်ကြရပါသည်၊ ကျင် ငယ်စွန့် လိုသူများ အမြန်စွန့်နိုင်၍ ကျင်ကြီးသွားလိုသူမှာ အောင့်ထားကြရပါသည်။ ၄နာရီ ၃မောင်းထိုးပြီး နံနက် အိပ်ဆောင်ဖွင့်ချိန်အထိ ကျင်ကြီးသွားခွင့်မပေးပါ။

၄နာရီ ၃ မောင်းမှ ၅နာရီ ၃ မောင်းအထိ ပုံစံထိုင် နေကြရပါသည်။ တံခါးမကြီးဖွင့်ကာ အိပ်ဆောင်ဖွင့်ထောင် မှူးနှင့် ထောင်ကြပ်ဘာယာများ လမ်းမှဝင်လာပြီး တခန်းစီ အကျဉ်းသားများကို ရေတွက်ပါသည်။ ရေတွက်ရသော စာ ရင်းများကိုယူ၍ မိန်းဂျေးတွင် လူပေါင်းပါသည်။ ထောင် ပိတ်ချိန်စာရင်းနှင့်ကိုက်မှ ထောင်ဖွင့်စာရင်းတွင် လက်မှတ် ရေးထိုး၍ အချက်ပေး သံချောင်း ၃ချက်ခေါက်ပါသည်။ စာ ရင်းမကိုက်လျှင် ပြန်စစ်ပါသေးသည်။ ပြီးစီးသည်အထိ အ ကျဉ်းသားအားလုံး ပုံစံထိုင်နေကြရပါသည်။ သံချောင်း ခေါက်ပြီးသောအခါ ဘာယာများက အခန်းတံခါးကို ဖွင့် ပေး၍ အခန်းနံပတ်စဉ်အလိုက် ၂ယောက်တတွဲ ထွက်ရပါ သည်။ တချို့မှာ အန္တရာယ်လွယ်ထားရသည်က ဒုက္ခများ လှိုင်း၍ အပြေးထွက်လိုသော်လည်း ထွက်ခွင့်မရပါ။ ဘာ ယာများကစောင့်၍လွှတ်ပါသည်။ အားလုံးရေကန်အနီးတွင် သွား၍ တန်းစီ ထိုင်ကြရပါသည်။ ဘာယာ တယောက်က “မိလ္လာတက်မဲ့လူဟေ့”ဟု အော်လိုက်မှ သွားလိုသူများ မိလ္လာနားသို့ သွားထိုင်ရပါသည်။ အတွဲမရှိသူများမှာ “တ အိမ်လို တအိမ်လို”ဟု အော်ကာ အတွဲရှာရပါသည်။ မရ လျှင် နောက်ဆုံးက ထိုင်ရပါသည်။

မိလ္လာတန်းမှာ ခြောက်တန်းရှိပါသည်။ ၂တန်းစီ မျက် နှာချင်းဆိုင်ထားပြီး၊ တတန်း တတန်းတွင် ၁၀ နှုန်းစီရှိပါ

www.burmeseclassic.com

သည်။ ၅ပေခန့်မြင့်၍ ၃ပေခန့်ကျယ်သော အခန်းကလေး အတွင်း အုတ်ခုံ ၂ခု ရှိပါသည်။ ကြားတွင်မှ ဂ ဖလား တလုံးစီထားပါသည်။မိလ္လာဘုတ်ကိုင်က မိလ္လာခန်းများပေါ် တွင် တုတ်ကိုင်ပြီး ထိုင်စောင့်နေပါသည်။ ကျင်ကြီးမသွားခင် မိလ္လာပတ်ပတ်လည်ရှိ ရေမြောင်းတွင် ကျင်ငယ် အရင်စွန့်ပြီး မှ မိလ္လာခန်းထဲဝင်ရပါသည်။ ကျင်ကြီးသွားနေစဉ် ကျင်ငယ် မသွားရပါ။ ဘာကြောင့်ဒီလိုချုပ်ချယ်ထားသည်ကိုမူမသိပါ။

အိမ်သာအခန်း၆ဝ ရှိသော်လည်း တကြိမ်တွင် ၃ဝမျှသာ သွားရပါသည်။ အိပ်ဆောင်တခုတွင်အကျဉ်းသား၄ဝဝခန့် သည့်အနက် ၃ဝဝခန့်မှာ မိလ္လာသွားလိုသူများ ဖြစ်ကြသော် လည်း တကြိမ်မှာ ၃ဝသာသွားရသောကြောင့် အချိန်တော် တော်ကြာ စောင့်ရပါသည်။ တယောက်ပြီးစီးမှ တယောက် ဝင်ရပါသည်။ မိလ္လာသွားစဉ် တုတ်, စက္ကူ မသုံးရပါ။ ပြီး လျှင် ကွတ ကွတနှင့် ထလာရပြီး ရေကန်မှ စီးလာသော အင်္ဂတေ မြောင်းတခုတွင်ရေဆေးရပါသည်။ ပြီးလျှင် စော စောက ရေကန်နားတွင် ထိုင်နေကြသော အကျဉ်းသားများ အနီးတွင်သွားထိုင်ရပါသည်။ အားလုံးမိလ္လာကိစ္စပြီးစီးသော အခါ ဂ ဖလားချရန် တာဝန်ကျသူများသည် ဂ ဖလားကို မ,ယူပြီး “ဘေးကို ဘေးကို”ဟု အော်ကာ မိလ္လာနေရာအနီး ကျင်းကြီးများတွင် ထည့်ရန်ထားသော ပေပါပုံးကြီး ရှိရာ သို့ယူသွားရပါသည်။ အားလုံးပုံးကြီးထဲတွင်သွန်ရပါသည်။ ဂ ဖလားကို ရေမြောင်းတွင် ဆေးကာ မြောင်းဘေးမှာပင် စောင်းမှောက်ထားလိုက်ရပါသည်။ ကျွန်တော်လည်း တာ ဝန်ကျ၍ ဂ ဖလားကို အများနည်းတူ သုတ်သင် ပြီးလျှင် ဦးလေးချစ်အနားသို့သွားရာ–



[illegible] နားကပ်ရသလား”ဟု ဘာယာက လှမ်း ဆဲလိုက်ပါသည်။ကျွန်တော်မှာဂ ဖလားချနေရသောကြောင့် ဦးလေးချစ်သည် ၂ယောက်တွဲဖြစ်ရန် အခြားလူတယောက် နှင့် တွဲထိုင်နေပါသည်။ ကျွန်တော်က သူတို့ ၂ယောက်တွဲ ထိုင်နေရာသို့ သွားမိသောကြောင့် အဆဲခံရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခြေလှမ်းကိုရပ်ကာ အတွဲပဲ့ လူတယောက်နှင့် သွားထိုင်လိုက်ရပါသည်။

ရေကန်နခမ်း၏ တဘက်တချက်တွင် ဗျပ် ၁ဝ ချပ်စီ တင် ထားပါသည်။ “ကန်ကပ်၊ ဗျပ်ကိုင်၊ ခပ်၊ လှဲ့၊ သစ်၊ ဗျပ်ပြန်ချ” ရေကန်ပေါ်တွင်ရပ်နေသော ဘာယာကအမိန့်ပေးမှုတဘက် ၁ဝယောက်စီ ရေကန်အနားသို့ကပ်သွားရပြီးအမိန့်ပေးချက် နှင့်အတူကိုက်ညီအောင်လုပ်ရပါသည်။ အမိန့်ပေးသူက မျက် နှာသစ်ပြီးသည်, မပြီးသည်ကိုမကြည့်ပါ။ မျက်နှာသစ်သူက သာ အမိန့်ပေးချိန်အတွင်း ပြီးအောင်လုပ်ရပါသည်။ ဤသို့ တဆိုင်းပြီးတဆိုင်း မျက်နှာသစ်ပြီးလျှင် အဆောင်ဘေးရှိ အဖီထဲသို့ ထုံးစံအတိုင်း ၂ယောက်တတွဲ သွားရပါသည်။ အဖီထဲရောက်မှပင် ကြိုက်သလိုနေခွင့်ရပါသည်။

အငွေ့ထောင်းထောင်းနှင့် ရှိနေသော ဆန်ပြုတ်များကို ပီပါတခုတွင်ထည့်၍ တံခါးဝတွင် ချထားပါသည်။ အလုပ် ဆင်းရမည့် အကျဉ်းသားများသည် မိမိတို့ ရ,ထားသောပုံစံ ခွက်(သွတ်ခွက်) ကလေးများနှင့် တယောက်စီ တန်းစီ၍ ကပ် သွားရပါသည်။ ဘာယာလုပ်သူက နို့ဆီခွက်လို ခွက်တခုနှင့် ခပ်ထည့်ပေးသည်ကို ခံယူပြီး တနေရာရာတွင် သွားသောက်ရ ပါသည်။ ဆန်ပြုတ်ကို “ဂ ဆီ”ဟု ခေါ်ကြပါသည်၊ လုံးဆီး ဆန်ကို ပြုတ်ပြီး ဆားခတ်ထားခြင်းဖြစ်ပါသည်။ အလုပ်ဆင်း



www.burmeseclassic.com

www.burmeseclassic.com

ရမည့် သူများသာ သောက် ရသောကြောင့် ... တောင်ငူ ထောင်မှ ပြောင်းလာသော လူသစ် ၃၀ ခန့်နှင့် ရန်ကုန်မှထောင်ကျလူသစ် ၆၀ခန့်မှာ မသောက်ကြရပါ။

၆နာရီ ၃မောင်းထိုးလျှင် မိန်းဂျေးမှ အလုပ်ဆင်း ခရာ မှုတ်ပါတော့သည်။ ဆန်ပြုတ်သောက်၍ပြီးပြီး မပြီးပြီး သက်ဆိုင်ရာလူများသည် လုပ်ငန်းဆိုင်ရာ ဘုတ်ကိုင်ရှေ့တွင်တန်းစီ ထိုင်ရပါတော့သည်။

တောင်ယာဘုတ်၊မိဿာဘုတ်၊ရေထမ်းဘုတ်၊တံမြက်လှည်း ဘုတ်၊ဆန်ရုံဘုတ်၊ လက်သမား ဘုတ်၊ ကြိမ်ရုံဘုတ်၊ ပန်းဘဲ ဘုတ်၊ ဆပ်ပြာချက်ဘုတ် စသည်ဖြင့် လုပ်ငန်းအရ ဘုတ်များ ခွဲ၍ထားပါသည်၊ တဘုတ်တွင် ၄ယောက်မှ၁၀ယောက်အထိ ရှိရာတွင် ထိန်းသိမ်းအုပ်ချုပ်ရန်အတွက် ဂမှတ် အကျဉ်းသား တယောက်ကို ဘုတ်ကိုင်အဖြစ်ခန့်ထားပါသည်။ ဘုတ်ကိုင်မှာ (**Book Keeper**)ဖြစ်၍ အလုပ်သမားစာရင်းများရေးထားသော စာရင်းတခုကို ကိုင်ရပါသည်။ နံနက်တိုင်းစာရင်းအရ လိုက်စစ်၍နေမကောင်းသူရှိကဆေးရုံပို့ပေးခြင်း၊နေကောင်းသူများကိုသက်ဆိုင်ရာအလုပ်စခန်းအရောက် ပို့ပေးခြင်းများ လုပ်ရပါသည်၊ အဆောင်တံခါး ဖွင့်ပေးသည်နှင့်ဘုတ်ကိုင်က ရှေ့က၊ဘုတ်သားများကနောက်မှလိုက်ရပါသည်။၂ယောက်စီထွက်ရပြီး တံခါးစောင့် ဝါဒါက တလှည့်စီ လွှတ်ပါသည်။ အလုပ်သမားများအားလုံး ကုန်သောအခါ အဆောင်တံခါးကို ပိတ်လိုက်ပါသည်။ အဝင်အထွက်မရှိရတော့ပါ။ ထိုအခါမှပင် အေးအေးဆေးဆေးနေခွင့်ရပါတော့သည်။မိဿာဘက် အဖ ွဲ့ ခွန်းတွင် ကျွန်တော်တို့ တောင်ငူမှလာသူများ ဟိုတစု ဒီတစုထိုင်နေကြပါသည်။ရန်ကုန်ထောင်ကျလူသစ်များလည်း



...နည်းအတူ ဖြစ်ပါသည်။ ၉ နာရီ ၁၀ နာရီ အချိန်တွင် လူသစ်ပြရမည်ဟုသိရပါသည်။

"ဟေ့ လူသစ်တွေ"ဟု အော်ခေါ် လိုက်သံကြောင့် အဆောင်တံခါးဝသို့ စုသွားကြရပါသည်။ လူသစ်ဘုတ်ကိုင်သည် စာအုပ်ကြီးတခုကိုကိုင်ကာ ဝင်လာပါသည်။ ထောင်မှူးထံအစစ်ခံရမည့် အကြောင်းအရာများကို ပြောပြ၍အစစ်ခံပုံခံနည်းကိုပါ သင်ပြပါသည်။ ပြီးလျှင်သူ့နောက်မှလိုက်၍ မိန်းဂျေးထဲသို့ ဝင်သွားရပါသည်။ မိန်းဂျေးအတွင်းဘက် အနေရာတွင် စားပွဲတလုံး၊ ဘီရိုတလုံးနှင့် လူသစ်ထောင်မှူး၊ မိန်းဂျေး ထောင်မှူး ထိုင်နေပါသည်။ ကျွန်တော်တို့က အဘက်တွင် ၂ယောက်တွဲ ထိုင်နေရပါသည်။

"ဟေ့ ဟိုကောင်လာခဲ့"

လူသစ်ဘုတ်ကိုင်က ရှေ့ဆုံးမှထိုင်နေသောကျွန်တော့်ကို ခေါ်ပါသည်။ အင်္ကျီချွတ်ပြီး ထောင်မှူးရှေ့တွင် ခြေစုံရပ်၍ လက်ပိုက်၍ နေရပါသည်။ လူသစ်ဘုတ်ကိုင်က မေးသမျှကို ဆိုင်းမတွ ဖြေရပါသည်။

"အမည်"

"ထွန်းမြင့်"

"အသက်"

"၂၀"

"အဖေနာမည်"

"ဦးချစ်ဖေ"

"အမေနာမည်"

"ဒေါ်ရွှေတင်"

"အလုပ်အကိုင်"



www.burmeseclassic.com

"ကုလီ"

"အိမ်ထောင်ရှိမရှိ"

"မရှိပါ"

"ဘာမှု"

"ခါးပြမှု"

"စစ်ဆေးသောရုံး"

"ထောင်ဌမြို့ စက်ရှင်တရားသူကြီး"

"အပြစ်ဒဏ်"

"တသက်တကျွန်း"

"အမှတ်အသား"

"ခေါင်းမှာအမာရွတ်"ဟု ပြော၍ ခေါင်းမှအမာရွတ်ကို ပြရပါသည်။

"အယူခံဝင်အုံးမလား"

"ဝင်ပါဦးမယ်"

"သွားတော့"ဟုနောက်ဆုံးအမိန့်ပေးလိုက်မှကျွန်တော် နေရာ ကျွန်တော်ပြန်ထိုင်ရပါသည်။ မေးသမျှကို သွက်သွက် လက်လက်မဖြေနိုင်လျှင် ထောင်မှူးဘာယာက နောက်မှနေ၍ တုတ်နှင့် ထိုးတတ်ပါသည်။ တယောက်စီစစ်ဆေး၍ ပြီးသော အခါ အိပ်ဆောင်သို့ ပြန်ရပါသည်။

"ကောင်းကောင်းထိုင်ထား"ဟုရှေ့မှဘာယာတယောက် အော်သံကိုကြားရပါသည်။လမ်းသွားစဉ်၌သို့အော်သံကြား က ရောက်နေသည့်နေရာတွင်ချက်ခြင်းရပ်ပြီး လမ်းဘေးအုတ် ရိုးကို ကျောပေးကာ ပုံစံထိုင်ရပါသည်။ လမ်းသွားနေစဉ် ထောင်မှူး ထောင်ပိုင် တယောက်ယောက် ဝင်လာခိုက်နှင့် ကြုံလျှင် လမ်းဘေးတွင် ဤသို့ ပုံစံထိုင်ရပါသည်။ အချိန်မှာ



၁၀ နာရီခွဲဖြစ်၍ ထောင်ပိုင်ကြီးထောင်ထဲသို့"ရောင်းလှည့်" လာကြောင်း သိရပါသည်။ ရောင်းလှည့်သည် ဆိုသည်မှာ **(Round)** ကိုအစွဲပြု၍ခေါ်ခြင်းဖြစ်ပြီး ထောင်တွင်း၌လိုက်လံ ကြည့်ခြင်းကိုဆိုလိုသည်။

ရှေ့ဆုံးမှ တုတ်ထမ်းထားသော ၁၂မှတ် ဘာယာ ၂ယောက်၊ ဘေးတဘက်တချက်မှ ထောင်မှူးကြီးနှင့် ထောင် ပိုင်ကလေး၊ အလယ်မှ ထောင်ပိုင်ကြီးဖြစ်ပါသည်။ နောက်မှ ထောင်မှူးလေး ၂ယောက်၊ ဌေ့နီ၊ သံတော၊ ဖထောင်ပိုင်နှင့် ဝါဒါများ၊ တုတ်ကိုင်ဘာယာများလည်း ပါကြပါသည်။

ဌေ့နီမှာထောင်ကြပ်ချုပ်ဟက်ဝါဒါ **(Head Warder)** ဖြစ်ပါသည်။ဌေ့နီမှာ ကုလားအခေါ်ဟုဆိုပါသည်။ ကာကီ ယူနီဖေါင်းဝတ်ပြီး စလွယ်နီ လွယ်ထားရပါသည်။ ခြောက် ထောင်ပိုင်ဆိုသူမှာ အကျဉ်းသား ၁၂မှတ်ရပင်ဖြစ်ပါသည်။ ထောင်သက်ကြာ၍ အိပ်ဆောင်များ အားလုံး၏ လုံခြုံမှုကို တစိတ်တဒေသတာဝန်ယူရသူဖြစ်ပါသည်။သံတောနီးနီးပါဝါ ရှိပါသည်။ အကျဉ်းသားများအားသူတို့သဘောနှင့်တိုက်ပိတ် နိုင်ပါသည်။ကျွန်တော်တို့မှာမော်ကြည့်ခွင့်မရှိပါ၊ ခြေထောက် များကိုသာ မြင်ရပါသည်။ တော်တော်ဝေးသွား၍ "ထ"ဟု လူသစ်ဘုတ်ကိုင်ကခေါ်မှ ထပြီးဆက်သွားရပါသည်။

ထိုနေ့တနေ့လုံး ဘယ်မှမသွားရပါ၊ ထမင်းစားထွက်ချိန် သာ ထွက်ရပါသည်။ တနေ့လုံး အဖ°ထဲတွင်သာ ထိုင်နေရ ပါသည်။ ညနေဘက်တွင် တကြိမ် ထမင်းဆွဲ ထွက်ရပြီး အိပ် ဆောင်တက်နေကျ အချိန်တွင်မှ အိပ်ဆောင်သို့ တက်ရပါ သည်။ အချိန်ကျ၍သာ အိပ်ဆောင်တက်ရသော်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com

မပါလှပါ။ တညလုံး မမြင်လို မကြားလိုသော ရှုကွင်းရှုကွက်များကို မြင်ရ ကြားရပါဦးမည်။

အိပ်ဆောင်ပိတ်ပြီး တအောင့်လောက်အကြာတွင် ဘုတ်ကိုင်စုံတွဲ ထမင်းစားကြပါသည်။ အကျဉ်းသားမှန်လျှင် မည်သူမှ အိပ်ဆောင်အတွင်း ထမင်းစားခွင့်မရှိပါ။ ဆာချင်ဆာ၊ မဆာချင်နေ၊ သူ့အချိန်နှင့်သူ စားရပြီး၊ ဟိုဟိုဒီဒီလည်းယူခွင့်မရှိပါ။ တန်းစီးများ၊ ဘာသာများမှာမူ အထူးအခွင့်အရေး ရထားသူများဖြစ်၍ ကြိုက်သလို ယူစားခွင့်ရပါသည်။

"အပြင်ဘာသာ လမ်းမှ ဝါဒါတယောက်က" ဟော ဘာဟင်းပါသလဲကွ မောင်တင်" ဟု မေးသံကြားလိုက်ရ၍လူသစ်ဘုတ်ကိုင် နာမည်မှာ မောင်တင်မှန်းသိလိုက်ရပါသည်။ "ဒီကလပ်က ကြက်သား တပုံစီဘဲရပါတယ်၊ ဟင်းနဲ့တာနဲ့ ကြက်ဥ ၂လုံးပြုတ်ပြီး ယူခဲ့ရတယ်" ဟု မောင်တင်က ပြန်၍ပြောပြီး တဆက်တည်းပင် "စားပါဦးလား" ဟု ဆင့်ခေါ်လိုက်ပါသည်။

"ထမင်းမစားရသေးဘူးကွ၊ ထမင်းအပိုပါသလား"

"ရှိပါတယ်၊ ဟင်းတော့ မျှစားတာပေါ့၊ ဟော မောင်နီမင်းမှာ ဟင်းပါသေးသလားကွ၊ ပါရင်နဲနဲပေးပါအုံး"

မောင်နီဆိုသူမှာ တန်းစီးဖြစ်၍ သူလည်း အခန်းထဲတွင် ထမင်းစားသူဖြစ်ပါသည်။ "ပုဇွန် ၅၊ ငါးဟင်းတော့ပါတယ် ယူလေ" ဟု ပြောပြောဆိုဆိုလာပေးပါသည်။ သံတိုင်ပေါက်တွင် ဟင်းခွက်များတင်ကာ အပြင်မှ ဝါဒါအတွက် ဖျပ်တခုတွင် ထမင်းထည့်ပြီး အလွတ်ဖျပ်တခုနှင့် အုပ်ကာ သံတိုင်ကြားမှ အပြင်သို့ပေးလိုက်ပါသည်။ ဟင်းခွက်များကို သံတိုင်ရင်းမှာ ထားကာ နှိုက်စားကြပါသည်။



[illegible] ၍ ဤသို့စားခြင်းဖြစ်ပါသည်။ ကုလားဝါဒါများမှာ အနားသို့ပင် မကပ်ပါ။ ထိုအချိန်ကများသော်အားဖြင့် ကုလားဝါဒါများသာများ၍၊ တယောက်တလေသာ ဗမာရှိပါသည်။ သူတို့ဘဝမှာလည်း ထောင်ကျများနှင့်မကွာလှပါ။ ညနေ ၅နာရီ ၃မောင်းတွင် ထောင်ထဲဝင်၍ တညလုံးစောင့်ရပြီး နံနက် ၆နာရီထိုးမှ ထောင်ပြင်သို့ ထွက်ရပါသည်။ ထိုသို့တာဝန် ယူနေရစဉ်အတွင်း အပြင်တွင် ဘယ်လောက်ကိစ္စကြီးကြီး၊ အိမ်တွင်ကျန်ရစ်ခဲ့သူ သေဆုံးသည် တိုင်အောင် ထွက်ခွင့်မရပါ။

ထမင်းစားသောက် ပြီးသောအခါ ဝါဒါက ဆေးမှို့ ၂ထုပ်ပေးပါသည်။ ဤသို့ပင်ထောင်ထဲသို့ ဆေးလိပ်ဆေးမှို့ ဆေးခြောက်၊ ဘိန်းများရောက်လာပါသည်။ ဇနီးမောင်နှံနှစ်ယောက်မှာ စီးကရက် တလိပ်စီသောက်ရင်းမှိန်းနေကြပါသည်။ အချိန်စောင့်နေဟန်တူပါသည်။

၉ နာရီကျော်လျှင် သူတို့ ၂ပါးသွားတတ်ကြပါသည်။ ကျွန်တော်မှာ တဘက်သို့လှည့်ကာ ဟိုတွေး ဒီတွေး တွေးနေမိပါသည်။ အမေ၊ နှမလေးနှင့် မခင်လှိုင် တို့အတွက် တွေးမိကာ မျက်ရည်ကျလာပါသည်။ မခင်လှိုင်မှာ မြော်လင့်ကြီးစွာနှင့် နေလာရာမှ မြော်လင့်ချက်ပန်းတိုင်ကြီး ပြိုလဲသွားရုံမှအပ နေရေးထိုင်ရေး မထောင်းတာလှပါ၊ အမေနှင့်နှမလေးတို့မှာမူ ဘယ်မှာနေကြရမည်၊ ဘာလုပ်ကိုင် စားနေကြလိမ့်မည်ဆိုသည်များကို တွေးမရပါ၊ တွေးလည်း မတွေးဝံ့ပါ။

"ဝါလီဆေး" ဟူသော ဗျူးကြီးပေါ်မှအော်သံထွက်လာသည်နှင့် အခန်းတွင်းမှ ဘာသာများက "သေးပြွန်၊ သေးအိုး၊

www.burmeseclassic.com

www.burmeseclassic.com

မီးအိမ်၊ မှန်ပြောင်း၊ ဖုတ်ခုံ၊ ဂ ဖလား၊ အဖျားအနာ၊ မိလ္လာ
မရှိ၊ မင်းနန်းသော့ခလောက်၊ ရေစည်ရေခွက်၊ သံတိုင်မချိုး
ဖင်မရှိးပါဘူး၊ ၅၀လူပေါင်း အားလုံး ကောင်းပါသည်
ခင်ဗျား'' ဟု အော်လိုက်ပါသည်။ ထိုအသံကြားထဲမှာပင်
''ဟင့်ဟင့် တော်ပါတော့ဆို''ဟူသော အသံမှာ သဲ့သဲ့
ထွက်လာပါသေးသည်။

သေးပြွန်သေးတံဆိုသည်မှာ အပြင်ဘာယာလမ်းမှ ကျင်
ငယ်စွန့်ရန် ထောင့်ပြင်သို့ သွယ်ထုတ်ထားသော ပြွန်ပေါက်
ဖြစ်ပါသည်။ မီးအိမ်မှန်ပြောင်းမှာ ဝါဒါများ ကိုင်ရသော
အာလာဒင်ဒရဝမ်မီးအိမ်ကို ဆိုလိုပါသည်။ ဖုတ်ခုံမှာ အိပ်
ဆောင်အောက်ထပ်တွင် အကျဉ်းသားများ အိပ်ရန်လုပ်ထား
သော အင်္ဂတေခုံဖြစ်၍၊ မင်းနံ့မှာ မင်းတုန်းကန့်လန့်ကို ခေါ်
ပါသည်။ ကျွန်တော်တို့ ရောက်စတွင် အထက်ပါအတိုင်း
အော်ရပြီး နောက်တွင် ''ဝါလီဆေး''ဟု အော်ရပါသည်၊
စံပြထောင်ဖြစ်ပြီးမှ''အားလုံးကောင်း''ဟု ဖြစ်လာပါသည်၊

နောက်တနေ့ အိပ်ဆောင်ဖွင့်ပြီးသောအခါ လူသစ် ဘုတ်
ကိုင်က ''ဆေးရုံပြရမယ်''ဟု ပြောသွားပါသည်။ ၉နာရီခန့်
တွင် စာအုပ်ကြီးကိုင်၍ လာခေါ်ပါသည်၊ ကျွန်တော်တို့
အားလုံး ဆေးရုံဘက်သို့ လိုက်သွားရပြီး ဆေးရုံရှေ့တွင်
၂ယောက်စီပုံစံထိုင်နေရပါသည်။ ''အားလုံး မတ်တတ်ထ
ခြေစုံရပ်၊ လက်ပိုက်၊ အင်္ကျီချွတ်''ဟု ဘုတ်ကိုင်က အမိန့်ပေး
သည့်အတိုင်း လုပ်ရပါသည်၊ ဆရာဝန်က အနားကပ်လာပြီး
မျက်စိဖြဲ၊ လျှာထုတ်နိုင်း၊ လက်မြှောက်စေပြီးစစ်ဆေးပါသည်
အပေါ်ပိုင်းစစ်ဆေးပြီးသောအခါ ပုဆိုးကိုချွတ်ချရပါသည်
ဗမာ့ယဉ်ကျေးမှုနှင့် လုံးဝဆန့်ကျင်နေသောခလေ့မှာ စိတ်



ပျက်စရာကောင်းလှပါသည်။ အကျီအကြားမကျန် စစ်ဆေး
ပြီးလျှင် ဘုတ်ကိုင်ယူလာသော နံပတ်ကြီးတွင် မှတ်ချက်ရေး
ပါသည်။

နံပတ်ကြီးမှာ ယခင်နေ့က လူသစ်ရုံးခန်းတွင် စစ်ဆေး
ထားချက်များ ရေးထားသော စာရွက်ထူ ဖြစ်ပါသည်။
အကျဉ်းသားတိုင်း နံပတ်ကြီးတခုစီ ရှိပါသည်။ မပျောက်
မပျက်အောင် ကိုယ့်တာဝန်နှင့်ကိုယ် ထိန်းသိမ်းထားရပါ
သည်။ ပျောက်လျှင် တိုက်ပိတ်ခံရပါသည်။

ဆေးစစ်ပြီးသောအခါ အဝတ်တိုက်သို့ သွားရပါသည်။
နံပါကြီး အကျဉ်းသမားတဦးအတွက် ပိတ်ဖြူနံငယ် လုံကွင်း
၂ထည်၊ လည်ဟိုက်လက်ပြတ်ပိတ်ဂျာကင်အင်္ကျီ ၂ထည်၊ မျက်
နှာသုတ်ရန် နံငယ်ပိုင်းတခု၊ ရေခွက်တလုံး၊ ဇွန်းတချောင်း၊
စောင်တထည်၊ ဂုံနီတခုပေးပါသည်။ လူသစ်အဆောင်မှ
ဂုံနီအိပ်ရာနှင့်စောင်များမှာ လူသစ်များအတွက် အမြဲတမ်း
ထားခြင်းဖြစ်ပါသည်။ အိပ်ဆောင်ပြောင်းသွားရသူများ ယူမ
သွားရပါ။ နက်ဖြန်တွင် အလုပ်ချမည်ဟုပြောပြီး ထမင်းဆွဲ
သွားရပါသည်၊

၂ဆောင်တွင် ထမင်းစားနေစဉ် ပဌမနေ့က လာသော
ဘုတ်ကိုင်ဘာယာရောက်လာပြီး ကျွန်တော့ကို စကားပြောပါ
သည်။

မင်းတို့ဒီနေ့အလုပ်ချမယ်ဆို''
''ဟုတ်ကဲ့''
''မင်းနာမယ် ဘယ်လိုခေါ်သလဲ''
''ထွန်းမြင့်ပါ''
''ဟိုလူကကော'' ဦးလေးချစ်ကို ထိုးပြပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

"ဦးဘချစ်"

"မင်းနဲ့ ဘာတော်သလဲ"

"ဘာမှ မတော်ပါဘူး"

"အမှုတွဲလဲ မဟုတ်ဘဲနဲ့ ဘာလို့ သူနဲ့ တွဲနေတာလဲ"

ဟိုနေ့က ဦးလေးချစ်က အမှုတွဲမဟုတ်၊ သူက ရန်ကုန်က ဟု လိမ်ပြောထားသောကြောင့် မေးဟန်တူပါသည်။

"ဒီထောင် ရောက်ကတည်းက ကျွန်တော့်ကို စောင့်ရှောက်နေလို့ ခင်နေတာပါ"

"အော်"ဟု ပြောကာ ဦးလေးချစ်ဘက် လှည့်သွားပြီး ဦးလေးချစ်အား ၁၂ ရာသီပင်အောက် ခေါ်သွားကာ စကားပြောနေပါသည်။ ဘာပြောနေသည် မသိရသော်လည်း သူ့စကားကို ဦးလေးချစ်က လက်မခံဘဲ ငြင်းဆန်နေသည်ကိုတော့ သိရပါသည်၊ တော်တော်ကြာပြော၍မရမှ "မင်းသတိထား" ဟု ကြိမ်းမောင်းကာ ထွက်သွားပါသည်။

"ဦးလေးချစ် သူကဘာတွေပြောသွားသလဲဟင်"ဟုသိချင်သောကြောင့် အလောတကြီး ကျွန်တော်မေးမိပါသည်။

"မင်းကိုသူ့ ရောင်းရမတဲ့ကွာ"

"ဟင် ဘာအဓိပ္ပါယ်လဲ၊ ကျွန်တော်နားမလည်ပါဘူး"

"အေး မင်း ဘာနားလည်မလဲ၊ ထောင်ထဲမှာဒီလိုဘဲ လူအရောင်းအဝယ်ရှိတယ်၊ ကောင်လေး ချော်ချော တယောက် လောက်ဝင်လာရင် လူဟောင်းထဲက တယောက် ယောက်က ချော့မော့ ကျွေးမွေးပြီး ထားတယ်၊ ခင်မင်လာအောင် လုပ်တယ်၊ နောက်တော့ ဒီကောင်တွေလို မိန်းမလိုချင်နေတဲ့ ကောင်တွေက အဲဒီလူလက်ထဲကတဆင့် ဝယ်တယ်၊ သူဝယ်ပြီးရင် သူ့ သားမယားဖြစ်တဲ့ အထိလုပ်လိုက်တာဘဲ"



"ဒါဖြင့် ဦးလေးဆီက ကျွန်တော့်ကိုဝယ်နေတာပေါ့"

"သူ့ကို ၅ဝိနှင့် ရောင်းပါတဲ့၊ ရောင်းရင်အလုပ်လဲ သက်သာတဲ့ အလုပ်ရအောင် လုပ်ပေးမယ်လို့ ငါ့ကို ဆွယ်နေတယ်"

"ဦးလေးချစ်က........................"

ကျွန်တော်စကားမဆက်ပါ။

"ငါတို့ကိုအစကတည်းကဦးလေးကသားအရင်းလိုခင်လို့ စောင့်ရှောက်လာတာ၊ ရောင်းစားဘို့ စောင့်ရှောက်လာတာ မဟုတ်ဘူးလို့ ဦးလေးပြောလိုက်ပါတယ်။မင်း၅ဝိလဲမလိုချင်ဘူး၊ မသကာဆန့်အပြင်မရှိဘူးကွ၊ 'ငါလက်ဇကောက်'လို့ ပြောလိုက်တယ်၊ ဒါကြောင့်'မင်းသတိထား'လို့ ကြိမ်းသွားတာပေါ့"ဟု ဦးလေးချစ်က သက်ပြင်းချကာ ပြောပါသည်။

"မင်းရှေ့ဆက်ပြီး ဒီဇာတ်ကိုတော့ က,ရဦးမှာဘဲ၊တခုတော့ရှိတယ် ငါ့ဓာမင်းအတွက် အသက်နှင့်လဲပြီး ကာကွယ်နေပေမဲ့ မင်းကဖေါက်ရင်တော့ သေဘို့ဘဲကောင်းတာဘဲ"

"ဦးလေး ကျွန်တော်ယောကျ်ားပါ၊ ဂျပန်ကင်ပေတွေရဲ့ အညှဉ်းဆဲ နည်းမျိုးစုံခံခဲ့ဘူးတဲ့ ကျွန်တော်လိုလူကို သူတို့ အရေပျော်အောင် မလုပ်နိုင်ပါဘူးဗျာ"

"အေးစောင့်ကြည့်ရမှာဘဲ"ဟုဦးလေးချစ်ကဆိုပါသည်။ ထမင်းစားပြီးကြ၍ ၂ဆောင်ဖွင့်ပေးသဖြင့် အိပ်ဆောင်သို့ပြန်လာကြပါသည်။ ကျွန်တော်မှာ ခြေလက် မသယ်နိုင်လောက်အောင် နုံးခွေသွားပါသည်။ ဤအကြိမ်တွင် စိတ်အတော်ချောက်ချား ထိခိုက်ပါသည်။ အပြင် လောကတွင် ရန်သူနှင့်ရင်ဆိုင်ရသည်မျိုးနှင့် မတူပါ။ ပါတ်ဝန်းကျင်ကိုက ချောက်ချားစေပါသည်။ ဦးလေးချစ်လည်းစိတ်ကောင်းဟန်မတူပါ။





www.burmeseclassic.com

www.burmeseclassic.com

ခပ်ညှိုးညှိုးပင်ဖြစ်နေပါသည်။ အခြေအနေကို ... ဖြစ်သော
ကြောင့် စကားမပြောဘဲ ငြိမ်နေကြပါသည်။

ပုံစံသွား၊ ပုံစံနေ၊ ပုံစံထိုင်နှင့်ပင်တနေကုန်ပါသည်။ ည
အိပ်ဆောင်တက်ပြီး တအောင့်ခန့်အကြာတွင် ဦးလေးချစ်က
ငွေ ၂ဝိတောင်းပါသည်။ သက်သာသောအလုပ်ရရန်အတွက်
လူသစ်ဘုတ်ကိုင်အား လာဘ်ထိုးရန်ဖြစ်ပါသည်။ အလုပ်ခွဲရာ
တွင် လူသစ်ဘုတ်ကိုင်မှာ အခရာ ဖြစ်ပါသည်။ လုပ်လိုသော
ဌာနတွင်ရအောင်လုပ်ပေးနိုင်ပါသည်။ အလုပ်မချမီတထောင်
လုံး ဌာနတိုင်းမှ အလုပ်သမား လိုနေသော စာရင်းများကို
ကောက်ယူပြီး ထောင်မှူးကြီးက အလုပ်ချ ပေးခြင်း ဖြစ်ပါ
သည်။

ထောင်မှူးကြီး အလုပ်ချရာတွင် မိလ္လာအလုပ်ကိုအသက်
ကြီးသူများ၊ ဘိန်းစားများကိုသာ ရွေးချပြီး ကျန်အလုပ်များ
တွင် ရွေးချယ်ခြင်းမရှိဘဲ အစဉ်အလိုက် ချသွားတတ်ပါသည်။
အလုပ်လိုသော စာရင်းတွင် အမှတ်စဉ်လိုက် တောင်ယာ
၃ယောက်၊ လက်သမား ၅ယောက်၊ ဆန်ရုံ ၁ဝယောက်၊
တံမြက်လှဲ ၅ ယောက် စသည်ဖြင့် ရေးထား ပါသည်။
ထောင်မှူးကြီးက နံပတ်ကြီးကို အထပ်လိုက်ယူကာ တောင်
ယာ ၃ယောက်၊ နောက်လက်သမား ၅ယောက် စသည်ဖြင့်
နံပတ်ကြီးတွင်ရေး၍ လက်မှတ်ထိုးပါသည်။

ဤသို့အလုပ်ချခြင်းဖြစ်၍ လူသစ်ဘုတ်ကိုင်က အလုပ်လို
သော စာရင်းကိုကြည့်၍ သူအလုပ်ချလိုရာ အကျဉ်းသားများ
၏ နံပတ်ကြီးကို အလိုက်သင့်စီ၍ တင်လိုက်ခြင်းဖြင့် တောင်
ယာကျလိုသူ တောင်ယာ၊ ရေထမ်းကျလိုသူ ရေထမ်းကျ
သည်။



ဦးလေးချစ်သည် ဤလုပ်ပုံမျိုးတွင် နောကျေနေပါသည်။
သူ့စိတ်ကူးမှာ လူသစ်ဘုတ်ကိုင်ကို လာဘ်ထိုးပြီး သက်သာ
သောအလုပ်ကိုရအောင်လုပ်နိုင်းရန်ဖြစ်ကြောင်းသိရပါသည်။
သံခြေကျင်းကို လွယ်ထားရသော စလွယ်ကြိုးထဲမှ ငွေ ၂ဝိကို
ဖြည်ပြီး ဦးလေးချစ်အား ကျွန်တော် ပေးလိုက်ပါသည်။
ဦးလေးချစ်သည် လူသစ်ဘုတ်ကိုင်အနီးတွင် ကျိုးကျိုးနွံနွံ
ပုဆစ်တုပ်၍ ထိုင်လိုက်ပြီး ပါးစပ်ကလည်း တရွရွနှင့် ပြော
နေပါသည်။ ဘုတ်ကိုင်က ငွေကိုယူပြီးခေါင်းညိတ်လိုက်သော
ကြောင့် "တော်ပါသေးရဲ့"ဟု စိတ်ထဲတွင် အောက်မေ့
သွားပါသည်။ ဆန်ရုံတို့ တောင်ယာတို့မှာ အလုပ်ကျလျှင်
မသက်သာပါ၊ များသောအားဖြင့် "လူသစ်ဆန်ရုံပို့" ဟူ
သော စကားတွင်ရစ်အောင်ပင် လူသစ် နှစ်ကြီးသမားများ
မှာ ဆန်ရုံသို့ သွားကြရပါသည်။ 'ထောင့်အဘိဓာန်'
ဦးလေးချစ်တယောက်ရှိ၍သာ အဆင်ပြေပါတော့သည်။ အ
လုပ်ကိစ္စအတွက် စိတ်အေးရပြီဟုလည်း ဦးလေးချစ်က ပြော
ပါသည်။

နောက်တနေ့ ၉နာရီခန့်တွင် လူသစ်ဘုတ်ကိုင် မောင်တင်
ရောက်လာပါသည်။ အိပ်ဆောင်ရှေ့ မိန်းဂျေးတွင် တနေ့က
ဘာယာနှင့်အတော်ကြာစကားပြောနေကြပါသည်။ရယ်လိုက်
ဟားတိုက်လိုက်၊ နောက်လိုက်နှင့် လုပ်နေကြပါသည်။ ဆန်ရုံ
တန်းစီး သော်တာဟု နောက်မှ သိရပါသည်။ ဘာတွေ ပြော
နေကြသည်ကိုတော့ မသိရပါ၊ နောက်တွင်သော်တာပြန်သွား
ပြီး မောင်တင် အဆောင်တွင်းသို့ ဝင်လာပါသည်။

မျက်နှာ ရှုသိုးသိုးနှင့်ပင် "ဟေ့ လူသစ်တွေ၊ လူသစ်တွေ
အလုပ်ချမယ်" ဟု အော်လိုက်ပါသည်။ ဦးလေးချစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ၂ယောက်တတွဲလည်း ပုံစံထိုင်ရပါသည်။ ရ
စေ့မစေ့ ရေတွက်ပြီး ဦးလေးချစ်ကို လက်တို့ကာ မိထ္ထ
ဘက် ခေါ်သွားပါသည်။ ပြန်လာသောအခါ ဦးလေးချစ်မှာ
မျက်နှာမကောင်းပါ။ တခုခုတော့ တခုခုဘဲ၊ ဘယ်တခုခုမှန်း
မစဉ်းစားတတ်ပါ။ မေးရန်လည်း လူသစ်ဘုတ်ကိုင်နှင့် အရေ
ဖြစ်နေ၍ မဖြစ်နိုင်ပါ။

"ကိုင်းထွက်ကြ"ဟု ပြောပြီး သူကရှေ့ကထွက်ပါသည်
နောက်မှ ၂ယောက်စီ ထွက်လိုက်ရပြီး ဗျူး၁သို့ သွားကြ
ပါသည်။ ဗျူး၀ ထောင်မှူးကြီး ရုံးခန်းတွင် ထောင်မှူးကြီး
နှင့် ဗျူးပုလိပ် ၃ယောက်ရှိပါသည်။ လူသစ်ဘုတ်ကိုင်
အလုပ်ရှိသော စာရင်းကို ပဌမပြပြီးနောက် နံပတ်ကြီးများ
ပေးလိုက်ပါသည်။ အသဲတထိတ်ထိတ်နှင့် နားထောင်နေရ
သည်။

"ထွန်းမြင့် ဆန်ရုံ"

"ဘိုးချစ် ဆန်ရုံ"စသည်ဖြင့် ပါးစပ်မှ ပြောရင်း နံပ
ကြီးတွင် လက်မှတ်ထိုးပါသည်။ မမြော်လင့်သော ကိစ္စကို
ရ၍ ဦးလေးချစ်ကို လှည့်ကြည့်လိုက်ရာ ဦးလေးချစ်ကလည်း
ပြန်အကြည့်နှင့် ဆုံသွားပါသည်။ နောက်မှ ပြောမယ်ဟူသော
သဘောနှင့် မျက်ရိပ်ပြသဖြင့် အသာ ငြိမ်နေလိုက်ပါသည်။
"၃ဆောင်အိပ်"ဟုလည်း အိပ်ရမည့် အဆောင်ကိုပါ သ
မှတ် ပေးလိုက်ပါသည်။ အားလုံး အလုပ်ချပြီးသောအခါ
ကျွန်တော်တို့အား သက်ဆိုင်ရာ အိပ်ဆောင်များသို့ လိုက်ပို့
ပါသည်။

မောင်သောင်း၊ မောင်ကိုနှင့် ထွန်းကြိုင်တို့မှာ ၂ဆောင်
သို့ ရောက်၍ ကျွန်တော်နှင့် ဦးလေးချစ်မှာ ၃ဆောင်အောက်



၅ခန်းတွင် နေရာရပါသည်။ ၃ဆောင်မှာ အပေါ် ၅ခန်း
အောက် ၅ခန်းရှိပါသည်။ ပုံစံတော်တော်ကြီးသော အ
ဆောင်ဟုလည်း နာမည်ကြီးပါသည်။ ယခုစံပြခေတ်တွင်
၃ဆောင်ကို စံပြအိပ်ဆောင်ဟု သတ်မှတ် ထားပါသည်။
ကျွန်တော်တို့ ရထားသော စောင်၊ ဂုံနီများယူ၍ ၃ဆောင်
သို့ ရွှေ့လာရပါသည်။ အိပ်ရာနေရာယူပြီး ခဏအကြာမှာ
ထမင်းသွားဆွဲရပါသည်။ နေ့လည် ၁၂နာရီအလုပ်ဆင်းချိန်
ရောက်သောအခါ အလုပ်အပ်မည်ဟုပြောပြီး လူသစ်ဘုတ်ကိုင်
က လာခေါ်ပါသည်။ ကျွန်တော်တို့ ကျသော ဆန်ရုံသို့
တောင်ငူပို့ ၅ယောက်ခန့်ပါပါသည်။ မောင်သောင်းတို့ လူ
သိုက်မှာလက်သမားအလုပ်တွင်ကျ၍ကျွန်တော်တို့ ၂ယောက်
သာ ဆန်ရုံကျပါသည်။ ဆန်ရုံမှာ ယခု နွားဘုတ် လုပ်ထား
သော ရုံဖြစ်ပါသည်။ ထိုနေရာတွင် စစ်မဖြစ်ခင်က စာပုံနှိပ်
စက်ကြီးရှိ၍ ဂျပန်ခေတ်အတွင်းက ဗုံးဒဏ် စက်သေနတ်
ဒဏ်များကြောင့် ပျက်စီးသွားပါသည်။

ယခု M.C.B. စစ်အချုပ်ထောင် နေရာနှင့် သစ်ဂိုဒေါင်
နေရာများမှာလည်း ဂျပန်ခေတ်က ပျက်စီးသော တိုက်ပျက်
ကြီး ၂ခုဖြစ်ပါသည်။ ၎င်းတိုက်ပျက်ကြီးများသို့ သွားလျှင်
မိုနားမှ ဝင်ရပါသည်။ ယခုခေတ်မှာကဲ့သို့ အလုပ်ဘက်က
မဝင်ရပါ။ အသေပိတ်ထားပါသည်။ တိုက်ပျက်ကြီး ၂လုံး
ကို ကျော်သွားလျှင် ဆန်ရုံသို့ရောက်ပါသည်။ တိုက်ပျက်ကြီး
၂လုံးမှာ တန်းစီးဘာယာများ ထင်သလိုလုပ်နိုင်ရန် ထား
ပေးသော နေရာကြီးလိုဖြစ်နေပါသည်။

"စပါးနယ်ဘို့ နွားတွေလာဟေ့"ဟု အထဲက တန်းစီး
တယောက်၏ အော်သံကိုကြားလိုက်ပါသည်။ ရုံထဲရှင်း ကြိတ်



www.burmeseclassic.com

www.burmeseclassic.com

၁၀လုံးရှိ၍ တလုံးတွင် ၂ယောက် လက်နှင့်ထိုးရပါသည်။ တဘက်မှ အကျဉ်းသား ၂၀ခန့်က စကောများနှင့် ဆန်ပြာကြရပါသည်။ ဆန်ရုံတွင် အုပ်ထိန်းသော ဘုတ်ကိုင်ဘာယာ ၃ယောက်ရှိပြီး တယောက်မှာ တန်းစီးသော်တာဖြစ်ပါသည်။

"ဟေ့ လာပလားဟေ့"ဟု သော်တာက အားရပါးရ ရယ်ပြီး မေးလိုက်ပါသည်။ လူသစ်ဘုတ်ကိုင်က နံပတ်ကြီးများနှင့်တကွ ကျွန်တော်တို့ကို သော်တာ့ထံအပ်ပြီး ပြန်သွားပါသည်။ ဆန်ရုံအလုပ်သမားများမှာ စပါးထမ်း၊ စပါးကြိတ်၊ ဆန်ပြာ၊ အမှိုက်လှဲ့ဟူ၍ လေးမျိုး ရှိပါသည်။ ထောင်မှူးကြီး အလုပ်ချစဉ်က အလုပ်ခွဲမချဘဲ ဆန်ရုံဟု သာမညအမည်တပ်ပြီး ချထားလိုက်ရာ၊ ဘုတ်ကိုင်က သူ့သဘောအတိုင်း လူခွဲ အလုပ်ခွဲကာ ခိုင်းချင်ရာ ခိုင်းပါသည်။

အခြား ၃ယောက်ကို စပါးကြိတ်ဘို့ ပို့လိုက်ပြီး ကျွန်တော်တို့နား ခပ်ဖြည်းဖြည်းကပ်လာပါသည်။

"မင်းကိုတော့ မြင်ကတဲက ငါ့ညီလေးလို ချစ်ခဲ့တာမို့၊ အသက်သာဆုံး တံမြက်လှဲ့ဘဲ ခိုင်းပါမယ်ကွာ၊ ဟိုကောင်ကလဲ 'ဂ'စောင့်' မို့လို့ ဆန်ပြာခိုင်းရမယ်"ဟု ကျွန်တော်နှင့် ဦးလေးချစ်ကိုကြည့်ပြီး ပြောပါသည်။

စပါးကြိတ်ရသည့်အလုပ်မှာ အပင်ပန်းဆုံး ဖြစ်ပါသည်။ လက်ထိုးကြိတ်ကြီးများမှာတခါထည့်လျှင်စပါးတတောင်းခန့် ထည့်ကြိတ်နိုင်၍ အတော် လေးပါသည်။ လူ၂ယောက် ဖြိုင်ထိုးရသော်လည်း မသက်သာလှပါ။ မော၍ နားခွင့်မရပါ။ စပါးကျသံမစဲ ကြိတ်ရပါသည်။ နံနက် ၆နာရီမှ ၁၁ နာရီ၊ ၁၂နာရီမှ ညနေ ၄နာရီ၊ အားလုံး တနေ့ ၈ နာရီအပြည့် မရပ်မနားကြိတ်ရသောကြောင့် အတော့် ငွေ၊ အတော့်သတ္တိ



[illegible]နိုင်ပါ။ ကျွန်တော်တို့လိုလူဗလံဆိုလျှင် ၁၀ ပတ်ပြည့်အောင် လှည့်ဘို့ပင်ခက်ပါသည်။ တန်းစီးမလိုလားသူဆိုလျှင် ကြိတ်ကိုတယောက်ထဲထိုးခိုင်းပါသည်။ မရက ပုံစံမလုပ်၍ ဆိုပြီး ဆန်ရုံတွင်ပင်ရိုက်ကြပါသည်။

စပါးထမ်းမှာ နံနက် စောစော စပါးတိုက်သို့ သွား၍ စပါးများကို ဂုံနီအိတ်နှင့်ထည့်ကာ ထမ်းရပါသည်။ တနေ့ ကြိတ်နိုင်မည့်စပါးအားလုံးကို စပါးရုံနှင့်ဆန်ရုံ ခေါက်တုံ့ ခေါက်ပြန် ထမ်းသယ်ရပါသည်။ နောက်တဖန်စပါးကြိတ်ပြီး ဆန်လုံးတီးများကို ဈေးတိုက်သို့ ပြန်ထမ်းပို့ရပါသည်။ သို့သော်လည်းကြားတွင် အလုပ်ကြည့်ပြီးနားနေခွင့်ရ၍တော်ပါသေးသည်။ ထမ်းရသည်မှာလည်း မနိုင့်တနိုင်ရှိလှ၍ ကျွန်တော်ဆိုလျှင် ထမ်းနိုင်မည်မထင်ပါ။

ဆန်ပြာမှာ စပါးကြိတ်မှ ထွက်လာသော လုံးတီးများကို ဆန်နှင့်ဖွဲ့ကွဲအောင်ပြာရပါသည်။ အကြမ်းပြာ၊ အလတ်ပြာ၊ အနုပြာဟု ဆန်ခါ၃ဆင့်ထားကာ ပြာရပါသည်။ ပဌမ အကြမ်းပြာ၍ အောက်တွင်ပုံ၊ နောက်တဦးက တဆင့်ယူကာ အလတ်ပြာပြီး တဘက်ပုံ၊ တဘက်မှ နောက်ဆုံး အနုပြာ၍ ဂုံနီအိတ်ထဲ ထည့်ပေးရပါသည်။ လူ ၂၀ ခန့် ပြာနေသောကြောင့် စပါးမှုံများမှာ မျက်နှာနှင့် ခေါင်းတွင် ရစရာမရှိအောင် ပေကပ်နေပါသည်။ အလွန်လည်းမွန်ပါသည်။ လုပ်နေကျ လူများအဘို့ မထူးသော်လည်း လူသစ်များ အတွက်တော်တော်လုပ်ရကိုင်ရခက်ပါသည်။

တံမြက်လှဲ့မှာ အားလုံးကိစ္စပြီးမှ ရုံကိုသန့်ရှင်းအောင် လှဲ့ရပါသည်။ နံနက်တခါ၊ နေ့လည်တခါ၊ ညနေတခါ၊ ၃ခါလှဲ့



www.burmeseclassic.com

www.burmeseclassic.com

လျှင် လိုလောက်ပါသည်။ တံမြက်လှဲ ... ၂ယောက်မှာတန်းစီးနှင့်ဘုတ်ကိုင်များ၏ အိုးစားများ ဖြစ် ... ပါသည်။ ထိုသူများမှာလူငယ်များဖြစ်ကြ၍ ကြိတ်မလှည့် ... သဖြင့် တန်းစီးဘာယာများ၏အိုးစားများ ဖြစ်လာကြမှာနိ ... ပါသည်။ တံမြက်လှဲပြီးလျှင် ဆန်ရုံလာကြသော စာကလေး ... များကိုဖမ်းပြီး ဟင်းချက်ကြပါသည်။ တန်းစီး ဘာယာများ ... စားတော်တည်ဘို့အတွက် ဟင်းချက်ပေးရခြင်း ဖြစ်ပါသည်။

ဦးလေးချစ်သည် လက်ကောက် တယောက်ပီပီ ဆန်ပြ ... လည်းတတ်ပါသည်။ ဝင်၍ ဆန်ပြာနေပါပြီ။ ကျွန်တော် ... ဘာလုပ်ရမှန်း မသိ၍ မလှမ်း မကမ်းတွင် ထိုင်နေပါသည် "ဟော ဟိုမှာ စာတွေ ကျနေပြီ"ဟု တန်းစီးက အော်လို ... သောအခါ တံမြက်စီးလှဲ အလုပ်ကျလူငယ် (အိုးစား) ... ယောက်က အတွင်းမှ ကြိုးတချောင်းကို တအားဆွဲလိုက် ... သည်။ ပြီးလျှင် အပြင်သို့ပြေးထွက်သွားကာ တဖုတ်ဖုတ်န ... ဖြစ်နေသောစာကလေးများကို ဘမ်းကာဘမ်းကာခါးပိုက် ... ထည့်ပါသည်။

စာထောင်ဘမ်းပုံမှာ လွယ်လှပါသည်။ ရုံနှင့် ခပ်လှ ... လှမ်းတနေရာတွင် မြေကို ဖျာ ၂ချပ်စာခန့် မြက်များ၊ ပေ ... ပင်များပြောင်အောင်ပေါက်ထားပါသည်။ မြေကွက် တဘ ... ဘေးတွင် ငုတ်ကလေးတခုရိုက်ပြီး ၁ဝ ပေခန့် ၂×၁ လက် ... တချောင်းကို ငုတ်၌ချည်ထားပါသည်။ သစ်သားချော ... ၌သုံးပုံ တပုံလောက်မှနေ၍ တဘက်တိုတဘက်ရှေ ရှော ... ကလေးဖြင့် ခပ်လျော့လျော့ ချည်ထားခြင်း ဖြစ်ပါသည်။ ... သော တဘက်ထိပ်နားမှ ကြိုးရှည်ရှည် ချည်ကာ ကြိုး ...



ရှိထဲအထိ ဆက်ထားပါသည်။ ရှည်သော သစ်သားတို ရှေ့တည့်တည့် မြေကွက်ပေါ်တွင် လုံးတီး(ဆန်)များကို ကြဲ ဖြန့်ထားပါသည်။ လုံးတီးများကို တွေ့သောအခါ အကောင် ၂ဝဝခန့်ရှိမည်ထင်ရသော စာကလေးများသည် အစာဆင်း စားကြပါသည်။ ထိုကဲ့သို့ စာများ မက်မက်မောမော အစာ စားနေကြစဉ် ရုံထဲမှ ကြိုးကို တအား ဆောင့်ဆွဲလိုက်ပါ သည်။ ထိုအခါ ဝါးလုံးနှင့် သိမ်းရမ်းသလိုဖြစ်ပြီး စာများကို ထိပါသည်။ တကြိမ် တကြိမ် ၂ဝဝ ခန့်ရှိသော စာများတွင် တခါရမ်းလျှင် ၅ဝ ခန့်ရပါသည်။ နောက်ထပ် တနာရီခန့် လောက်နှင့် စာများ ထပ်မကျပါ၊ မေ့သလောက်ရှိမှ ထပ် ဆင်းလာတတ်ပါသည်။ 'သေဘေးကိုမမြင်– အစာကိုခင်' သည့် စာကလေးများ၏ ဘဝ နိဂုံး ချုပ်ရပုံကို တွေးကာ ထိတ်လန့်မိပါသည်။

မိလာသော စာကလေးများကို ချက်ခြင်း အမွေး နှုတ်ပါ သည်။ စအိုဝမှ အူများ နှုတ်ပစ်လိုက်ပြီး ရေဆေး၊ ဆားဖြူး လုပ်ပါသည်။ ပြီးလျှင် ဗျပ်တခုကို ထုပေါင်း ထားသော ဒယ်တွင် အုန်းဆီ ၄–၅ ဇွန်းခန့်ထည့်ပြီး ကျွတ်နေအောင် ကြော်ပါသည်။ တန်းစီးဘာယာများအတွက် အားဆေးဖြစ် ကြောင်းသိရပါသည်။ ထောင်ထဲတွင် ပဲဆီ အလွန် ရှားပါ သည်။ ဖိုမှာသာ ရနိုင်ပါသည်။ အုန်းဆီမှာ ဘာယာများ အတွက် ၁ပတ်လျှင် ၂ဇွန်းကျရရာ ခေါင်းမလိမ်းဘဲ ထား သောကြောင့် ပေါပါသည်။ အကျဉ်းသားရိုးရိုးမှာ ကတုံး ဖြစ်၍ အုန်းဆီမပေးပါ။ ဂမှတ်၁၂မှတ်များသာ ဆံပင်လည်း ထားခွင့်ရပြီး အုန်းဆီလည်း ရခြင်းဖြစ်ပါသည်။ ထိုအခါက ဘယ်သူမှ ဆံပင်မထားရပါ၊ ဘီကလပ် ကျသူများသာ



www.burmeseclassic.com

www.burmeseclassic.com

ထားရပါသည်။ ပုံစံခေတ်တွင် အ... ... 
အနေအထိုင် ကျဉ်းကျပ်ပြီး ဘာယာများမှာ အခွင့်အ...
အမျိုးမျိုးရကြပါသည်။

ညနေ၃နာရီ ၃မောင်းတွင် အလုပ်ဆင်းသံချောင်း ခေါ...
ပါသည်။ အားလုံး အလုပ်ပြီးစီး၍ အိပ်ဆောင်ပြန်ရန် ပု...
ထိုင်ကြရပါသည်။ လူစစ်၍ပြီးသောအခါ ၂ယောက်စီ ထွ...
ပါသည်။ ရောက်လျှင် ဖိုကိုပတ်၍ ဖိုအနီး သရက်ပင်အော...
တွင် ထမင်းဆွဲရန် စောင့်နေရပါသည်။ အလုပ်ဘက်...
အလုပ်သမားများလည်း နောက်မှ တဖွဲဖွဲ ရောက်လာကြ...
ပုံစံ ထိုင်နေကြရပါသည်။ လူ ၃၀၀ ခန့် စုမိပြီးမှ ထမ...
ဆွဲရပါသည်။ ထမင်းများကို ၂ ဆောင်သို့ သွားစားပြီ...
ကိုယ်ဆိုင်ရာ အိပ်ဆောင်သို့ ပြန်လာကြပါသည်။ ထိုနေ့...
၃ ဆောင်သို့ ပြောင်းရခြင်းဖြစ်၍ အခန်းသာ သိထားသေ...
သော်လည်း အိပ်ရမည့်နေရာမှာမရသေးပါ။ ညတွင်တန်း...
လုပ်သူက နေရာချပေးမှ အိပ်ရမည့်နေရာကို ရပါသည်။

အိပ်ဆောင်မတက်မီ အကျဉ်းသားများ ရေချိုးကြရ...
သည်။ အလုပ်ဘက်မှ အလုပ်သမားများမှာမူ အလုပ်ဘ...
တွင်ပင် ရေချိုးခွဲရ၍ အခြား မီလွှာ၊ တောင်ယာ၊ ဆန်ရုံ၊ ...
တိုက် စသော အလုပ်သမားများမှာ အိပ်ဆောင်ရောက်...
ရေချိုးရပါသည်။ ရေချိုးရသော အလုပ်မှာ စိတ်ပျက်စ...
အလွန် ကောင်းလှပါသည်။ ရေမချိုးဘဲ နေလို့ ဖြစ်လျှ...
တသက်လုံးပင် နေလိုက်ချင်ပါသည်။ တကိုယ်လုံး နံစေ...
နေ၍သာ မလွှဲသာလွှဲသာ ချိုးရပါသည်။

ရေချိုးသည်ဆိုရာ၌ ရေကန်သို့သွား၍ ချိုးလိုက်ရုံ မဟုတ်...
ပါ၊ ဤကဲ့သို့ သွားချိုးလိုက်လျှင် နံအောင့်သွားအော...



တုတ်နှင့် ပစ်ပါသည်။ ချိုးလိုသူများ ရေကန် ပတ်လည်တွင် ပုံစံ ထိုင်နေကြရပါသည်။ "ရှေ့ ၁၀ ယောက်ထ" ဆိုမှ ထ,ရပါသည်။ ရေကန်ဘာယာက ရေကန်ထိပ်တွင်ရှိသော အုတ်ခုံပေါ်မှ တုတ်ကိုင်ကာ အမိန့်ပေးပါသည်။

"ချွတ်"ဆိုလျှင် လုံချည်ရော အင်္ကျီပါ ချွတ်ကြရပါသည်။
"ကန်ကပ်"ဆိုလျှင် ဖွားဘက်တော်များကို လက်ဝါးနှင့် အုပ်ကာ ကန်နားသို့ ကပ်ရပါသည်။

"ဖျပ်ကိုင်"

"ခပ်" ဟု အမိန့်ပေးလိုက်လျှင် အလုအယက် ဖျပ်ကိုင်၊ အလုအယက် ခပ်ရပါသည်။ နှေးလျှင် တခွက် နှစ်ခွက်နှင့် ရပ်ရပါသည်။

"ခွက်ချ"ဟု အမိန့်ပေးလျှင် ချက်ခြင်း ခွက်ချရပါသည်။ မချလျှင် "မိုလ်လား၊ တုတ်စာ မိချင်သလား" စသည်ဖြင့် ဒေါသမာန်ပါပါဖြင့် ကြိမ်းမောင်းပါသည်။

"ချေးတွန်း"ဟုဆိုလျှင် တဘက်သို့ လှည့်ကာ တွန်းရပါသည်။
"ခွက်ပြန်ကိုင်"ဟုဆိုလျှင် ခွက်ပြန်ကိုင်၍-
"ခပ်"ဆိုမှ ရေခပ်ချိုးရပါသည်။

"ခွက်ချ"ဟု အော်လိုက်လျှင် ချက်ခြင်း ခွက်ချရပါသည်၊ ချေးပြောင်သည်ဖြစ်စေ မပြောင်သည်ဖြစ်စေမရပါ၊ "နောက်ဆုတ်၊ အဝတ်, ဝတ်" ဆိုမှ ကိစ္စပြီးသွားပါသည်။ တခါတ... တကိုယ်လုံး ရေပင်မစွတ်ပါ၊ ခွက်မှာ ဖျပ်ဖြစ်၍ ကန်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ရေကို လှမ်းခပ်လိုက်လျှင် ရေကလည်း ဂယက်ထ၊ မျက်
လည်းပက်နေသောကြောင့် ရေပင် မပါပါ။ အလုအယက်
သေပြေးရှင်ပြေးလုပ်ကြရသဖြင့် ပါလာသမျှရေကို လောင်းရ
ပါသည်။

တကိုယ်လုံးချွတ်ကာ ကိုယ်လုံးတည်း အကာ မရှိသော
နေရာတွင် အစုလိုက် အပြုံလိုက် ရေချိုးရသော ဘဝမှာ
တိရစ္ဆာန်များနှင့် တူလှပါသည်။ မကြည့်ချင် မမြင်ချင်သော
အဖြစ်မျိုးဖြစ်နေ၍ ဝိုအားထက် ရယ်အားသန်လည်း ဖြစ်ရ
ပါသည်။ အဝတ်အစားဝတ်ပြီးက အိပ်ဆောင်ဝင်းအတွင်း
သွားလိုရာ သွားရပါသည်။ထို့နောက်ကျန်လူများဆက်ချိုးရ
ပါသည်။

မကြာမီပင် အိပ်ဆောင်ပိတ် ခရာမှုတ်ပါသည်။ ထုံးစံ
အတိုင်းပင် ၂ယောက်တွဲစီတန်းစီ၍ အရှာအဖွေခံကာ အိပ်
ဆောင်သို့ဝင်ခဲ့ပါသည်။ ၃ဆောင်အောက်၅ခန်းတွင် ထိုနေ့
စ၍အိပ်ရပါသည်။ အခန်းထဲသို့ ဝင်လိုက်လျှင်ပင် မျက်နှာ
စပ်ဖြိုဖြိုနှင့်ရပ်နေသော သော်တာကိုတွေ့ရပါသည်။

"မင်းနေရာရပလား"

"ဦးလေးချစ်နဲ့အတူ မိလ္လာဘက်မှာ နေရာယူထားပါ
တယ်"

"အို မဟုတ်တာဘဲ ဒီအခန်းထဲမှာငါတန်းစီးကွ၊ ငါ့နား
မှာအိပ်ကွ"ဟု ပြောပါသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"ဟုသာပြောပြီးထုံးစံအတိုင်း
ပင် အိပ်ဆောင်ပိတ်ပြီးသည်အထိ ပုံစံထိုင်နေလိုက်ပါသည်။
အိပ်ဆောင်ပိတ် သံချောင်းမွှေပြီးနောက် အိပ်ရာသို့သွားကာ
အလုပ်ကိစ္စအတွက် ဦးလေးချစ်ကိုမေးပါသည်။



"အေး အစကတော့ စက်ချုပ်ဘက်မှာ ရမယ်ဆိုလို့
ငွေပေးလိုက်တာဘဲ၊ သော်တာဝင်ရှုပ်လို့ ဆန်ရုံ ဖြစ်သွား
ရဟန်တူတယ်၊ သူတို့တန်းစီး ဘာယာချင်းကျတော့ ငွေသိပ်
မကြည့်ဘူး၊ အတူ့အအာလှည့်အကူအညီသဘောနဲ့ တူညီကြ
တယ်။ ဒီတော့ တို့ငွေက ဒီနေရာမှာ အရာမရောက်ဘူး"ဟု
ဦးလေးချစ်ကပြောပြပါသည်။

"ဦးလေးချစ်ဒီကိုခဏလာပါအုံး"ဟုသော်တာကလှမ်း
ခေါ်လိုက်သောကြောင့် "အင်း ငါလဲဘဲ မင်းအတွက်ဒုက္ခဘဲ၊
ဘယ်လိုရင်ဆိုင်ရဦးမယ်မသိဘူး"ဟု ညည်းတွားပြောဆိုရင်း
ထသွားပါသည်။ ကျွန်တော်လည်း ခေါင်းရင်းမှ သံတိုင်များ
ကို ကျော်ပြီးမြောက်ဘက်ဆီမှ အုတ်ရိုးကြီးကို ငေးကြည့်ရင်း
အတွေးနယ်ချဲ့နေမိပါသည်။

"အစ်ကိုစစ်ထဲကထွက်ပြီး တနှစ်လောက်စီးပွားရေးလုပ်
ချင်သေးတယ်၊အိမ်ထောင်ပြုမယ်ဆိုရင် အနည်းအကျဉ်းတော့
စုဆောင်းပြီးသားရှိမှ ကောင်းမယ်"

"အစ်ကို့သဘောပါ၊ အစ်ကိုအဆင်ပြေမဲ့နေ့အထိ ကျမ
စောင့်ပါ့မယ်"ဟု သနားစဖွယ်ပြောလိုက်သော မခင်လှိုင်၏
အသံကလေးကို ကြားနေမိပါသည်။ စီးပွားရေးလုပ်မည်
ဆိုသော ကျွန်တော်မှာ အကျဉ်းထောင်၏ သားသာ မတုတ်
သေး၊ အကျဉ်းထောင်၏ သမီးမျိုးအဖြစ်သို့ ရောက်မတတ်
ဖြစ်နေပါသည်။ ဤအဖြစ်ကို မခင်လှိုင်သိမည်မဟုတ်ပါ။

ဦးလေးချစ်နှင့် သော်တာတို့သည် အတော်ကြာ စကား
ပြောနေကြပါသည်။ မာလိုက်၊ ချော့လိုက်၊ ချော့တာလိုက်၊



www.burmeseclassic.com

www.burmeseclassic.com

သော်တာက ပြောသလိုပင် ဦးလေးချစ်ကလည်း မာလိုက် ပျော့လိုက်နှင့်ပင် ပြန်ပြောနေပါသည်။ "သွား သွား ခင်ဗျား သိမယ်"ဟု နောက်ဆုံး သော်တာက ဒေါသကြီးစွာနှင့် နှင်ထုတ်လိုက်သောအခါ ဦးလေးချစ်မှာ မထိမဲ့မြင် သဘောနှင့်ပင် "သိရတာပေါ့ကွာ"ဟု ပြောပြီး ထလာပါသည်။

"ဦးလေးချစ် သူဘာတွေပြောသလဲဗျ"ဟုအလောတကြီး ခမေးမိပါသည်။

"ထုံးစံအတိုင်းပေါ့ကွာ၊ မင်းကို သူ့ရောင်းဘို့ ပြောနေတာဘဲ"

"ဗျာ– ကျွန်တော့်ကိုရောင်းဘို့၊ ဘယ်လိုရောင်းရမှာတဲ့လဲ"

"အေး ဒါက ဒီမှာ ဓလေ့လိုဖြစ်နေတာဘဲ၊ တို့လက်ကောက်ကြီးတွေက မင်းတို့လိုကလေးတွေကို ချော့မော့ကျွေးမွေးထားပြီး၊ သင့်တဲ့အဘိုးနဲ့ တန်းစီးဘာ်ယာတွေကို ရောင်းကြတယ်၊ ဒိုးစားအဖြစ်ရောင်းလိုက်တာပေါ့လေ၊ အပြင်မှာ အမျိုးသမီးကလေးတွေကို ဖါခွယ်တွေက တနည်းနည်းနဲ့ အရဆွယ်ဖျက်ဆီးပြီး ဖါခေါင်းတွေဆီ ရောင်းတဲ့ သဘောမျိုးဘဲ၊ မင်းကို ငါစောင့်ရှောက်နေတာဟာ ဒီလိုရောင်းစားဘို့လို့ထင်ပြီး အရောင်းခိုင်းနေတာဘဲ၊ တိုတိုဆိုရင် မင်းကို သူ့ဒိုးစားအဖြစ်ရောင်းဘို့ပါဘဲ"

"ဟင် တယ် လူပါးဝတဲ့အကောင်" ဟု ကျွန်တော်က အံကြိတ်ကာ ပြောလိုက်ပါသည်။

"အေး ငါ့သားကလေးလို ခင်တွယ်နေလို့ မရောင်းနိုင်ဘူးလို့ ပြတ်ပြတ်ဘဲပြောခဲ့တယ်၊ ဒါကိုသူက မကြေနပ်လို့ 'သိမယ်'လို့ ကြိမ်းလိုက်တာဘဲ၊ ငါ့ဘက်ကတော့ အမှုတွဲလဲ

ဖြစ်၊ သားသမီးလိုလိုခင်မင်တာမို့ အသက်နဲ့လဲပြီး ကာကွယ်မှာဘဲ၊ မင်းကသာအသဲပျော့သွားရင် ငါတော့ရင်ကွဲမှာဘဲ" ဟု ဦးလေးချစ်သည် ဝမ်းနည်းသံကြီးနှင့်ပြောပါသည်။

ကျွန်တော် ဘာမှမပြောတော့ပါ။ အမေ၊ နှမလေးနှင့် မခင်လှိုင်တို့အတွက် စိတ်ပူပန်ရသည်ထက် ကျွန်တော့်အတွက်က လောလောဆယ် မည်သို့ရင်ဆိုင်ရမည်ကို တွေးမရအောင် ဖြစ်နေပါသည်။ တော်တော်နှင့်အိပ်မပျော်ပါ။ တမောင်းတွင်တခါ ခေါက်နေသော သံချောင်းသံများ၊ ဘာယာများ၏ အော်သံများနှင့် တချက်တချက် ဘယ်စောင်း ညာလှည့်ရာမှ ထွက်လာသော ခြေကျင်းသံများကြားထဲမှပင် တညတာအဖို့ အိပ်ပျော်ရပါသည်။

တနင်္ဂနွေနေ့ဖြစ်၍ အလုပ်နားရပါသည်။ နံနက်စောစောတွင် အဝတ်အစားလျှော်ရန် ဆပ်ပြာရေ လိုက်ဝေပါသည်။ ဆပ်ပြာရေကို တပတ်တခါပေးပါသည်။ စံပြခေတ်တွင် ဆပ်ပြာအခဲပေးပါသည်။ လိုက်ပေးသော ဆပ်ပြာရေကို ပုံစံခွက်ဖြင့် ခံယူထားပြီး အချိန်ကျလျှင် ရေကန်သို့ ၂ယောက်စီသွားကာ အဝတ်လျှော်ရပါသည်။

တနင်္လာနေ့တွင် တန်းစီရမည်ဖြစ်၍ အဝတ် အစားအားလုံး သစ်လွင်နေအောင် လျှော်ဖွတ် ထားရပါသည်။ အိပ်ခန်းအလိုက် တန်းစီးများက ခေါ်သောအခါ ရေကန်သို့သွားရပါသည်။ ရေကန်အရောက်တွင် ၂ယောက်စီ ပုံစံထိုင်နေရပါသေးသည်။ ရေကန်ဘာယာကလူ ၂၀ ခန့်ကိုပိုင်း၍ ထ,ဟုပြောလိုက်သောအခါမှ ရေကန်သို့ကပ်သွားရပါသည်။ သူအမိန့်ပေးသည့်အတိုင်း "ရေခပ်၊ အဝတ်ဆွတ်၊ ဆပ်ပြာရေတိုက်၊ ရေလျှော်၊ ရပ်"ဆိုလျှင် ပြီးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တခါတရံ ဆပ်ပြာနံ့ ပင်မစင်ဘဲ အဝတ်ကိုနေလှန်းလို ရပါသည်။ ကိုယ့်အဝတ်နားတွင် ခြောက်သည်တိုင်အောင် စောင့်နေရပါသည်။ ခြောက်မှ အိပ်ဆောင်ဘေး ဘာယာ လမ်းအတိုင်း ပြန်ရပါသည်။ တနင်္ဂနွေနေ့ဖြစ်၍ နေ့လည်တွင် အိပ်ဆောင် ခေတ္တဖွင့်ထားပါသည်။အိပ်ဆောင်ဖွင့်ထားသော အခါမှ လျှော်ထားသော အဝတ်အစားများကို ခေါက်ရပါ သည်။ ညနေ ၄နာရီခန့်တွင် အိပ်ဆောင်တလာစီရန်အပြင်သို့ ထွက်ပေးရပါသည်။ ခါတိုင်း အိပ်ဆောင်ပိတ်ချိန်မှပင် အိပ် ဆောင်သို့ တက်ရပါသည်။

တနင်္လာနေ့နံနက်တွင် မီလွှာ၊ စားဖို၊ တံမြက်လှည်း၊ ရေ ဘုတ်၊ ဆေးရုံ အလုပ်သားများမှအပ ကျန်အလုပ်သမားများ အားလုံး အလုပ်မဆင်းကြရပါ။ အိပ်ဆောင်တိုင်းသို့ ထောင် ပိုင်ကြီးကိုယ်တိုင် လိုက်လံစစ်ဆေးရန် တန်းစီပြရပါသည်။ တပါတ်တခါ ထောင်ပိုင်ကြီးကိုယ်တိုင် လိုက်လံစစ်ဆေးခြင်း ကို 'တန်းစီ'သည်ဟု ခေါ်ပါသည်။ တန်းစီရာတွင် ဆိုင်ရာ အိပ်ရာခင်း၊ စောင်၊ ပုဂံခွက်၊ အင်္ကျီ၊ လုံချည် အပိုစသည့် အကျဉ်းသားတိုင်း ရထားသည့် ပစ္စည်းများကို တခုမကျန် စံနစ်တကျခေါက်ပုံ၍ပြရပါသည်။

အိပ်ဆောင်အတွင်း အုတ်ရိုးဘေးတွင် ထောင်ကျနှစ်ကြီး နှစ်ငယ်အလိုက် တန်းစီ၍ထိုင်ပြရပါသည်။ မိမိရှေ့တည့်တည့် တွင် မိမိရထားသည့်ပုံစံခွက် စသည်များ ထားရပါသည်။ နံပတ်ကြီးများကို အဝတ်အစားပေါ်တွင် တင်ထားရပါ သည်။

အကျဉ်းသားများသည် မိမိလျှောက်လိုသော အကြောင်း အချက်များကို ထောင်ပိုင်ထံ လျှောက်ခွင့်ရသည်ဟု ဆို



သည်။ သို့ရာတွင် လျှောက်သောအခါဘေးမှပါလာသူ့အရာ နောက်လိုက်များ မျက်နှာကိုကြည့်၍ လျှောက်ရပါသည်။ တန်းစီး၏အမိန့်အရ ကျွန်တော်တို့အားလုံး တန်းစီနေရပါ သည်။ ရှေ့ဆုံးမှ ဂျမဒါကုလား၂ယောက်၊ နောက်မှ ထောင် ပိုင်ကြီး၊ ဒုတိယ ထောင်ပိုင်၊ ထောင်မှူးကြီး၊ ငွေနီ(ထောင် ကြပ်ချုပ်) အင်ချုပ် (တာဝန်ခံထောင်ကြပ်) ရှီးရှီးဝါဒါများ၊ သံတော၊ ၆ ထောင်ပိုင်၊ ၁၂ မှတ်၊ ဂမှတ်၊ ဘုတ်ကိုင်များနှင့် ဘာယာများက ဝိုင်း၍လိုက်လာကြပါသည်။

"နံပါတ်ကြီးကိုင်"
"မတ်တတ်ထ"
"နံပတ်ကြီး ဖြန့်ပြ"
"ရှေ့တည့်တည့်ကြည့်"

"ခြေစုံ" ဟု အိပ်ဆောင်တန်းစီး အမိန့်ပေးသည့်အတိုင်း အဝတ်ပုံပေါ်မှ နံပတ်ကြီးကိုဖြန့်ပြီး လက်၂ဘက်ဖြင့်ကိုင်၍ ရှေ့သို့ လှည့်ကာ မတ်တတ် ရပ်ရပါသည်။ ထောင်ပိုင်က တယောက်စီလျှောက်ကြည့်ပါသည်။ အသနားခံစာ တင်လိုသူ များ၊ အယူခံဝင်လိုသူများ၊ နှိုးဆော်စာ တင်လိုသူများနှင့် အိမ်သို့စာပေးလိုသူများသည် တန်းစီရာမှ ရှေ့တလှမ်းတိုး ရပ်ရပါသည်။ ကိုယ်ပြောလိုသည်ကို အတိုချုပ် "အသနားခံ စာတင်လိုပါသည် သခင်" သို့မဟုတ်"အိမ်စာရေးလိုပါသည် သခင်" စသည်ဖြင့် ပြောရပါသည်။ အပိုမပြောရပါ။ ထောင် ပိုင်က ထောင်မှူးကြီးအား "တင်ပေးလိုက်ပါ"ဟု အမိန့်ချ သည်။ ထောင်မှူးကြီးက မှတ်စုစာအုပ်တွင် ရေးမှတ်ပြီးသော အခါ ကိုယ့်နေရာ ကိုယ်ပြန်ရပ်ရပါသည်။ ခေါင်းမငြိမ်သူ၊





www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းမွေးရှိသူ၊ အဝတ်အစားညစ်ပတ်သူများကို မှတ်သား
ပြီး ချက်ခြင်း တိုက်ပိတ်အပြစ်ပေးပါသည်။

အခြားမကြေမနပ်သည့် ကိစ္စများကို ထောင်ပိုင်တိုင်လျှ
ထောင်ပိုင်ကြီးက ထောင်မှူးကြီးအား "ဘယ်လိုဖြစ်တာလဲ
စစ်လိုက်ပါ" ဟု အမိန့်ချသည်။ ထောင်ပိုင်ကြီးသည် ထို
ရာမှ ရှေ့နားသို့ရောက်သွားလျှင်ပင် နောက်မှ ဝါဒါများ
ဘုတ်ကိုင်များ၊ ဘာယာများက ၎င်းအကျဉ်းသားကို ထို
ရာတွင်ပင် ဆွဲထုတ်ကာ "မင်းအဘေကကော ဘာတတ်
သလဲ"ဟု ပြောပြောဆိုဆို ဝိုင်းကန် ရိုက်နှက် နှိပ်စက်
တိုက်သို့ခေါ်သွားပါသည်။ဤသို့ဆူဆူညံညံ ဖြစ်သော်လည်း
ထောင်ပိုင်များမှာ နောက်ကို ပြန်လှည့်ကြည့်သော အလေ့
မရှိပါ၊ ရှေ့ကိုသာ ကြည့်သွား၍ နောက်မှာ ဘာဖြစ်နေသည်
ကို မသိပါ။ သိလည်း သိလိုဟန်မရှိပါ။

အချို့လက်ကောက်များက "ငါ့နားရောက်လာတာ
တို့ညံ့လို့၊ တော်တော်ကြာ ငါ့ထက် ကြီးတဲ့လူဆီတော
ရောက်ဦးမှာ နှုတ်လုံအောင်ပိတ်ရတယ်"ဟု ထောင်ပိုင်များ
က ဖွင့်မပြောသော်လည်း ဤသို့နားလည်ရသည်ဟု ဆို
သည်။

အကျဉ်းသားများမှာ တန်းစီသောနေ့တွင်သာ ထော
ပိုင်၊ ထောင်မှူးများနှင့် တိုက်ရိုက် ပြောဆိုခွင့်ရကြပါသည်
အခြားနေ့များမှာဆိုလျှင် လုံးလုံး တွေ့ခွင့်မရပါ။ တွေ့
ပြောဆိုခွင့်ပေးထားသည် ဆိုသော်လည်း ပြောဝံ့သူမရှိ
အသနားခံစာတင်ရန်၊ အိမ်စာပေးရန်ကိစ္စများကိုလည်း တ
စီချိန်တွင် ပြောဆိုလိုက်ခြင်းမှာအရာမရောက်ပါ။ ထောင်မှူး
ကြီးက မှတ်စုစာအုပ်တွင် ရေးသည်ဆိုသည်မှာ လည်းဖေ



မပါသောကာင်မရာနှင့်ဓါတ်ပုံရိုက်သကဲ့သို့ပင်ဖြစ်ပါသည်။ အ
ခြား နည်းများနှင့်သာ ကြိုးစားကြရပါသည်။ ထို့ကြောင့်
လည်း မည်သူမှ မလျှောက်ကြပါ။ အပါးမဝသူများသာ
လျှောက်နေသေ့ရှိပါသည်။ ကျွန်တော်လည်း တယောက်စကား
တယောက်နားနှင့် သိထားပြီးဖြစ်၍ ဘုတ်တုတ်ပင်မလှုပ်ပါ။

ထောင်ပိုင်ကြီးနှင့် အဖွဲ့သည် အားလုံး ကြည့်ရှုစစ်ဆေး
ပြီးသွားသောအခါ အိပ်ဆောင်တခုမှထွက်ပြီး အခြား အိပ်
ဆောင်သို့ ကူးသွားပါသည်။ "အားလုံးသိမ်း"ဟုတန်းစီးက
အမိန့်ပေးသောအခါ ကိုယ့်ပစ္စည်းများ ကိုယ်ယူ၍ အခန်း
ထဲတွင် ပြန်ထားရပါသည်။ အိပ်ဆောင်အားလုံးစစ်ဆေးပြီး
သောအခါထမင်းဆွဲ သွားရပြီး ညနေအလုပ်ဆက်ဆင်းရပါ
သည်။

ဤသို့နှင့်ပင် သောကြာနေ့သို့ ရောက်လာပါသည်၊ ဟင်း
ကောင်းစားရမည်ဖြစ်၍ ပျော်သလိုလိုရှိပါသည်။ ကျွန်တော်
တို့မှာ တပတ်တခါသာ ဝက်သား ၄အောင်စ သို့မဟုတ်
ငါး ၂အောင်စ၊ သို့မဟုတ် ဘဲဥ ၂လုံး ဟင်းကောင်း စားရ
ပါသည်။

အလုပ်လုပ်ရသည့် ဆန်ရုံသို့ရောက်လျှင် တံမြက်စည်းကို
ကိုင်ကာ လှဲစရာများကို လျှောက်လှဲရပါသည်။ဦးလေးချစ်မှာ
ဆန်ပြာနေပါသည်။ ခဏမျှကြာသော် "ဟေ့ လက်ကောက်
ကြီး ဒီကြိတ်ခုံလာလှည့်လှဲ့"ဟု တန်းစီး သော်တာက အော်
ပြောသံကြားရ၍ ဦးလေးချစ်ကို ခေါ်မှန်းသိပါသည်၊ သူတို့၏
ဇာတ်လမ်းစပြီ ဟု ထင်လိုက်မိပါသည်။ ဆန်ရုံတွင်တန်းစီးက
အချိန်မရွေး ခိုင်းချင်ရာ ခိုင်းနိုင်သောကြောင့် မလိုသူကို ချက်
ခြင်း ပြောင်း၍ ခိုင်းခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကွဲကြီး"ခေါ်သော ကြိတ်ဆုံကြီးမှာ နွားမည်းကြီးလှ... သည်။ အတော်ဗလကောင်းသော လူ ၂ယောက်ပင် ချွေးသီး... ချွေးပေါက်ကျအောင် လှည့်ရပါသည်။ တနေကုန်လှည့်ရ... ဆိုလျှင် နောက်တနေ့ ကိုယ်လက်နာပြီး ဆေးရုံတက်ရသ... မှာ သေချာပါသည်။ ဦးလေးချစ်က ဆန်ကာကို အသာချ... ကြိတ်ဆုံဆီသို့ သွားပါသည်။

"ငါတယောက်ထဲလားကွ"ဟု ဦးလေးချစ်က မေး... သည်။ "ဟုတ်တယ် တယောက်ထဲကြိတ်၊ လူမရှိဘူး"

"၂ယောက်ကြိတ်လို့မှ မနိုင်တဲ့ဟာကို ငါလို ဘူ... တယောက်ထဲ နိုင်မလား"

"ခွေးမသား ရှည်လိုက်တာသွားကြိတ်ချေ။"

"တယောက်ထဲတော့ မကြိတ်နိုင်ဘူး"

ထိုအခါ သော်တာက "မကြိတ်နိုင်ရင်ရေ့"ဟုပြောပြော... ဆိုဆိုပင် နံပတ်တုတ်နှင့် ပြေးထုလိုက်ပါသည်၊ ဦးလေးချစ်... အင့်ကနဲ အော်ကာ ဘေးသို့လဲကျသွားပါသည်။ ဘယ်အ... က ပြိုးသားမှန်းမသိသော တုတ်ကိုင်ဗျူးပုလိပ်များကလ... လဲနေစဉ်ဝင်၍ ခြေနှင့်ကန် တုတ်နှင့်ထုပါသည်။ ဦးလေးချ... အဖြစ်မှာ မြင်မကောင်းပါ။ ကျွန်တော် ဦးလေးချစ်အ... ပြေးသွားရန် ကြိုးစားသောအခါ"တဲ့ကောင်မ နှင့်လ... သွားမလို့လား"ဟု ဘာယာတယောက်က ဆဲဆဲဆိုဆိုန... ဆောင့်လိုက်ပါသည်။ ကျွန်တော်ဘာမှ မတတ်နိုင်ပါ၊

ဦးလေးချစ်ကိုတော်တော်ရိုက်ကြပါသည်။"ဟေ့ကော... ပုံစံ"ဟု သော်တာက အော်လိုက်သောကြောင့် ဦးလေး... မှာ ပုံစံထိုင်လိုက်ရပါသည်။



"ခိုင်းတာလုပ်မလား" ဘာယာ တယောက်က မေးပါသည်။

"လုပ်နိုင်မှ လုပ်မှာပေါ့"

"မင်းကအာဏာဖီဆန်သလား"ပြောပြောဆိုဆိုနံဘေးကို တုတ်နှင့်ထုလိုက်ပါသည်။

"ဟေ့ကောင်"

"ဘာလဲ"

"ကြည့်စမ်း မလေးမခန့်နဲ့ ရှင်လို့ထူး"

"မထူးဘူး"

"အာဏာဖီဆန်ပြန်ပြီ ခွေးကောင်"ဟု ဆို၍ နားရင်းတချက်တီးလိုက်ပါသည်။ ပါးစပ်မှ သွေးများ ဖြာကျလာပါသည်၊

"ဟေ့ကောင်တွေ ငါ့မှာအပြစ်ရှိရင် ရုံးတင်ကွ မင်းတို့ရိုက်စရာမလိုဘူး"

"အောင်မာ....လက်ကောက်က လှုပါးဝလို့"ဟု သော်တာက အော်ကာ ကျောကိုဖနောင့်နှင့်ပေါက်လိုက်ရာရှေ့သို့ ထိုးကျသွားပါသည်။ "တယ်ခေါင်းမာတဲ့ အကောင်"ဟု ပြောရင်းလေးငါးချက် ဆင့်ရိုက်ကြပါသည်။ ဦးလေးချစ်သည် အတော်အသဲကောင်းပါသည်။ မညည်းမညူ အရိုက်အနှက်ခံပါသည်။ ရိုက်သူများသည် အတော်မောသွားဟန်တူသည်၊

"ဟေ့ပုံစံထိုင်"

ဦးလေးချစ်လဲနေရာမှ ကားယားထ ထိုင်လိုက်ပါသည်၊ "ရှင်မထူးသေးဘူးလား"ဟု တယောက်က မေးပါသည်"တသက်လုံး မထူးဘူး"ဟု ဦးလေးချစ်က ပြန်ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်းမထူးနဲ့ အုံးကွာ"ဟုဆိုကာ တယောက်က နံပင် တုတ်နှင့် ကျောကိုထုလိုက်ပါသည်။ ဦးလေးချစ်မှာ မှောက်လဲသွားပြီး သွေးအန်ပါတော့သည်။ သော်တာနှင့် ပုလိပ် ၃ယောက်မှာ သူတို့လက်လွန်နေမှန်းသိ၍ တယောက်မျက်နှာ တယောက်ကြည့်ကာ အံ့အားသင့်နေကြပါသည်။

"ကိုင်း ဆွဲခေါ်ဟေ့၊ ရုံးတင်ရအောင်"ဟု သော်တာက လှမ်းပြောလိုက်ပါသည်။ ဦးလေးချစ်မှာ ပြန်မထနိုင်တော့ပါ။ ဗျူးပုလိပ် ၂ယောက်က တဘက်တယောက် တွဲကာ ခေါ်သွားကြပါသည်။ ကျွန်တော်လိုက်လိုသော်လည်း မလိုက်ရဲပါ။ ဆန်ရုံအလုပ်သမားများက အဓိပ္ပါယ်ပါသော မျက်လုံးများနှင့် ကျွန်တော့အား လှမ်းကြည့်ကြပါသည်။ ကျွန်တော့်ကြောင့် အညှဉ်းဆဲခံရမှန်းသိကြဟန်တူပါသည်။ ဝက်သားဟင်းလေးစားရမည်လားဟု မျှော်သလိုလိုရှိသော ကျွန်တော့စိတ်မှာ လွင့်သွားပြီး ဒိုချင်စိတ် ပေါက်လာပါသည်။ "ငါ့အလှည့်ဘယ်တော့လဲ"ဟု တွေးမိပြီး ကျောချမ်းလာပါသည်။ ဂျပန်အညှဉ်းဆဲကို အမျိုးမျိုးခံရစဉ်က ကျွန်တော် တောင့်ခံခဲ့ပါသည်။ ယခု ဦးလေးချစ်ကို မင်းမဲ့ တိုင်းပြည်ပမာ ညှဉ်းဆဲသည်ကို တွေ့ရသောအခါ ဤဘီလူး စီးနေသူများ၏ဘေးမှ လွတ်မှ လွတ်နိုင်ပါ့မလားဟု တွေးတောအားငယ်မိပါသည်။

တနာရီခန့် ကြာသောအခါ သော်တာတို့ ပြန်လာကြပါသည်။ "ခွေးမသားတွေ ကိုယ့်အလုပ်ကိုယ်လုပ်တာ မဟုတ်ဘူး" ဟု စုပြီး စကားပြောနေသူများကို ဆဲလိုက်ပါသည်။ အားလုံး ကိုယ့်အလုပ်ကိုယ် လုပ်နေကြပါပြီ။ သော်တာက ကျွန်တော့်အနားလာပါသည်။



"ညီလေး စိတ်မကောင်းဖြစ်ရတယ် ထင်တယ်၊ ထောင်ထဲမှာ ဒီလိုဘဲ ပုံစံ ထောင့်မကျိုးရင် ခံရတာဘဲ၊ ဒါပေမဲ့ ညီလေးကိုတော့ မှဲ့ တပေါက် မစွန်းရအောင် အစ်ကိုစောင့်ရှောက်ပါမယ်ကွာ"ဟု လာချော့ပါသည်။

"သွား-သွား ခင်ဗျားမျက်နှာ မကြည့်ချင်ဘူး"ဟု ပြောရင်း တဘက်သို့ လှည့်နေလိုက်ပါသည်။

"ဟဲ-ဟဲ ညီလေး စိတ်ကောက်ပုံက ချစ်စရာကြီးဘဲ"ဟု အရှက်မရှိသောမျက်နှာနှင့် ကျွန်တော့်နား တိုးကပ်လာပြန်ပါသည်။ နံနက် အလုပ်ဆင်း ခရာ မှုတ်သောကြောင့်သာ စကားဆက်ပြတ်ပြီး ထမင်းဆွဲရန် ထွက်လာခဲ့ရ ပါသည်။ ထိုနေ့တနေ့လုံး ကျွန်တော့်နားသို့ သော်တာမလာတော့ပါ။ ညနေ အလုပ် ဆင်းချိန်တွင် ဦးလေးချစ်မှာ ချောင်းဆိုးသွေးပါရောဂါရှိ၍ အပြင်ဆေးရုံထုတ်သွားသည်ဟု ကြားရပါသည်။ ကျွန်တော့်ရှေ့တွင် တုတ်နှင့်ထု၍ သွေးအံ့သူကို ချောင်းဆိုးသွေးပါ ရောဂါကြောင့်ဟု ပုံပြောင်းလိုက်ပုံမှာ ထူးခြား လှပါသည်။ သော်တာတို့ အဆက် ကောင်းပုံ၊ ဩဇာရှိပုံကိုတွေးမိနိုင်ပါသည်။ ဤသို့လျှင် ဘာ့ယာတန်းစီးများ ကမောက်ကမ လုပ်သည်များကို သူတို့၏ ဆရာများက ချက်ကျကျ အကာအကွယ် ပေးကြပါသည်။

ညနေအိပ်ဆောင်ပိတ်ပြီးသောအခါကျွန်တော်တယောက်တည်း ချာလည်လည်ဖြစ်နေပါသည်။ ထောင်ကျစက ထိုနေ့အထိ ဦးလေးချစ်၏ အစောင့် အရှောက် အားပေးမှုနှင့် နေလာခဲ့ရာမှ တယောက်တည်း နေရသောအခါ အတော်နှင့်ပင် အားငယ်ပါသည်။ ထိုသို့ စိတ်အားငယ်ငယ်နှင့်ပင် အိပ်ရာသို့



www.burmeseclassic.com

www.burmeseclassic.com

ဝင်တော့မည်အလုပ်တွင် "ဟေ့ကောင် ဒီနားမအိပ်နှင့်"ဟု ဘေးမှ အကျဉ်းသားတယောက်က နှင်ပါသည်။

"ကျွန်တော့်နေရာ ကျွန်တော်နေတာ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"မင်းဟာမင်းနေပေမဲ့ ငါကဘိုးချစ်လိုအမိုက်မခံနိုင်ဘူး၊ ဟိုဘက်သွားကွာ"ဟု ပြောပြော ဆိုဆို ကျွန်တော့် အိပ်ရာများကို မိလ္လာနားသို့လွှင့်ပစ်ပါသည်။ ကြီးနိုင်ငယ်ညှဉ်းသော ဤထောင်လောကတွင် အားကိုးရာမဲ့ ဖြစ်နေသော ကျွန်တော်မှာ အိပ်ရာခင်းနှင့်စောင်ကိုပိုက်ကာ အိပ်စရာ နေရာပင် မရသလို မတ်တတ်ရပ်ပြီး ငေးနေမိပါသည်။ အားလုံးက ကျွန်တော့်ကို ကျောခိုင်းနေကြပါသည်။ မကူညီကြ၊ မမေးမမြန်းကြပါ။

"ဟေ့ ဘယ်ကောင်လဲကွ၊ ငါ့ညီလေးကိုမာန်နေတာ"ဟု သော်တာက ထဆဲလိုက်ပြီး "ညီလေးအစ်ကိုနဲ့လာအိပ်"ဟု ဆိုကာ လာဆွဲ ခေါ်ပါသည်။

"မလိုက်ဘူးဗျာ၊ နေရာ မရှိရင် ဘာယာလမ်းမှာ အိပ်မယ်"ဟုပြောပြီး ခေါင်းရမ်းလိုက်ပါသည်။

"အိပ်စရာနေရာ ရှိရက်နဲ့ ဘာယာ လမ်းမှာ အိပ်ရင် တက်ကိုနင်းမယ်"ဟုဘာယာတယောက်ကထကြိမ်းပါသည်။

"လာပါညီလေးရာ၊ မမိုက်ပါနဲ့၊ အစ်ကိုက ညီအရင်းလို ချစ်လွန်းလို့ ပြောနေတာပါ"

တခန်းလုံး ဝါးကနဲ ရယ်လိုက်ကြပါသည်။ ရှက်လည်း ရှက်လှပါသည်၊ ဘာလုပ်ရမည်၊ ဘယ်သူ့ကို အကူအညီ တောင်းရမည်ကို မသိတော့ပါ။



"ခင်မမမူ မူနေသဟေ့"ဟု ချောင်တချောင်မှ လှောင်သံ ထွက်လာပါသည်။

"ဘယ်မအေရှီးလဲကွ"ဟု ကျွန်တော်က ဒေါသ ထွက်လွန်း၍ လှမ်းဆဲလိုက်ပါသည်။

"ရှက်ရမ်းရမ်းပြီဟေ့"ဟု တယောက်ကထပြောလိုက်ရာ ဝါးကနဲ ပွဲကျသွားပါသည်။

စဉ်းစား ကြည့်ပါသည်။ ကျွန်တော် ဘာလုပ်ရမှန်းကို မသိတော့ပါ၊ ဟစ်လို့သာ ငိုလိုက်ချင်ပါသည်။ သော်တာက "လာပါ ညီလေးရာ"ဟု အတင်း ဆွဲရာမှ အတင်း ပွေ့ပါတော့သည်။ "လွှတ်ဗျာ လွှတ်"ဟု အော်ရင်းအတင်းရုန်းပါသည်။ ဘာယာတယောက်က [illegible] ကျွန်တော့် ခြေနှစ်ချောင်းကို ကိုင်ဆွဲပါသည်။ ခြေ[illegible]ကန် လိုက်သော်လည်း မရပါ၊ ပုခက်လွဲပါသွားပါသည်။ သော်တာ၏ အိပ်ရာဘေး တွင်အိပ်ရာခင်းပြီးသားနေရာပိုတခုရှိပါသည်။ ကျွန်တော့်ကို ထိုအိပ်ရာပေါ် အသာချလိုက်ကြပြီး ထိုင်လိုက်ကြပါသည်။ ကျွန်တော် တော်တော်ပင် ဝမ်းနည်း အားငယ် သွားပါသည်။

ပုံစံ သတ္တုလတ်စောင် ၂ ထည်ကို ထပ်မင်းပြီး အပေါ်တွင် နံငယ်ပိုင်း ပိတ်ဖြူကို အိပ်ရာခင်းသဖွယ် ထပ်ခင်းထားသော ကြောင့် အပို အိပ်ရာမှာ မွေ့ရာကလေးသဖွယ် ဖြစ်နေပါသည်။

"ဟေ့ - သော်တာကြီး ဘာလက်ဖွဲ့များ လိုချင် သေးသလဲကွ"

"ဒို့တော့ နံငယ်ပိုင်းဘဲ တတ်နိုင်သဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"အေး–ဆေးဘူးလုပ်ထားတဲ့ ပေါင်ဒါဘူးတော့ ပေးနိုင်သေးတယ်"

"မင်္ဂလာဆောင်အထိမ်းအမှတ်အဖြစ် နက်ဖြန် ဝက်သားကျွေးမယ်ဟေ့"စသည်ဖြင့် ဘာယာ ၅ ယောက် တပျော်တပါးကြီး နောက်ကြ ပြောင်ကြ လုပ်နေကြပါသည်၊ သူတို့ဆိုလိုသည်များကိုလည်း ကျွန်တော် ကောင်းကောင်း ရိပ်မိပါသည်။

ကျွန်တော့်ကို စောင့်ရှောက်ကြည့်ရှုနေသော ဦးလေးချစ်အား အပြစ်မရှိဘဲ အပြစ်ရှာ၍ ခွဲထုတ်လိုက်ကြပါပြီ။ တခန်းလုံးကို ကြိုတင်၍ အာဏာနှင့် ညှိထားပြီး ကျွန်တော့်ကို အကြပ်ကိုင်နေကြပါပြီ။ ကျွန်တော်မှာ အနေရကျဉ်းကျပ်ပြီး ချွေးစီး ချွေးပေါက်တွေ ကျနေပါသည်။

ခဏနေလျှင် အပြင်မှ ထောင်ဝါဒါ တယောက်က "ဟေ့ ဒီအခန်းမှာ ထွန်းမြင့် မရှိဘူးလား" ဟု မေးလာပါသည်။ "ဒီမှာ ဒီမှာ"ဟု ဝမ်းသာအားရ ထ၍အော် လိုက်ပါသည်။ အားကိုးစရာ တခုခုဟု မြော်မှန်းမိပြီး ဝမ်းသာသွားခြင်းဖြစ်ပါသည်။

"ရော့ရော့"ဟု စာခေါက်ကလေးပေးကာ လှည့်ထွက်သွားပါသည်။ ကျွန်တော် ပြောချင်တာတွေကိုလဲ ဘာမှ မပြောလိုက်ရပါ။

မောင်သောင်းနှင့် မောင်ကိုတို့ အင်းစိန်ထောင် ပြောင်းမည့်အကြောင်း၊ ကျွန်တော့်ကို ကောင်းကောင်းနေဘို့ မှာသည့်အကြောင်း စာသာဖြစ်ပါသည်။

ဝါဒါတယောက်ကိုပိုက်ဆံပေး၍ ၂ဆောင် မောင်သောင်းက ပေးလိုက်ခြင်းဖြစ်ပါသည်။



သော်တာသည် ရှုတ်ရက် စာကို ချကြည့်ပြီး "မင်းက အမှုတွဲတွေပါသေးသကိုး၊ အော်–နက်ဖြန် အင်းစိန် ပြောင်းရမဲ့ ဟိုကောင် ၂ယောက်လား၊ မင်းက ငှုမိုက်ကြီးကိုးကွ၊ ငါတောင် ကြောက်ပါသေးရဲ့"ဟု မခန့်လေးစားပြောကာ ထိုစာရွက်ကလေးကို ယူသွားပါသည်။

ကျွန်တော်လည်း သံတိုင်ကိုင်ပြီး အပြင်ဘက်သို့ လှည့်၍ ငေးနေပါသည်။ ခဏမျှကြာသော် ဘာယာ တယောက်က "ကိုသော်တာက ခေါ်နေတယ်၊ ထမင်း စားကြအုံးစို့၊ လာလကွာ"ဟုပြောဆိုကာ ခေါ်ပါသည်။ အကြမ်းဘက်၍ ကား ရမည်မဟုတ်ပါ၊သို့၍သာနာစရာရှိပါသည်။ ထို့ကြောင့် အကြံယူပြီး လိုက်သွားပါသည်။

"လာဟေ့ ထမင်းစားပါအုံး"ဟု သော်တာက လှမ်း ခေါ်ပါသည်။ ပုံစံပုဂံကို လှန်လိုက်သောအခါ ဘီကလပ်က ထမင်းဟင်းအပြင် ငါးကြော်၊ ပုဇွန်ကြော်တွေပါ ပါသည်၊ စားကောင်း သောက်ဖွယ်တွေ ပြည့်နေပါသည်။ "စားပြီး ခဲ့ပြီ၊ မစားပါရစေနှင့်"ဟု ပြောပါသည်။ ကိုသော်တာက "စားပါကွ၊ ဘာစိုးရိမ်စရာ ကြောက်စရာရှိသလဲ၊ ဘယ်သူ့ လူထင်ရမလဲ၊ စားပါကွ" ဟု ငွတ်အတင်း တိုက်တွန်းပါ သည်၊ အစား အသောက်ကောင်း ငတ်နေသည်မှာ ကြာပြီ ဖြစ်သည်က တကြောင်း၊ မစားလည်း အကြောင်းထူးမည် မဟုတ် သည်က တကြောင်းနှင့် ရေလိုက် ငါးလိုက်နေရ သက်သာမည်ကို တွေးမိသည်ကတကြောင်းကြောင့် ငြိမ်နိုင် ပြီး စားလိုက်ပါသည်။

အခန်း ၅တွင် လူ ၃၀ခန့်ရှိပါသည်။ သို့ရာတွင် သူတို့ မှုပြင်စီမံ သမျှ နာခံရမည့်သူများသာဖြစ်နေကြပါသည်၊သူတို့

www.burmeseclassic.com

www.burmeseclassic.com

ကို ဆန့်ကျင်ဘက်ပြုသူ၊ သူတို့အလိုကို ဖယ်ရှားသူများဆိုလျှင် နံနက်မိုးလင်းလျှင် အကြောင်းရမယ်ရှာကာ မိန်းဂျေးသို့ ခေါ်သွားပါသည်။ တရားသဖြင့် ဘာမှထုချေရှင်းလင်းနိုင်ခွင့် မရှိပါ။ သူတို့ပြောသည့်အတိုင်းပင် မိန်းဂျေး ထောင်မှူးက အရေးယူ တိုက်ပိတ်ပါသည်။ တိုက်ထဲတွင် အညှဉ်းဆဲခံကြရသည်များကိုလည်းကျွန်တော်ကြားသိရပြီးသားဖြစ်ပါသည်။

ငတ်နေသည်မှာ ကြာ၍လားမသိ၊ ကြက်သားဟင်းမှာ အလွန်စားကောင်းပြီး အလွန်အရသာရှိနေပါသည်။ ကြက်သားဟင်းကိုသာ အရသာတွေ့တိုင်း ဗိစား၍ ရိဝေဝေပင် ဖြစ်နေပါသည်။ ထမင်းစားပြီးသောအခါ ဆေးလိပ်သောက်ဆိုပြီး ပဲခူးက စကြာဆေးလိပ် တလိပ်ပေးပါသည်။

ရန်ကုန်ထောင်သို့ရောက်သည့်နေ့မှ ထိုနေ့အထိ ဆေးလိပ်တခါမှ မသောက်ရသေးသောကြောင့် အားပါးတရဖွာရှိုက်သောက်ရှုလိုက်ပါသည်။ မသောက်ရသည်မှာ ကြာ၍လားမသိ၊ဖက်စိမ်းနံ့ ခပ်ရွှေရွှေထွက်နေပါသည်။ဆေးလိပ်သောက်ရင်း ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုကာကွယ်ရမလဲဟု စဉ်းစားနေရင်းပင် ဇက်ကြောလေး၍ မျက်စိမှေးလာပါသည်။ အမိုးကို စိုက်ကြည့်နေမိရာ ချာချာလည်နေသည်ဟုထင်ပါသည်။

အခန်းအလယ်တွင် ထွန်းထားသော မီးသီးမှာ စဉ်အိုးလောက်ကြီးနေသည်ဟု ထင်ပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော် စဉ်းစားမိလာပါသည်။ ကြက်သားဟင်းတွင် ဆေးခြောက်ခတ်ထားပြီး ဆေးပေါ့လိပ်ထဲတွင်လည်းဆေးခြောက်ထည့်ထားဟန်တူပါသည်။ ဆေးခြောက် မူးသူများဖြစ်သည့်အတိုင်း လက်တွေ့ ခံစားနေရပါသည်။ ဘယ်ညာလှည့်ကြည့်မိရာ ထန်းပင်တမျှ သံတိုင်ကြီးများ၊ သစ်သားတိုင်ကြီး



များနှင့် ယကွင်းလောက်ကြီးမားသည့် မျက်စိများနှင့် စိုက်ကြည့်နေသော သော်တာကို တွေ့ရပါသည်။ အကြောက်လွန်ပြီး ကြူကြူပါအောင် ငိုမိပါသည်။

ဘူးကြီးမှ ဇမောင်းထိုးလိုက်ပါသည် "ဟေ့ အိပ်နိုန် အိပ်ချိန်"ဟု အော်လိုက်သောကြောင့် ညဥ့်ဦးဘာယာက ဘာယာစာရင်းကို နောက်တယောက်လက်သို့ ပြောင်းပေးပြီးကြောင်း သိရပါသည်။ အခန်းထဲရှိ လူအများမှာ အိမ်အကြောင်း၊ မိန်းမအကြောင်း၊ အလှူအကြောင်း၊ ပုံတိုပတ်စစသည်ဖြင့် ပြောနေကြရာမှ အော်သံကြောင့် မီးကိုရေနှင့်သတ်လိုက်သကဲ့သို့ ငြိမ်ကျသွားပါသည်။

သော်တာသည် ကျွန်တော့် အနားသို့ တိုးလာကာ "ဘာဖြစ်လို့ ငိုရတာလဲ"ဟု မေးပါသည်။ ကျွန်တော့်တကိုယ်လုံးမှာ ဘီလူးသူရဲတွေ စီးနေသလို လေးလံထိုင်းမှိုင်းပြီး မလှုပ်မရှားချင် ဖြစ်နေပါသည်။

"ညီလေးရာ အားမငယ်ပါနဲ့ကွာ၊ လူဆိုတာ တမိသားနဲ့ တမိသားချစ်ခဲ့လှကြပါတယ်၊ အချစ်ဆိုတဲ့ တရားဟာ နယ်ကျယ်လွန်းလှပါတယ်၊ လူတိုင်းမှာ ချစ်တတ်တဲ့ စိတ်တွေရှိကြပါတယ်၊ ဒါပေမဲ့ လူတိုင်းချစ်ကြတဲ့ အချစ်တွေဟာ မတူကြပါဘူး၊ ယောက်ျားနဲ့ မိန်းမဟာ သဘာဝကိုက ဖန်တီးပြီး ဖိုဓါတ် မဓါတ်အဖြစ်နဲ့ တွေ့ဆုံကြရတဲ့ သဘောရှိတယ်၊ ဒါပေမဲ့ ယောက်ျားတိုင်းဟာ မိန်းမတိုင်းကို မချစ်သလို မိန်းမတိုင်းဟာလဲ ယောက်ျားတိုင်းကို မချစ်ကြဘူး၊ ဒါကြောင့်လဲ ဓါတ်တူနံတူဖြစ်တဲ့ ယောက်ျား အချင်းချင်းပေါ်ရှိလာတဲ့ မေတ္တာ၊ ယောက်ျားအချင်းချင်းချစ်ခဲ့တဲ့ စိတ်ဟာ လူတသိန်းမှာမှ တယောက်လောက်ရှိတတ်ပြီး၊ ယောက်နှိုခဲ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ အစ်ကို့ကိုကြည့်ပါ။ အစ်ကိုဟာ ဒီထောင်ထဲမှာ ဘုရင်တပါးလောက် ပါဝါရှိတယ်၊အာဏာရှိတယ်၊ဘယ်သူ့အတွက် ကောင်းကျိုး ဆိုးကျိုးကိုမဆို ဖြစ်အောင်လုပ်နိုင်စွမ်းရှိတယ်၊ ဒါကြောင့်လဲဘဲ အစ်ကို့ကိုဆိုရင် ဘယ်သူမဆို ဖြစ်ဖြစ် အားကိုးချင်ကြတယ်၊ အစ်ကိုနဲ့ ပေါင်းပရစေဆိုတဲ့ လူတွေ အများကြီးရှိတယ်၊ အဲဒီလိုမှိုပေါက်သလို ပေါများနေတဲ့ အထဲကမှ ငါ့ညီကို ရွေးကွက်ပြီး ချစ်မိတဲ့၊ တွယ်တာမိတဲ့ စိတ်ဟာ သာမညမဟုတ်ပါဘူးညီးလေးရယ်”ဟု ပထ ခွဲ နှပ်နွဲ့နှင့်ပြောနေသော သော်တာ၏စကားသံကိုခပ်သဲ့သဲ့ ကြားနေရပါသည်။ တချိန်က မခင်လှိုင်ကလေးကို ကျွန်တော် ပြောခဲ့သည်များ၊ ကျိန်ဆိုခဲ့သည်များသည် ဤမျှပျော့ပြောင်း လိမ့်မယ်ဟု မထင်မိပါ။ အမျိုးသမီး ၁ဦးဆိုလျှင် ဤအပြော မျိုးကြောင့်နားဝင်ချင်ဝင်ပါလိမ့်မည်၊ယောကျ်ားအရင့်မကြီး ဖြစ်နေသော ကျွန်တော့အဘို့မှာမူ နားခါးလှပါသည်၊ သေ ငယ်ဇောနဲ့ မျောနေသည့် လူမမာတဦး၏ ညည်းညူသံနှ သာ တူနေပါသည်။

“တော်ဗျာ နားငြီးလွန်းလို့”ဟု ပြောပြီး ကဘက်သို့ စောင်းလိုက်ပါသည်။ သော်တာက ကျွန်တော့်အနား တိုးလာကာ ကျွန်တော့်ကို အတင်းပွေ့ပြီး ဖက်နမ်းပါတော့ သည်။ ထောင်ထဲရောက်စ ထိုအခါက ကျွန်တော်မှာ အသား အရေစိုစိုပြေပြေ၊ပြည့်ပြည့်ဖြိုးဖြိုးနှင့်ဖြစ်၍ကြည့်ကောင်းနေ သည်။ သူမက်မောမည်ဆိုကလည်းမက်မောလောက်ပါသည် သူ့ရင်ခွင်တွင်းမှ အတင်းရုန်းကန်နေရပါသည်။ဆေးခြေ မူးနေ၍လားမသိ၊ လွတ်အောင်မရုန်းနိုင်ပါ။



“ငါ့ညီကို အစ်ကိုလောက် ချစ်နေပါတယ်ကွာ၊ မင်း ထောင်ထဲမှာနေသမျှကာလပတ်လုံး၊ ထိပ်တန်းနေရာ ရောက် အောင် ငါပို့ပေးပါ့မယ်၊ မင်းဘာလိုချင်သလဲ၊ မင်းလိုချင် တာကို ငါရအောင် ဆောင်ကြဉ်းပေးပါ့မယ်၊ ငါဘာလိုချင် နေတယ်ဆိုတာလဲ မင်းသိတယ်မဟုတ်လား၊ မင်းငါ့အနား ရောက်အောင် ကြံရလုပ်ရတာလဲ ငွေ ၁၀၀ ကျော်ကျော်ကုန် နေပါပြီ”ဟု သော်တာကတိုးတိုးပြောလှာပြန်သည်။

“လွယ်လွယ်နဲ့တော့ ရမယ်မထင်နဲ့၊ ကျွန်တော် သေရင် တော့ မပြောတတ်ဘူး”

“မင်းခုထက်ထိ မလျှော့သေးဘူးလား၊ မင်းထက်ခေါင်း မာတောင့်တင်းတဲ့ အကောင်တွေကိုတောင်ငါတို့လုပ်ချင်တာ လုပ်လာခဲ့တာဘဲ၊ မင်းကိုသာ ငါချစ်လွန်းလို့ အနုနဲ့ ပြော နေတာ၊ တို့ဘာကောင်တွေဆိုတာကော မင်းမသိသေးဘူး လား”

သော်တာ၏ အသံမှာ နုနဲ့မာလာပါသည်။ စောစောက ကဲ့သို့မဟုတ်၊ တော်တော်ဒေါသသံပါလာပါသည်။

နာရီသံချောင်း ၃မောင်းခေါက်ပါသည်။ဘာယာများက ရှည်လျားစွာအော်လိုက်ပြီးနောက် တဆောင်လုံး ဆိတ်ငြိမ် နေပါသည်။ ကျွန်တော်မှာ သော်တာ၏ ရင်ခွင်ထဲမှာပင် ရုန်းတုန်း ကန်တုန်းဘဲ ရှိပါသေးသည်။ ဆေးခြောက်တန်ခိုး ကြောင့် ရုန်းသည်ဟု ထင်မိသော်လည်း ရုန်းချင်မှ ရုန်းမိပါ မည်။ နောက်တော့ ခြေကုန်လက်ပန်းကျပြီး ဘယ်လိုမှ မလှုပ် နိုင်တော့ပါ။ ဆေးခြောက်တန်ခိုးကလည်း ပို၍ အရှိန်တက် လာသောကြောင့် သတိရတချက်,မရတချက် ဖြစ်နေပါသည်။ ခဏမျှကြာသော် ကျွန်တော် သတိနည်းနည်းကောင်းလာပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အမူးလည်းပြေလာပါသည်၊ [illegible]
လည်းဖြစ်သောကြောင့် သော်တာကို ထ,ထိုးပါသည်။

တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ဆူညံသွားသောကြောင့် ကုလားဂျမဒါတယောက် ပြေးလာပြီး "ဟေ့ ဘာဖြစ်တာလဲ"ဟု မေးပါသည်။ တခန်းလုံးကလည်း ထ,ထိုင်ကုန်ကြပါသည်။ "ဖါသာအိပ်နေတာမဟုတ်ဘူး၊ အမျှားအိပ်ချိန်" ဟု ဘာယာလုပ်သူက အော်လိုက်သောကြောင့် အားလုံး ပြန်အိပ်ကြပါသည်။ ကျွန်တော်လည်းသံတိုင်နားသို့ ကပ်သွားပြီး ကုလားဂျမဒါကြီးအား ကုလားဘာသာဖြင့် အကျိုး အကြောင်း ပြောပါသည်။ ဂျမဒါကြီးက "ထောင်မှူးကြီးအား သူပြောပေးမည်"ဟု ပြောပြီးပြန်သွားပါသည်။

သော်တာက "ကုလားကို မင်းဘာပြောတာလဲ၊ မင်းပြောတာတွေ ငါနားလည်ပါတယ်ကွာ"ဟု ပြောပါသည်။ အမှန်မှာ သူဘာမှ နားမလည်ပါ။ ကျွန်တော်က ဖြစ်ပျက်သမျှအားလုံး ရှင်းပြလိုက်ကြောင်း ပြောပြလိုက်ပါသည်။ အကျဉ်းသားများသည် စောစောကတည်းကပင် မအိပ်သေးဘဲ ကျွန်တော်တို့ကို ချောင်းကြည့်နေကြမှန်း လှုပ်လှုပ်ရွရွ ဖြစ်လာခြင်းဖြင့် သိရပါသည်။ ကျွန်တော်လည်း အိပ်ရာကိုယူကာ မိလ္လာနားပြောင်းသွားပါသည်။ ဒီတခါတော့ ဘယ်သူမှ မတားကြတော့ပါ။ သော်တာကတော့ အိပ်ရာထဲတွင် ဒူးနှစ်လုံးပေါ်လက်တင်ပြီး ခေါင်းငိုက်စိုက်နှင့် ထိုင်နေပါသည်။ နောတ်တွေ့ရမည့် ပြဿနာအတွက် အကြံယူနေဟန် တူပါသည်၊ ကျွန်တော်လည်း တညလုံးမအိပ်တော့ဘဲ ငုတ်တုတ် ထိုင်နေပါသည်။ တဒင်္ဂပဟန်အတွင်း ခံစားလိုက်ရသော ကျွန်တော် ဘဝတသက်တာလုံးအတွက်ဆေးကြောဖျောက်ဖျက်မရသော



အညစ်အကြေး အစွန်းအထေးကြီးတခု ဖြစ်သွားပါသည်၊ ဦးလေးချစ် အသက်နှင့်လဲ၍ ကာကွယ်ပေးမှုသည် သဲထဲရေသွန်သကဲ့သို့ ဖြစ်သွားရပါသည်။ "အေး....ကြည့်သေးတာပေါ့ကွာ"ဆိုသော ဦးလေးချစ်၏အသံမှာနားထဲတွင်တဖြည်းဖြည်း ကျယ်လောင်လာသည်ဟု ထင်မိပါသည်။ အပြင်ဆေးရုံတွင် တက်ရောက်နေရသော ဦးလေးချစ်သာ ဒီအကြောင်းကြားလျှင် ဘယ်လိုအဖြစ်မျိုးရောက်သွားမည်ကိုမတွေးဝံ့ပါ။

နံနက်မိုးလင်း၍ ခရာမှုတ်သောအခါ ဝါဒါတယောက်က အိပ်ရာလိပ်ကိုယူခိုင်းပြီး လာခေါ်ပါသည်။ မိန်းဂျေး ထောင်မှူးထံသို့ ခေါ်သွားရာ ညကအကြောင်းတွေ မေးပါသည်၊ ဖြစ်သမျှပြောပြပြီးသောအခါ ကြိုးတိုက်သို့ ခေတ္တပို့ထားပါသည်။ ကြိုးတိုက်မှာ ကြိုးသမားများသာထားသော သီးခြားအိပ်ဆောင်တခုဖြစ်ပါသည်။ ၈-နာရီခန့်တွင် တိုက်တာဝန်ခံဂျမဒါက ထောင်မှူးကြီးထံ ခေါ်သွားပါသည်။

"ဟာ ဒီကောင်ကလေးလား"ဟုသာပြောပြီး ကြိုးတိုက်ထဲမှာဘဲနေရန်ပြောပါသည်။ ကြိုးတိုက်တွင် ကျွန်တော်တို့လိုလူငယ်ကလေးများ ၂၂ယောက်ရှိပါသည်။ အားလုံးအပေါ် ဦးပျော့ဆိုသူကို ဘုတ်ကိုင်ခန့်ထားပါသည်။ ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ်ပင် ထားပါသည်။ အလုပ်လည်း မသွားရတော့ပါ။ ဤလူငယ်တွေထဲတွင် ၂ ခြမ်း ကွဲနေပါသည်၊ တချို့မှာ သူ့အဆက်နှင့်သူရှိကြပြီး ဗိုးကရက် လက်ကြားညှပ်နေကြပါသည်၊ ကျွန်တော်နှင့် စိတ်တူသူက အားလုံး ၅ယောက်သာရှိပါသည်၊ကျွန်တော်တို့အားလုံးဆေးရုံကောင်ယာသို့အလုပ်ပြောင်းချပြီးဦးပျော့ကလိုက်ပို့ရပါသည်။ နံနက်တိုင်း ထောင်ပိုင်က'ရောင်း'လှည့်လာပြီး စစ်ဆေးပါသည်၊





www.burmeseclassic.com

www.burmeseclassic.com

သော်တာကိုမူ ဘယ်သို့မျှ အရေးမယူဟု သိရပါသည်။ သူ့အပြောနှင့်ကိုက်အောင်ပင် ထောင်မှူးကြီးအပေါ်လည်း ပေါက်ရောက်ကြောင်းသိသာပါသည်။ တခြား အကျဉ်းသား တယောက်သာ သူ့လိုကျူးလွန်လျှင် အသက်ပျောက်မတတ် ခံရမည်မှာ သေချာပါသည်။မကြာမီ ကုလားထောင်မှူးကြီး ပြောင်းသွားပြီးအလုပ်ဘက်ထောင်မှူးကထောင်မှူးကြီးဖြစ် လာပါသည်။ "ချစ်စရာကောင်းတဲ့ မျိုးနဝါကလေး" ဟု ကျွန်တော့်ကိုပြောဘူးသော ဖိုးခေါင်းချုပ် ရွှေဝင်းမှာ သံတေဖြစ် လာပါသည်၊အကျဉ်းသားသပိတ်များတွင်ယခုထောင်မှူးကြီး ဖြစ်သူနှင့် အတူကူညီ၍ ရက်မစေ့ခင် သံတေရာထူးရလာခြင်း ဖြစ်သည်။ မော်လမြိုင် ဘီလူးကျွန်းသားဖြစ်၍လက်ဖွေ့ကျော် တယောက်ဟုလည်း သိရပါသည်။ ထောင်ပိုင်ကြီး 'ရောင်း' လှည့်လာတိုင်း သူပါလာကာ ကျွန်တော့်အားဆေးလိပ်နှင့် စားစရာများ ပေးသွားတတ်ပါသည်။

ထောင်ပိုင် ပြန်ထွက်သွားသောအခါ နောက်ချန်ရစ်ခဲ့၍ "ဟေ့ ချာတိတ်ရေ့" ဟုဆိုပြီးဘောင်းဘီအိတ်ထဲမှနှိုက်ကာ ပေးသွားတတ်ခြင်းဖြစ်ပါသည်။ ကျွန်တော်မှာ ခံမှန်ဘူးသည့် စာသူငယ်လိုပင်ဖြစ်နေ၍ ခပ်လန့်လန့်နှင့်ပင် ယူထားလိုက်ရ ပါသည်။

၁၉၄၀-ခုနှစ်၊ အောက်တိုဘာလထဲတွင် ထောင်တွင်း သပိတ်ဖြစ်ရာ၊ သပိတ်ခေါင်းဆောင်များကို ကြိုးတိုက်သို့ ပို့ပါသည်။ ကလေးအချို့ကိုသာယာဝတီကလေးထောင်သို့ပို့ပစ်၍ ကျွန်တော်အပါအဝင် ၆ယောက်ခန့်ကိုမူ ဆေးရုံတိုက်သို့ ပို့လိုက်ပါသည်။သံတေရွှေဝင်းနှင့် သံတေမောင်ငွေ(ထောင်ပိုင်ကြီး၏ဘာယာ)တို့လည်း ဆေးရုံတိုက်မှာအိပ်ကြပါသည်။



သူတို့ကအပေါ်ထပ်တွင် ၂ ယောက်ထည်းနေပြီး ကျွန်တော်သို့ လူငယ် ၆ယောက်မှာအောက်ထပ်တွင်အိပ်ရပါသည်။တညနေတွင် သံတေရွှေဝင်းကသူ့အခန်းမှနေ၍ကျွန်တော့်ကိုခေါ်ပါသည်။ကျွန်တော်က မလာလိုကြောင်းခေါင်းရမ်းပြသောအခါ "ပြောစရာရှိလို့ပါကွ" ဟု သူက ပြောပါသည်။ ဒါနဲ့ ကျွန်တော်လည်း ခပ်လန့်လန့်နှင့်ပင်သူ့အခန်းသို့တက်သွားရာ—

"မင်း ဦးလေးချစ်အကြောင်း ကြားပလား" ဟု မေးပါသည်။

"ဟင့်အင်း-မကြားပါဘူး"

"အပြင်ဆေးရုံမှာ သေသွားပြီတဲ့"

"ဗျာ"....အံ့သြဝမ်းနည်းလွန်း၍ ဘာမှ ဆက်မပြောဘဲ အောက်ထပ်သို့ ဆင်းပြေးလာကာ အိပ်ရာတွင် ပစ်လှဲပြီး ငိုလိုက်ပါသည်။ ကျွန်တော့်အတွက် အသက်အသေခံ၍ သွားသော ဦးလေးချစ်သည် ဘီလူးသဘက်များ ကြားတွင် ကျွန်တော့်ဘဝကို ကာကွယ်ရင်း အသက် အဆုံး ခံသွားသော်လည်း ဦးလေးချစ်မရှိသောညမှာပင် ကျွန်တော် နစ်မွန်းခဲ့ရပါပြီ။ ဦးလေးချစ်မှာ သော်တာတို့လူစု၏ လက်ချက်ကြောင့် သွေးအံ့သော ရောဂါဆိုသည့်ဒဏ်ချက်နှင့် သေသွားရပါပြီ ကျွန်တော်အသဲနာလှပါသည်။

ကံအားလျော့စွာ ဦးလေးချစ်သေဆုံးသွားသော်လည်း ကျွန်တော့်ကို ကာကွယ်ပေးသူတယောက် ပေါ်လာပါသည်။ တောင်ယာဘက်တွင် တာဝန်ယူနေရသောဂျမဒါဝါဒါကြီးဖြစ်သည်။ ရိုက်နှက်ရာတွင်ရက်စက်လွန်း၍ အကျဉ်းသားတိုင်းက သူ့ကိုကြောက်ကြရပါသည်။ သူ၏အရေးပေး မောင်ရွှေတုတ်



www.burmeseclassic.com

www.burmeseclassic.com

မှုကြောင့် မည်သူမှမစော်ကားဝံ့ကြပါ။ ဤရက်များ အတွင်း မှာပင် ဗိုလ်မှူး ခင်မောင်မြင့်၊ ဗိုလ်မှူး အန်းဂါး၊ မွန်ဘိုးချို ဆရာသာထို၊စောဘင်ဆင်၊ နဇာမီတို့ ရောက်လာကြပါသည်။ လူကြီးလူကောင်းများရောက်လာ၍ ကျွန်တော်တို့ တိုက်ဘက် တွင် အတော်အေးဆေးနေပါသည်။ ဗိုလ်ရန်နိုင်သည် ဆေး ရုံဘေးနားက အဆောက်အဦ ကလေးတွင် နေရပါသည်။ စစ်မဖြစ်ခင် ဒေါက်တာဘမော် အဘမ်းခံရစဉ်က နေသော အိမ်ကလေး ဖြစ်သည်ဟုပြောကြပါသည်။ ယောက္ခမအငြေ သမက်ကထောင်ထဲတွင် ဆက်ခံခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကိုစောင့်ရှောက်သောဂျမဒါကြီးသည် ဘယ် သူ့လက်ချက်ကြောင့်မှန်းမသိ၊ မကြာမီပင် လာဘ်စား ကျော် စောမှုနှင့် အပြင်တောင်ယာသို့ ပြောင်းသွားရပြီး၊ ဗမာ ထောင်ကြပ်တယောက် သူ့နေရာတွင် ရောက်လာပါသည်။ သူလည်း သဘောကောင်းပါသည်။ ကျွန်တော်တို့ လူယ များကို မြက်နှတ်လောက်သာခိုင်းပါသည်။ ရွှေဝင်း(ဿံတော) ကလည်း ထိုအချိန်အထိ ဘာမှဆန်းဆန်းပြားပြား မလုပ်ဘ ပေးစရာရှိလျှင်ပေးသည်မှအပ ရောနှော ဆက်ဆံခြင်း မရှိပ ကျွန်တော်တို့မှာ အိမ်နှင့်လည်း ဝေး၊ ထောင်ဝင်စာလာချ လည်းမရှိ၍ အစားအသောက်ငတ်သောကြောင့် ဘယ်သူက ပေးပေးယူကြပါသည်။ မွန်ဖိုးချိုကိုယ်တိုင် နေ့စဉ်ကျွန်တော် ကို ဆေးလိပ် ၂လိပ် ၂လိပ် ပေးပါသည်။

လအနည်းငယ်မျှ ကြာသောအခါ အပြင်ဘုတ်သားများ ဆေးရုံတိုက်အောက်ထပ်သို့ပြောင်းလာကြပါသည်။ ဗိုလ်ကြီး တွေနှင့် လူကြီးတွေလည်း လွတ်သွား၍ အပေါ်အခန်းသို့ ကျွန်တော်တို့ပြောင်းရပါသည်။ အောက်ထပ်မှာအခန်းကျ



ကြီးတခန်းတည်း ဖြစ်ပါသည်။ အပေါ်ထပ်မှာမူအဘက်လျှ ၁၂ခန်းထိကျောချင်းကပ်အိပ်ခန်းငယ်များရှိပါသည်၊ တခန်း လျှင် ၂ယောက် ၃ယောက်စီ နေပါသည်၊ ကျွန်တော်က မြန်တန်ဆာချောင်းရင်းပိုင်းက လုယက်မှုနှင့် အနှစ် (၂၀) ကျနေသော အရွယ်တူ ညွန့်တင်နှင့် ၂ယောက်တည်း အတူ နေပါသည်။

တနေ့တွင် မိုးကြီး ရွာသောကြောင့် အလုပ်မဆင်းရပါ၊ တဖျင်းဖျင်းနှင့် သည်းထန်စွာရွာချနေသော မိုးသီးမိုးပေါက် များကိုကြည့်နေရင်းအမေ၊နှမလေးနှင့်မခင်လှိုင်တို့ကိုအောက် မေ့လွမ်းဆွတ် နေပါသည်၊ အထူးသဖြင့် အမေနှင့်နှမလေး ဘယ်ရောက်၍ ဘယ်ပေါက်နေသည်ကို တွေးမရပါ။ မခင်လှိုင် မှာမူ ဆွေမျိုးညာတိရှိပါသည်။ထို့ပြင်ခွက်တခုရှိလျှင် ထမင်း မငတ်နိုင်သူဖြစ်ပါသည်။အမျိုးအရွယ်ကလေးဖြစ်သောကြောင့် သွားလေ လာလေရာမှာ စိတ်မချခြင်း၊ ချစ်စိတ်နှင့် လွမ်း ခြင်းမှ အပ မပူလှပါ။ အမေနှင့် နှမကလေး အတွက်မှာမူ၊ တဦးက အသက်အရွယ်ကြီးသူ၊ တဦးက အပျိုပေါက်အရွယ် ငယ်ငယ်ဖြစ်သောကြောင့် စားသောက် နေထိုင်ရေးအတွက် လည်း ပူရပါသည်၊ သူတပါး စော်ကား မော်ကား ပြုမည် ကိုလည်း အလွန်ပူပင်စိုးရိမ်မိပါသည်၊ တွေးလေ တွေးလေ ငိုချင်လေဖြစ်လာသောကြောင့် အခန်းဟဲဝင်ပြီး အိပ်ပါတော့ သည်။ မှေးကနဲ ပျော်သွားသောအခါ အပေါ်က တခ် တယောက်ကဖိထားကြောင်း သိရပါသည်။ ရွှေဝင်း ရွေ အကြီးသမား လူယုတ်မာသည် မိုးသဲသဲကြီး ရွာနေသည်ကို ချက်ကောင်းယူကာ ကျွန်တော့်အသွေးအသားကို သော သုံးဘို့ မတရားကြံစည်နေပါပြီ။ တံခါးဝတွင် တေမောင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com

က စောင့်နေပါသည်။ တန်းစီးထွန်းက ဝရံတာကို ကျောပေး၍ ရပ်နေပါသည်။ ကျွန်ုတော်အင်အားရှိသမျှ ရှုန်းကန်ပါသည်၊ မရပါ။ ရွှေဝင်းမှာ လက်ဖွေ့သမားလည်း ဖြစ် ဗလကလည်း ကောင်း၊ တကျော့စိတ်ကလည်း မွှန်နေသော ကြောင့် ကျွန်တော် လွှတ်အောင်မရုန်းနိုင်ပါ။ ထွန်းက မောင်ငွေကိုဖယ်၍ ဝင်လာပြီး လက်နှင့် ခြေထောက်များကို ပုဆိုးနှင့်ချည်ပါသည်။ ၃ယောက်နှင့် တယောက်ဖြစ်နေသော ကြောင့် သာ၍ခက်ပါသည်။ ဘာမှမတတ်နိုင်တော့ပါ။ အော် သံကိုလည်း ဘယ်သူမှမကြားပါ။ တယောက်ပြီးတယောက် ထင်သလိုပြုကျင့်ကြပြီးနောက် ထွက်သွားကြပါသည်။

ရှက်လည်း ရှက်လှပါသည်။ ထောင်မှူးတွေတိုင်နေလျှင် လူသာသိမည်။ ဘာမှအကြောင်းထူးမည်မဟုတ်ပါ။ ထောင်ပိုင်ကြီးထောင်ပိုင်လေးတို့၏ အချစ်တော် ဘာယာ သံတော်ဦး ကိုယ်တိုင်က ကျူးလွန်မှုကိုမဆိုထားနှင့် ဆန်ရုံတန်းစီး သော တာ၏ကျူးလွန်မှုကိုတိုင်ခဲ့သည်မှာပင်အရာမထင်ခဲ့ပါ။ အခန်း နီးနီးနေရသူအကျဉ်းသားများကမူ ရိပ်မိကြဟန်တူပါသည်။ ကျွန်တော်သည်ဘယ်သူ့ကိုမှလည်း စကား မပြောရဲတော့ ပါ။ အခြားသူများကမူ အမျိုးမျိုး စွပ်စွဲ ကြသည်။ 'သူ့ဟာစားမှတော့ဘာချမ်းသာပေးမလဲ၊ အလိုတူလို့ရော တက်ရဲတာပေါ့'စသည်ဖြင့်ပြောကြပါသည်။ ကျွန်တော်သည် အခန်းထဲကမထွက်ဘဲ အရူးလိုဖြစ်နေပါသည်။ ထမင်းလည်း မစားနိုင်ပါ။ တခုခုတော့ အကြောင်းပြုမှဖြစ်မည်ဟု စဉ်းစား နေမိပါသည်။

အင်္ဂါနေ့တွင်ထောင်ပိုင်'ရောင်း'လှည့်လာပါသည်။ ရွှေဝင်း နှင့် မောင်ငွေတို့လည်း ပါလာပါသည်။ ကျွန်တော်ကတော့ အကြံနှင့်ဖြစ်၍ မြက်ပေါက်နေဟန် ပေါက်တူးကို ကိုင်ထား ပါသည်။ ထောင်ပိုင်လှည့်ပြန်သောအခါ ရွှေဝင်းက ကျွန် တော့်အား လှမ်းကြည့်လိုက်ပါသည်။ ကျွန်တော်က 'ခဏ လာပါ'ဟူသောသဘောဖြင့်ခေါင်းညိတ်၍ခေါ်လိုက်ပါသည်။ ဘသားချော သံတော်ဦးရွှေဝင်းမှာ ဘာတွေတွေးမိပြီး ပီတိဖြစ် နေသည်မသိပါ၊ ပြုံးပြုံး ပြုံးပြုံးနှင့် လာပါသည်။ အနား အရောက်တွင် လက်ထဲ၌ရှိသော ပေါက်တူးနှင့်ဆက်၍ဆက်၍ ၄ချက်ထိ ခုတ်လိုက်ရာ ရေကြောင်းထဲလိမ့်သွားပါသည်။

တောင်ယာဘုတ်ကိုင်က ခရာမှုတ်လိုက်သဖြင့် ဗူးကြီးမှ သံချောင်းခေါက်လိုက်ပါသည်။ ဘာယာများ၊ ပုလိပ်များ၊ ထောင် ကြပ်များ၊ ထောင်မှူးများလည်း ပြေးလာကြပါသည်။ တ ထောင်လုံးရှိ * ဗူးကလေးများမှလည်း သံချောင်းတွေခေါက် ပါသည်။ ထောင်ထဲတွင် ရိုက်မှုအကြီးအကျယ်ဖြစ်လျှင် ဤသို့ လုပ်လေ့ရှိပါသည်။ ရိုက်မှုမှာ ကြီးကျယ်သော ရိုက်ပွဲမဟုတ် သော်လည်း ထောင်ပိုင်၏ဘာယာသံတော်တယောက်ကိုရိုက် ခြင်းဖြစ်၍ ခရာမှုတ်ထောင်လှန့်ခြင်းဖြစ်ပါသည်။

"ဟေ့ကောင်လက်နက်ချ"ဟု ဘာယာများက အနား မကပ်ဘဲ ခပ်လှမ်းလှမ်းမှ အမိန့်ပေးပါသည်။ ကျွန်တော် လည်း ပေါက်တူးကိုမချဘဲ ခပ်မြဲမြဲကိုင်ထားပါသည်။ လာ လျှင် ထပ်ခုတ်ရန် စိတ်ပိုင်းဖြတ်ထားပါသည် "ဟေ့ကောင် မချဘူးလား"ဟု ထပ်အော်နေစဉ် ထောင်ပိုင် ပြန်လှည့်လာ ပါသည်။"အေးဖယ်ထောင်ပိုင်ကြီးလာနေတယ်"ဟုဘာယာ

* ထောင်အဝင်ဝ အဆောက်အဦကြီးကို ဘူးကြီး၊ ထောင် ပတ်ပတ်လည် အုတ်ရိုးများပေါ်တွင် ဝါဒါအစောင့်ချထားသော အဆောက်အဦငယ်များကို ဗူးကလေးဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တယောက်က အော်သောကြောင့် ဘာယာများလမ်းဘေးသို့ ဖယ်လိုက်ကြပါသည်။ ထောင်ပိုင်နှင့် ထောင်မှူးကြီးတို့ ကျွန်တော့်ထံ လာပါသည်။ သူတို့ကိုမူ နဂိုကပင် ရန်သူလို စိတ်မရှိသောကြောင့် ပေါက်တူးကိုချကာ ထောင်ပိုင်ရှေ့တွင် ပုံ့ဆိုင်ပြီး အဖြစ်အပျက်ကို ပြောပြပါသည်။

ထောင်ပိုင်က "မရိုက်ကြနှင့် မိုးကြိုးတိုက်ခေါ်သွား"ဟု အမိန့်ပေးလိုက်သောကြောင့် မည်သူကမှ ကျွန်တော့်အား လက်နှင့်မတို့ကြပါ။ ကျွန်တော်က ထောင်ပိုင်နောက်မှ လိုက်သွား၍ ဘာယာတုတ်ကိုင်များက ကျွန်တော့်နောက်က လိုက်လာကြပါသည်။ မိုးကြိုးတိုက်ရောက်သောအခါ ကျွန်တော့်ကို အခန်းတခုထဲသို့ ထည့်၍ တိုက်ပိတ် ထားလိုက်ပါသည်။ သံတေရွှေဝင်းသည် ထောင်ဆေးရုံတွင် တလကျော်ကျော် တက်ရောက်ကုသရပါသည်။ နဖူးက အမာရွတ်မှာ သူ့အတွက် ရာသက်ပန် တံဆိပ်တခုဖြစ်သွားပါသည်။

ထောင်တွင်း ရိုက်မှုများအတွက်များသောအားဖြင့် အပြင်ရုံးသို့ ထွက်ရပြီး အမှုဖွင့်လေ့ရှိပါသည်။ ကျွန်တော့်အမှုကို အပြင်ရုံးမတင်ပါ၊ တင်လျှင် ကျွန်တော်တွေ့ကြုံ ခံစားရသမျှ ရုံးတွင် ဖွင့်ချ အစစ်ခံမည်ဟု အားခဲထားပါသည်။ မတင်သောကြောင့် အချည်းနှီးသာဖြစ်ရပါသည်။ ရွှေဝင်းကိုယ်တိုင်က အမှုမလုပ်လိုကြောင်း ထောင်ပိုင်ကို ပြောသောကြောင့် အမှုမလုပ်ကြောင်း နောက်မှ သိရပါသည်။ အရာရှိများ၏ ပါးနပ်လိမ္မာမှုတရပ်လည်း ဖြစ်နိုင်ပါသည်။ ရွှေဝင်းသည် ကျွန်တော့်ကိုတနည်းနည်းနှင့် လက်တုံ့ပြန်လို၍လော၊ သို့မဟုတ် သူ၏ယုတ်မာမှုများ လူသိမည်စိုး၍ အမှုမလုပ်ခြင်းလော မပြောတတ်ပါ။



...င်းမှနေ၍ အယူခံ ဝင်ထားသည်ကိုလည်း ပယ်ချလိုက်ပါပြီ။ အယူခံလည်း အပယ် ခံရသောကြောင့် လွတ်လမ်းမရှိသလိုဖြစ်နေပါပြီ။ သို့ရာတွင် ဘဝကို ဖြစ်သလို ရင်ဆိုင်ရန် သန္နိဋ္ဌာန်ချထားလိုက်ပါသည်။

မိုးကြိုးတိုက်တွင်တလတိုက်ပိတ်ခံနေရပါသည်။ တိုက်ပိတ်ခံရခြင်းမှာ ထောင်တွင်း ပြစ်မှုကျူးလွန်သူများကိုပေးသော အပြစ်ဖြစ်ပါသည်။ တချို့ကော်စား၊ တချို့ရိုးရိုးတိုက်ပိတ်ထားခြင်းခံကြရပါသည်။ ရိုးရိုးတိုက်ပိတ်ခြင်းမှာ မျက်နှာတဘက် အဝင်အထွက်သာအပေါက်ရှိသော ၁၀ပေ ၆ပေ အခန်းထဲတွင် နေ့ရောညပါထည့်၍ သော့ခတ်ထားခြင်းကို ဆိုလိုပါသည်။ နံနက်မျက်နှာသစ်ရန်၊ ဂံဖလားချရန် နာရီဝက်ခန့်မျှထုတ်ပြီး တနေ့လုံး တညဥ့်လုံး ပိတ်ထားပါသည်။ ထမင်းချိန်ကျလျှင် ရိုးရိုးပုံစံထမင်းပင် သံတိုင်ပေါက်မှ လာထိုးပေးပါသည်။ အထဲတွင်သာစားရပါသည်။ မိလ္လာအပေါ့သွားရန် ဂံဖလားတလုံးပေးထားပါသည်။ နေရောင်လုံးလုံးမရပါ၊ မြောက်ဘက်သို့ မျက်နှာလှည့်ထားပြီး အဖိချထားသောကြောင့် အမြဲမှောင်နေပါသည်။ ကိုယ်လက်မလှုပ်မရှားသာသည့်အပြင် အမြဲနံစော်နေသောကြောင့် မကြာမီ အသားတွေဝါပြီး နန္နင်းဘူးဖြစ်လာပါသည်။

ကော်စားတိုက်ပိတ်ကို ရိုးရိုးတိုက်ပိတ်သည်လောက် ရက်ရှည်ရှည် မထားပါ။ ပုံစံထမင်း လုံးဝမကျွေးတော့ဘဲ ဂျုံကြမ်းကို ကော်ကြိုသလိုကြိုပြီးကျွေးပါသည်။ အောက်ဖော်ကလည်းနံလှပါသည်။ တိုက်ပိတ်ခံရသူများသည် ထောင်မှ ပေးသောဆုမှတ်ရက်များလည်းအဖြတ်ခံရပါသည်။ ကုန်စင်လုံး



www.burmeseclassic.com

www.burmeseclassic.com

အတွက် အဖြစ်ခံရသောကြောင့် ... နှစ်နာပါသည်။

တနှစ်တွင် ရိုးရိုးအကျဉ်းသားများအဘို့ တလလျှင် ၄ရက် တနှစ်လျှင် ၄၈ရက်၊ ထောင်ပိုင် ဆုမှတ်ရက် ၁လ၊ အရေးပိုင် ဆုမှတ်ရက် ၁လ၊ ထောင်မင်းကြီး ဆုမှတ်ရက် ၂လ၊ ပေါင်း ၅လ ၁၈ရက်နစ်နာရပါသည်။ ကျွန်တော်မှာ ၁၉၄၈ ခုနှ ၄၉ခုနှစ်များအတွက်အဖြစ်ခံရပါသည်။ ပဋ္ဌမတပတ် ထော စားချပြီးနောက် ရိုးရိုးတိုက်ပိတ်ပါသည်။ တိုက်ကလွတ်သော အခါလည်း လိုင်ပြသနာရှိ၍ဆိုပြီး အိပ်ဆောင်သို့ ပြန်မသွား ရပါ။ ကြိုးတိုက်မှာဘဲ ထားပါသည်။ ကျွန်တော် သိ သလောက်မှာ ဘာယာ တုတ်ကိုင်တွေက "ဒီကောင်ထော ဟာ ဂန်တူး (မိန်းမရှာ)လေး" ဟု ထောင်မှူးကြီးအာ နားသွင်း ထားသောကြောင့် ကြိုးတိုက်တွင်ပင် ထား ဖြစ်ပါသည်။

၁၉၄၉-ခုနှစ်၊ ဒီဇင်ဘာလ ကျွန်တော် တိုက်ပိတ်ခံနေ စဉ် ရန်ကုန်ထောင်ကြီး၌ ဝက်သားသပိတ်ဖြစ်ပါသည်။ ကျဉ်းသားတွေ အများကြီးနစ်နာရသော သပိတ်ဖြစ်ပါသည်။ ကျွန်တော်မှာ ခြေကျင်းလည်းမချွတ်ရသေးပါ။ ၁၉၅၀ခုနှ ဇူလိုင်လလောက်တွင် အလုပ်ဘက်ရုံး၌ အလုပ်ချထား သည်။ အလုပ်ချထားသော်လည်း အိပ်ဆောင်သို့ မပြော ရဘဲ ကြိုးတိုက်မှာဘဲ နေရပါသည်။ အလုပ်ဘက်မှာ ထော ကြီးနှင့် သီးခြားအုတ်ရိုးတခု ခြားထားပါသည်။ အလုပ်ဘ အဝင်တွင် ထောင်ဝါဒါတဦးနှင့်ဘုတ်ကိုင်ပုလိပ် ၂ယော က အဝင်အထွက် တလာစီပြီးမှ လွှတ်ပါသည်။အလုပ်ဘ တွင် အလုပ်ရုံ ၆ရုံရှိရာ ၃ရုံမှာ လက်သမားရုံဖြစ်၍ တရုံ



စက်ချုပ်နှင့် ရုံးခန်း၊ တရုံမှာ ပန်းဘဲနှင့် ကြိတ်ရုံဖြစ်ပြီး ကျန် တရုံမှာ သစ်ဂိုဒေါင်ဖြစ်ပါသည်။ ၁၉၅၁-ခုနှစ် ကျော်မှ နောက်တပ် ရုံသစ်များထပ်ဆောက်ပါသေးသည်။ အလယ် တွင် ဗျူးကလေးတခုရှိပါသည်။ အမြင့်ပေ ၃၀ခန့်ရှိ၍ အ ထပ် ၃ထပ်ရှိပါသည်။

အလယ်ဗျူးကလေး အပေါ်ဆုံးထပ်တွင် ဗျူးပုလိပ် တ ယောက် အမြဲစောင့်နေပါသည်။အလယ်ထပ်တွင် ပိတ်စများ၊ တိုလီမိုလီများထားပါသည်။ အောက်ထပ်တွင် အလုပ်ဘက် တောင်ယာမှ ပေါက်တူး, ပေါက်ပြား,ပေါက်ချွန်း,ရေပုံး၊ ထမ်းပိုးစသည်တို့ ထားပါသည်။ အလုပ်ဘက်နှင့် တဆက် တည်းတွင် အပြင်မှ ဝင်ထွက်ရသော အဝင်အထွက် တံခါး ကြီးတခုရှိပါသည်။ အနောက်ဗျူးဟု ခေါ်ပါသည်။ ၎င်းဗျူး တံခါးမှ ထောင်ကျသူ လွတ်သူ အမျိုးသမီးများ ဝင်ထွက် ကြရပါသည်။ အနောက် ဗျူးပေါ်တွင် ထောင်ဝါဒါ ၄ယောက်ရှိ၍ အောက်တွင် တံခါး အဖွင့် အပိတ် အတွက် ၂ယောက်၊ အဝင်အထွက် စာရင်းမှတ်သူ တယောက်ရှိပါ သည်။ အနောက်ဗျူး၏ တောင်ဘက်တွင် အုတ်ရိုးကြီးနှင့် ကပ်လျက် မိန်းမထောင်ရှိပါသည်။ အတွင်းတွင် သွတ်ပြား များနှင့်ကာထားပြီးအထဲတွင်ရုံ တရုံရှိပါသည်။ယခုမူ ၂ရုံဖြစ် နေပါပြီ။

မိန်းမထောင်သို့ စားသောက်ဘွယ်ရာများကို ထောင်ကြီး ဘက်မှ လာပို့ပါသည်။ ထမင်းပို့သူက ထမင်းပုံးကိုအလုပ် ဘက် အလယ်ဗျူးပုလိပ်လက်သို့ အပ်ရပါသည်။ အလယ် ဗျူးပုလိပ်က မိန်းမထောင် တာဝန်ခံ (ယောကျ်ားဝါဒါ) လက်သို့ ပေးရပါသည်။ ထိုဝါဒါက မိန်းမထောင်အတွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com

ဝါဒါမခေါ် ထောင်ကြပ်မလက်သို့ပေးရပါသည်။ ဝါဒါမမှာ အပြင်မှ အလုပ်ဝင်ရပါသည်။ နေ့တလှည့် ညတလှည့်ထားပါသည်။ အချုပ်သမားမနှင့် ထောင်ကျမများသည် သူတို့နေရသော အဆောင်ကလေးထဲမှ အပြင်အလုပ်ဘက်သို့ မထွက်ရပါ။ အလုပ်ဘက်တွင် အလုပ်သမားစုစုပေါင်း ၅၀၀ခန့်ရှိပါသည်။ မိန်းမထောင်အနားသို့မှ မည်သူမှ မကပ်ရပါ။

ပုံစံခေတ်ကဆိုလျှင် ဆရာဝန်ဘာယာ၊ ထောင်မှူး ဘာယာများသာ မိန်းမထောင်ထဲသို့ ဝင်ရပါသည်။ စက်ချုပ်မှ ကြယ်သီးပို့ အကျဉ်းသားများသည် မိန်းမထောင် တံခါးဝ အထိသွားကြရသည်။ တနေ့တာ စက်ရုံမှချုပ်ရသော အင်္ကျီ ဘောင်းဘီများကို ကြယ်သီးပေါက် ချုပ်ရန်နှင့် ကြယ်သီး တပ်ရန်အတွက် နံနက်တိုင်း မိန်းမထောင်သို့ ပို့ရပါသည်။ ညနေပိုင်းတွင်ပြန်သိမ်းရပါသည်။ ကျွန်တော်မှာမူ စ,စခြင်း စက်ချုပ်တတ်သေးသည် မဟုတ်၍ စက်တပည့်လုပ်ရပါသည်။

စက်ရုံမှာ ပေ ၄၀ကျယ်၍ ပေ ၁၂၀ခန့် ရှည်ပါသည်။ ရှေ့တပိုင်းတွင် အလုပ်ဘက်ထောင်မှူးရုံးခန်းဖြစ်၍ နောက်ပိုင်းတွင် စက်ချုပ်အကျဉ်းသားများနေရပါသည်။ ထောင်မှူးရုံးခန်းတွင် အလုပ်ဘက်ထောင်မှူး ၁၊ အလုပ်ဘက် စတိုးထောင်မှူး ၁ ယောက်၊ ပေါင်း ၂ ယောက် ရှိပါသည်။ ရုံးခန်း အပြင်မှ စာရေးတယောက် ထောင်ကျအကြီကလပ်မှ စာရေး ၂ ယောက်နှင့် ရုံးခန်းဘာယာ ၂ယောက်၊ ထောင်မှူး ဘာယာ ၂ယောက်ရှိပါသည်။ ဘာကီကလပ် ထောင်ကျ စာရေး ၂ယောက်မှာ နိုင်ငံတော်လုပ်ကြံမှုတရားခံ တကျွန်းကျ ကိုသူခ ဖြစ်၍ အခြားတယောက်မှာ သူပုန်မှုတကျွန်းကျ ကိုပါဖြစ်ပါသည်။



စက်ရုံတွင် စင်းကားစက်အလုံးပေါင်း ၃၀ ရှိပါသည်။ စက်တလုံးတွင် စက်ဆရာတယောက်၊ စက်တပည့် တယောက် ၂ယောက်စီ ထားပါသည်။ စက်ဆရာမှာ စက်ပေါ်ထိုင်၍ ချုပ်သူဖြစ်ပြီး၊ စက်တပည့်မှာ စက်ဘေးတွင်ထိုင်၍ခေါက်ခြင်း၊ ချိုးခြင်းစသည်ဖြင့် စက်ဆရာခိုင်းသမျှ လုပ်ရပါသည်။ စက်ရုံတွင် စက်ချုပ်လုပ်သားများကို အုပ်ချုပ်သောပုလိပ် ၂ယောက် ရှိပါသည်။ ပိတ်များညှပ်ရန်အတွက် အပြင်မှ စက်ဆရာ ၂ယောက်နှင့် အကျဉ်းသား စက်ဆရာတယောက် ပေါင်း ၃ယောက် ရှိပါသည်။ ထိုအခါက ဗမာပြည် ရဲများအတွက် ဝတ်စုံများချုပ်ရပါသည်။ ကာကီပိတ်များကိုပြည်သူ့ထောက်ပံ့ရေးဌာနမှ ထုတ်ယူရပါသည်။ စက်ချုပ်ရုံတွင် နှစ်ကြီးသမားရော နှစ်ကလေးသမားများပါ ရှိပါသည်။ နှစ်ကြီးသမားများအားလုံး ခြေကျင်းနှင့်ဖြစ်ပါသည်။

လက်သမားလုပ်ငန်းအတွက် ၃ ရုံရှိပါသည်။ တရုံမှာ လက်သမားအဆိုင်းများထား၍ တရုံမှာလက်သမားများစက်ရုံဖြစ်ပါသည်။ အခြားတရုံကမူ လက်သမားဆရာကြီး ရုံးခန်းဖြစ်ပါသည်။ လက်သမားများကို ဆိုင်းဖွဲ့၍ ထားပါသည်။ တဆိုင်းတွင်ဆိုင်းခေါင်းဆောင်တယောက်၊ တပည့်၃ယောက် ရှိပါသည်။ တရုံလုံးကိုအုပ်ချုပ်ရန် တန်းစီးတယောက်ထား၍ တံခါးကိုအမြဲသော့ခတ်ထားပါသည်။ လက်သမားစက်ရုံတွင် ရေဘော်ထိုးစက်၊ နပေစက်၊ စရွေးစက်၊ ပွတ်စက်နှင့် လွှစက်များရှိပါသည်။ စက်တွင် အကျဉ်းသားများသာလုပ်ကြပါသည်။ အပြင်မှနည်းပြဆရာတယောက်က ပြပေးပါသည်။ လက်သမားရုံးခန်းတွင် အပြင်မှ နည်းပြဆရာကြီး ဦးမြိ ဘာယာတယောက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုံတိုင်းတွင် တံခါးအမြဲပိတ်ထား၍ တံခါးစောင့် ဝါဒါများ ရှိပါသည်။ အလယ်ဗျူးကလေး ပတ်ပတ်လည်တွင် အလုပ်ဘက် ပုလိပ် (အကျဉ်းသား ၁၂မှတ်) ၂ယောက် တုတ်ကိုင်၍ စောင့်နေပါသည်။ အလုပ်ချိန်အတွင်း အပြင်ထွက်ခွင့် လုံးဝမရှိပါ။ ကျွန်တော်တို့ စက်ရုံမှ အကျဉ်းသားများမှာ ရုံးခန်းနှင့်တွဲနေသောကြောင့် ပို၍ကြပ်ပါသည်။ အပြင်ထွက်လျှင် ရုံးခန်းမှတဆင့် ထွက်ရသောကြောင့် လုံးဝထွက်၍မရပါ။ တခြားရုံများကမူ တံခါးစောင့်ဝါဒါများ၊ ဗျူးပုလိပ်များနှင့်အလွန်းသင့်လျှင် သင့်သလိုထွက်ခွင့်ရပါသည်။ သို့ရာတွင် ကျွန်တော်တို့စက်ရုံသမားများမှာ တခြားရုံက အကျဉ်းသားများထက် တခုအခွင့်အရေးသာပါသည်။

မိန်းမထောင်ကျ လူသစ်ရောက်လျှင် ရုံးခန်းသို့ လာရပါသည်။ အလုပ်ဘက်ထောင်မှူးက မိန်းမထောင် အုပ်ချုပ်ရေးအတွက် တာဝန်ယူရသောကြောင့် လူသစ်ထောင်ကျလာတိုင်း ရုံးခန်းသို့လာရောက်၍ ထောင်မှူးထံ လူပြခြင်း၊ စာရင်းရေးခြင်း လုပ်ရပါသည်။ ဘီကလပ်စာရေးများကပင် နံပတ်ကြီးရေးခြင်း၊ အမှုအကြောင်း မေးမြန်းခြင်း၊ စာရင်းသွင်းခြင်း လုပ်ကြပါသည်။ မိန်းမထောင်ကျ လူသစ်လာတိုင်း လာတိုင်း စက်ရုံမှအကျဉ်းသားများက အလုအယက်ချောင်းကြည့်လေ့ရှိကြပါသည်။ ရုံးခန်းနှင့် စက်ခန်းကြားတွင် သံဆန်ခါစိပ်စိပ်ကာထားပါသည်။ သံဆန်ခါအပေါက်မှ ချောင်းကြည့်ရင်း အမျိုးမျိုးအကဲခတ် ဝေဖန်ကြပါသည်။ ပြည့်တန်ဆာမှု၊ ခိုးမှု၊ လိမ်မှုကများပါသည်။ တခါတခါတွင် ဓါးပြမှု၊ လူသတ်မှု တယောက်တလေပါပြီး ပုဒ်မငါးများလည်းပါပါသည်။



[illegible]ပါတီမှ မနှင်းမေ၊ မစောလုံး၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ မစောရီ၊ ခင်ရဲမြင့် စသည်တို့လည်းရှိနေကြပါသည်။

တနေ့တွင် အလုပ်ဆင်းချိန်နီးနေ၍ ကျွန်တော်တို့ ချုပ်သော အထည်များကို အပ်နေပါသည်။ “ဟေ့ ဒီဇယ်ကအထဲက သိပ်နိပ်သဟေ့”

“ဖါမှုထင်ပါရဲ့ကွာ”

“မဖြစ်နိုင်ဘူးဟေ့ လိမ်မှုနဲ့တူတယ်”

“ခိုးမှု ဖြစ်မှာပါဘဲကွာ”

“ငိုနေသဟေ့ ငိုနေသဟေ့”စသည်ဖြင့်အမျိုးမျိုးပြောဆိုပြီး ချောင်းကြည့်နေကြပါသည်။သူများနည်းတူတခါမှချောင်းမကြည့်ဘူးသော်လည်း၊ ကျွန်တော်အဝတ်အပ်နေသည့်နေရာနှင့် မလှမ်းမကမ်းဖြစ်နေ၍ ကြည့်ချင်စိတ် ပေါက်လာသဖြင့် ချောင်းကြည့်ရန်သွားပါသည်။ ကျွန်တော်တို့ဘက်ကို ဘေးတိုက်ထိုင်၍ ထောင်ကျစာရေးရှေ့တွင် စာရေးက မေးသမျှပြောနေသော အမျိုးသမီးတယောက်ကို တွေ့ပါသည်။ တခြားလူများနောက်မှနေ၍ ကြည့်ရခြင်းဖြစ်၍ မသဲမကွဲသာ မြင်ရပါသည်။

“ဟေ့ ကိုယ့်နေရာကိုယ်သွားကြ”ဟု တန်းစီးက အော်ရင်း တံခါးကိုဖွင့်လိုက်ပါသည်။ တန်းစီးမှာ မိန်းမလူသစ်လာတိုင်း တံခါးဖွင့်၍ ရုံးခန်းသို့ဝင်ကာ ရှုံ့ပြုလေ့ရှိပါသည်။ ‘ပွင့်သွားသော တံခါးမှလှမ်းကြည့်လိုက်ရာ ကျွန်တော့်အဘို့ မယုံနိုင်လောက်အောင်ပင် အံ့ဩစရာတွေ့နေရပါသည်။ မခင်လှိုင်မှ မခင်လှိုင်အစစ်ပါ၊ ဘယ်လိုဘယ်ပုံ ဘာမှုနှင့်ဆိုတာ မသိရပါ။ကျွန်တော့်စိတ်တွင် ဘာမှမကြောက်တော့ပါ။ အခွင့်မရှိဘဲ တံခါးမှထွက်လျှင် သေအောင် အနှိပ်စက်ခံရတတ်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်တော့် အသက်မ [illegible] ရ၍မှ နှုတ်မဆက်, မမေးရလျှင် မနေနိုင်ပါ၊ ရိုက်ချင်ရိုက်စေတော့အောက်မေ့ပြီး အတင်းပြေးထွက်ကာ "မခင်လှိုင် မခင်လှိုင်"ဟု အော်ရင်း အနားကပ်သွားပါသည်။

"ဟေ့ကောင် ဟေ့ကောင်"ဟု ထောင်မှူးကအော်ရင်း ထလာပါသည်။ ပုလိပ် ၂ယောက်က ပြေးလာပြီး ကျွန်တော့်ကို တုတ်နှင့်ရိုက်ပါသည်။ "မခင်လှိုင်က" လှည့်ကြည့်ပြီး "ဟင် အစ်ကို"ဟု ဝမ်းသာအားရခေါ်ပါသည်။

"ခွေးမသားကို ပုံစံပြလိုက်စမ်း"ဟု ထောင်မှူးက အမိန့်ပေးပါသည်။ ပုလိပ် ၂ယောက်က စက်ရုံခန်းဘက်သို့ ဆွဲသွင်းလာပါသည်။ ဘီကလပ်ထောင်ကျ ကိုပါနှင့် ကိုသူတို့က ထ၍ ထောင်မှူးကို ပြောနေပါသည်။ ဘာပြောကြသည်တော့မသိပါ။ "ဟိုကောင်ခေါ်ခဲ့စမ်း"ဟု ထောင်မှူး လှမ်းပြောသံ ကြားလိုက်ရပါသည်။

"ပုံစံထိုင်"ဟု တုတ်နှင့်နံဘေးကိုထု၍ ပုလိပ်တယောက်က ထိုင်ခိုင်းပါသည်။ မခင်လှိုင်မှာ ထရမလို ထိုင်ရမလို ဖြစ်နေပါသည်။ ကျွန်တော်ကတော့ ထိုင်လိုက်ရင်းပင် "ဘာဖြစ်ဖြစ် ငါ့ချစ်သူရှေ့မှာတော့ အညံ့မခံဘူး"ဟု တင်းလိုက်ပါသည်။

"ဟေ့ကောင် မင်းနဲ့ ဘာတော်လို့လဲ"

"ကျွန်တော့် မိန်းမပါ"

"ဘာပြောတယ်၊ မင်းမိန်းမဟုတ်လား"

"ဟုတ်ပါတယ်"

"ဟေ့ သူငယ်မ ဒါမင်းယောကျ်ားလား"

မခင်လှိုင်က ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်ပါသည်။



"သခင် ကျွန်တော့်မိန်းမနှင့်မတွေ့ရတာကြာပါပြီ၊ အခု ဘာမှုနဲ့ရောက်လာတယ်ဆိုတာလဲ မသိရလို့ အတင်းထွက်လာပြီးမေးမိတာပါ၊ ကျွန်တော် အကျိုးအကြောင်းမေးပါရစေ သခင်" ဟု ကျွန်တော်ကအလုပ်ထောင်မှူးအား အသနားခံပါသည်။

"အေး မင်းစကားပြောချင်ရင် ထောင်ပိုင်ဆီ ထောင်ဝင်စာတွေ့ဘို့လျှောက်၊ ဒို့တော့စကားပြောခွင့်မပြုနိုင်ဘူး"

"ဟုတ်ကဲ့သခင် ကျွန်တော် အခုစာရေးပါမယ်"

"ဒီနေ့အချိန်မရှိဘူး၊ နက်ဖြန်မှလျှောက်၊ ကဲ သွား"ဟု ထောင်မှူးက အမိန့်ပေးလိုက်ပါသည်။ မချင့်မရဲ ဖြစ်လှပါသည်၊ အကျိုးအကြောင်းမှမေးခွင့်မရပါ။

"မခင်လှိုင် နက်ဖြန်ခါ အစ်ကိုတွေ့ရအောင် ထောင်ပိုင်ဆီ လျှောက်မယ်၊ အားမငယ်နဲ့နော်" ဟု အားတင်းစကားပြောရင်း စက်ရုံဘက်သို့ပင်လာရပါသည်။ တံခါးပိတ်ပြီးသည်တိုင် သံတိုင်ပေါက်မှ ချောင်းကြည့်နေမိပါသည်။ ကိုပါနှင့် ထောင်မှူးက မခင်လှိုင်ကို မေးနေကြပါသည်။ မခင်လှိုင်က ဘာပြောသည်တော့ မသိပါ။

တအောင့်မျှအကြာတွင် မခင်လှိုင်ကို မိန်းမဆောင်သို့ ပြန်ခေါ်သွားပါသည်။ သူမ ပြန်သွားမှပင် ကျွန်တော့်နေရာသို့ ကျွန်တော်ပြန်လာပါသည်။ စက်ရုံတန်းစီးက ကျွန်တော့် အနားလာပြီး-

"မင်းသိပ်မိုက်တဲ့ကောင်၊ ဒီလိုဇွတ်လုပ်ရင် မတွေ့ရတဲ့အပြင် သေတောင်သေအုံးမယ်၊ အခုဟာ ကိုသူခနဲ့ ကိုပါတို့ကောင်းလို့ ချမ်းသာရရတာ" ဟု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာစဉ်းစားကြည့်ပါလေ၊ ကျွန်တော့်အသက်[illegible] ချစ်တဲ့ဇနီးတယောက်ကို ဒီလိုအခါ ဒီနေရာမှာမမြော်လင့်ဘဲ တွေ့ရတော့ ဘယ်လိုအန္တရာယ်ကိုမှစဉ်းစားမနေနိုင်ဘူး၊ မြစ်ချင်ရာဖြစ်ဆိုပြီးလုပ်မိတာဘဲ"

"အေးနက်ဖြန်ကာတော့ ထောင်ဝင်စာတွေ့ရမယ်ထင်ပါတယ်" ဟု ပြောပြီး သူလည်း လှည့်ထွက်သွားပါသည်၊ တအောင့်မျှအကြာတွင် အလုပ်ဆင်းသံချောင်းခေါက်၍ ရေချိုးထွက်ရပါသည်။ အလုပ်ဘက်မှ အလုပ်သမားများမှာ အလုပ်ဘက်တွင်ပင် ရေချိုးရပါသည်။ ၂ယောက်စီကိုယ်တုံးလုံးချိုးကြရပြီး နောက်တွင်ဗိုကြီးသို့ထမင်းဆွဲသွားရပါသည်၊ ၂ဆောင်ဝင်ထမင်းစားပြီးမှ ဆိုင်ရာအိပ်ဆောင်သို့ ပြန်ရပါသည်၊အိပ်ဆောင်ပိတ်ပြီးသည့်အချိန်မှစ၍မခင်လှိုင်အကြောင်းကို စဉ်းစားပါသည်။ နက်ဖြန် ဘာတွေပြောမည်ကိုလည်း တခုစီတခုစီကြံစည်ထားပါသည်။ တညလုံးအိပ်မရပါ။ တညတာကို တနှစ်တာမကကြာလှသည်ဟု ထင်ပါသည်။ ခါတိုင်းဆိုလျှင် တမောင်းနှင့်တမောင်း နာရီခေါက်သံမှာ မကြာလှဟု ထင်သော်လည်း၊ ထိုနေ့ညတွင်မူ "ကြာလှပါကလား" ဟု အောက်မေ့ပါသည်။

နောက်တနေ့အိပ်ဆောင်အဆင်းတွင်ကျွန်တော်ရှေ့ဆုံးမှ ရောက်နေပါသည်။ ဝမ်းသာလုံးဆို့နေ၍ ဂန့်ဂျမ် ကိုပင် ကုန်အောင်မသောက်နိုင်ပါ။ အလုပ်ဘက် ဟု အော်လိုက်လျှင် အရင်ဆုံးရှေ့ဆုံးမှထွက်ပါသည်။ အလုပ်ဘက် ရောက်ရောက်ချင်း ကိုပါ့ထံသို့သွားကာ ထောင်ပိုင်ထံထောင်ဝင်စာတွေ့ခွင့်လျှောက်လွှာရေးပေးဘို့ ပြောပါသည်။ မနေ့ကကျွန်တော့်အတွက် ကူညီသည်ကိုလည်း ကျေးဇူးတင်စကား ပြော



[illegible] ထောင်ဝင်စာကြာကြာတွေ့ခွင့်ရအောင်ဆောင်ရွက်ပေးဘို့လည်းပြောရပါသည်။ပြီးလျှင်စက်ရုံသို့ဝင်ကာပုံစံချုပ်ပါသည်၊ထောင်ဝင်စာဘယ်အချိန်တွေ့ရမည်မသိသော်လည်း ထောင်ဝင်စာကြာကြာတွေ့နိုင်ရန် အတွက်ကျ ပုံစံမြန်မြန်ပြီးအောင်ချုပ်ပါသည်။ ကျွန်တော်၏စက်ဆရာ ခွင့်ပြုချက်ရ၍ ကျွန်တော်ကိုယ်တိုင် စက်ချုပ်ပါသည်။ နံနက်ခင်းမှာပင် တနေ့စာပုံစံပြီးသွားပါသည်။ ကျွန်တော် ဒီကနေ့လောက် တခါမှ မြန်မြန်အလုပ်မလုပ်ဘူးပါ။ နံနက် ထမင်းဆွဲချိန်ရောက်၍ ထောင်ကြီးဘက်သို့ ပြန်လာရပါသည် "ယနေ့နံနက်တွေ့ခွင့်မရသေး၊ တွေ့ခွင့်ရလျှင်ပင် ညနေမှတွေ့ရမည်" ဟုကိုပါက လှမ်းပြောလိုက်ပါသေးသည်။ ဗိုကြီးတွင် ထမင်းဆွဲပြီး ၂ ဆောင်မှာ ဝင်စားပါသည်။ ထမင်းမျို၍မကျပါ။ အလုပ်ဘက်သာ ပြန်သွားလိုစိတ်ပေါက်နေပါသည်။ ထမင်းလည်းမကုန်ပါ၊ ထမင်းပုန်းတွင်သွန်ပြီး ရေကိုပင်မသောက်၊ တံခါးဝတွင် စောင့်နေပါသည်။ အလုပ်ဆင်း ခရာမှုတ်သောအခါ ရှေ့ဆုံးမှအလုပ်ဘက်သို့လာခဲ့ပါသည်။ ရုံထဲဝင်လိုက်ရသော်လည်း၊ စိတ်ထဲမှာ မခင်လှိုင်နှင့်တွေ့ရန်သာ စိတ်ကစောနေပါသည်။

ထိုင်ရမလို ထရမလိုနှင့် မနေတတ်မထိုင်တတ် ဖြစ်နေပါသည်။ "ဟေ့ကောင် ဘာဂဏာမငြိမ်ဖြစ်နေတာလဲကွ" ဟု တန်းစီးက လှမ်းအော်လိုက်ပါသည်။

"မျှောက်အုန်းသီးရသလိုပေါ့ကွာ"

"မဟုတ်ပါဘူးကွာ ခွေးမစင်ပုံ တွေ့သလိုပေါ့"

"တို့မိန်းမရွာက အနိပ်သား"



www.burmeseclassic.com

www.burmeseclassic.com

"ပြေးရင်းချေးပုဟပ်မိလာမှာပေါ့"စသည်ဖြင့် အကျဉ်းသားလူလယ်အချင်းချင်း တယောက်တခွန်းနောက်ပြောင်နေကြပါသည်။ ကျွန်တော်တို့စက်ရုံထဲမှ အတွင်းထောင်ဝင်စာတွေ့ခွင့်ရသူမှာ ကျွန်တော် ပဥ္စမ ဖြစ်မည် ထင်ပါသည်။ များသောအားဖြင့် ပုဒ်မငါးများသာ တွေ့ကြပါသည်။ အတွင်းထောင်ဝင်စာမှာ အကျဉ်းခံယောကျ်ားနှင့် အကျဉ်းခံ မိန်းမများ တွေ့ခြင်း၊ ယောကျ်ားထောင်မှအကျဉ်းသားနှင့် မိန်းမထောင်မှ အကျဉ်းသူတွေ့ခြင်းကို အတွင်း ထောင်ဝင်စာဟု ခေါ်ပါသည်။ သားအမိ၊ မောင်နှမ၊ လင်မယားမှသာ တွေ့ခွင့်ရပါသည်။ ဝမ်းကွဲသွားလျှင် သို့မဟုတ် ဆွေမျိုးတော်ရုံဆိုကတွေ့ခွင့်မရပါ။ အသိဆိုလျှင်ပိုပြီးတွေ့ခွင့်ဝေးပါသေးသည်။ ဤသည့်အကြောင်းကိုသိ၍ ထိုနေ့ကမခင်လှိုင်အားကျွန်တော် မိန်းမဟု ပြောလိုက်ခြင်း ဖြစ်ပါသည်။ ပုဒ်မငါးများမှာ လင်ရောမိန်းမပါ၊ သို့မဟုတ် သားအမိမောင်နှမအစုံ အဖမ်းခံကြရသူများပါသည်။ တချို့လင်မယားထောင်ကျများလည်း ရှိပါသည်။ သို့သော် အလွန်နည်းပါသည်။ ထောင်ဝင်စာတွေ့ရလျှင် ထောင်မှူးရုံးခန်းတွင် တွေ့ရပါသည်။ ထောင်မှူးကြည်ဖြူသလောက် အချိန်ကြာကြာတွေ့ခွင့်ရပါသည်။

"ဟေ့ ထွန်းမြင့် ထောင်ပိုင်က ထောင်ဝင်စာ တွေ့ခွင့် ပြုလိုက်တယ်၊ တော်တော်ကြာတွေ့ရမယ်"ဟု ကိုပါက လှည့်ပြောလိုက်ပါသည်။ ကျွန်တော့် စိတ်တွင် မြေ မြေကြီးမယ်ဖြစ်သွားသည်ဟု ထင်လိုက်ပါသည်။ ကျွန်တော် ဝမ်းသာအူမြူးနေပု ပေါ်လွင်အောင် ပြောစရာ စကားမရှိနိုင်ပါ။ နားတစွင့်စွင့် လည်တရှည်ရှည်နှင့် ဖြစ်နေမိပါသည်။



ဗျူးကြီးမှ ၂မောင်းထိုးလိုက်ပါသည်။ ၂နာရီထိုးပါပြီ။ "ဟေ့ ထွန်းမြင့်ထောင်ဝင်စာ"ဟု အပြင်မှပုလိပ်တယောက်က အော်လိုက်ပါသည်။ တံခါးသို့ ကျွန်တော် အပြေးသွားပါသည်။ တယောက်က လှမ်း၍ ခြေထိုးလိုက်သောကြောင့် ဘိုင်းကနဲ အလျားမှောက် လဲကျသွားပါသည်။ သံဂွင်းသံများလည်း ဆူညံ သွားပါသည်။ ရှက်ရှက်နှင့် ကြီးထကာ ခြေကျင်းဂွင်းကို လွယ်၍ တံခါးမှ အတင်း ထွက်ပါသည်။ မခင်လှိုင်ရောက်နေပါသည်။ ထောင်မှူးရှေ့နားတွင် ကုလားထိုင်၃လုံးခင်းထားပါသည်။ တလုံးတွင် ဝါဒါမ၊ တလုံးတွင် မခင်လှိုင် ထိုင်နေပါသည်။ မခင်လှိုင်မျက်နှာမှာ ဖြူးရောင်သန်းနေသော်လည်း မျက်လုံးတွင် မျက်ရည်ဥကလေးများ စီနေပါသည်။ ကျွန်တော်လည်း အလွတ်ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး မခင်လှိုင်၏လက်ကလေး၂ဘက်ကို လှမ်းဆုပ်ကာ ကျွန်တော့်ပေါင်ပေါ် တင်ထားလိုက်ပါသည်။ လက်ကလေးများကို ဆုပ်နယ်နေရင်း ဘာကစပြောရမည်ကို မသိဖြစ်နေပါသည်။ ဝါဒါမက မခင်လှိုင်နားသို့ကပ်၍ တစုံတရာကိုတိုးတိုး ပြောလိုက်သောကြောင့် သူ့လက်ကလေးများကို ရုန်းကာ"လူတွေကြည့်နေတယ်"ဟုပြောပါသည်။

အမှန်တော့တယောက်နှင့်တယောက် လက်ဆွဲခွင့်၊ နမ်းခွင့် မရှိပါ။ ရှေးတုန်းက ပုဝါတကမ်း ယပ်တလှမ်း ခေတ်လို ခပ်လှမ်းလှမ်းမှ စကားပြောရပါသည်။ အနောက်ယဉ်ကျေးမှု မျိုးဆိုလျှင် ရှည်လျားသော အနမ်းကြီးတခု ဖြစ်သွားပါလိမ့်မည်။ ထောင်မှူးကမူ ကျွန်တော်တို့ကိုမကြည့်ပါ၊ သူ့ရှေ့တွင်လာထိုင်နေသော ကိုသုခနှင့်အတူ စာရင်းများ တွက်နေပါသည်။ ရုံးခန်းပုလိပ် ၂ယောက်မှာ ကိုပါနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

ကိုပါ့စာပွဲတွင် ထိုင်နေကြပါသည်။ စက်ရုံထဲမှ အကျဉ်းသား များကမူ ချောင်းကြည့်နေကြမည်ဟု အတပ်ပြောခံ့ပါသည်။ ဝါဒါသာကျွန်တော်တို့ဘေးတွင်ရှိပါသည်။ တိုးတိုးပြောခွင့် မရဘဲ ကျယ်ကျယ်သာပြောခွင့်ရှိကြောင်း သိထားပါသည်။

"အစ်ကိုနေကောင်းရဲ့လား"

"နေကောင်းပါတယ်"

"အစ်ကိုတို့ကခေါင်းတုံးထားရသလား"

"ဟုတ်တယ် ဆံပင်မထားရဘူး"

"တချို့တော့ထားရပါလား"

"ဟုတ်တယ် ထောင်မှူးလူတွေတော့ထားရပါတယ်"

"အစ်ကို ဒါကြီးက ဘာလဲ"

"ခြေကျင်းခေါ်တယ်"

"ဘာဖြစ်လို့တပ်ထားရတာလဲ"

"နယ်ကပြောင်းလာရတဲ့လူမို့ပါ"

"ဒါတွေထားပါအုံး၊မခင်လှိုင် ဘယ်လိုဖြစ်လာရသလဲ" ဟု မေးလိုက်ခါမှပင် လက်ဝါး ၂ ဘက်ကို မျက်နှာအုပ်ကာ ငိုချလိုက်ပါတော့သည်။

"ဟေ့ ငိုမနေနဲ့၊ ပြောစရာရှိတာမြန်မြန်ပြော" ဟု ဝါဒါမက ဘေးမှပြောလိုက်ပါသည်။

"ဘုရားပွဲကပြန်မှဘဲ အစ်ကိုရွာလာကြောင်းသိပါတယ်၊ ဘုရားပွဲတုန်းကလဲတွေ့ချင်ပါတယ်၊ ဒါပေမဲ့ အဆင့်အတန်းချင်းကွာလွန်းလို့ အစ်ကို့သိက္ခာထိမှာစိုးပြီး အတွေ့မခံတာပါ၊ အစ်ကိုပေးခဲ့တဲ့ငွေကိုလဲမသုံးပါဘူး၊ နောက် ၁၀ရက်လောက်ကြာတော့ အစ်ကိုတို့အဖမ်းခံရတယ်ဆိုတာ ကြားရပါတယ်၊ အစ်ကိုတို့ရုံးထွက်တုန်းက ကျမလာပါသေးတယ်၊



ဝင်တွေလို့ မကောင်းတာနဲ့ အဝေးကဘဲကြည့်ပြီး ငိုပြီးပြန်သွားပါတယ်။မေးကြည့်တော့ခါးပြမှုနဲ့ အစ်ကိုတော့လွတ်မှာဘဲလို့ သိခဲ့ပါတယ်၊ နောက်တော့အစ်ကိုထောင်ကျသွားတယ်လို့ကြားရတယ်၊ တောင်ငူထောင်ကို ထောင်ဝင်စာတွေ့ဘို့ ကျမလိုက်သေးတယ်၊ ရန်ကုန်ပြောင်းသွားတယ်လို့ ပြောလိုက်တာနဲ့ ပြန်လာရတယ်။ ရန်ကုန်ကိုလိုက်ပြီး ထောင်ဝင်စာတွေ့အုံးမယ်ဆိုပြီး အဖေ့ကိုပြောတော့ အဖေက ခွင့်မပြုဘူး"

"မခင်လှိုင်အဖေတို့ကော နေကောင်းကြတယ်နော်"

မခင်လှိုင်က ငိုပြန်ပါသည်။

"တကထဲမှဘဲ၊ အလွမ်းသယ်နဲ့ တွေ့နေရတာကိုး" ဟု ဝါဒါမက ဗြုံဟ်ထိုးပြန်ပါသည်။

"အဖေ ဆုံးပြီအစ်ကိုရဲ့"

"ဟင် ဘယ်တုန်းက"

"မကြာသေးပါဘူး၊အဖေဆုံးပြီးတလလောက်ကြာတော့ အစ်ကို့ဆီ ခွင့်တောင်းပြီး ရန်ကုန်ကိုလာခဲ့တာဘဲ"

"နို့ အခု ဘယ်လိုဖြစ်ပြီး ထောင်ထဲ ရောက်လာတာလဲ၊ ထောင်ဘယ်လောက် ချလိုက်သလဲ"

"ခိုးမှုနဲ့ ခြောက်လကျတယ်"

"ဟင်ခိုးမှု ဘယ်လိုဖြစ်တာလဲကွယ်"ဟု ကျွန်တော်မေးနိုင်အောင်ဖြစ်၍မေးပါသည်။ မခင်လှိုင်သည် ခိုးမှုမြောက်[illegible] မရှိလျှင် တောင်းစားနိုင်ပါသည်။

"အစ်ကို ဘယ်လောက်ကျသလဲ"

www.burmeseclassic.com

www.burmeseclassic.com

“၅ နှစ်ပါ၊ အခုဘဲလွတ်ခါနီးပါပြီ” ဟု လိမ်ပြောလိုက်ရပါသည်။ ကျွန်တော်မှာအယူခံ ရှုံးထားသူဖြစ်သော်လည်း သနားခံစာတင်ထားသူဖြစ်ပါသည်။ အချိန်မရွေး လွတ်နိုင်ပါသည်။

“ဟေ့ အချိန်စေ့ပြီ၊ ခေါ်သွားတော့”ဟု ထောင်မှူးက ဝါဒါမကို လှမ်းပြောလိုက်သည်။

“သခင် ခဏလောက်ပြောပါရစေအုံးခင်ဗျာ” ဟု ကျွန်တော်က တောင်းပန်ပါသည်။

“ခေါ်သွား၊ ခေါ်သွား၊ ပြောစရာရှိရင် နောက်တခါမှပြော”ဟုသာ ပြန်ပြောပါသည်။

ဝါဒါမက“ကိုင်း မချွဲထ” ဟု အတင်း ဆွဲခေါ်ပါသည်။ စိတ်ထဲတွင် ထိုအခါမှ မချင့်မရဲ ပို၍ ဖြစ်ပါသည်။ မေးစရာပြောစရာတွေ တပုံကြီး ရှိနေပါသေးသည်။ ပြောခွင့် မရတော့ပါ။ မခင်လှိုင်ကလေးလည်း လှည့်ကြည့် လှည့်ကြည့်နှင့် ထလိုက်သွားရပါတော့သည်။ ကျွန်တော်လည်း မတ်တတ်ရပ်ပြီး ငေးကြည့်နေမိပါသည်။

“ဟေ့ ကောင် သွားတော့”ဟု ပုလိပ်တယောက်က ပြောလိုက်မှ အတွင်းသို့ ဝင်မိပါသည်။ နောက်တခါ ထောင်ဝင်စာတွေ့ဘို့မှာ မလွယ်လှသေးပါ။ အတွင်း ထောင်ဝင်စာကို တလမှ တခါသာ တွေ့ရပါသည်။ နောက် တလနေမှတခါ၊ တခါတွေ့ရပြန်တော့ ၁၀ မိနစ်၊ မခင်လှိုင်မှာ ၆ လကျသူဖြစ်၍ ၄လကျော်ကျော်နေရမည်။ ထောင်ဝင်စာ ၄ ခါခန့်သာတွေ့ရမည်ဖြစ်၍ မိနစ် ၄၀ လောက်သာ စကားပြောရပါမည်။



အ[illegible]ရောက်လာသည်၊ ရန်ကုန်တွင် ဘယ်မှာတဲသည်၊ခိုးမှုဘယ်လိုဖြစ်သည်၊ အမေနှင့် နှမလေးအကြောင်း သိမသိ စသည်ဖြင့် မေးစရာတွေ တပုံကြီး ရှိပါသေးသည်။ ဘယ်လိုကုန်အောင်ပြောရမည်ကို မခန့်မှန်းတတ်၍ စိတ်ညစ်ရပါသည်။ နောက်နေ့များတွင် အလုပ် လုပ်၍ မရပါ။ ဤအကြောင်း ဤအချက်များချည်း ထပ်တလဲလဲ ပေါ်နေပါသည်။

ကျွန်တော့် စက်ဆရာမှာ ထားဝယ်သား ဖြစ်ပါသည်။ သဘောလည်းကောင်း ကျွန်တော့်ကိုလည်း ခင်ပါသည်။

“ဟေ့ ထွန်းမြင့်၊ မိန်းမထောင် ကြယ်သီး ပို့ရအောင် လုပ်ပါလားကွ၊ ဒါမှ မင်း နေ့တိုင်း တွေ့ရမှာပေါ့” ဟု သူကအကြံပေးပါသည်။

“ဟုတ်တယ်ဗျ- နေ့တိုင်းတော့ တွေ့ရမှာဘဲ၊ ဒါပေမဲ့ စကားတော့ပြောရမှာမဟုတ်ဘူး”

“အိုကွာ နေ့တိုင်းတွေ့နေရမှဖြင့် တလုံးပြောနှစ်လုံးပြောတော့ ပြောရမှာပေါ့”

“ပြောရရင်လဲဗျာ၊ ဝါဒါမရော၊ အစောင့်ရောရှိနေတာ”

“အိုကွာ ခက်တာလိုက်လို့၊ မင်းပြောချင်တာတွေ စာနဲ့ ရေးပေးလိုက်ပေါ့”

“ဘယ်လိုလုပ် စာပေးရမလဲဗျာ”

“ဒီလိုလုပ်ကွ၊ ထောင်ဝင်စာ တွေ့ရတဲ့ အခါ ကပ်ပြီး မှာထား၊ နောက် မင်းက အထည်သွားပို့တဲ့ အခါ စာရေးပြီး အင်္ကျီအိတ်ထဲဖြစ်ဖြစ်၊ ဘောင်းဘီအိတ်ထဲဖြစ်ဖြစ် ထည့်ပြီးပေးလိုက်၊ သူကလဲပြောချင်တာတွေရေးပြီး အိတ်ထဲပြန်ထည့်



www.burmeseclassic.com

www.burmeseclassic.com

ပေး၊ ညနေ မင်း အထုပ်တွေ သွားယူလာတော့ ပါလာရောပေါ့"

"ဖြစ်နိုင်ပါ့မလားဗျာ"

"အမလေးဗမာရယ်၊ တချို့ဒီလိုဘဲ စာထည့်ပေးပြီး၊သမီးရီးစားဖြစ်အောင်တောင်စာနဲ့ဆက်သွယ်နေတာရှိသေးတာ"

"ခင်ဗျားပေးတဲ့ အကြံကတော့ ကောင်းပါတယ်၊ ဒီအလုပ်ရဖို့က မလွယ်ဘူး၊ ငွေရှိအုံးမှ ဖြစ်မယ်"

"ကိုသုခဖြစ်ဖြစ်၊ ကိုပါဖြစ်ဖြစ်ပြောပေါ့၊ သူတို့ဟာ သဘော ကောင်းကြပါတယ်၊ ငွေလဲယူကြမှာ မဟုတ်ပါဘူး၊ ထောင်မှူးကို သူတို့ပြောရင် ဘာဖြစ်ဖြစ်ရတယ်၊ ထောင်မှူးကလဲ သူတို့စကားကို မပယ်ဘူး နားလည်လား"

"ကျွန်တော်နဲ့လဲ သိပ်မခင်ဘူး"

"ရပါတယ်၊ ပြောသာပြောပါ"ဟု ဆရာက အားပေးပါသည်။ နောက်တနေ့တွင် ကိုပါရော ကိုသုခကိုပါ ကျွန်တော့်ကို ကူညီရန် ပြောပြရာ "သူတို့တတ်နိုင်သမျှ ကြိုးစားပေးပါမည်"ဟု ကတိပေးကြပါသည်။ ဒီလိုနှင့်ပင် တလပြည့်သွားပါသည်။ အလုပ်ပြောင်းခွင့်က မရသေးဘဲ ထောင်ဝင်စာတွေ့ခွင့်ရပါသည်။ ထိုနေ့တွင် အလုပ်ဘက်ထောင်မှူးမရှိဘဲ ကုန်ကြမ်း ထောင်မှူးသာရှိပါသည်။ ကုန်ကြမ်း ထောင်မှူးမှာ အလွန် သဘောကောင်းပြီး ကိုပါနှင့် အလွန်သင့်ပါသည်။ ဝါဒါမှာလည်း ဒေါ်စိန်မဟုတ်ဘဲမသန်းရွှေဖြစ်၍ပိုကောင်းပါသည်။

မခင်လှိုင်က တွေ့လျှင် တွေ့ချင်း ငိုပါသည်"အစ်ကို ကျမတို့ လိမ်တယ်ပေါ့လေ"ဟု တွေ့တွေ့ချင်း ပြောပါသည်။

"ဘာလိမ်လို့လဲ မခင်လှိုင်ရယ်"



"အစ်ကိုပြောတော့ ၅နှစ်ဆို၊ အမေ့ကို မေးကြည့်တော့ ခြောက်ကြောင်းခတ်ထားတာတွေဟာ တသက်တကျွန်းကျတာတဲ့"ဟု ပြောပါသည်။

အမေဆိုသည်မှာ ဝါဒါမ ဒေါ်စိန်ကို ဆိုလိုပါသည်။ မသန်းရွှေကိုတော့"အစ်မ"ဟု ခေါ်ကြပါသည်။ ကျွန်တော် ဘာမှ မပြောပါ။

"ဟုတ်လားအစ်ကို၊ အစ်ကိုတသက်တကျွန်းကျသလား"

"ဟုတ်-ဟုတ်ပါတယ်၊ ဒါပေမဲ့ အသနားခံစာတင်ထားတယ်၊ကျလာရင်လွတ်မှာပါကွယ်"

"တနေ့က မခင်လှိုင်ကိစ္စ အစ်ကို့ဆက်ပြီး ပြောပြပါဦး"

"ကျမဒီလာခါနီးမှာ ထန်းတပင်ဆိပ်ကြီးက ကိုသောင်း မသိန်းဥ တို့ဆီ ရောက်ခဲ့တယ်၊ ကျမ ရန်ကုန် သွားချင်တဲ့ အကြောင်းပြောတော့ ရန်ကုန်ဗဟန်းမှာ သူတို့အသိရှိတယ်၊ အဲဒီမှာဘဲ၊ စာရေးပေးလိုက်မယ်ဆိုပြီးစာရေးပေးလိုက်တယ်၊ သူတို့အသိဘုန်းကြီးတပါးလဲ ရန်ကုန်သွားမှာမို့ တခါတည်း လိုက်သွားဘို့လဲမှာတယ်။အကျိုးအကြောင်းလျှောက်ပြီး ဘုန်းကြီးကိုအပ်လိုက်တယ်။ကျွန်မလဲအစ်ကိုပေးထားတဲ့ပိုက်ဆံ နဲနဲ သာယူပြီး ကျမမှာရှိတဲ့ အဝတ်ကောင်းလေးတွေယူထည့်လာတာဘဲ၊ဘုန်းကြီးကလဲဗဟန်းအိမ်အရောက်လိုက်ပို့ပါတယ်။ ကျမက ရန်ကုန်ထောင် အစ်ကိုနဲ့တွေ့ဘို့လာတဲ့အကြောင်း၊ ထောင်ကိုမသွားတတ်လို့ လိုက်ပို့ပေးဘို့အကြောင်း တောင်းပန်တယ်။ အိမ်ရှင်တွေကပို့ပေးပါ့မယ်ဆိုပေမဲ့ ၂ရက်၃ရက် ကြာနေတယ်၊ ကျမကလဲ အစ်ကို့ကို တွေ့ချင်တဲ့စိတ်ကများ၊ လာလဲမလာတတ်၊ ရန်ကုန်ကိုလဲဒီတခါဘဲရောက်ဘူးတော့ ဘယ်သွားရ ဘယ်လာရမှန်းလဲမသိ၊ တညနေမှာ အိမ်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ကလေးမလေးနဲ့ ရွှေတိဂုံဘုရားကြီး ဘုရားဖူးသွားကြတယ်။ အပြန်ကျတော့ ဘုရားပေါ်မှာ လှည့်လည်ပြီး စောင်းတန်း မှာ ဆင်းမိကြတယ်။ အိမ်ပြန်မရောက်တော့ဘူး။ မိုးကလဲ ချုပ်၊ ကျမလဲ ကလေးမကလေးနဲ့ တဝဲလည်လည် ဖြစ်နေတယ်၊ ဘာလုပ်လို့ ဘယ်ကိုပြန်ရမှန်းမသိဘဲ ယောင်ချာချာဖြစ်နေတုန်း ပုလိပ်နဲ့တွေ့တာဘဲ၊ ပုလိပ်ကတောင်မေး မြောက်မေး မေးတယ်၊ ကျမကလဲ ကျကျနနမပြောတတ်ဘူး၊ အဲဒီတော့ 'မသင်္ကာဘူး' ဆိုပြီး ဖမ်းတယ်။ ဂတ်ရောက်တော့ အိမ်ရှင်က ကလေးကို ခိုးသွားပါတယ်ဆိုပြီး ဂတ်တိုင်ထားလို့ ကျမကို ဖမ်းခြင်းဖြစ်ကြောင်းသိရတယ်၊ ကျမက မခိုးကြောင်း အကျိုးအကြောင်းများကို ပြောပါတယ်၊ မရတော့ဘူး၊ အမှုဖွင့်ပြီး ရုံးတင်တာဘဲ၊ အချုပ်ထဲမှာတလလောက်ကြာတယ်၊ ခုတော့ ကလေးခိုးမှုနဲ့ ထောင်ဖြလကျတာဘဲအစ်ကိုရယ်''

''ရုံးကျတော့ အမှန်ကို မပြောဘူးလား''

''ပြောပါတယ်၊ ဒါမေမဲ့ ရှေ့နေက တောင်မေးမြောက်မေးနဲ့ ဆိုတော့ ကျမ သူမေးတာတွေမှ မပြောတတ်ဘဲ''

''နို့ မခင်လှိုင်မျိုးရိုးကိုကော ပြောမပြဘူးလား''

''ဘယ်ပြောလို့ဖြစ်ပမလဲ အစ်ကိုရယ်၊ ပြောရင် အစ်ကို့ ဂုဏ်ကို ထိခိုက်မှာပေါ့၊ အစ်ကို ဂုဏ်ပျက်မှာ စိုးတာနဲ့ မပြောနိုင်ဘူး''

''ဒီမှာကော မသိကြဘူးလား''

မခင်လှိုင်က မပြောသေးဘဲ ဘေး ဟိုဟိုဒီဒီသို့ လှမ်းကြည့်ပါသည်။ မခင်လှိုင်ပြောသမျှကို စိတ်ဝင်စားနေ၍လား မသိပါ၊ ဝါဒါမသွားသည်ကိုမသိလိုက်ပါ။ ဝါဒါမ မရှိတော့ပါ။ ကိုပေါ့ စားပွဲတွင် ဝိုင်းဖွဲ့ စကားပြောနေပါသည်။ ထောင်မှူး ကတော့ ရုံးခန်းဝတွင် မတ်တတ်ရပ်ပြီး အပြင်ကိုကြည့်နေပါသည်။ ရခဲလှသော အခွင့်အရေးကာခုမို့ မခင်လှိုင်၏ ခါးကလေးကို အားပါးတရ ဖက်လိုက်ပါသည်။ မခင်လှိုင်က ဘာမှ မပြောသော်လည်း ကိုပေါ်တို့ဝိုင်းသို့ မေးထိုးပြပါသည်။ ခါးကိုလွှတ်၍ လက် ၂ဘက်ကို ဆုပ်နယ်နေမိပါသည်။

''ဟင် ဒီမှာကော မသိဘူးလား''ဟု ထပ်မေးပါသည်။

''ဘယ် ပြောပ,မလဲ အစ်ကိုရယ်''

''မခင်လှိုင်တို့ဟာ ၇-ရက် တခါတော့ တောင်းရတယ်ဆို၊ ခု ဘယ်လိုလုပ် တောင်းသလဲ''

''အစ်ကိုကလဲ ပြောရော့မယ်၊ စတီတော့ လုပ်တာပေါ့၊ မသိမသာ အစ်မ ထမင်း နဲနဲလောက်ပေးပါ၊ မဝလို့ ဆိုပြီး တောင်းတဲ့ အခါလဲ တောင်းတယ်၊ ပုဒ်မ ၅က အစ်မကြီးတွေဆီသွားပြီးဟင်းတောင်းတဲ့ အခါလဲတောင်းတာပေါ့''ဟု ပြောရင်း ရယ်ပါသည်။

''ဒီလိုကျတော့ မောင်ချင်းညိုက ဘာမှ မလုပ်ဘူးလား''

မောင်ချင်းညိုနှတ်မှာ တောင်း မစားသောကြောင့် ကူရောဂါနှင့်သေပြီး နတ်ဖြစ်နေသည်၊ သူတောင်းစားများ၏ နတ်ဖြစ်သည်ဟု ဆိုပါသည်။

''အို အစ်ကိုကလဲ မဟုတ်တာတွေ မေးရော့မယ်''ဟု မျက်စောင်းထိုးပါသည်။ မသန်းရွှေထလာပြီး ''ဟေ့ အကြည် ဆိုက်လို့ မပြီးသေးဘူးလား သွားမယ်'' ဟု ပြောပါသည်။ ''သန်းရွှေ ခေါ်သွားတော့''ဟု ထောင်မှူးက ဆက်ပြောပါသည်။

ထိုနေ့ကဆိုရင် ယခင်တပတ်ကထက် လွတ်လွတ်လပ်လပ် တွေ့ရပါသည်။ ကိုပါနှင့်ကိုသူခတို့၏ အစီအစဉ်တရပ်ဖြစ်မှန်း

www.burmeseclassic.com

www.burmeseclassic.com

သိရပါသည်။ ဝါဒါမကို ယမယ်ချာ၍ ခေါ်စကား ပြောနေ
ခြင်းဖြင့် ကျွန်တော်တို့အတွက် လွှတ်လွှတ်လပ်လပ် ပြောခွ
ရကြပါသည်။

လင် ထောင်ကျနေစဉ် မယားက လင်နှင့် ထောင်ဝင်စာ
တွေ့ရန်လာရာမှ အပြစ်မရှိဘဲထောင်ကျရသော ဇနီးမောင်နှံ
အဖြစ် ထောင်မှူးအား ပြောထားကြသောကြောင့် ထော
မှူးကလည်း ကရုဏာ သက်နေမှန်း သိရပါသည်။ ပုံ
ခေတ်တွင် ယခုလို လွှတ်လွှတ်လပ်လပ် တွေ့ခွင့် ရရေး
မလွယ်လှပါ။ ကျွန်တော် အလုပ်ပြောင်းရေး အတွက်လည်း
ကြိုးစားပါသည်။ ထောင်ဝင်စာတွေ့ပြီး ၁၀ ရက် ခန့်တွင်
ကျွန်တော့် ခြေကျင်းဖြုတ်ရပါသည်။ ကျွန်တော် တယော
တည်း မဟုတ်ပါ၊ နှစ်ကြီး အကျဉ်းသားများက ခြေကျ
ဖြုတ်ပေးရန် အရေးဆိုကြသောကြောင့် နှစ်ကြီးသမားအား
လုံးကို ဖြုတ်ပေးခြင်းဖြစ်ပါသည်။ အရေးဆိုရာတွင် ကျွ
တော်တို့ မပါပါ၊ နိုင်ငံရေးသမားများနှင့် နီးစပ်သူများ
ဆိုကြခြင်းဖြစ်ပါသည်။

အချို့မှာ ဆန်လုမှု၊ သူပုန်မှုနှင့်ကျနေသော နှစ်ကြီးသမား
တွေ ဖြစ်ကြပါသည်။ တခါတည်းတွင် ဆံပင်အရှည်ထား
ခွင့်လည်းရပါသည်။ ဆေးလိပ် သောက်ခွင့်လည်း ရလာ
သည်။ ကျွန်တော်လည်း ကြိုးတိုက်မှ ၂ဆောင်သို့ပြောင်းလာ
ရပါသည်။ ကျွန်တော် ရွှေဝင်းကို ရိုက်လိုက်သော အမှု
ကြောင့် ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စမှာ အထော
လုံးပြုံသွားပါသည်။ စိတ်ညစ်တိုင်းပေပေတေတေနေမှုကြော
ကျွန်တော့် ရုပ်ရေမှာလည်း အတော် ကျသွားပါသည်
ထောင်ထဲတွင် ၂ နှစ်ကျော်ကျော်မျှ ဒုက္ခ အမျိုးမျိုး တွေ

[illegible] ယောက်အဘို့ အပြင် လောကတွင် ၁၀ နှစ်စာခန့် အိုသွားသည်ဟု ထင်ပါသည်။

ယခုမှ စိတ် အတော် ကြည်လင်လာပါသည်။ ကြိုးတိုက်မှလည်းလွှတ်၊ ခြေကျင်းလည်းပြုတ်၊ ဆံပင်လည်းထားခွင့်ရ၊ ချစ်သူနှင့်လည်း တွေ့ခွင့်ရသော ဘဝသို့ ရောက်လာပါပြီ။ နောက်တပတ် ထောင်ဝင်စာ တွေ့ချိန်ဆိုလျှင် ဆံပင်အတော် ရှည်နေမည်၊ မခင်လှိုင် လွတ်ခါနီးသောအခါ ဘိုကေတွေ ဘာတွေနှင့် စတိုင်ကျကျ တွေ့ရအုံးမည်ဟု တွေးမိပြီး အလွန် ကြည်နူးမိပါသည်။

ကျွန်တော်တောင်ငူထောင်က ပြောင်းလာစဉ်က ငွေ ၂၀ ပါခဲ့ရာ၊ ဦးလေးချစ်နှင့်အတူ အလုပ်နေရာကောင်းကောင်း ရဘို့အတွက် လာဘ်ထိုးခဲ့ရသောကြောင့် တပြားမှ မရှိတော့ပါ။ ငွေကလိုပါသည်။ အလွန်ဘဲလိုနေပါပြီ။ ထို့ကြောင့် အကြံအဖန်လုပ်ရပါသည်။ အကြံအဖန်ဆိုသည်မှာ ထောင်တွင်း၌ ပိုက်ဆံရအောင် လုပ်သမျှကို အကြံအဖန်ဟု ခေါ်ပါသည်။ ပိတ်ညှပ်ရာမှ ပိုသမျှအစများကိုလွယ်အိတ်ချုပ်၊ ဘောင်းဘီချုပ်၍ ရောင်းခြင်းဖြင့် ငွေရပါသည်။ လက်သမားရုံမှ အကျဉ်းသားများမှာ သစ်တိုသစ်စများနှင့် ဆေးလိပ်ခွက်လုပ်၊ ဓါတ်ပုံဘောင်လုပ်၊ သေတ္တာလုပ် စသည်များ လုပ်ရောင်းခြင်းဖြင့် ငွေရကြပါသည်။

ကြိမ်ရုံမှဆိုလျှင် ဆွဲခြင်း၊ ခြင်းလုံး စသည်တို့လုပ်ပါသည်။ တချို့ ငွေနှင့်ရောင်း၊ တချို့ ဆေးလိပ်နှင့်လဲကြပါသည်။ တခါတရံ ထောင်သားအချင်းချင်းရောင်း၍ တခါတရံ ဝါဒါများနှင့် အပြင်သို့ ထုတ်ရောင်းရပါသည်။ ကျွန်တော်သည် စက်ချုပ်ဘက်သို့ ရောက်ပြီး ၆လခန့် ကြာမိသောအခါ အ



www.burmeseclassic.com

www.burmeseclassic.com

ဖြည်းဖြည်း စုဆောင်းလာခဲ့ရာ ငွေ ၁၀ိ မျှ ရနေပါပြီ။ ဒ
ချို့မှာ ၁၀၀ိ၊ ၂၀ိ ခန့်ပင် ရရှိကြပါသည်။

အကြီးအဖန် လုပ်တတ်ရုံသာမဟုတ်ပါ၊ နို့စားလည်း
အောင်လျှောက်တတ်ပါပြီ။ နို့စားလျှောက်ရသည်မှာ မလွ
ပါ၊ ထောင်ဆရာဝန် ရောင်းလှည့်လာသောအခါ အားနည်
ကြောင်း၊ ညအိပ်မပျော်ကြောင်းစသည်ဖြင့် အင်အားဆု
ယုတ်ပုံကို ပြောပြ၍ နို့စားတောင်းရပါသည်။ ဆရာဝန်
တကယ်အားရှိမရှိ၊ ကျန်းမာရေးလိုမလို ကြည့်ပြီးမှ နို့စားပေ
ပါသည်။ သို့လျှောက်ရာတွင် လူ ၁၀၀ လောက် လျှောက်
၅ယောက်ခန့်သာရတတ်ပါသည်။ သို့ရာတွင်ဆရာဝန်၏ ဘ
ယာလက်သို့ ငွေ ၃ိ လောက်ထည့်လိုက်လျှင် ချက်ခြင်းပေ
သည်။ နို့စားပေးလျှင် တယောက်ကို တပတ်ပေးပါသည်
တနေ့လျှင် နို့တပေါင်နှင့် ပေါင်မုန့် တဝက်ရပါသည်
မခင်လှိုင်နှင့် ထောင်ဝင်စာမတွေ့ခင် ၇ရက်လောက်က ဆ
ဝန်၏ ဘာယာသို့ ငွေ ၃ိ ပေးကာ နို့စားလျှောက်ထား
သည်။

တတိယအကြိမ် ထောင်ဝင်စာတွေ့ရမည့်နေ့ ရောက်
ပါသည်။ နံနက်ကရသော နို့တခွက်၊ ပေါင်မုန့်တချပ်အ
အပြင်မှ လာသော စက်ဆရာကို မှာထားသော ဆေး
၂၅လိပ်နှင့် ကိတ်မုန့်တလုံးကလည်း ရထားပါပြီ။ ပုံစံဝ
ဆိုသော်လည်း စံပြခေတ်သို့ ကူးပြောင်းချိန်နီးနေ၍ အ
ချောင်ပါသည်။ ယခင်ကဆိုလျှင် နို့နှင့် ပေါင်မုန့်ကို
ချက်ခြင်း စားလိုက်ရပါသည်။ ချန်ထား၍ မရပါ၊ ယ
အပြင်မှပင် ပစ္စည်းများ ဝယ်ယူထား၍ ရပါသည်။



ကျွန်တော်၏ကသောမှာ ခပ်တိုတိုသာ ရှိပါသေးသည်။
သို့သော်လည်း လက်နှင့်သပ်၍ ဖီးမိပါသည်။ မနေ့ကပင်
အဝတ်အစားတစုံကို လျှော်ဖွတ်၍ အိပ်ရာအောက်တွင် ခင်း
အိပ်ထားရာ ခေါက်ရိုးနှင့် ဖြစ်နေပါသည်။ ပြုပြင်စရာ ဘာမျှ
မရှိသော်လည်း ခေါက်ရိုးကျိုး ဝတ်စုံကိုဝတ်၍ ခြေကျင်းမပါ
ဘဲ ချစ်သူနှင့် တွေ့ရမည့်ဘဝကို များစွာကြိုတင်ကြည်နူးနေမိ
ပါသည်။

"ဟေ့ ထွန်းမြင့် ထောင်ဝင်စာ"ဟု အပြင်မှခေါ်သံကြား
လျှင် နို့ခွက်၊ ဆေးလိပ်၊ ကိတ်မုန့်နှင့်ပေါင်မုန့်ကို လက်တွင်
ပွေ့ကိုင်ကာ ကျွန်တော် ထွက်ခဲ့ပါသည်။ မခင်လှိုင်မှာလည်း
သနပ်ခါးရေကျဲကလေးနှင့် လျှော်ဖွတ်ထားသောပုံစံဝတ်စုံ
နှင့် သပ်သပ်ယပ်ယပ်ဖြစ်နေပါသည်။

"ရော့ မခင်လှိုင်ဘို့"

"ဟင် အစ်ကို ဒါတွေဘယ်က ရသလဲ"

"အစ်ကိုလဲ စတိတောင်းထားတာပေါ့"

"ဟော ပြောရော့မယ်"ဟု ပြောရင်း ကျွန်တော့်ပေါင်
ကို လိမ်ဆွဲကာ ပြုံးပါသည်။ ကျွန်တော်လည်း ပါလာသော
ပစ္စည်းများကို ကုလားထိုင်ဘေးတွင် ချထားလိုက်ပါသည်။
ပါမကကြည့်ရှုစစ်ဆေးပြီး ထောင်မှူးခွင့်ပြုချက်ယူ၍ တ
ဆင့်ပေးရပါသည်။ တိုက်ရိုက်ပေးခွင့်မရှိပါ။

ယခုအပတ်တွင် ဒေါ်စိန်အလှည့် ဖြစ်ပါသည်။ ခဏသာ
ကျွန်တော်တို့အနားတွင်နေပြီး ထောင်မှူးနှင့် သွားစကား
ပြောနေပါသည်။

"အမေက အခုလိုတော့ အလိုက်သိသားဘဲ"

"ကျွန်မက ချော့ထားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ဘာတွေလာဘ်ထိုးထားသလဲ"

"ကျမမှာ ဘာမှမရှိပါဘူး၊ ပါတဲ့ပိုက်ဆံတော့ ထောင်မှူးကြီးရုံးမှာ အပ်ထားရပါတယ်၊ ကျမလွတ်မှ ရမယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ အမေသြောင်းရင် ကျမနှိပ်ပေး နင်းပေးမယ်ဆိုပြီး နှိပ်ပေး နင်းပေးတယ်၊ အမေ့အဝတ်တွေ ရင် ယူခဲ့ပါ၊ ကျမလျှော်ဖွတ်ပေးမယ်ဆိုပြီး လျှော်ဖွတ်ပေးတယ်၊ ဒီတော့ မီးသေနေတာပေါ့"

"အင်း မခင်လှိုင်က ဒီလိုတော့လဲလက်ကောက်အကျသား ဘဲ"

"ဘာဖြစ်ဖြစ် အတွေ့အကြုံက သင်တာပေါ့"

"ဟော အတွေ့အကြုံဆိုတဲ့ စကားလုံးတွေတောင် ပြော တတ်နေပလား"

"ကျမတို့ အိပ်ဆောင်မှာလဲ နိုင်ငံရေးသမားတွေရှိတာ ပြောတတ်တာပေါ့"

"သူတို့က ဘာတွေပြောသလဲ"

"စုံနေတာဘဲ၊ ဒါတွေထားပါအစ်ကို၊ အစ်ကို့ ခြေကျင်း ဘယ်ရောက်သွားသလဲ"

"အခုနှစ်ကြီးသမားအားလုံး ခြေကျင်းဖြုတ်ရပြီ၊ဆံပင် ထားခွင့်ရတယ်၊ ဆေးလိပ်လဲသောက်ခွင့်ရတယ်"

"ဝမ်းသာစရာကြီးနော် အစ်ကို"

"ဟာ သိပ်ဝမ်းသာတာပေါ့၊ ဒီမှာ မခင်လှိုင်၊ မခင် ဘယ်တော့ လွတ်မလဲ"

"တလကျော်ကျော်လောက် လိုသေးတယ်၊ အဖေ ပြောတော့ ဆုမှတ်ရက် သုံးဘို့တဘို့ရအောင် ပြောပေး



သူပြောရင် လေးလအတိနှင့် လွတ်မယ်တဲ့၊ သူ့ကို ၂၀ ပေး ရမယ်တဲ့"

"ကောင်းသားဘဲ၊ လွတ်မှ ထောင်မှူးကြီးဆီက တောင်း ပြီးပေးမယ်လို့ ပြောထားလိုက်ပေါ့"

"ကျမတော့ လွတ်တောင်မလွတ်ချင်ဘူး၊ ခုလို အစ်ကိုနဲ့ နီးနီးနေရတာက သာကောင်းတယ် ထင်တယ်၊ လွတ်သွားရင် ရန်ကုန်မှာ နေနိုင်မယ်မဟုတ်ဘူး၊ ရွာကိုပြန်ရမှာ"

"ဒါဖြင့် လွတ်သွားရင် နောက်တမှုနဲ့ ပြန်ကျပါအုံး လား"ဟု ကျွန်တော်က ကျီစယ်မိပါသည်။

"ဟုတ်တယ်၊ ဒီလိုဘဲစိတ်ကူးရမလားမသိဘူး"

"မလုပ်ပါနဲ့ကွယ်၊ အစ်ကိုက ပြောင်ပြောတာပါ၊ ဒီ ထောင်ကျတယ်ဆိုတာ မကောင်းပါဘူး၊ အစ်ကိုတောင် မလိမ်မာ တခါမိုက် ဖြစ်လာလို့"

"ပြောလို့ ပြောတာပါ အစ်ကိုရယ်၊ လူမလွတ်လပ်၊ စိတ် မလွတ်လပ်တဲ့ နေရာမှာ ဘယ်နေချင်ပါ့မလဲ၊ မလွှဲသာလို့သာ ပေါ့၊ အစ်ကိုလွတ်ဘို့ကော ဘာမှမသိရသေးဘူးလား"

"သနားစာ ပြန်မကျသေးဘူး မခင်လှိုင်လွတ်ရင် ရွာပြန် မလား"

"ရွာမပြန်လို့ ဘယ်ဖြစ်မှာလဲ အစ်ကိုရယ်၊ ဒီကိုတောင် အစ်ကို့ကိုတွေ့ချင်လွန်းလို့ စွန့်စားပြီးလာရတာ၊ဒါလဲ အဖေ ဆုံးလို့၊ အဖေသာရှိနေရင် လာရမှာ မဟုတ်ဘူး"

"ဟေ့ ဘာစကားလက်ဆုံကျ နေကြသလဲဟေ့"ဟု ဒေါ်စိန်က အနားလာရင်း ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဇနီးလဲ အမေက စောင့်ရှောက်ပါတယ်၊ လွတ်ရ တောင် အမေနဲ့နေဘို့ ပြောသေးတယ်၊ ဒီအထဲမှာလဲ ကောင်းကောင်းနေဘို့ အမြဲသတိပေးနေရတာ၊ ဒီထဲက ဟာတွေက ကောင်းတာမဟုတ်ဘူး၊ မင်းသို့အတွက်တော့ ဘာမှမပူနဲ့၊ စိတ်အေးအေးထား"

"အောင်မယ် အောင်မယ် လူများထောင်ဝင်စာ တွေ့နေ ရတဲ့အထဲ ခင်ဗျားကလဲထောင်ဝင်စာတွေ့နေရသေးသလား" ဟု ကိုပါက ဒေါ်စိန်ကို လှမ်းနောက်လိုက်ပါသည်။

"ပြောရတာပေါ့ဟယ်၊ ငါ့သမီးကို ငါဘယ်လိုသွန်သင် ရတယ်ဆိုတာလဲ ပြောရသေးတာပေါ့"ဟု ဒေါ်စိန်က ပြ ပြောပါသည်။

"ကိုင်း ကိုင်း-မတော်သေးဘူးလား"ဟုထောင်မှူးက သတိပေးလိုက်မှ "ဟုတ်ပါရဲ့တော်၊ ဒါလောက်ပြောရရင် အား ရရောပေါ့၊ လာ သမီးပြန်မယ်၊ ဟိုမှာယူ ညီးပစ္စည်းတွေ"ဟု ဒေါ်စိန်က ပြောရင်း ပစ္စည်းကလေးများကို ဝိုင်းသယ် သည်။

"သွားမယ်နော် အစ်ကို"

"အေးအေး လိုချင်တာရှိလဲမှာနော်၊ ကိုင်းသွားသွား"ဟု ပြောရင်းနှုတ်ဆက်ပြန်ခဲ့ရပါသည်။ ထိုအကြိမ် ထောင်ဝင်စာ တွေ့ရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။ နောက် တကြိမ်တွေ့ခွင့်ရအောင် တလစောင့်ရဦးမည်ကို တွေးမိ သောအခါ မောသွားပါသည်။

အလုပ်ပြောင်းမှပင် နေ့စဉ်တွေ့ရပါမည်။ အလုပ်ပြော ရန် ကိုပါနှင့်ကိုသူခကို ထပ်ပြောရပါသည်။ ယခုပို့နေသော လူများကို အပြစ်မရှိဘဲ ပြောင်းရန် မသင့်သောကြော



တယောက်မှာ မကြာမီ လွှတ်တော့မည်ဖြစ်၍ ထိုလူလွတ်မှ ပြောင်းပေးမည့်အကြောင်းပြောပါသည်။ ထိုလူ မပြောင်းခင် မခင်လှိုင် လွတ်သွားလျှင်ကား အလုပ် ပြောင်းရကျိုးနပ်တော့မည် မဟုတ်ပါ။

ညနေ အလုပ်ဆင်းသံချောင်း ခေါက်ပြီးနောက် အလုပ်ဘက်မှာပင် ရေချိုးကာ ထမင်းဆွဲဖိုကြီးသို့ သွားပါသည်။ သရက်ပင်ကြီးမရောက်ခင် ကျွန်တော့်အလှည့် မရောက်သေး၍ ထိုင်နေရာ ကျွန်တော်နှင့် တွဲထိုင်နေသော သူငယ်ချင်းက "ဟော့ ဟိုမှာ သော်တာကွ"ဟုပြောပါသည်။ သော်တာနှင့် မတွေ့ရသည်မှာ ၃ဆောင်မှ ကျွန်တော် ပြောင်းရကတည်းက ဖြစ်ပါသည်။ သူက ယခင်အတိုင်း ဆန်ရုံမှာ ဘုတ်ကိုင်ဖြစ်၍၊ ယခုလည်းဆန်ရုံကပြန်လာဟန်တူပါသည်။ ၂နှစ်ကျော်ကျော် ခန့်ခမဲ့နေသော အနာဟောင်းမှာ ရုတ္တရက် ပြန်ပေါ်လာပါသည်။ သော်တာသည် ကျွန်တော့်ဘဝကို အဦးဆုံး နှိမ်ချိုး ဖျက်ဆီးလိုက်သူဖြစ်သည်။ ထို့ကြောင့် တနည်းနည်းနှင့် လက်စားချေလိုစိတ်မှာ ထိန်းမရအောင် ဖြစ်လာပါသည်။ သော်တာသည်ထမင်းဆွဲအပေါက်နားတွင် မတ်တတ်ရပ်ကာ ဖိုခေါင်းနှင့် စကားပြောနေပါသည်။

အလှည့်ရောက်သောအခါထ၍ ကျွန်တော်ထမင်းဆွဲထွက်လာပါသည်။ သူက ကျွန်တော့်ကိုကျောပေးပြီး ဖိုခေါင်းနှင့် တဝါးဝါး ပွဲကျနေပါသည်။ ဒေါသမီးမှာ ဟုန်းကနဲ ထလာ သောကြောင့် လက်ထဲမှ ဇွတ်နှင့် သော်တာ၏ ဂုတ်ပိုးကို တအားလွှဲခုတ်လိုက်ပါသည်။ ရုတ္တရက်ဖြစ်သောကြောင့် သူ လည်း ဘာမှမတတ်နိုင်ဘဲ ဘေးသို့လဲကျသွားသော သူ့လက်ထဲမှ တုတ်ကိုဆွဲယူပြီး စိတ်ရှိတိုင်း ကျွန်တော်ဖိရိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုပုလိပ်တယောက်က ကျွန်တော့်ကိုနောက်မှ ဝင်ရိုက်လိုက်မှပင် ကျွန်တော်လည်း မိုက်ကနဲဖြစ်ကာ ဘေးသို့လဲကျသွားပါသည်။ တုတ်ချက်ပေါင်း အတော်များများ ကျွန်တော့်ကိုယ်ပေါ် ကျသည်ကိုသာ သတိရပြီးနောက် ဘာမှမသိတော့ပါ။

သတိရလာသောအခါ ဆေးရုံပေါ် ရောက်နေပါသည်။ တကိုယ်လုံးမလှုပ်နိုင်အောင်တောင့်နေပါသည်။ နာရီမောင်း ၁၀ ချက်ခေါက်၍ ည ၁၀ နာရီ ထိုးနေကြောင်းလည်း သိရပါသည်။ သော်တာကိုလည်း ဆေးရုံ တင်ထားရပါသည်။ သူ့ကိုဒဏ်ရာခန်းတွင်ထားပြီး ကျွန်တော့်ကို အဖျားခန်းတွင်ထားပါသည်။ သော်တာသည်ခေါင်းကွဲပြီး ဒူးဆစ်ပြုတ်သွားသည်ဟု သိရပါသည်။ ကျွန်တော့်ကိုလည်း ဖိုပုလိပ်များ ဝိုင်းရိုက်၍မေ့နေသောကြောင့် ဆေးရုံတင်ထားကြရသည်ဟု ဆိုပါသည်။ ဆေးရုံတွင် ၁၀ ရက်ခန့် တက်နေ ရပါသည်။ ထို့နောက် ဆေးရုံတိုက်တွင် ကျွန်တော့်ကို တိုက်ပိတ် ပါသည်။

တိုက် ၁၀ ရက်ခန့်ပိတ်ပြီးနောက် ထောင်တွင်းရုံးသို့ တင်ပါသည်။ ထောင်မှူးကြီးက အပြစ်ရှိသည်ဆိုကာ နောက်ထပ် တလ တိုက်ပိတ်လိုက်ပါသည်။ ကျွန်တော် ယူကြုံးမရ ဖြစ်လှပါသည်။ တိုက်ပိတ်ခံရလျှင် ထောင်ဝင်စာ တွေ့ခွင့် မရှိပါ။ မခင်လှိုင်နှင့်ထောင်ဝင်စာတွေ့ခွင့်မရနိုင်ခြင်းမှာ ဘာယာများ ဝိုင်းရိုက်ခြင်းကို ခံရသည်ထက် ကျွန်တော် နာပါသည်။ မခင်လှိုင်ထံမှလည်း ဘာသတင်းမှ မကြားရပါ။ တိုက်က လွတ်သောအခါတွင်လည်း အလုပ်ဘက်သို့ပြန်မပို့ဘဲ မိုးကြိုးတိုက်တွင် တံမြက်လှည်း အလုပ်ချပြီး မိုးကြိုးတိုက်မှာပင်နေရပါသည်။ မခင်လှိုင် ဘယ်နေ့ကလွတ်သည်၊ ဘယ်လိုပြန်သွားသည်ကို ကျွန်တော် ဘာမှ မသိရတော့ပါ။

တနေ့တွင် ကိုသုခ စပါးတိုက်သို့လာသည်ကို တွေ့လိုက်ပါသည်။ စပါးတိုက်မှာ မိုးကြိုးတိုက်နှင့် ကပ်လျက် ရှိသောကြောင့်—

"ကိုသုခ၊ကိုသုခ ခဏ ခဏ"ဟု ကျွန်တော် လှမ်းခေါ်ရာ ကိုသုခ မိုးကြိုးတိုက်ထဲ ဝင်လာပါသည်။

"မင်း တိုက်က မလွတ်သေးဘူးလား"

"လွတ်တော့ လွတ်ပါပြီ၊ ဒီမှာဘဲ တံမြက်လှည်း အလုပ်ချထားတယ်၊ ဒီမှာဘဲ အိပ်ရတယ်"

"မခင်လှိုင်အကြောင်း မေးမယ်လို့ မဟုတ်လား"

"ဟုတ်တယ်၊ လွတ်သွားပြီလား"

"အေး လွတ်ခါနီး တို့ရုံးခန်းထဲ လာသေးတယ်၊ မင်းကို ခဏဖြစ်ဖြစ် တွေ့ပါရစေလို့ ထောင်မှူးကို ခြေသလုံးဖက်ငိုပြီး တောင်းပန် ခွင့်တောင်း ရှာသေးတယ်။ မင်းကလဲ တိုက်ပိတ်ခံနေရတော့ ထောင်မှူးလဲ ဘာမှ မတတ်နိုင်ဘူး၊ အေး မင်းတိုက်ကထွက်တော့မှလာတွေ့ဘို့မှာလိုက်ရတယ်"

"ကျေးဇူးပါဘဲဗျာ- ဒါဖြင့် သူ လာတွေ့မှာဘဲ"

"အေး လာတွေ့မယ်လို့ ပြောသွားတာဘဲ၊ ကိုင်း သွားအုံးမယ်"ဟု နှုတ်ဆက်ပြီး ကိုသုခလည်း ပြန်သွားပါသည်။

"ထောင်ဝင်စာ၊ ထောင်ဝင်စာ"ဟု ခေါ်သံ ကြားတိုင်း ကျွန်တော့်ကိုခေါ်မည်လားဟုစောင့်မျှော်မိပါသည်။ တခါမှ မခေါ်ပါ၊ ကျွန်တော်မှာ တိုက်ထဲတွင် စံပြုခေတ်အထိ နေရပါသည်၊ စံပြုခေတ်ရောက်မှ တိုက်မှ လွတ်ပြီး ၂ ထောင်သို့ ထပ်ပြောင်းရပါသည်။ အလုပ်မှာ ကုန်ကြမ်း ထောင်မှူး

www.burmeseclassic.com

www.burmeseclassic.com

ရှုံးခန်းက ရှုံးခန်းဘာယာ အလုပ်ဖြစ်ပါသည်။ ရှုံးခန်းရောက်မှပင် အမေစိန်နှင့်တွေ့ရ၍ မခင်လှိုင်အကြောင်းကိုမေးကြည့်ရပါသည်။

မခင်လှိုင်သည် လွတ်ပြီး တလခန့် အမေစိန်၏ အိမ်တွင်နေသေးသည်။ နေ့စဉ် ထောင်ဝင်စာတွေ့ရန် စာထည့်သော်လည်း၊တနေ့မှမခေါ်၊တနေ့တွင်မူ တံခါးဝမှဝါဒါတယောက်အား မေးကြည့်ရာ အထဲက မတွေ့လိုဆို၍ မခေါ်ခြင်း ဖြစ်သည်ဟု မခင်လှိုင်ကို ပြန်ပြောသည်။ ထို့ကြောင့် စိတ်ပျက်အားငယ်ပြီး ရွာကို ပြန်သွားသည် ဟု အမေစိန်က ပြောပြပါသည်။

ဒီတော့မှပင် ကျွန်တော် ရိပ်မိပါသည်။ သော်တာမှာ ဗျူးတွင် ပေါက်ရောက်သူ ဖြစ်ပါသည်။ ဗျူးပုလိပ် များမှာ ထောင်ဝင်စာ, စာရွက်များကို သိမ်း၍ လိုက်ခေါ်ရသူများ ဖြစ်ပါသည်။ သူတို့လိုလားသော သူများအား ချက်ခြင်းခေါ်ပေးပြီး၊ မလိုသူများကို လိုက်မခေါ်သည့်ပြင်, အပြင်မှ ထည့်လိုက်သော စာရွက်များကို ဆုတ်ပစ် တတ်ပါသည်။ သော်တာက ဗျူးပုလိပ်များကို နားသွင်းထား၍သာ ကျွန်တော့်ကိုမခေါ်ဘဲ စာရွက်များကို ဆုတ်ပစ်လိုက်ဟန် တူပါသည်။ ထို့ကြောင့် တွေးမိတိုင်းအသဲနိုက်အောင်နာပါသည်။ ဒီတချီတွင်ကြိုးကျချင်ကျပါစေ၊ ကိစ္စတုံးစီရင်မည်ဟုပိုင်းဖြတ်လိုက်ပါသည်။ သို့ရာတွင် စံပြခေတ် အစတွင်ပင် သော်တာလွတ်သွားသောကြောင့် ကျွန်တော် နောက်ထပ် အမှုမတိုးတော့ပါ။

× × × × × ×



ယခုအထိ ဦးလေးလှအား ကျွန်တော်ပြောပြနေသည်များမှာ ဗြိတိသျှအစိုးရခေတ်၊ ၁၉၃၀ ခုတဝိုက်၊ ဆိုးဝါးသော စီးပွားရေးစံနစ်အောက်တွင် ကျွန်တော်တို့ မိဘများ အပါအဝင် တောင်သူလယ်သမားများခံစားခဲ့ရသည်များ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်မြေပြင် ၂ကြိမ် ဖြစ်ရသောကြောင့် စစ်ဘေးစစ်ဒဏ်ကိုခံကြရပုံများ၊ ဒုက္ခတွေကြားထဲမှ တွေ့ကြုံဆုံကွဲရသော ကျွန်တော်တို့၏အချစ်ရေး။

စစ်ကြီးပြီးသည့်နောက် နေစရာ ထိုင်စရာ၊ စားစရာ လုပ်စရာမရှိ ဖြစ်နေရသော အခြေအနေ၊ အလုပ်အကိုင်မရှိဖြစ်နေစဉ် မကောင်းသောအပေါင်းအသင်းများနှင့် တွေ့ဆုံ ပေါင်းဖက်မိသောကြောင့် လူတယောက်သေသော ဓါးပြမှုကြီးဖြစ်ပွားကာ ထောင်ဒဏ် တသက်တကျွန်း အပြစ်ပေးခံရခြင်း၊ အသက်သေဆုံးရသူနှင့်မခြား အမေ၊ နှမနှင့် ချစ်သူများကိုခွဲခွါခဲ့ရပြီး လူ့လောကနှင့်မတူသောရန်ကုန်ထောင် ငရဲပြည့်သို့ ရောက်လာခဲ့ရပုံ၊ ထောင်အတွင်း၌ တွေ့ကြုံခံစားခဲ့ရပုံများဖြစ်ပါသည်။

ပုံစံထောင်ဆိုသည်မှာ အပြင်တွင်ရမ်းကားလာခဲ့ကြသည့် လူဆိုးလူမိုက်များထက်ပို၍ မိုက်ကြဆိုးကြသော အဖွဲ့အစည်းကြီးတခုဖြစ်သည်ကိုဦးလေးကိုယ်တိုင်သဘောပေါက်လောက်ပြီဟု ထင်ပါသည်။ ဤထောင်ထဲတွင် ပုံစံခေတ်ကို နှမ့်းတွေ့နှမ့်းတွေ့အသက်ပေး၍မှီလိုက်ကြရသော အခြားနှစ်ကြီးသမားများ ယနေ့တိုင် ရှိကြပါသေးသည်။ သူတို့ကို ဦးလေးကိုယ်တိုင် မေးကြည့်လျှင်လည်း သူတို့ကိုယ်တိုင် တိရစ္ဆာန်များပမာခံစားခဲ့ရပုံ၊ သူတို့မျက်စိအောက်တွင် သေလောက်အောင်အနှိပ်စက်ခံရသူများ၊ သေဆုံးသွားသူများ၏ အကြောင်းများမှ



www.burmeseclassic.com

www.burmeseclassic.com

စ၍ တခေါင့်တည ပုံပြင်များသဖွယ် မဆုံးနိုင်အောင် ကြားသိရပါလိမ့်မည်။ သို့ရာတွင် ပုံပြင်များမဟုတ်၊ ဒဏ္ဍာရီများမဟုတ်၊ နှင်းပြားလူသားများ၏ ခံစားရချက် အစစ်အမှန်များသာ ဖြစ်ပါသည်။

"မင်းနယ်ကွာ သတ္တိကောင်းတဲ့ လေထီးစစ်သား၊ ဂျပန်တွေနည်းမျိုးစုံညှဉ်းဆဲပြီး သတ်မလို့ လုပ်တာတောင် ကြံ့ကြံ့ခိုင်ခိုင်ခံနိုင်ခဲ့ပြီး၊ ထောင်ထဲရောက်တော့မှ သော်တာတို့လို လူမိုက်လူဆိုး အစော်ကားခံရတာ အံ့ပါရဲ့" ဟု ဦးလေးတို့ ပြောမယ်ဆိုလျှင် ပြောစရာပင်ဖြစ်ပါသည်။ ကျွန်တော့်ကို ကျွန်တော်လည်းတခါတရံ အပြစ်တင်မေးမြန်းမိပါသည်။

သို့ရာတွင်မတူပါ။ ဂျပန်ကို ခုခံတော်လှန်စဉ်ကစိတ်မျိုးနှင့် အလုပ်လက်မဲ့ဖြစ်၊ စားရမဲ့၊ နေရမဲ့၊ ဝတ်ရမဲ့ ဖြစ်နေသော ဘဝ၊ ထိုမှတဆင့် လူသေမားပြမှုကြီး ဖြစ်ရသောအခါ မှားမှန်းသိပြီး ဇိခင်နှင့် နှမ၊ ချစ်သူ ရည်းစားအတွက် ပူပင်ခြင်းစသော သောကများ တွေ့ပြားနေသည့်ကြားထဲ ဗမာပုလိပ်များ၏ ဂျပန်နည်း နှိပ်စက်မှုများကို ခံရပြီးသည့်နောက် ကမ်းမမြင် လမ်းမမြင်သော တသက်တကျွန်း ထောင်ဒဏ် အပြစ်ပေးခြင်းခံလိုက်ရသောအခါ ကျွန်တော်မှာ စိတ်ဓါတ် အလွန်ကျဆင်းပြီး လူသေတပိုင်းကဲ့သို့ ဖြစ်သွားပါသည်။

ရန်ကုန်ဗထောင်သို့ ရောက်လျှင်ရောက်ချင်း ငရဲသား ဗျူးပုလိပ်များကနှုတ်ခမ်းမွေးနှင့်ထောင်မှူးကြီး 'ဟာစ်တလာ' ခိုင်းစေသည့်အတိုင်း 'ချပါတီကျွေး' သောအခါအကျဉ်းသားဘဝတွင် အသက်ရှင်နေရခြင်း၏ အချည်းနှီးဖြစ်ရပုံကို ကျွန်တော်များစွာသဘောပေါက်မိပါသည်။ ကျွန်တော်၏မျက်စိအောက်တွင် ဦးလေးချစ်ကိုရိုက်သတ်နေကြပြီး ကျွန်တော်နှင့် ခွဲလိုက်

သည့်နောက်တွင်မှ ပို၍အားငယ်ကာ အားကိုးရာမဲ့ ဘဝသို့ ရောက်ရပါသည်။ ထောင်ထဲတွင် ကျွန်တော့် ထက်မက မိုက်ပေ့၊ သတ္တိကောင်းပေ့ဆိုသည့် ဂငေးတွေ၊ မြွေပွေးတွေပင် 'ထားသလိုနေ၊ ကျွေးတာစား၊ ခိုင်းတာလုပ်၊ လုပ်သမျှခံ' ဘဝနှင့် နေကြရပါသည်။

လွတ်လပ်ရေးရရှိပြီးသည့်နောက်၊ နိုင်ငံတော် အစိုးရက နိုင်ငံခြားတိုင်းပြည်တွင်အကျဉ်းထောင်ပြုပြင်ရေးလုပ်ငန်းများ လုပ်ခနေသည်ကို လေ့လာစေပြီး၊ ကောင်းနိုးရာရာ၊ အောင်မြင်ရာရာအချက်အလက်များကို ယူခဲ့ကာ ကျွန်တော်တို့နိုင်ငံတွင် စတင်စမ်းသပ်သည်ဟု သိရှိရပါသည်။

၁၉၅၁-ခုနှစ် ဇန္နဝါရီလမှစ၍၊ ရန်ကုန်ထောင်မှာ စံပြထောင်ဖြစ်လာပါသည်။ အင်းစိန်၊ မန္တလေး၊ မြောင်းမြ၊ သာယာဝတီထောင်များလည်း စံပြဖြစ်လာကြသည်ဟု ကြားရပါသည်။မော်လမြိုင်နှင့်အခြားထောင်များမှာ ပုံစံအတိုင်း ရှိကြပါသေးသည်။

စံပြထောင်ဖြစ်လာမှ အကျဉ်းသားများသည်ရှေ့ကိုမြော်မှန်းနိုင်သူများဖြစ်လာကြပါသည်။ ဘဝတုံးနေ၊ ဆုံးနေသူများ မဟုတ်တော့ပါ။

အဆောင်တိုင်းတွင် ထောင်မှူး ၁ယောက် ထားပေးပါသည်။ ထိုအဆောင် ထောင်မှူးအား ကိုယ်ရေး ကိုယ်တာအားလုံး ပြောပြနိုင်ကြပါသည်။ အဆောင်မှူးကလည်း ကူညီပါသည်။ အကျဉ်းသား လူဆိုးများက အုပ်ချုပ်နေခြင်း မဟုတ်တော့ဘဲ ထောင်ပိုင် ထောင်းမှူးများကိုယ်တိုင်ဂရုစိုက် အုပ်ချုပ်သည့်သဘော ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ညစ်ညမ်းသော အလေ့အကျင့်များလည်း များစွာ ယုတ်လျော့သွားပါသည်။ ရေချိုးလျှင်လည်း ရေလဲနှင့် လွတ်လွတ်လပ်လပ်ချိုးကြရပါသည်။

ဆေးလိပ်သောက်ခွင့် လွတ်လပ်စွာ မိလ္လာသွားခွင့်၊ ဆံပင်ရှည် မိုလ်ကေထားခွင့်များလည်း ရလာပါသည်။ ခေါင်းအုန်း၊ စောင်၊ အိပ်ရာခင်းများလည်း ရလာပါသည်။ အရောင်နှင့် အဆင်နှင့် အဝတ်အစားများလည်း ထုတ်ပေးပါသည်။ အစားအသောက်နှင့် ဆေးဝါးကုသခွင့်များလည်း ပိုကောင်းပါသည်။ အသနားခံစာ၊ နှိုးဆော်စာ၊ လျှော့ရက်များနှင့် ပါတ်သက်၍လည်း တော်တော် မှန်မှန်ကန်ကန် ဖြစ်လာပါသည်။

ပုံစံခေတ်တွင် စာရွက်စာတမ်း၊စာအုပ်၊ သတင်းစာမိလျှင် တိုက်ပိတ်ပါသည်။ စံပြခေတ် ပြောင်းလာသောအခါ အဆောင်တိုင်းတွင် စာကြည့်တိုက်များ ဖွင့်ထားပြီး သတင်းစာ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းမျိုးစုံ ဖတ်ကြရပါသည်။ အကျဉ်းသားထဲက စာကြည့်တိုက်မှူး ၁ယောက် ၂ယောက်လည်း အလုပ်ချပေးပါသည်၊

အိပ်ဆောင်များတွင် စာသင်ခန်းများ ဖွင့်ပေးထားပြီး အားလပ်ချိန်များတွင် စာပေသင်ကြားလေ့လာခွင့် ရကြပါသည်။ အပြင်မှာ စာမသင်ရသူတွေ၊မသင်ဘူးသူတွေ ထောင်ထဲမှာစာသင်ရသောကြောင့် သတင်းစာ ဖတ်တတ်လာသူများ မနည်းတော့ပါ။ကျွန်တော်လည်းယခုကဲ့သို့စကားပြောတတ် ကောင်းစွာ ရေးသားတတ်၊ ယဉ်ကျေးစွာ ဆက်ဆံတတ်သည်မှာ စံပြစံနစ်ကြောင့် ဖြစ်ပါသည်။ အသိအလိမ္မာ သိသိသာသာကြီးတိုးပါသည်။

စံပြခေတ်တွင် ဘော်လီဘော၊ တယ်နင်ကွိုက်၊ ခြင်းလုံး၊ ဘောလုံးများ အဆောင်လိုက် ကစားခွင့်ရကြပါသည်။ တဆောင်နှင့် တဆောင် ပြိုင်ပွဲများလည်း လုပ်ခွင့်ပြုပါသည်။

အဆောင်တိုင်းတွင် ဘုရားစင်ထားခွင့်ပြု၍ ဝတ်အသင်းများဖွဲ့ကာ ဝတ်တက် ဘုရားရှိခိုးခွင့် ပြုပါသည်။ အပြင်မှ ဆရာတော်ကြီးများ ပင့်ကာ ဆွမ်းကပ် တရားနာနိုင်ခွင့် ရကြပါသည်။ ဦးလေးရှိသည့် လများအတွင်းမှာ မန္တလေးက မစိုးရိမ်ဆရာတော်ကြီး၊ သာသနာ့ရိပ်သာမှ မဟာစည် ဆရာတော်ဘုရား၊ ကျောက်ကုန်းတောရ ဆရာတော်၊ ဝေဘူဆရာတော် စသည့် ဆရာတော်ကြီးတွေကို ဆွမ်းကပ်၍၊ အဲဒီဆရာတော်ကြီးတွေရဲ့ တရားများလဲ နာရပါသည်။

ပြဇာတ်၊ ကဇာတ် သုခမအဖွဲ့များ၊ အတီးအမှုတ်၊ အဆိုအက၊ ပျော်စရာများကိုလည်း အခါအားလျော်စွာခွင့်ပြုအားပေးပါသည်။

အထူးအားဖြင့် အကျဉ်းသားများ၏ စိတ်ကို ပြောင်းလဲစေသည်မှာ ဆုမှတ်ရက်ပေးခြင်းစံနစ်ဖြစ်ပါသည်။ ထောင်ထဲရောက်နေသည့် လူမှန်သမျှမှာ သဘာဝအားဖြင့် လွတ်ချင်ကြပါသည်။ ထို့ကြောင့် ဆုမှတ်ရက်ကို အကျဉ်းသားများအလွန် မက်ထားကြပါသည်။ ပုံစံခေတ်က ဆိုလျှင် မည်သို့ပင် နင်းပြားဘဝနှင့် ပုံစံကျကျနေသော်လည်း ဆုမှတ်ရက်ရချင်မှရပါသည်။

စံပြခေတ်တွင် ဆုမှတ်ရက်ကို စံနစ်တမျိုးနှင့် ပေးပါသည်။ ကြို၍ခန့်မှန်းပေးထားသည်။ ကောင်းစွာနေ၊ ကောင်းစွာအလုပ်လုပ်သည့် အကျဉ်းသားတိုင်းသည် ရရှိထားသောအပြစ်ဒဏ်၏ ၃ပုံ၁ပုံ လျှော့ရက်ရနိုင်ပါသည်။ ထောင်တွင်း အပြစ်



www.burmeseclassic.com

www.burmeseclassic.com

မရှိလျှင်၊ အလုပ်ကောင်းကောင်းလုပ်လျှင် ဆုမှတ်ရက်အပြည့် ရ၍၊ ပြစ်မှုရှိမှ ပြစ်မှုအလိုက် ဆုမှတ်ရက်ကို ဖြတ်ပါသည်။
မိမိတို့ ဆုမှတ်ရက်ကို မထိခိုက်ရအောင် များသောအား ဖြင့် သတိထားပြီး ကောင်းကောင်းနေ၊ ကောင်းကောင်း အ လုပ်လုပ်ကြသည်။ အကျင့်စာရိတ္တကောင်းသူ၊ အလုပ်ကောင်း သူများမှာ ၃ဖို့ ၁ဖို့အပြင် အထူးဆုမှတ်ရက်များပင် ရ သေးသည်။

စံပြစံနစ်မှာ ကောင်းသော်လည်း စံပြကိုအလိုမရှိသူများ လည်း ရှိကြပါသည်။ ပုံစံခေတ်တွင် အတူးအခွင့်အရေး ထားသော အကျဉ်းသားများ၊ ပုံစံခေတ်တွင် ရိုက်ချင်တိုင်း ရိုက်၊ နှိပ်စက်ချင်တိုင်း နှိပ်စက်နိုင်ခွင့်ရှိသည်ကို အရသာတွေ့ သော မှုထမ်းရာထမ်းအချို့ကမူ စံပြစံနစ်ကို မကြိုက်ကြ၊ မအောင်မြင်စေချင်ပါ။ အကျဉ်းသားများကို 'သူတို့လဲ လူ တွေဘဲ'လို့ ထင်တတ်သော မှုထမ်းရာထမ်းများကမူ အား အခဲမျိုးစုံကြားထဲမှ ကြိုးစားပြုပြင် လုပ်ကိုင်သွားမည်ဟု ဘောထားကြသည်ကို တွေ့ရပါသည်။ စံပြစံနစ်ကို အ လိုလားသော ထောင်အရာရှိကြီးတဦးက 'လက်ရှိ ထော မှုထမ်း ရာထမ်းတွေကို စံပြဖြစ်အောင် ရှေးဦးစွာ လုပ် ဘို့ လိုသေးသည်'ဟု ပြောကြောင်းနှင့်လည်း အကျဉ်းသာ အချို့က စာဖတ်ခန်းထဲတွင် ရယ်မောပြီး တနေ့က ပြော ကြပါသည်။

ကျွန်တော့်အဘို့ဆိုလျှင် စံပြကြောင့် တိုက်ခန်းမှာ ခြင်းမှ လွတ်ရပါသည်။ စာအုပ်တွေလည်း အများ ဖတ်ခွင့်ရပါသည်။ အမျိုးစုံပင်ဖတ်ပါသည်။ အင်္ဂလိပ်စာလည်း



...ပါသည်။ ဂဏန်းသင်္ချာလည်း ၇ တန်း ၈ တန်းသမားထက်တော့ မညံ့တော့ပါ။ ဘုရားရှိခိုးတွေ၊ ပရိတ်ကြီးတွေလည်းရလှပါပြီ။ မင်္ဂလာစာမေးပွဲ၊ ဗုဒ္ဓဘာသာ စာမေးပွဲများလည်း အဆင့်ဆင့် အောင်မြင်ပြီး၍ ဆွေ့ရက် များရပြီးပါပြီ။ စာလည်း တော်တော် ရေးတတ် နေပါပြီ။ ထောင်က လွတ်သည့် တနေ့တွင် ဦးလေးတို့ ဗန်းမော် တင်အောင်တို့လို စာရေးဆရာ ဖြစ်နိုင်ရင်တော့ ကျွန်တော့် တွင် ရေးစရာတွေ အများကြီး ရှိသည့်အတွက် စာရေးဆရာ တဦးဖြစ်ချင်ပါသည်။

တရေးများ ဘင်ဂျိုများကို ကျွန်တော်ကိုယ်တိုင် ကောင်း ကောင်း လုပ်တတ်သည့်အပြင် ကောင်းကောင်း ထိုးတတ်၊ တီးတတ်နေပါပြီ။ သီချင်းကြီး အပုဒ် ၂၀ ခန့်လည်း ရပါပြီ။ စက်ကောင်းကောင်း ချုပ်တတ်သည့်ပြင် ဆပ်ပြာ အမျိုးမျိုး လည်းချက်တတ်နေပြီဖြစ်သောကြောင့် လွတ်လျှင် အလုပ်လုပ် စားလို့ဖြစ်နိုင်ပြီဟု ယုံကြည်ပါသည်။ ကောင်းကောင်းနေ၊ ကြိုးစား အလုပ်လုပ်သောကြောင့် လွတ်ဘို့ရက်လည်း ခန့် မှန်း၍ ရပါပြီ။

ထို့ပြင်တနေ့ကကျွန်တော်တို့အဆောင်ကိုရောက်လာသည့် သတင်းစာ ၂စောင်မှာ ထူးခြားသော သတင်းတရပ် ပါလာ သည့်အတွက် ကျွန်တော်အလွန် အားတက်ဝမ်းသာ နေပါ သည်။ ထိုသတင်းကို ဖတ်ရင်း ကြက်သီးများပင် တဖျန်းဖျန်း ထမိပါသည်။ နိုင်ငံတော်သမတကြီးက ဒွန်းစဏ္ဍား၊ ကယ်ပါ၊ ဘုရားကျွန်များကို အများပြည်သူများနှင့်တန်းတူရည်တူ ဖြစ် ကြောင်းကြေညာသည့်အမိန့်၊ ထိုအမိန့်ကို အကောင်အထည် ဖေါ်သည့်သဘောနှင့် ကယ်ဆယ်ရေးနှင့် သာသနာရေးဌာန



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီး ဦးဘစော ကိုယ်တိုင် ပုဂံမြို့ကိုသွား၍ ဒွန်းစဏ္ဍားကယ်ပါဆိုသည့် ပြည်သူများနှင့် အတူ ထမင်း စားပြီး လွတ်ငြိမ်းချမ်းသာပြီ သဘောထားရန် ဟောပြောသည်။ သမတ၏ ကျေညာချက်ကိုဖတ်ပြသည်ဆိုသော သတင်းပင်ဖြစ်ပါသည်။ ထိုသတင်းသည် အခြား အကျဉ်းသားများအတွက် ထူးချင်မှ ထူးပါမည်။ ကျွန်တော့် အတွက်မှာမူ အကျဉ်းသားဘဝက လွတ်မြောက်သည်ထက်ပင် ဝမ်းသာမိပါသည်။ အမှန်အားဖြင့်လည်း မခင်လှိုင်သာမက၊ ကျွန်တော်ပါ ဒွန်းစဏ္ဍားကယ်ပါဘဝ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်း ဖြစ်ပါသည်။

စံပြခေတ်တွင်စာပေးစာယူများကောင်းလာခြင်း၊ ထောင်အမှုထမ်း အရာထမ်း ကောင်းများ၏ အကူအညီ ရလာခြင်းများကြောင့် ကျွန်တော်၏မိခင်ကြီးနှင့် နှမငယ် ဘယ်မှာရှိကြသည်၊ ဘယ်လိုနေကြသည်၊ မခင်လှိုင် ဘယ်ဆွေမျိုးများနှင့် ဘယ်မှာနေသည်၊ ကျွန်တော့် မိခင်၊ နှမငယ်တို့နှင့် မခင်လှိုင်တို့ မကြာမကြာ ဘယ်သို့တွေ့ကြသည်ဆိုသော သတင်းများလည်း ကျွန်တော် ရထားပါပြီ။

ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီး အောင်မြင်သည့်အတွက် အစိုးရတို့က အကျဉ်းသားများကို လျှော့ရက် ပေးမည်ဟု သတင်းဖြစ်နေရာ တော်တော်သင့်သင့် ရလျှင်ပင် ကျွန်တော် လွတ်ပါတော့မည်။ လွတ်လျှင်မူ တကြိုးတည်း တောင်ငူသို့ ပြန်ပါမည်။

× × × × × ×

ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီးအတွက် လျှော့ရက်ရ၍ လွတ်သူများတွင် မောင်ထွန်းမြင့် ပါသွားပေသည်။

ပြီးပါပြီ။



www.burmeseclassic.com